
www.burmeseclassic.com

# ရင်မိုး

(ဆေးတက္ကသိုလ်)

## ဆုံစည်းရမဲ့ ဒီရင်ခွင်



BURMESE CLASSIC .com

www.burmeseclassic.com

Chit Sann (528)

www.burmeseclassic.com


# ရှင်မိုး(ဆေးတက္ကသိုလ်)

ဆုံစည်းရမဲ့ ဒီရင်ခွင်

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၅၇၀၂၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၃၁၀၃၀၇

၂၀၀၈ ခုနှစ်၊ မတ်လ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


BURMESE CLASSIC .com


## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


www.burmeseclassic.com

www.burmeseclassic.com






BURMESE CLASSIC .com



# ရှင်မိုး
(ဆေးတက္ကသိုလ်)

## ဆုံစည်းရမဲ့ ဒီရင်ခွင်




စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







(အဒီညနေခင်းလေးမှာ ...)

ရည်ညွန်းသည် ဟင်းအမယ်တွေစုံအောင် စီစဉ်နေရင်းမှ သတိတစ်ချက် ရသွားသည်။ ကြည့်စမ်းပါဦး။ သံပရာသီးစိတ်လေးတွေ လုပ်ဖို့ သံပရာသီး လိုနေတာပဲ။ သံပရာသီးဝယ်ဖို့ မေ့ခဲ့ပြီ။ သံပရာသီး အကွင်း အကွင်းလေးတွေ လှီးပြီး လှအောင် ပုံဖော်ပြင်ဆင်ဖို့ဆိုရင် သံပရာသီး အနည်းဆုံး ဆယ်လုံးလောက်တော့ လိုကိုလိုနေပြီ။

အင်း ... ဖုန်းဆက်ပြီး ပြန်လာမဲ့လူကို မှာမှပါလေ။

ရည်ညွန်းသည် မီးဖိုချောင်နံရံမှာ ချိတ်ထားသော Cordless ဖုန်းကိုယူပြီး နံပါတ်တချို့ကို နှိပ်လိုက်ပါသည်။ ငါး-ချက်လောက် တစ်ဖက်မှာ မြည်သံကြားပြီးလျှင် ...

"အေး ... ပြော ... ရည်ညွန်း"

ဟူသော ဖြေသံကို ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့မိုဘိုင်းလ်ဖုန်းမှာ အိမ်ကခေါ်သော နံပါတ်က ပေါ်လာသည်မို့ သူ့ကိုဆက်သူမှာ ရည်ညွန်းပဲဟု တိုက်ရိုက်တန်း သိပြီး မေးတာပဲဖြစ်သည်။

"မောင်ရေ ... ပြန်လာခါနီးပြီလား"

"လာတော့မယ်၊ ခုပဲ ဖိုင်လ်တွေသိမ်းနေပြီ"

"ပြန်လာရင် ဈေးထဲမှာ သံပရာသီး ဝင်ဝယ်ခဲ့ပါလို့"

"ဘယ်ဈေးထဲလဲ"

"သြော် ... မောင်ကလည်း၊ ဒီရပ်ကွက်နဲ့ အနီးဆုံး ညနေဈေးပေါ့"

"ဟာ ... ဈေးထဲမဝင်ချင်ဘူး၊ မောင် City Mart ဝင်မလို့ အဲဒီကပဲ ဝယ်ခဲ့မယ်၊ ဟုတ်ပြီလား၊ သံပရာသီးဖြစ်ရင် ပြီးရော မဟုတ်လား"

"အဲဒီမှာ ရှိပါ့မလား"

"ရှိမှာပါ"

"ဒါဖြင့် သံပရာသီး ဆယ်လုံး"

"ဆယ်လုံးတောင်၊ ဘာလုပ်ဖို့လဲ"

"တကယ်လိုလို့ပေါ့၊ ဒီမှာ ကြက်သားဆာတေးကင်ထားတာလေ၊ အဲဒါ ပန်းကန်ဘေးမှာ အကွင်းအကွင်းလေးတွေ လှီးပြီး ပုံဖော်ဖို့လိုတာ"

"ကောင်းပြီ၊ သံပရာသီးဆယ်လုံး၊ ဒါပဲလား"





"ဒါပဲ ... ဒါပဲ ... မောင်သာ စောစောပြန်ရောက်ဖို့မမေ့နဲ့၊ ဧည့်သည်တွေက ခြောက်နာရီခွဲ ရောက်လာကြမှာ"

"အေးပါကွာ"

တစ်ဖက်မှာ ပြန်ဖြေပြီးပြီးချင်းပဲ ဖုန်းကိုပြောတာ ရပ်သွားပါသည်။ ရည်ညွန်းကလည်း Apron ကြီးဝတ်လျက် ချက်လို့ ပြုတ်လို့ မပြီးနိုင်။ မစီးနိုင်။ ကြက်သားအသားချည်းပဲ ရှိသည့် ရင်ပုံသားတွေကို အတုံးအနေတော်လေးတွေ တုံးကာ Saute sauce (ဆာတေးဆော့(စ))နှင့်နယ်၍ မနက်တည်းက ရေခဲသေတ္တာထဲ ထည့်ခဲ့သဖြင့် ကြက်သားဆာတေးတုံးတွေကို ဝါးတုတ်တံဖြင့် သီကာကင်ပါသည်။ ထိုအကင်တွေထည့်သော လေးထောင့်ပန်းကန်ပြားကြီး ဘေးနှုတ်ခမ်းမှာ မောင်ပြန်လာရင် ဝယ်လာမဲ့ သံပရာသီး အကွင်း အကွင်း လှီးပြီး အလှဆင်ရမည်။ စားသည်ဖြစ်စေ မစားသည်ဖြစ်စေ မျက်စိပသာဒဖြစ်ဖို့ ပြင်ဆင်ရန် ရည်ရွယ်ပါသည်။

ပုစွန်တုပ်သေးသေးလေးတွေကို အခွံအကုန် ခွာလျက် တန်ပူရာမှုန့်ဖြင့် နှစ်ကာ ပုစွန်တန်ပူရာကြော် လုပ်ပါသည်။ ဝက်နံရိုးတွေလည်း အကြော်မှုန့်ဖြင့်နှစ်ပြီး ဝက်နံရိုးကြော် လုပ်ထားတာ တစ်ပွဲလည်း ပါပါသည်။ Squid (စကွစ်)ဟု ခေါ်သော ပြည်ကြီးငါးတွေကို သုပ်ထားတာ တစ်ပွဲလည်း ပါသေးသည်။ ကြက်ဥကိုခေါက်ပြီး ဒယ်အိုးထဲ လောင်းထည့်၊ အထဲမှာ ဝက်သား



www.burmeseclassic.com

www.burmeseclassic.com



ဆောက်တောက်ရယ်၊ ပဲပင်ပေါက်ရယ်၊ ပဲပြားရယ်ထည့်ပြီး အလိပ်ကြီးဖြစ်အောင်ကြော်ကာ ပြီးမှ ထိုအလိပ်ကြီးကို အနေတော်အတုံးလေးတွေ ပြန်တုံးထားတာကတစ်ပွဲ။ ငါးအကောင်လိုက်ကြီးကို ပုံစံမပျက်အောင်ကြော်ပြီးမှ Sweet & Sour Sauce (ဆွိအင်န်ဆာဝါးဆော့(စ))ဟုခေါ်သော ချိုချဉ်ဆော့စ်ဖြင့် ရောကြော်ထားသည့် ပန်းဂေါ်ဖီ Baby corn (ဘေဘီကွန်း)၊ Capsicum (ပန်းငရုတ်ပွ)၊ Broccoli ဟုခေါ်သော ဂေါ်ဖီပန်း အစိမ်းပွင့်၊ မုန်လာဥနီတို့ဖြင့် ရောနေသည့် ဟင်းသီးဟင်းရွက် ချိုချဉ်ကြော်ကို ထိုငါးကောင်လုံးပေါ်မှာ ပြန်လောင်းချထားသည့် ငါးဟင်းသီးဟင်းရွက်ချိုချဉ်ကြော်ကလည်း တစ်ပွဲ။ ဟင်းချိုသောက်ချင်သူတွေအတွက် ယိုးဒယားချဉ်စပ်ဟင်းချိုကလည်း ပါလိုက်သေးသည်။

ဒီလို မချက်ပြလို့လည်း မဖြစ်ဘူးလေ။ အချင်းချင်းတွေက တစ်ယောက်နဲ့ တစ်ယောက် ဘယ်လိုချက်ကျွေးတယ်ကအစ ပြိုင်နေတာ။ ကိုယ့်အလှည့်မှာ ဒီလောက်လေးမှ ချက်မကျွေးနိုင်ရင် ကွယ်ရာကျ အတင်းပြောခံရဦးမယ်ဆိုတာ ရည်ညွန်းတို့က ကြိုသိပြီးသား။ သူတို့ယောက်ျားချင်းတောင် ...

"ဘီယာကို တစ်ဖာလုံး ရေခဲစိမ်ပြထားရမယ်ကွ၊ တော်ကြာ ဘီယာတောင် တစ်ယောက်တစ်ဘူးပဲ ထုတ်တိုက်နိုင်လောက်အောင် ဟံသာတို့က ချွေတာနေ့ရပြီတွေ ဘာတွေ ပြောခံရမှာ စိုးတယ်"





ဆိုပြီး မောင်လည်း မနက်အလုပ်မသွားခင်ကတည်းက ရေချိုးကန်ကြီးထဲ ရေခဲတုံးတွေဝယ်ထည့် ဘီယာတစ်ဖာလုံးရှိ ဘီယာဘူးတွေ စိမ်ပြီးထားခဲ့တာ ဖြစ်သည်။

သူငယ်ချင်းမိတ်ဆွေတွေ ဆိုတာက ကျောင်းနေစဉ်အချိန်ကာလတုန်းကလည်း သူ့အလျောက်သူ မသိမသာရော၊ သိသိသာသာရော ပြိုင်ဆိုင်မှုလေးတွေ ရှိသလို အိမ်ထောင်အသီးသီးကျပြီးရင်လည်း သူ့အခြေအနေ ကိုယ့်အခြေအနေ ယှဉ်ကြ၊ ပြိုင်ကြ၊ တစ်ယောက်အိမ် တစ်ယောက်ဖိတ်ကျွေးပြီး ပစ္စည်းသစ်တွေပြကြ၊ သူ့အလုပ် ကိုယ့်အလုပ်ချင်း ပြိုင်ကြနဲ့ ပြိုင်လို့မဆုံးနိုင်။ အစတည်းက လုံးလုံးမပြိုင်နိုင်ခဲ့ရင်လည်း ထားတော့။ အခုတော့ အပျိုဘဝတည်းကိုက ဒီသူငယ်ချင်းတွေနဲ့ ပေါင်းခဲ့ ခင်ခဲ့တယ်ဆိုတာဟာ ကိုယ်ပေါင်းစိတ်ချွာတွေ။ အပြင်ပန်း သိပ်ခင် သိပ်ချစ်ဟန်ဆောင်ထားခဲ့ကြပေမဲ့ တကယ့်အတွင်းပိုင်းမှာတော့ အရာရာကို ကျိတ်ပြိုင်ဆိုင်ခဲ့ကြသူတွေ ဖြစ်လေရာ အခုထိလည်း ပြိုင်လို့ကောင်းတုန်းပါပေ။

အခုလည်း ရည်ညွန်းတို့က အမေ့ခံထားချင်ရင်တောင် သူတို့က မမေ့ဘဲ ...

"နင်တို့ရဲ့ မင်္ဂလာနှစ်ပတ်လည် ရောက်တော့မယ်နော်"

ဆိုပြီး တကူးတကတောင် ဖုန်းဆက်ပြီး စကားလမ်းကြောင်း စ,လာတော့လည်း ...



www.burmeseclassic.com

www.burmeseclassic.com



"အား ... အဲဒီနေ့ကျ သူငယ်ချင်းအားလုံး ဆုံမယ်လေ။ ညစာ လာစားကြ"

ဘာညာနဲ့ ဖိတ်ရပြုရတော့တာပဲပေါ့။

တော်ကြာ တစ်ဖက်က စကားကမ်းလှမ်းလာတာကိုပဲ မသိချင်ဟန်ဆောင်မိရင် ကွယ်ရာကျ တစ်ဆိတ်တစ်အိတ်ချဲ့ ခံရမှာ ကြိုသိပြီးသား။

"ရည်ညွှန်းတို့ အိမ်ထောင်သက်ကဖြင့် တစ်နှစ်မပြည့်သေးဘူး။ အကိသံ ထွက်နေပြီ"

ဆိုတာမျိုးပဲ ဖြစ်မလား။

"ရည်ညွှန်းက သူ့အိမ် အလည်တောင် မခေါ်တော့ဘူး၊ သူတို့ အလုပ်အကိုင် အဆင်မပြေကြဘူး ထင်တယ်"

လို့ ကြံဖန်ပြောခံရမလား။

"အခန်းတစ်ခန်းဝယ်ပြီး အိမ်ထဲ ဘာပစ္စည်းကောင်းကောင်းမှ မထားနိုင်တော့ သူ့အိမ်မခေါ်ရဲဘူး ထင်ပါတယ်"

ဟူ၍ တစ်မျိုးတွေးခံရမလား။

ဒါတွေလဲက မလွတ်နိုင်မှန်း သိတာမို့ ရည်ညွှန်းဟာ သူငယ်ချင်းစုံတွဲ တစ်သိုက်ကို မင်္ဂလာနှစ်ပတ်လည် ညစာစားဖို့ ဖိတ်လိုက်ရတော့တာပဲ ဖြစ်ပါသည်။

* ✣ *





# အပိုင်း(၁)

www.burmeseclassic.com

www.burmeseclassic.com







# ၁

ဟံသာသည် အိမ်အပြင်တံခါးဖြစ်သော ခြင်လုံ သံဆန်ခါ တံခါးကို ဖွင့်နေစဉ်မှာပင် အိမ်ထဲက ချက်နေပြုတ်နေသော အနံ့တွေ ပျံ့လွင့်နေသည်ကို ရှူရှိုက်လိုက်ရလေသည်။ အား ... ပါး ... မွှေးလိုက်တာ၊ မိန်းမ သူငယ်ချင်းတွေကို ကြွားချင်စောနဲ့ လက်စွမ်းပြထားတာတွေ ဖြစ်မယ်။ အတွင်းသစ်သားတံခါးမကြီးသော့ကို ဖွင့်လိုက်လျှင် အထဲမှာ သီချင်းသံသဲ့သဲ့ကိုပါ ကြားနေရလေသည်။

"မောင် ပြန်လာပြီလား"

"အေး ... ပြန်လာပြီ"

"သံပရာသီး ပါရဲ့လား"

"ပါပါတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဟံသာ နောက်ဖေးမီးဖိုချောင် အကွေ့လေးကို ဝင်လိုက်လျှင် ရည်ညွန်း တစ်ယောက် အလုပ်က ပြန်လာပြီး အဝတ်အစား လဲပုံမရဘဲ Apron ထပ်ဝတ်ကာ ဟင်းမွှေသော ယောက်ချိုတစ်ချောင်း ကိုင်ရက်သား တွေ့ရလေသည်။ ရည်ညွန်း ဆံပင်ခွေတို့ကိုတော့ နောက်မှ စုသိမ်းပြီး Tiger Claws (ကျား လက်သည်း)ဟုခေါ်သော ဆံညှပ်ဖြင့် သိမ်းတင်ထားတာတွေ့ရသည်။ ဆံပင်နွယ်ခွေတို့က ဖွာထွက်တဲ့နေရာ ထွက်လို့ ရည်ညွန်း မျက်နှာ ပြောင်ပြောင်လေးမှာ ချွေးတို့ဖြင့် ပြောင်ပြောင်ဝင်းဝင်း လေးလည်း ဖြစ်လို့နေပေမဲ့ ကိုယ့်မိန်းမမို့ ကိုယ်အမွှမ်းတင်တာ မဟုတ်ပါ။ ရည်ညွန်းဟာ ဘယ်အချိန်ကြည့်ကြည့် ချောမောပြီး ချစ်ဖို့ကောင်းနေပါသည်။ ဟံသာသည် သံပရာသီးထည့်လာသော ကြွပ်ကြွပ်အိတ်ကို စားပွဲပေါ် တင်လိုက်ရင်း ...

"ဟင်းတွေ အကုန်ပြီးပြီလား"

"ပြီးနေပြီ၊ ထမင်းကတော့ Rice Cooker နဲ့ ချက်ရင် ခဏလေးမို့ ခုလေးတင် ချက်ရုံပဲ၊ မောင် ရေချိုးပြီးရင် ထမင်းဝိုင်း ဝိုင်းကူလာပြင်ပေးဦးနော်"

"အေးပါကွာ"

ဟံသာ ပြန်ဖြေရင်း သူ့အင်္ကျီကြယ်သီးတွေကို ဖြုတ်ကာ အပေါ်ရုပ်အင်္ကျီကို ချွတ်လိုက်ပါသည်။ အင်္ကျီကို ကြိုရာမြင်ရာ ထမင်းစားပွဲနားရှိ ထိုင်ခုံမှာပင် တင်ထားပြီး အတွင်းခံစွပ်ကျယ်ဖြင့်ပင် မီးဖိုချောင် ထမင်းစားခန်းထဲမှ အပြင်





ကို ပြန်ထွက်သွားပါတော့သည်။ ရည်ညွန်းလည်း ကိုယ့်အာရုံနှင့် ကိုယ်မို့ ဟင်းချိုအရသာကို လှည့်ပြီး မြည်းစမ်းကြည့်နေရလေရာ ဟံသာ အင်္ကျီကို ဖြစ်သလို တင်ထားပြီး ပြန်ထွက်သွားတာကို မမြင်လိုက်ပါ။

ဟံသာသည် ညှော်ခန်းဆိုဖာခုံရှည်ပေါ် ထိုင်ချလိုက်ပြီး PS2 (playstation 2) ပလေးစတေးရှင်းတူး ကစားသော ရီမုဒ်ကို ကောက်ကိုင်လိုက်တော့သည်။ TV ဖွင့်ကစားသော စက်ကိုပါ ဖွင့်ပြီးလျှင် ထည့်လျက်သားရှိသည့် ဘောလုံးကစားပွဲတွေကို စတင်ကစားတော့လေသည်။ ဒီ PS2 ကစားစက်ကို ဝယ်ဖို့ ရည်ညွန်းနဲ့ အတိုက်အခံ ပြောထားရတာ။ သူ တကယ်လည်း ဝါသနာပါသော ကစားနည်းမို့ ရည်ညွန်းက ...

"ဒါဖြင့် ဘီယာမသောက်ဘဲ သုံးလနေ။ ပြီးတော့ တစ်လ တစ်ခါ အဝတ်အစားသစ် ဝယ်နေကျ မဝယ်ပဲ သုံးလ နေရမယ်"

ဟူ၍ စည်းကမ်းချက်တွေ ထုတ်တာကိုလည်း လိုက်နာခြိုးခြံပြီး ဒီစက်အဟောင်းလေးကို ဝယ်ထားရတာ ဖြစ်ပါသည်။

ပလေးစတေးရှင်းစက်က မြန်မာငွေနဲ့ အသစ်ကျပ် ...တ်ဝယ်မယ်ဆိုရင် နှစ်သိန်းကျော်လောက် ရှိတာမို့ ဒီလိုအဟောင်း ဝယ်တာတောင် တစ်သိန်းလောက်တော့ ပေးလိုက်ရတာပင်။ ဒါတောင် ဆိုင်တွေမှာသုံးသောစက် မဟုတ်။ သူငယ်ချင်း [illegible] သားက ဒီမော်ဒယ်ကို သုံးတာကြာပြီမို့ အခုဆို နိုင်ငံခြားမှာ PS2



www.burmeseclassic.com

www.burmeseclassic.com



ကလည်း မော်ဒယ်လ်အသစ်တွေ ပေါ်ပြီမို့ သူ ဒီစက်ကို မလိုချင်တော့၍ ပြန်ရောင်းသဖြင့် ကံကောင်းပြီး အဟောင်းပေမဲ့ အကောင်းစက်ကို ရလိုက်တာ ဖြစ်ပါသည်။

"ဟာ ... ဟာ ... ဟာ ... သွားပြီကွာ၊ ဂိုးသွားပြီ၊ သောက်သုံးမကျတဲ့ Jarrod (ဂျရတ်) တောက် ... ကွန်ပျူတာနဲ့ အရုပ်ဖန်တီးထားတာတောင် အသုံးကမကျဘူး၊ ကောင်းတယ်၊ မင်းကို လူလဲပစ်လိုက်ရင် ကောင်းမယ်"

"ဟင် ... ဒါက ဘာလုပ်နေတာလဲ"

ဟံသာသည် ဘောလုံးပွဲထဲ ရောက်နေသော စိတ်တို့ကို လှုပ်နှိုးခံလိုက်ရသော ရည်ညွန့်၏ အသံကျယ်ကျယ်စူးစူးကို စိတ်ပျက်သွားပါသည်။ အဲဒါပဲ ... ရည်ညွန့်းဟာ၊ ရုပ်ကလေးလှပေမဲ့ အသံကျ စူးလည်းစူး၊ ကျယ်လည်းကျယ်၊ ပြီးတော့ တစ်ခု တစ်ခုကို ပြောမိရင် မဆုံးတော့ဘူး ပေရှည်တယ်၊ ဗျစ်တောက် ဗျစ်တောက်လည်း သိပ်လုပ်တတ်တယ်၊ အဲဒါတွေ စိတ်ပျက်စရာ ကောင်းတာပဲပေါ့။

"ခဏလေး ကစားတာပါကွာ၊ မကြာဘူး၊ ငါးမိနစ် ... ငါးမိနစ်ပဲ တစ်ဂိုးပြန်ရှုံးပြီးသွားရင် သရေပဲ"

"သူတို့က ခြောက်နာရီကျော်ဆို ရောက်လာကြမယ်လို့ ပြောထားတာနော်၊ အခုပဲ ငါးနာရီ မိနစ်ငါးဆယ်ရှိပြီ၊ မောင်က ရေချိုးရင်လည်း ကြာဦးမှာ၊ ထမင်းစားပွဲကို ဘယ်အချိန် ပြင်မှာလဲ"





"ခဏလေးပါကွာ၊ အလုပ်မှာ တစ်နေကုန် stress ရလာတာ စိတ်အပန်းဖြေပါရစေဦး"

"ဪ ... ရည်ညွန့်းလည်း အလုပ်မသွားရတာမှတ်လို့။ အလုပ်မှာ တစ်ချိန်လုံး မတ်တတ် မတ်တတ်နဲ့ အာပေါက်အောင် ပြောရသေးတယ်၊ အပြန်ကျ ဈေးလည်းခဏဝင်ပြီး ဝယ်ခြမ်းစရာလည်း ဝယ်လိုက်ရသေးတယ်။ ပြန်ရောက်တော့လည်း မနားရဘူး၊ မတ်တတ်တစ်ချိန်လုံး ရပ်ပြီး ချက်ပြုတ်ရသေးတယ်၊ ခြေသလုံးတွေတောင် တောင့်နေပြီ"

"မင်းပဲ လျှာရှည်ပြီး သူတို့ကို ဖိတ်တာကိုး။ ငါအလုပ်မအားသေးလို့ ဖိတ်မကျွေးနိုင်သေးဘူးဆိုလည်း ပြီးတာပဲ"

"အဲဒီလိုပြောတိုင်းလည်း ယုံချင်မှ ယုံတဲ့ဟာတွေ။ မကျွေးချင်လို့လားတို့၊ မကျွေးနိုင်လို့လားတို့၊ သူတို့အိမ်ထောင်ရေး အဆင်မပြေဘူးလားတို့၊ အိမ်မှာ ဘာပစ္စည်းမှ ထပ်မဝယ်နိုင်လို့ မခေါ်ပြတာလားတို့၊ အပြောခံရမှာ မောင်လည်း သူတို့အကြောင်း သိသားနဲ့"

ဟံသာကတော့ ယောက်ျားတို့ ထုံးစံအတိုင်း "အဲဒါလည်း အပိုအလုပ်တွေ၊ မင်္ဂလာနှစ်ပတ်လည်တို့၊ မွေးနေ့ပွဲတို့ဆိုတာ ဘယ်သူကမှ အတင်းမလုပ်ခိုင်းဘူး၊ လူတွေက ကိုယ့်ဘာသာ ထွင်ကြတာ"ဟု စိတ်ထဲမှာ တွေးနေပါသည်။

"မောင် သံပရာသီးက ဆယ်လုံးလေ၊ ဘာဖြစ်လို့ လေးလုံးထဲ ဝယ်လာတာလဲ၊ ခုမှ ကြည့်မိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆယ်လုံးတောင် မလိုပါဘူးကွာ။ ဘယ်သူမှလဲ ဆယ်လုံးစလုံးက လှီးခြမ်းထားတဲ့ အဝိုင်းတွေကို မစားပါဘူး"

"မစားပေမဲ့ သံပရာကွင်းတွေ ကျိုးတိုးကျဲတဲဆိုရင် ဘယ်လှမလဲ၊ ရည်ညွန်းတို့က ဘာမဟုတ်တာလေးကျ ကြဲဖန်လျှော့ဝယ်တယ် ထင်ဦးမယ်၊ မောင် ဘာလို့ လေးလုံးပဲ ဝယ်လာလဲ"

"ကိုယ် ဝယ်တဲ့အချိန်မှာ သံပရာသီး လေးလုံးပဲ ကျန်နေတယ်၊ ဝန်ထမ်းကောင်လေးကို မေးတော့ နောက်ဆယ်မိနစ်ကြာရင် ပြန်ဖြည့်မယ် စောင့်ပါ ဆိုပေမဲ့ မောင် မစောင့်ချင်တာနဲ့ကွာ"

"ဟင်း ... အဲဒီလိုပဲ မှာလိုက်ရင် မှာလိုက်တဲ့အတိုင်း ဘယ်တော့မှ မပါဘူး။ ကဲ ... ကဲ ... အဲဒါထားပါတော့၊ ရည်ညွန်းလည်း ရေချိုးချင်ပြီ။ မောင် နည်းနည်းလာကူပါဦး။ ပန်းကန်တွေ အဆင်သင့် ချထားချင်လို့ပါ၊ ကဲပါ ... ထပါ ... အဲဒီဘောလုံးပွဲက အိမ်မှာ အပိုင်ဝယ်ထားတာပဲ ဘယ်အချိန် ကစား ကစား ရပါတယ်ဆို"

ဟံသာသည် ရည်ညွန်း ဘယ်လောက် အော်ပြောနေနေ ထိုင်နေရာမှ တစ်စက်မှမရွေ့ဘဲ ဘောလုံးပွဲ ကစားနည်းကိုမဲနေသည်။ ဒီတစ်ဂိုးလေး သွင်းရုံပါပဲလို့ ပြောထားတာကို ဘေးက လာအော်နေတယ်။ ဟိုက ညှော်သည်တွေ လာတော့ရော ဘာဖြစ်လဲ။ သူငယ်ချင်းတွေပဲ ခဏထိုင်ပါဦး၊ ငါတို့ ရေချိုးလိုက်





ဦးမယ် ဘာညာပေါ့ ပြောရင် ရပါတယ်။ ရည်ညွန်းတို့ မိန်းမတွေ ကြံဖန်တွေးသလို ဘာလေးပဲဖြစ်ဖြစ် လိုက်ကဲ့ရဲ့ အပြစ်မြင်နေမှာ မဟုတ်ပါဘူး။ ဒီနေ့ စနေနေ့ အလုပ်အချိန်ပို ရှိကြလို့ သွားရတာလည်း သူတို့ သိထားတာပဲ၊ ဒီလောက်တော့ နားလည်မှုရှိမှာပါ။

"မောင် ကစားတာ ရပ်လိုက်ပါတော့ဆို။ ဒီမှာ ရည်ညွန်း တစ်ယောက်တည်း ထမင်းဝိုင်းပန်းကန်တွေ ချနေတာ မပြီးနိုင်လို့ပါ လာကူပါဦး။ မြန်မြန်ပြီးရင် မြန်မြန်လေး ရေချိုးချင်လို့ပါ။ လူတစ်ကိုယ်လုံး ဟင်းပေါင်းစုံ အနံ့ထွက်နေလို့ပါ"

"အေး ... လာပြီ"

ရည်ညွန်းသည် အသံသာ ရောက်လာပြီး လူရောက်မလာနိုင်သော ဟံသာ့ကို တဖြည်းဖြည်းနဲ့ ဒေါသက ဖြစ်လာနေပြီ။ သူ့ ပြောလိုက်ရင် အဲဒီလိုပဲ။ ဒါလေး လုပ်လိုက်ပါဦး၊ ဟိုဟာလေး လုပ်ပေးပါဦးဆို ဘယ်တော့မှ မငြင်းဘူး။ လုပ်ပေးမယ်ပဲ၊ ဒါပေမဲ့ လာမယ် ကြာမယ် အစားတည်းကလေ။ သူ့ကိုသာ စောင့်နေရရင် သူလုပ်ပေးမှာကိုသာ မျှော်နေရရင်ပဲ ဒီအိမ်မှာ ဘာအလုပ်မှ ပြီးမှာမဟုတ်ဘူး။

တစ်ခုခုခိုင်းလိုက်ရင် ဖင်လေးနေတာနဲ့ ကိုယ်ခိုင်းတဲ့ အချိန်မှာ သူကလည်း စိတ်ဝင်စားစရာ တစ်ခုခုဖြစ်တဲ့ ကွန်ပျူတာရှေ့ ရောက်နေတာမျိုး၊ ခုလိုမျိုး PS2 ကစားနည်းနဲ့



www.burmeseclassic.com

www.burmeseclassic.com

နပန်းလုံးနေတာမျိုးဆို သေချာပါပြီ။ ဘယ်လောက်စောင့်ရမှန်း မသိ စောင့်ပေတော့ပဲ။ မောင်က ပျင်းတာလည်းမဟုတ်၊ သူစိတ်ဝင်စားတာဆို အစာမစား၊ ရေမသောက်ဘဲ တစ်နေကုန်လုပ်ရင် လုပ်နေတာမျိုး။ ဒါပေမဲ့ ကိုယ်က ခိုင်းလိုက်ချိန်မှာ သူကချက်ချင်း ရောက်မလာတာမျိုးကတော့ ခဏခဏကြုံရပါရဲ့။ လုပ်မပေးချင်တာလည်း မဟုတ်ဘူး။ အချိန်ဆွဲတာ။ ကြာတာ။

ရည်ညွန်းကလည်း စိတ်မြန် လူမြန်သမားဆိုတော့ ဒါ ခုဆို ခုချက်ချင်း လုပ်ပေးမှ။ မလုပ်ပေးရင် ကိုယ့်ဘာသာ လုပ်ပြီးနေပြီ။ ကိုယ် လုပ်နိုင်တာဆိုရင် ရအောင် ကြိုးစားလုပ်ပြီးနေပြီ။ မလုပ်နိုင်တာမျိုးကျမှသာ သွားပြီး ဘေးကဆူပူ ဗျစ်တောက် ဗျစ်တောက်ပြော ရန်ဖြစ် စကားများပြီးမှ သူ လုပ်ပေးတာကို ရတာမျိုးလေ။

အခုလည်း ကြည့်။ နည်းနည်းလေးမှ ကိုယ်ချင်းမစာဘူး။ သူလည်း အလုပ်က ပင်ပန်းလာတာပဲ။ ကိုယ်လည်းအလုပ်က ပင်ပန်းလာတာပဲ။ သူကျ ခဏလေး အပန်းဖြေ အိမ်ရှေ့မှာထိုင် နားလို့ရတယ်။ ကိုယ်ကတော့ မနားရဘူး။ ချက်ရပြုတ်ရနဲ့။ ရေချိုးချင်တာတောင် ပြေးမချိုးနိုင်ဘူး။ သူ့ပြောပြန်ရင်လည်း ...

"မင်း မဖိတ်ရင် ဒီကိစ္စ ဖြစ်လာစရာ မရှိဘူး"ဆိုတဲ့ အသုံးအနှုန်းပဲ ကြားရမှာ။

ယောကျာ်းဆိုတာကလည်း သူ့အတွေးနဲ့ သူရှိသလို မိန်းမဆိုတာလည်း သူ့အတွေးနဲ့သူလေ။ မိန်းမချင်းရဲ့ စိတ်အတွင်း





ဖြစ်ပျက်ပြိုင်ဆိုင်မှုကို သိကြတာ မဟုတ်ဘူး။ နားလည်းနားမလည်နိုင်ကြဘူး။ သူတို့စိတ်ထဲမှာ အပိုအလုပ်တွေလို့ပဲ တွေးမှာ။ ဒါဆိုလည်း ယောကျာ်းတွေ တစ်ယောက်တစ်လှည့်စီ အပြန်အလှန် ဘီယာတိုက်ကြ၊ Pub ဆိုတဲ့ ဘီယာဆိုင် အတူတူ ချိန်းသွားကြတာကိုရော မိန်းမတွေက အပိုအလုပ်တွေလို့ တွေးရင် ရတာပဲ။

"သူ့အလှည့်တုန်းက မောင့်ကို တိုက်ထားတာကွ၊ မောင်က ပြန်မတိုက်ဘဲ မသိချင်ယောင် ဆောင်နေရင် ရှက်ဖို့ကောင်းတယ်။ ဟိုသာတို့က မိန်းမရပြီးတော့ မိန်းမစကားနားထောင်နေလိုက်တာ။ ဘီယာတိုက်ဖို့တောင် ပိုက်ဆံမဖြုန်းရဲဘူး ထင်မှာကွ၊ သိက္ခာကျတယ်"

လို့ သူ ပြောလာတုန်းက ရည်ညွန်း သူ့ကို နားလည်ပေးလို့ ရတာပဲ။ ဒါပေမဲ့ စိတ်ထဲမှာသာ နားလည်ပေမဲ့ ပါးစပ်ကတော့ ...

"အရက်သမားချင်းချင်းများ သိက္ခာတက်တာတွေ ကျတာတွေ ရှိသေးလား"

ဟု ရွဲ့ပြီး ပြောတော့ ပြောခဲ့ပါသည်။ ထိုအခါ မောင် အင်မတန်မှ ဒေါသဖြစ် စိတ်ဆိုးလျက် ...

"ဘီယာလေး နည်းနည်းပါးပါး သောက်ကြတဲ့ သူတွေပါကွာ၊ အရက်သမား မဟုတ်ပါဘူး။ တစ်ခွက်တစ်ဖလားလောက်လေး လူကြီးလူကောင်း ပီပီသသ သောက်ကြ



www.burmeseclassic.com

www.burmeseclassic.com



တဲ့သူတွေကို အရက်သမားလို့ နာမည်မတပ်ပါနဲ့။ ဘီယာသောက်တာပါ။ အရက်သောက်တာ မဟုတ်ဘူး"

"အတူတူပါပဲ ဘာထူးလို့လဲ။ ဘီယာထဲမှာ alcohol ဓာတ်က တချို့ 0.4 % ၊ တချို့ 0.5 % ၊ တချို့ဆို 0.7 % ထိ ပါတယ်လို့ သိထားပါတယ်။ ရေ မဟုတ်တဲ့ မူးယစ်စေတတ်တဲ့ သောက်စရာ မှန်သမျှဟာ မိန်းမတွေရဲ့စိတ်ထဲမှာ အရက်လို့သတ်မှတ်တာပဲ"

ရည်ညွန်းသည် စိတ်ထဲမှာ အရင်က အဖြစ်အပျက်တွေရော ခုလောလောဆယ် အဖြစ်အပျက်တွေရော ရောဖြီး စုပြုံ ဒေါသဖြစ်ကာ စားပွဲလေးထောင့်ရှည်ကြီးမှာ ပန်းကန်တွေကို ဆောင့်ချပြီး ပြင်ဆင်နေမိပါသည်။ ပန်းကန်သံ၊ ဇွန်းသံ ဘယ်လောက်ကျယ်ကျယ် ကိုယ်တော်ချောက အိမ်ရှေ့ဧည့်ခန်း ဆိုဖာရှေ့က လုံးဝမရွေ့ဘဲ ဘောလုံးကစားခြင်းကို စိတ်ပါဝင်စားပြီး လောကကြီးကို မေ့နေတော့သည်။

"ကျွတ် ... လျှော်မဲ့အကျႌကို တွေ့ကရာ တင်သွားပြန်ပြီ။ အဝတ်လျှော်မဲ့တောင်းထဲ ထည့်ပါ၊ ထည့်ရုံလေးပါ၊ လျှော်စရာလည်း မလိုပါဘူးလို့ ဘယ်လောက်ပြောပြော ဒီတိုင်းပဲ။ မှတ်မထားဘူး၊ တစ်အိမ်လုံး သူ ဖွထားတာတွေပဲ လိုက်ကောက်သိမ်းနေရတယ်၊ သိပ်စိတ်ပျက်စရာ ကောင်းတာပဲ"

ရည်ညွန်း ပါးစပ်မှ မြည်တွန်တောက်တီးရင်း ...





"မောင် ဒီမှာ အကျႌက လျှော်မှာဆိုရင် ဘာလို့ ဒီခုံမှာ လာတင်ထားလဲ၊ တောင်းထဲထည့်ပါ ပြောထားရက်နဲ့"

ဟု လှမ်းအော်လိုက်လျှင် ...

"အေး ... ထည့်မယ် ခဏလေး"

ဆိုသော ဟံသာ၏ လက်သုံးစကားကို ကြားရပါသည်။

"ဘာ ခဏလေးလဲ၊ ခြောက်နာရီ ကျော်နေပြီနော်၊ ရေအရင်ချိုးထား။ ပြီးရင် ရည်ညွန်း ချိုးမလို့"

"အေး ... ချိုးမယ်၊ ချိုးတော့မယ်၊ ခဏလေး တစ်မိနစ်ပဲ၊ ဒီမှာ နိုင်နေပြီ"

"မောင် ဘယ်လိုဖြစ်နေတာလဲ၊ ရည်ညွန်း ဒီလောက်အလျှော့ပေးနေတာနော်၊ ကြာရင် ပေါက်ကွဲတော့မယ်"

ရည်ညွန်း အသံမှာ ဒေါသသံ ပေါ်လာပါသည်။ ဟံသာ သတိထားမိပေမဲ့ စိတ်ကလည်း ဒီကစားနည်းထဲမှ ထွက်လို့မရလေရာ စိတ်ဆိုးချင်လည်းဆိုးဟု မေ့ထားလိုက်စဉ်မှာ ...

"တင်းတောင် ... တင်းတောင်"

ဟူသော တံခါးဘဲလ်သံမှ မြည်သံသည် ဟံသာ့ကို ခုန်ထစေပါတော့သည်။

"ဟာ ... ရောက်လာကြပြီ၊ မောင် ရေပြေးချိုးပြီဟေ့"

ဟံသာသည် သူနဲ့နီးနေပါရက် တံခါးကိုတော့ မဖွင့်ဘဲ ရေချိုးခန်းထဲကို ပြေးဝင်သွားတော့သည်။ ရည်ညွန်းသည်



www.burmeseclassic.com

www.burmeseclassic.com



တစ်စက်လေးမှ မိန်းမအပေါ် နားလည်သိတတ်မှု၊ ညှာတာကူညီမှု မရှိသော ယောက်ျားကို အံကြိတ်မျက်လုံးပြူးကြည့်ရင်း အလိပ်လိုက်တက်လာသော ဒေါသများစွာတို့ကို ပြန်မျိုချလိုက်ရတော့လေသည်။ ခုနတုန်းက လုပ်ထားပါ ပြောရက်နဲ့ မလုပ်ထားဘဲ ခုမှ ပြေးပြီး ရေချိုးပြပြီ။ သူ ဖွင့်ထားတဲ့ PS2 ကိုလည်း မပိတ်သွားဘူး။ သူ တင်ထားခဲ့တဲ့ လျှော်မဲ့ ရုပ်အင်္ကျီကိုလည်း တောင်းထဲ ယူမထည့်သွားဘူး။ ရည်ညွန့်းကိုလည်း ထမင်းစားပွဲမှာ လာမကူဘူး။ ရည်ညွန့်းကတော့ ရေမချိုးရသေးတဲ့ အဆီပြန်မျက်နှာကြီးနဲ့ ဧည့်သည်တွေကို ခဏဧည့်ခံရဦးမယ်။ သူကတော့ သန့်ပြန့်မွှေးကြိုင် လန်းဆန်းလို့ ပြုံးရွှင်ပြီး ထွက်လာမှာ။ ဘယ်လောက် မတရားဖိုက်လဲ။ ယောက်ျားတွေရဲ့ သောက်ကျင့်ဟာ တစ်ခါတလေကျ ဘယ်လိုမှ ခွင့်လွှတ်နိုင်စရာ မရှိဘူး။ စိတ်မထင်တဲ့ တစ်နေ့ကျ သတ်တောင် သတ်ပစ်ချင်စိတ်ပေါက်မဲ့ အချိုးတွေကို ဘယ်လိုမိန်းမကများ ကြာကြာသည်းခံနိုင်မှာလဲ။

ရည်ညွန့်းသည် တံခါးဆီ လျှောက်လာချိန်တွင်တော့ ခုနက ဖြစ်ပျက်နေသော ဒေါသအစိုင်အခဲများကို ကြိုးစားအရည်ဖျော် ဖျောက်ဖျက်ရင်း တံခါးအဖွင့်မှာ ရင်ဆိုင်ရမည့် ဧည့်သည်တို့ကို အချိုသာဆုံး ပြုံးပြီးနှုတ်ဆက်ဖို့ ပြင်ဆင်လိုက်ရပါတော့သည်။

✻ ✢ ✻





၂

နီလာက ဝင်လာလာချင်း ...

"ဟယ် ... ရည်ညွန့်း။ လှလို့ ပလို့ပါလား"

ဟု နှုတ်ဆက်လိုက်သံသည် ရည်ညွန့်းကို ရွဲ့ပြောလိုက်သလို ခံစားရသည်။ ဒီလောက် အဆီပြန်နေတဲ့ မျက်နှာကြီးက ဘယ်လိုလုပ် လှနိုင်ပနိုင်ပါ့မလဲ။ အဲဒါကို လှလို့ ပလို့ပါလားလို့ နှုတ်ဆက်ပြတာဟာ ရည်ညွန့်းကို လာဆွလိုက်သလိုပင် ခံစားရပါသည်။ ရည်ညွန့်းသည် မျက်နှာကို အတတ်နိုင်ဆုံး ပြုံးရယ်ရင်း ...

"မလှပရသေးပါဘူးဟယ်၊ အခုမှ ရေချိုးတော့မလို့"

"နှင် ဒီနေ့ အလုပ်ရှိတာနော်၊ နင်တို့ကုမ္ပဏီတွေက စနေလည်း အလုပ်လုပ်ရတာ ငါသိတယ်၊ အလုပ်က ပြန်လာ လာချင်း တန်းချက်တာပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ မပင်ပန်းပါဘူး၊ တစ်ခါတလေပဲ"

"ဟံသာကြီးကလည်း ကူညီပေးတယ်ပေါ့"

နီလာ့ယောက်ျား ဇော်နိုင်က ဆိုဖာမှာ ဝင်ထိုင်ရင်း မေးသောအခါ ရည်ညွန့်းသည် မျက်နှာကို မမဲ့ရဲ့မိအောင် ကြိုးစား၍ ...

"သူ မကူနိုင်ပါဘူး၊ သူလည်း ဒီနေ့ အလုပ်သွားရတယ်လေ။ သူက ရည်ညွန့်းထက်တောင် အိမ်ပြန်နောက်ကျသေးတယ်"

"နင်တို့ ကုမ္ပဏီတွေက ဒေါ်လာနဲ့ပေးတော့ တန်အောင် လုပ်ရတာပေါ့ဟာ။ ပြီးတော့ နင်တို့နှစ်ယောက်စလုံးကလည်း တကယ့်ကို ရာထူးကောင်းကောင်းတွေ ရထားကြတော့ ခေါင်းစားတာပေါ့"

"ခေါင်းကတော့ ဘယ်အလုပ်ပဲဖြစ်ဖြစ် စားမှာပါပဲ ဇော်နိုင်ရယ်။ နင်လည်း ကွန်ပျူတာပြင်ရတာပဲ၊ ခေါင်းစားတာပဲပေါ့"

"ခေါင်းမစားတဲ့ အလုပ်ဆိုလို့ အိမ်မှာထိုင်စားခွင့်ရတဲ့သူတွေမှာပဲ ရှိမယ်၊ သိလား၊ သင်းသင်းလိုလေ။ သင်းသင်းကတော့ ဘာအလုပ်မှကို လုပ်စရာမလိုဘူး။ မိဘက ချမ်းသာတော့ အမွေက အပြည့်ပေးလိုက်ပြီးသား။ ယောက်ျားကလည်း သူတို့လိုပဲ ချမ်းသာတဲ့ သူဋ္ဌေးဆိုတော့ သင်းသင်း





ဟာ အိမ်မှာ ခရုရှေးလေး ထိုးလိုက်၊ တီဗီကြည့်လိုက်၊ ပျင်းရင် သူငယ်ချင်းတွေနဲ့ ဖုန်းပြောလိုက်၊ တစ်နေ့တစ်နေ့ ပေါင်ချိန်စက်ပေါ် ရပ်ရင်း တစ်ပေါင်လောက် တက်လာရင် လျှော့လိုက်၊ gym မှာ နာရီဝက်လောက် အချိန်ဖိုကစားလိုက်နဲ့ပဲ ဇိမ်ကျနေတာ"

နီလာသည် ကျောင်းမှာကတည်းက သင်းသင်းကြိုင်၏ ချမ်းသာကြွယ်ဝလွန်းမှုကို မနာလိုလှသူပီပီ အခုလည်း အတိတ်ဘဝကုသိုလ်ကံ ကောင်းလွန်းစွာ ဘယ်သူမှ ယှဉ်မရနိုင်သော စည်းစိမ်ချမ်းသာဖြင့် နေခွင့်ရသည်ကို မနာလိုခြင်းတစ်ဝက်၊ အားကျခြင်း တစ်ဝက်ဖြင့် ပြောတာဖြစ်ကြောင်း ရည်ညွန့်းသိပါသည်။

ရည်ညွန့်းတို့ကျောင်းမှာ လေးနှစ်တာကာလ တွဲခဲ့ကြသူတွေထဲမှာ နီလာတင်ရယ်၊ သင်းသင်းကြိုင်ရယ်၊ စန္ဒာလမင်းရယ်၊ မိုးမမဲရယ်နဲ့ ရည်ညွန့်းမိုးရယ် ဟူ၍ ငါးယောက်ရှိခဲ့ပါသည်။ အားလုံးထဲမှာ သင်းသင်းဟု ခေါ်သော သင်းသင်းကြိုင်ကတော့ မျိုးနဲ့ ရိုးနဲ့ကို ချမ်းသာကြွယ်ဝသော အဆင့်အတန်းထဲက ဖြစ်ပြီး ကျန်တဲ့ရည်ညွန့်းတို့ လေးယောက်ကတော့ သင့်တင့်ပြည့်စုံသော စီးပွားရေးအခြေအနေရှိသည့် မိသားစုမှလာသူတွေဖြစ်သည်။ အိမ်မှာသုံးဖို့ ကိုယ်ပိုင်ကားတစ်စီးစီ ရှိတာခြင်းတူလျက် သားသမီး တစ်ယောက် အိမ်ထောင်ပြုလျှင်လည်း အဆင့်တင့်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဘယ် မင်္ဂလာပွဲကို ကျင်းပပြုလုပ်ပေးနိုင်သူတွေ၊ သားသမီးတွေ ကိုယ်ပိုင်အိမ်ခန်းဝယ်မယ် ဆိုရင်လည်း ဟိုဘက်မိဘ ဒီဘက်မိဘတွေ တစ်ဝက်စီ ပိုက်ဆံထည့်ပြီး ဝယ်ပေးနိုင်ကြသော အခြေအနေမျိုး ရှိသူတွေ ဖြစ်ပါသည်။

ထိုသို့သော ပြည့်စုံသည့် မိသားစုဝင်တွေပေမဲ့ လူဆိုတာ ဘယ်တော့မှ ရောင့်ရဲတင်းတိမ်နိုင်ကြသော လူတွေလည်း မဟုတ်လေရာ အားလုံးထဲမှာ သိန်းထောင်ပေါင်းများစွာ ချမ်းသာကြွယ်ဝသည့် သင်းသင်းကြိုင်ကိုသာ ဝိုင်းအားကျ မနာလိုကြလေရာ အဲဒီထဲမှာ နီလာတင်ကတော့ ထိပ်ဆုံးမှပါပါသည်။ ရည်ညွှန်းလည်း အားကျတာတော့ အားကျတာပေမဲ့ နီလာတင်လောက်တော့ အချိန်ပြည့် သူ့အကြောင်း တွေးနေမိလောက်အောင်တော့ မဖြစ်ပါ။

"သင်းသင်း လာမှာတဲ့လား"

"လာမှာတဲ့၊ ဒါပေမဲ့ သူ့ယောက်ျားကတော့ ပါမယ် မပါမယ် မသေချာဘူးလို့ ပြောတယ်၊ ဟိုက သူဌေးကြီးဆိုတော့ အလုပ်က ပိုများပုံရတယ်လေ"

"ဟုတ်ရင်လည်း ဟုတ်မှာပေါ့၊ ဦးအောင်ဝင်းက ငါတို့ကျောင်းသူဘဝကတည်းက သင်းသင်းဆီ လာရင်တောင် နာရီတကြည့်ကြည့်နဲ့ အလုပ်ကိစ္စကိုပဲ စိတ်ထဲတွေးနေတာ"





သင်းသင်း ယောက်ျား ဦးအောင်ဝင်းက သင်းသင်းနဲ့ ရွယ်တူမဟုတ်ပါ။ ဆယ်နှစ်လောက် အသက်ကြီးသဖြင့် ရည်ညွှန်းတို့တွေက ဦးအောင်ဝင်းဟု ခေါ်ပါသည်။

နီလာ့ယောက်ျား ဇော်နိုင်ရယ်၊ ရည်ညွှန်းယောက်ျား ဟံသာရယ်၊ မိုးမမယောက်ျား Brian (ဘရိုင်ယန်)ရယ်ကတော့ တစ်တန်းတည်း အတူတူ တက်ခဲ့ကြတဲ့ သက်တူရွယ်တူ သူငယ်ချင်းများဖြစ်ကာ စန္ဒာလမင်း ယောက်ျား ထင်လင်းကတော့ သက်တူရွယ်တူပေမဲ့ သူက အဲဒီတည်းက ဆေးကျောင်းတက်နေသဖြင့် ကျောင်းချင်း မတူလေရာ သိပ်တော့ တရင်းတနှီးကြီး မခင်ပါ။ သို့သော် သူငယ်ချင်း အုပ်စုစုံတွဲတွေ တတွဲတွဲ သွားလာရင်တော့ ပါတတ်တာ များသဖြင့် အခုလည်း သူတို့က စုံတွဲလိုက် လာကြမည်ဟု သိထားပါသည်။

"ကိုလင်းကို ဒီနေ့ ဆေးခန်းမသွားခိုင်းဘဲ လာခဲ့မှာလေ"

ဟုပင် ဖုန်းဆက်ချိန်းကြတော့ စန္ဒာလမင်းက သေသေချာချာ ပြန်ကတိပေးထားတာ ဖြစ်သည်။

သူငယ်ချင်း အားလုံးဟာ ကိုယ့်အခြေအနေ ကိုယ့်အဆင့်အတန်းနဲ့တော့ အဆင်ပြေစွာ ဘဝကို ဖြတ်သန်းကြရသူတွေပေမဲ့ ပြိုင်ဆိုင်မှုလေးတွေကတော့ ရှိမြဲရှိဆဲ။ မပြိုင်ရရင်ပဲ ဘဝဟာ အဓိပ္ပာယ်မဲ့သွားသလိုလို တိုးတက်မှုတွေ ဆုတ်ယုတ်သွားသလိုလို ခံစားကြရသူတွေချည်း ဖြစ်ပါသည်။

စေတနာ ၁၀၁ ပေ

www.burmeseclassic.com

www.burmeseclassic.com



"အအေးသောက်ထားနှင့်မလား နီလာ"

"ဟယ် ... မသောက်သေးပါဘူး၊ ရေပဲသောက်မယ်၊ နင့်လက်ရာတွေ မစားနိုင်မှာစိုးလို့ ဟဲ ဟဲ"

"အဲဒါပဲကြည့် ရည်ညွှန်းရေ၊ နင့်သူငယ်ချင်းက သူ့ကိုယ်သူ အစားအသောက်ပျက်မှာ စိုးတာနဲ့ပဲ ထိန်းသိမ်းနေတော့ အခုဆို ကလေးတောင် မမွေးရသေးဘူး။ သူ့ခါးက သုံးလက်မလောက် တက်နေပြီ"

"အံမယ် ... သူလည်းကြည့်၊ ဘီယာဗိုက် ဖြစ်ရုံမကဘူး မေးပါ သုံးထပ်ဖြစ်တော့မှာလေ"

ဇော်နိုင်နဲ့ နီလာတို့ စကားနိုင်လုနေစဉ် တံခါးဝမှာ မိုးမမတို့စုံတွဲ ပေါ်လာသည်။ အတွင်းသစ်သားတံခါးကို ဖွင့်ထားလျက် အပြင်ခြင်လုံသံဆန်ခါတပ် တံခါးသာ ပိတ်ထားသည်မို့ တံခါးဝမှာ သူတို့ ရပ်ရပ်ချင်း အားလုံးမြင်ကြသောအခါ အော်နှုတ်ဆက်သံ၊ စကားသံ ရယ်သံတို့ဖြင့် ဆူညံသွားတော့သည်။

ရည်ညွှန်းတို့ရဲ့ ကန့်ထရိုက်တိုက်ခန်းကျယ်မှာ ဆယ့်ရှစ်ပေလောက်ကျယ်ပြီး နောက်ကို ပေခြောက်ဆယ်လောက် ရှည်ထားပါသည်။ ဝရန်တာပြီးလျှင် ဘုရားခန်း အကန့်လေး သီးသန့်ဖွဲ့ထားကာ ဧည့်ခန်းကျယ်သီးသန့်၊ အဲဒီအခန်းပြီးလျှင် အိပ်ခန်းနှစ်ခန်းကို တစ်ခြမ်းလုံး အပြည့်ဖွဲ့ထားသည်။ နောက်တစ်ခြမ်းမှာ ထမင်းစားခန်းကျယ် သီးသန့်နှင့် မီးဖိုချောင်နဲ့တွဲရက် အိမ်သာ





ခန်း၊ ရေချိုးခန်းတို့ဖြင့် အကန့်လေးတွေ ပုံစံကျစွာ ဖွဲ့ထားတာမို့ လင်မယားနှစ်ယောက်တည်းဆိုလျှင် တော်တော်ကျယ်ပါသည်။

ဒါပေမဲ့ အခုလို သူငယ်ချင်း မိတ်ဆွေတွေ ရောက်လာရင်တော့ ဒီအိမ်ခန်းကို ကျဉ်းသည်ဟု ရည်ညွှန်း ထင်မိကာ မောင့်ကို လုံးချင်းအိမ်လေး ဝယ်နိုင်ဖို့ စည်းရုံးရမည်၊ ပူဆာရမည်ဟုပင် ကြိတ်စဉ်းစားမိတော့သည်။ Brian ကတော့ ခရစ်ယာန်ဘာသာဝင်ပီပီ anniversary card တွေ၊ ပန်းစည်းတွေ၊ လက်ဆောင်ထုပ်တွေ တစ်ပွေ့ကြီးဖြင့် ရည်ညွှန်းကို လာနှုတ်ဆက်လေသည်။

"ဟေး ... ရည်ညွှန်း၊ Happy Anniversary နော်၊ ဟံသာကြီးကော"

"ရေချိုးနေတယ်"

"ငါ ဝင်သွားပြီး ရေချိုးခန်းတံခါးကို ခေါက်မှထင်တယ်၊ ဒီကောင် ထွက်မလာနိုင်တော့ဘူး ကြာတယ်"

"ဝင်သွား ... ဝင်သွား၊ သူ ပြီးမှ ရည်ညွှန်း ရေချိုးရမှာ ဘုရင်ယန့်ရေ"

နီလာကတော့ မိုးမမ၏ ဗိုက်ပူပူလေးကို ကြည့်ရင်း သူမ၏ လက်ဆောင် လက်ဆွဲအိတ်လေးနှင့် လာ၍ယှဉ်ချလိုက်သော မိုးမမတို့၏ လက်ဆောင်ထုပ်ကိုလည်း မသိမသာ အကဲခတ်နေသည်။ နီလာ့ လက်ဆောင်ကတော့ မိတ်ကပ် နှုတ်ခမ်းနီကြိုက်သော ရည်ညွှန်းအတွက် Revlon မိတ်ကပ်ဆေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ရှလင်းနဲ့ ဟံသာ့အတွက် တစ်ကိုယ်လုံးပတ်လို့ရသည့် မျက်နှာသုတ်ပဝါ အကောင်းစားကြီး တစ်ထည် ဖြစ်ပါသည်။ ကြွေစက္ကူအမာစားဖြင့် လုပ်ထားသော လက်ဆောင်လက်ဆွဲအိတ်ဖြင့် ထည့်ထားလေရာ အသာဟကြည့်လျှင် မြင်နိုင်ပါသည်။ မိုးမမကတော့ အသေအချာပင် ထုပ်ပိုးလာသည်ဖြစ်ရာ အထဲမှာဘာပါသည်မသိရပါ။ ဒီလိုပုံစံမျိုးကြည့်ရတာတော့ အထဲမှာ Tea set လား၊ နာရီလားပဲ။

"ဟား ... ရောက်နေကြပြီကိုး။ ဒါကြောင့် အသံကြားတယ်ထင်တာ၊ ဟား ဟား ... ဟာကွာ၊ ရည်ညွှန်းက ရေပဲတိုက်ထားတာလား"

ဟံသာ တစ်ယောက် တီရှပ်အဖြူပြောင်၊ အိမ်နေရင်း သရီးကွာတား ဂျင်းသားအကြေ ဘောင်းဘီအနက်အပွတို့ဖြင့် ဖြူဖွေးပြေးပျံ့စွာ ထွက်လာလာချင်း အသံကျယ်ကြီးဖြင့် နှုတ်ဆက်သံကိုပါ တစ်ခါတည်း ကြားလိုက်ရပါသည်။ ရည်ညွှန်းသည် လင်မယားချင်းပေမဲ့ ကိုယ်ကတော့ အဆိပြန် ဟင်းနံ့နံ့နေချိန် သူကတော့ ဒီလိုဖြူဖွေးသန့်ပြန့်စွာ ထွက်လာတာမြင်ရလျှင် မနာလိုနိုင်တော့ဘဲ သူ့ကို ပြေးပြီး ရိုက်ပစ်ချင်စိတ်တွေ ဖြစ်သွားပါသည်။ မောင်သာ ကိုယ်ချင်းစာပြီး သိတတ်မယ်ဆိုရင် ရည်ညွှန်းပြောစရာ၉လိုဘဲနဲ့ အလိုက်တသိ ကူညီတတ်မယ်ဆိုရင် ရည်ညွှန်းဒီလိုပုံစံနဲ့ ညော်သည်တွေကို ထိုင်ညော်ခံနေစရာ အကြောင်းကိုမရှိဘူးပေါ့။ အခုတော့ သူ တစ်ကိုယ်ကောင်း ဆန့်တာနဲ့။





"ကဲ ... ငါ ရေသွားချိုးလိုက်ဦးမယ်ဟယ်၊ ခဏလေးစောင့်နော်"

"အေးပါ ... အေးပါ၊ သွား ... ရတယ်၊ ငါတို့က သူငယ်ချင်း အရင်းကြီးတွေပဲ အကြာကြီး စောင့်ရလည်း စောင့်ပါတယ်ဟယ်"

မိုးမမ,က အလိုက်သိစွာ လှမ်းပြောပါသည်။ ရည်ညွှန်းသည် ရေကို အမြန်ဆုံးသာ ချိုးလိုက်ပါသည်။ သူငယ်ချင်း အရင်းကြီးတွေ ဘယ်လောက်ကြာကြာ စောင့်ရပါစေ ရတယ်ပြောပြော ကိုယ်က အိမ်ရှင်ဖြစ်ရက် အချိန်အကြာကြီး ဆွဲမနေသင့်ဘူးလေ။

ပြီးတော့ ခုပဲ ခြောက်နာရီ ခွဲနေပြီ။ ခုနစ်နာရီလောက်တော့ ဘယ်သူမဆို ညစာစားချင်ကြမှာပါ။ ကိုယ်က အိမ်ရှင်ပီပီ အလိုက်တသိ ပြင်ဆင်ကျွေးမှပဲ ဖြစ်မှာ။ ထမင်းစားပွဲ ဆါမှာကလည်း ပန်းကန်တွေကလွဲရင် ဘာမှ မချရသေးဘူး။ ကိုယ်တော်ချောက ခေါ်ခိုင်းရင်လည်း ရောက်ချင်မှ ရောက်လာဦးမှာ။ ဒီတော့ သူ ရောက်မလာခဲ့ရင် အလကားနေရင်း ဒေါသဖြစ်ဦးမယ်။ ဒေါသဖြစ်ရတာဟာ တစ်ဖက်သားအတွက်တော့ ဘာမှ မခံစားရပေမဲ့ ဒေါသဖြစ်ရသူ ကာယကံရှင်မှာတော့ ကြာရင်စိတ်ရောဂါနဲ့တွဲပြီး နှလုံးရောဂါ ရနိုင်တယ်လေ။ ဒါကြောင့် ... ဘင်း ... စိတ်လျှော့ထားလိုက်မှပါ။ မင်္ဂလာနှစ်ပတ်လည်နေ့ကြီးမှာ ရန်ဖြစ်နေရရင် မကောင်းတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ရည်ညွှန်းသည် ရေမိုးချိုးပြီးတာနဲ့ မျက်နှာမှာ O'lay cream သာ မြန်မြန်ပွတ်လိမ်းလိုက်ကာ အိမ်နေရင်း ချည်သားအင်္ကျီအပွ ကောက်စွပ်၊ ရေမွှေးဆွတ်၊ အိမ်နေရင်း လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး ဝတ်လို့ရသော မက်ဆီကန်စကတ်ပုံစံ စကတ်ပွပွကားကားလေး ဝတ်လိုက်ပြီးသည်နှင့် အိမ်ရှေ့ပြန်ထွက်မနေအားပါ။ စားပွဲပေါ် အသင့်ပြင်ထားသော ဟင်းပန်းကန်တွေ အဆင်ပြေအောင်တင်၊ လှပအောင်ပြင်ဆင်၊ တစ်ရှူးဘောက်(စ)လဲ၊ အသေအချာချနှင့် ကြိုတင်ပြင်ဆင်ရသေးလေသည်။

ယောကျ်ားတွေက အချိုပွဲ မကြိုက်ကြပေမဲ့ မိန်းမတွေကတော့ အချိုပွဲလည်း စားကြတာမို့ ထမင်းစားပြီး အချိုတည်းဖို့ စတော်ဗယ်ရီဆန်းဒေးအိုက်(စ)ကရင်ဘူးလေးတွေလည်း My Milk ဆိုင်က ဝင်ဝယ်လာရာ အိမ်ရောက်ရောက်ချင်း Freezer ထဲ ထည့်ထားပေမဲ့ အဆင်ပြေရဲ့လားဆိုတာ ပြန်ဖွင့်စစ်ရသေးသည်။ ဆိုင်မှာလည်း အိုက်(စ)ကရင်က အရည်မပျော်သေးပေမဲ့ ဆိုင်နဲ့ အိမ်အပြန်လမ်းမှာ အရည်နည်းနည်း ပျော်သွားလျှင် အိမ်ရောက်တဲ့အခါ ရေခဲသေတ္တာ အပေါ်ဆင့် freezer ထဲ အမြန်ထည့်ပေမဲ့ တစ်ခါတလေ ပြန်မကောင်းတတ်တာမို့ ပြန်စစ်ရတာ ဖြစ်ပါသည်။

ရည်ညွှန်းတို့မှာ ကိုယ်ပိုင်ကားတော့ ဗယ်မစီးနိုင်သေးပေမဲ့ ဘယ်သွားသွား အငှားကားစီးချင်ရင်လည်း စီးသွားနိုင်





သော အခြေအနေမို့ ဘတ်(စ်)ကားလည်း မစောင့်ရသဖြင့် အိမ်ပြန်ချိန်လည်း သိပ်မကြာပါ။ ဒါကြောင့် ကံကောင်းထောက်မစွာပင် အိုက်(စ)ကရင်လေးတွေ ပုံမပျက် ဘူးထဲမှာ ရှိနေသေးကြောင်း တွေ့ရလေသည်။

အိမ်ရှေ့မှာတော့ စကားသံတွေ ပိုဆူနေပြီဖြစ်သဖြင့် စန္ဒာလမင်းတို့ရော သင်းသင်းပါ ရောက်နေပြီဖြစ်ကြောင်း ရည်ညွှန်း သိလိုက်သည်။

မောင်ကတော့ သူ့အသံဩဩဖြင့် စကားကောင်းနေကာ ဒီပွဲကို သူပဲ တကယ်စိတ်ပါလက်ပါ ကျင်းပတဲ့အတိုင်း ပြောဆိုနေပြန်သည်။

ရည်ညွှန်း ဒီပွဲလုပ်မယ်လို့ စ,ပြောတုန်းကများ ...

"မင်းဟာကလည်း အပိုအလုပ်တွေ ချဲ့လွန်းတယ်၊ မင်္ဂလာနှစ်ပတ်လည်တာပဲ၊ အထိမ်းအမှတ်ပွဲ လုပ်ပြစရာလား။ အရေးကြီးတာက မင်္ဂလာနှစ်ပတ်လည်မှာ မောင်တို့ချင်း သစ္စာရှိရှိ ချစ်ချစ်ခင်ခင် ရှိနေသေးတယ်ဆိုတာ မောင်တို့နှစ်ယောက် သိဖို့ပဲ၊ သူတို့သိဖို့ လုပ်ပြစရာလား"

တွေ ဘာတွေ အပြစ်ပြောပြီး စိတ်မပါသလိုလို၊ မလုပ်ချင်သလိုလို ဟန်လုပ်ခဲ့တာလေ။ အခုကျ ကျယ်ကျယ်ကျယ်ကျယ်နဲ့ ...။

"ရည်ညွှန်း ... ငါ ဝင်လာမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



သင်းသင်း အော်သံကြားရသဖြင့် ရည်ညွန်းသည် ကမန်းကတန်းပင် ...

"အေး ... ဝင်လာ ဝင်လာ ရတယ် သင်းသင်း၊ နင်က လည်း ပြောရမဲ့လူတွေမှ မဟုတ်တာဟယ်"

သင်းသင်း တစ်ယောက်ဟာ မင်းသမီးလေးတစ်ပါး လိုပဲ ဝင်းပတောက်ပစွာ ရည်ညွန်းအနား ရောက်လာပါသည်။ မွေးကတည်းက တကယ့် သူဌေးဆိုသော မိဘတွေမှ မွေးလာခဲ့ရ သူလည်းဖြစ်၊ နဂိုရုပ်ရည်ကလည်း သိပ်အချောကြီး မဟုတ်ပေမဲ့ လှပပြေပြစ်မှုလည်းရှိသူ ဖြစ်ခဲ့လေရာ တန်ဖိုးကြီး အဝတ်အစား အသုံးအဆောင်များ သုံးနိုင်ခြင်း၊ ခြေမွေးမီးမလောင် လက်မွေး မီးမလောင် နေနိုင်ခြင်းတည်းဟူသော ဘဝပေးကုသိုလ်ကံတို့က ပါ ပံ့ပိုးသဖြင့် သင်းသင်းသည် ဘယ်တော့ကြည့်လိုက် ကြည့်လိုက် မြင်ရသူ စိတ်ချမ်းသာစရာ ကောင်းလောက်အောင် ဝင်းပလှပနေ တတ်ပါသည်။

သင်းသင်းသည် သူဌေးသမီး၊ အခုဆို သူဌေးကတော် ပါ ဖြစ်နေပေမဲ့ သူ့တစ်ကိုယ်လုံးမှာ ဘယ်တော့မှ လက်ဝတ်လက် စားတွေ ညွတ်နေအောင် ဝတ်တာမျိုး မရှိချေ။ အဲ ... ဒါပေမဲ့ တစ်လုံးတည်း စိန်အကောင်းစား နားကပ်တစ်ရန်ကိုတော့ လေး ငါးရန်လောက် ပြောင်းပြောင်းဝတ်တတ်သည်။ တစ်ရန်တည်းကို သိန်းခြောက်ရာလောက် တန်သည်ဟုလည်း သိထားပါသည်။





"ကိုကြီးက လိုက်လာချင်ပါတယ်ဟယ်၊ သူ့မှာ ဒီနေ့ည ကျမှ စင်ကာပူက ဧည့်သည်တွေကို သွားကြိုရဖို့ e-mail ရလို့ မလိုက်လာနိုင်ဘူး။ ဟံသာ့ကိုတော့ သူ ခုပဲ ဖုန်းလှမ်း ဆက်ပြီး နှုတ်ဆက်နေတယ် သိလား။ နင့်ကိုပါ နှုတ်ဆက် လိုက်တယ်လို့ ပြောလိုက်တယ်"

"ရပါတယ်ဟယ်၊ နင်တို့ သတိရကြရင် ဝမ်းသာပါတယ်"

"ငါဟယ် Morning sickness ရနေတာ ညနေမှ သက် သာတယ် သိလား။ အတော်ပဲ၊ နင့်လက်ရာ စားရမယ်"

"ဟယ် ... ဘာလဲ၊ နင် ရှိနေပြီလား"

ရည်ညွန်းက ဗိုက်နေရာကို လက်ဖြင့်ဝိုက်ပြရင်း စိတ်လှုပ်ရှားစွာ မေးလိုက်ပါသည်။

"အေး ... အခုမှ တစ်လခွဲလောက်ပဲ ရှိသေးတယ်"

"မိုးမ ကရော"

"မိုးမ,က မပြောဘူး။ ဘာလဲ သူရော ရှိနေပြီလား"

"မသိဘူး၊ ဗိုက်ကလေး ပူနေသလားလို့"

"ဝလာတာလား"

"ငါလည်း မသိဘူးလေ"

"ဒါနဲ့ ရည်ညွန်း၊ နင်တို့ကရော ကလေးမယူသေးဘူးလား"

"ယူမှာပါ၊ အလုပ်ကလည်း လောဘကြီးနေရတယ်ဟယ်၊ ကိုယ်က ခဏခွင့်ယူလိုက်ရင် ကိုယ့်နေရာ ဝင်ချင်တဲ့သူတွေ တန်းစီနေလို့ စဉ်းစားနေရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"စန္ဒာကတော့ နောက်နှစ်ယူမယ် ပြောတယ်၊ နောက်နှစ်ကျမှ ထင်လင်း M.Sc လည်း ပြီးမှာမို့ အဲဒီကျမှ ယူမယ်တဲ့"

"သူ့ယောက်ျားကိုယ်တိုင် မွေးပေးစေချင်လို့ ထင်တယ်၊ ထင်လင်းက M.Sc(O.G) နော်၊ ဟုတ်တယ် မဟုတ်လား"

"နီလာကတော့ အပြတ်ပြောတယ်၊ ကလေး လုံးဝမယူဘူးတဲ့"

"လာ ... အပြင်ကလူတွေ သွားခေါ်ကြရအောင်၊ ထမင်းဝိုင်း အဆင်သင့် ဖြစ်ပြီလို့၊ ခုနစ်နာရီတောင် ထိုးနေပြီ၊ အားလုံး ဆာရောပေါ့"

ရည်ညွှန်းနဲ့ အတူ သင်းသင်းပါ ပြန်ထွက်လာ၊ နောက်မှ ရောက်လာသော စန္ဒာလမင်းတို့က ရည်ညွှန်းနဲ့ အခုမှ တွေ့ရတာမို့ နှုတ်ဆက်ကြ၊ စကားအနည်းငယ်ပြောကြ၊ ပြီးလျှင် အားလုံး မင်္ဂလာနှစ်ပတ်လည် ညစာစားပွဲကို စတင်ဖို့ နေရာယူလိုက်ကြတော့လေသည်။

* ✢ *





၃

စားရင်းသောက်ရင်း စကားပြောကြသောအခါမှာ ဘရိုင်ယန်က ...

"ငါတို့မှာ သတင်းကောင်းပါတယ်၊ ကြေညာစရာ ရှိတယ်ဟေ့"

ဟု စတင်ကြေညာပါသည်။

မိုးမမက သူ့ယောက်ျားသူ မျက်စောင်းထိုးရင်း ...

"အံမယ်လေး ... ပြောစရာရှိတာ ပြောလိုက်ပါ၊ ဒီကဖြင့် ဗိုက်က လူမြင်တိုင်း သိသာအောင် ပူနေပြီ၊ ကြေညာစရာတွေ ဘာတွေ လုပ်မနေပါနဲ့"

"အထိမ်းအမှတ်ပေါ့ကွာ"

"ကဲ ... ဒါဖြင့် မြန်မြန်ပြောပြလိုက်"



www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းတွေ အကုန်လုံး ဘာပြောမှာလဲ ရိပ်မိပေမဲ့ ဘရိုင်ယန့်၏ အထူးတလည်လုပ်ပြီး ကြေညာချင်ဟန်ကို အကဲခတ်မိသဖြင့် အားလုံး ပြုံး၍သာ နားထောင်ပေးနေကြလေသည်။

"မိုးမမှာ ကလေးရှိနေပြီ ... ဟား ဟား"

"ဟေး ... ဝမ်းသာပါတယ်"

"သင်းသင်းကတော့ တွေ့တွေ့ချင်းကို သူငယ်ချင်းတွေ အားလုံးလို လိုက်ပြောလို့ သူ့ဗိုက် တစ်လခွဲလောက်ရှိပြီ ဆိုတာ သိပါတယ်။ မိုးမ ဗိုက်ကရော ဘယ်လောက်ရပြီလဲ"

"မိုးမက နှစ်လကျော်လေး ရှိသေးတယ်"

"ဟင် ... ဒါပေမဲ့ ဗိုက်တော်တော်ထွက်တယ်နော်။ မိုးမက, ဗိုက်နဂိုပူတဲ့လူလည်း မဟုတ်ပါဘူး၊ ဘာလို့လဲ"

"အေး ... အဲဒါကြောင့် ဘရိုင်ယန်က အမြွှာလို့ထင်ပြီး တအား ဝမ်းသာနေတာ၊ လနုနေသေးတော့ USG မရိုက်ရသေးဘူး၊ O.G ကတော့ USG ရိုက်သင့်တဲ့ အချိန်ကျ ညွှန်မယ်ပြောတာပဲ၊ ဒါပေမဲ့ သူကတော့ အမြွှာလို့ သံသယမဖြစ်ပါဘူးတဲ့။ ဘာကြောင့်လဲဆိုတော့ morning sickness ရတာတွေ ဘာတွေကလဲ သာမန်ဖြစ်သလောက်ပဲ ဖြစ်တာလေ။ အမြွှာကိုယ်ဝန်ဆို ပိုဆိုးကြတယ်လို့ ပြောတယ်"





"အမြွှာလည်း ကောင်းပါတယ်၊ ငယ်တုန်းတော့ လူကြီးပင်ပန်းရပေမဲ့ ကြီးလာတော့ သူတို့ချင်းသူတို့ အဖော်ရပြီး အမေ ထိန်းရသက်သာတယ်။ ပြီးတော့ ဗိုက်တစ်ခါပဲနာပြီး နှစ်ယောက်ရတာ ကံကောင်းတာပေါ့"

သင်းသင်းကတော့ မိုးမနဲ့သူ အတူတူ ကလေးမွေးဖြစ်ကြမဲ့ရက်ကို တီးတိုးတိုင်ပင်နေသည်။ နင့် due date ဘယ်တော့လဲ။ ဘယ်မှာမွေးမှာလဲ။ O.G ဘယ်သူနဲ့ ပြတာလဲ။ ကိုကြီးကတော့ ငါ့ကို သနားပြီး တော်ပြီ ကလေးတစ်ယောက်ပဲ ယူပါကွာ။ မင်း ကြည့်ရတာ ပင်ပန်းလိုက်တာလို့ ပြောနေပြီဆိုပြီး ပျို့ရ အန်ရတဲ့ ဝေဒနာအကြောင်းတွေ ဆက်ပြောနေသည်။

စန္ဒာလမင်းကတော့ ...

"ကိုလင်း M.Sc ပြီးမှ ကလေးယူမယ်လို့ ဆုံးဖြတ်ထားတယ်ဟယ်"

လို့ ထပ်ပြီး ပြောပြနေသည်။

"ဘာလဲ ... ထင်လင်း ကိုယ်တိုင် မွေးပေးစေချင်လို့လားဟ"

"မဟုတ်ပါဘူး ဖော်နိုင်ရယ်။ အခု ငါ့မှာ သူ စာကျက်ရင် ဘေးကစောင့်နိုင်တယ်။ သူ ဘာလိုသလဲ၊ ဟိုစာအုပ်လိုသလား၊ ဒီစာအုပ် လိုသလား၊ သူ့အစား ရှာဝယ်ပေးနိုင်တယ်၊ သွားစရာ ပေါ်လာရင် ဖြုန်းခနဲ သွားချင်ရင်လည်း


www.burmeseclassic.com

www.burmeseclassic.com

ရတယ်၊ ဘာမှ နောက်ဆံမတင်းရဘူး။ ကိုလင်း စာအေးအေး ဆေးဆေးကျက်ဖို့ ငါက အချိန်ပြည့် ပံ့ပိုးကူညီနိုင်တယ်လေ။ အကယ်၍ ကလေးတစ်ဖက်နဲ့ဆိုရင် သူ့ကို မကူညီနိုင်ဘူးပေါ့။ ဒါကြောင့် သူ M.Sc အပြီးကို စောင့်လိုက်တာပါ။ M.Scပြီးရင် ဟဲဟဲ ဝင်ငွေကလည်းပိုကောင်းလာပြီလေ"

ဟံသာ့ဆီမှ ...

"ဒါနဲ့ နေပါဦး ဇော်နိုင်ရ၊ မင်းတို့ကုမ္ပဏီက ကိုရီးယားလွှတ်မယ်လို့ အသံကြားတယ်၊ မင်း ပါမှာလား"

"မသေချာပါဘူးကွာ၊ သူဌေးတူတို့ တူမတို့ အရင်းတွေလည်း ရှိတယ်။ ဝမ်းကွဲ တူ,တူမတွေလည်း ရှိတယ်၊ ငါတို့က နောက်ဆုံးမှ စဉ်းစားမဲ့လူပါ"

"နီလာက အဲဒါကြောင့် သူ့ကို ပြောနေတာ၊ Boss က သတိထားမိအောင် သူနဲ့အတူ ဂေါ့(ဖ)ရိုက်ပါလားပေါ့။ ဒါမှ သူ့ဆွေမျိုးစာရင်းထဲ ထည့်စဉ်းစားရင် ကိုယ်ကတော့ ရှေ့ဆုံးမရောက်ပေမဲ့ အလယ်လောက် ရောက်နေမယ်လို့"

"ဟံသာ့ အလုပ်ပဲ ကောင်းတယ်၊ မိသားစု အလုပ်ဆိုတော့"

"ဟာ ... မထင်နဲ့၊ အဖေက သားတွေကို သူ့ဝန်ထမ်းလိုပဲ သဘောထားတယ်၊ သူ လစာပေးပြီး ခန့်ထားတယ်ပေါ့ဟာ၊ ဒီတော့ ဒီလစာ ဒီရာထူးနဲ့ တန်အောင်လုပ်ရမယ်ပဲ"





ဟံသာတို့က မိသားစုဝင် တော်တော်များများနဲ့ ဖွဲ့စည်းထားသော Travels & Tours ကုမ္ပဏီကို ပိုင်ပါသည်။ အခုထိ အဖေက အရွယ်ကောင်းတုန်း လုပ်နိုင် ကိုင်နိုင်တုန်း ဖြစ်လေရာ ကုမ္ပဏီမှာ အဖေ့အပိုင် ဖြစ်သဖြင့် ဟံသာတို့ ညီအစ်ကိုတွေက အဖေ့လက်အောက်မှာ လစား ဝင်လုပ်ကြရသည်။ အဖေက လူဖြောင့်ကြီးမို့ သူ့ဝန်ထမ်းသည် ဝန်ထမ်းသာဖြစ်သည်။ သားတွေ သမီးတွေ ဒီနေရာမှာ ဘာမှမပါဟု သဘောထားသဖြင့် ပိုင်ရှင့်သားသမီးတွေပေမဲ့ တခြားဝန်ထမ်းတွေနဲ့ တန်းတူလုပ်ရပါသည်။

လခထုတ်ချိန်ကျမှ လခရခြင်း၊ အကျိုးခံစားခွင့်တွေလည်း တူညီခြင်း၊ အခွင့်အရေး ပိုယူ၍ မရခြင်းတို့ကြောင့် ဟံသာလည်း လစားဝန်ထမ်းသဘော ဖြစ်နေသည်။

"ပြီးတော့ ခုချိန်က ခရီးသွားနည်းတဲ့ ရာသီကွာ Low Season ဆိုတော့ တခြားဝန်ထမ်းတွေကိုလည်း လခလျှော့သလို ငါလည်း အလျှော့ခံရတယ်ကွာ၊ မချောင်ဘူး"

တခြားသူတွေ ရယ်ကြပေမဲ့ ရည်ညွှန်းကတော့ ပြုံးရုံသာ ပြုံးနိုင်သည်။ ဘာကြောင့်လဲ ဆိုတော့ အလုပ်က ပြန်ရောက်ကတည်းက ရည်ညွှန်း ဗိုက်ဆာနေပေမဲ့ ကိုယ့်ဖောနဲ့ကိုယ်မို့ ဘာမှ အဆာပြေမစားမိဘဲ ဟင်းတွေ တရစပ် ပြင်ဆင်ချက်ပြုတ်နေမိခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com



အခု တကယ်စားကြတဲ့ အချိန်လည်းရောက်ရော အထဲမှာ လေခံနေခဲ့သဖြင့် သုံးလေးလုတ်သာ စားရသေးသည်။ ထုံးစံအတိုင်း ဗိုက်ထဲမှာ ရှိနေသော လေတွေက ပွလာကာ ဗိုက်အောင့်လာသည်။ ဘာမှမစားရသေးပါဘဲ ဗိုက်ကြီးတင်းကျပ်ပြီး ရင်ထဲ ပူလာသည်။

ရည်ညွှန်းမှာ ယယ်ယယ်တည်းက ထိုသို့ လေပွ၊ လေထိုး၊ လေအောင့် ရင်ပြည့်ရင်ကယ်ရောဂါ ရှိလေရာ အဆာခံပြီးမှ စားမိတိုင်း ထိုသို့ ခံစားရပေါင်း မနည်းတော့။

အဲဒီလိုဖြစ်လျှင် သုံးလေးရက်လောက် Heart Burn ဟုခေါ်သော ရင်ပူနေတဲ့ရောဂါကြီး ခံစားရလျက် လူက သွေးပေါင်ပါကျတတ်လေသည်။ အခုလည်း ဗိုက်ထဲမှ လေတွေတအားထိုးပြီး ဂလုံး ဂလုံးဖြင့် ဟိုဘက်ရောက်သွားလိုက်၊ ဒီဘက်ရောက်သွားလိုက် ခံစားရလေရာ ပြေးပြီး ဆေးသောက်ချင်လှပြီ။ ဆေးက ဆေးရည်ပါပဲ။ ရေခဲသေတ္တာထဲမှာ ဆေးရည်ပုလင်း ထားသဖြင့် ဒီလူတွေရှေ့မှာ ရေခဲသေတ္တာကြီး ထဖွင့်ပြီး ဆေးသောက်ပြနေရင် ညှော်သည်တွေက မေးကြ ပြုကြနဲ့ ဖြစ်မှာမို့ မသောက်ရသေးဘဲ အောင့်ခံနေရသဖြင့် မရယ်ချင်၊ မပြုံးချင် ဖြစ်နေပါသည်။

သူတို့ ပြန်သွားရင်တော့ မောင့်ကို ပန်းကန်တွေဆေးခိုင်း၊ စားပွဲရှင်းခိုင်းမှပါ။ ပိုတဲ့ဟင်းတွေလည်း ဘူးလေးတွေနဲ့ ထည့်သိမ်းပြီး ရေခဲသေတ္တာထဲ သိမ်းထားခိုင်းမှ။ ဒါမှ နောက်





နေ့တွေကျ မချက်ရဘူး။ ရေခဲသေတ္တာထဲက ထုတ်ပြီး ပြန်နွေးပြီး စားရုံပဲ။ ချက်ရလည်း သက်သာတယ်။ ပိုက်ဆံကုန်လည်း သက်သာတယ်ပေါ့။ ပိုက်ဆံက စုတော့ စုတာပဲ အဖတ်က မတင်ဘူး။ မောင်ရတဲ့လခ နှစ်သိန်းနဲ့ ရည်ညွှန်းရတဲ့ လခက တစ်သိန်းခွဲဆိုတာ အခုခေတ်မှာ လင်မယားနှစ်ယောက်ဝင်ငွေ အများကြီးလို့ပဲ ပြောရင် ရပါတယ်။ ဒါပေမဲ့ ကျားကြီးတော့ ခြေရာကြီးဆိုသလို ကိုယ့်မှာလည်း လိုအပ်ချက်တွေက များနေတော့ ပိုက်ဆံက လောက်ကို မလောက်နိုင်ဘူး ဖြစ်နေတာ။ ဟိုပစ္စည်းလေး ဝယ်ချင်၊ ဒီလက်ဝတ်လက်စားလေး လုပ်ချင်နဲ့။

ဒီကြားထဲ ယောကျ်ားကလည်း သူ့လောဘနဲ့သူ။ သူလည်း လိုအပ်ချက်တွေ များသွား။ လခအပ်ပြီးရင် ...

"မောင်သုံးဖို့ နှစ်သောင်းလောက်တော့ ပြန်ပေးထားကွာ။ တစ်ခါတလေ မမျှော်လင့်ဘဲ သူများနဲ့ ပါသွားရင် လက်ထဲမှာ ပိုက်ဆံက မပါရင် ပြဿနာပဲ"

ဆိုပြီး ပြန်ပြန်ယူသွားတာ မနည်းဘူး။ PS2 စက်ကြီးလည်း တစ်သိန်းကျော် ပေးရတယ်။ မဝယ်ပါနဲ့။ တားလည်း မရပါဘူး။ ဝယ်ပစ်လိုက်တယ်။

"မောင် သူများတွေလို ဘောလုံးပွဲလောင်းတာလည်း မဟုတ်ဘူးကွာ၊ အိမ်မှာ ကိုယ့်ဘာသာ ဘောလုံးပွဲကစားတာပါ။ ဒါလေးတော့ ပေးဝယ်ပါကွာ",



www.burmeseclassic.com

www.burmeseclassic.com



ဘာညာနဲ့ သဘောတူညီချက်တွေယူပြီး အတင်းဝယ်လိုက်တာလေ။ ဝယ်လာတုန်းက သူ့ကို စိတ်ကောက်ပြီး အမေ့အိမ် နှစ်ရက်လောက် ပြန်နေပစ်လိုက်တယ်။ ကောင်းရော … သူ့ဘာသာ ချက်စားပေါ့။ ပစ်ထားလိုက်တာ မရပါဘူး။ ချက်မစားဘဲ ဝယ်စားတော့ ပိုက်ဆံက ပိုကုန်သွားတာပါပဲ။

"မင်းတို့ရော ဘယ်တော့ ကလေးယူမှာလဲ"

ဘရိုင်ယန်က ဟံသာ့ကို လှမ်းမေးလေသည်။ ရည်ညွန်းသည် စကားဝိုင်းထဲ စိတ်ပြန်ရောက်လိုက်၊ စိတ်နဲ့လူ ကင်းကွာသွားလိုက် ဖြစ်နေရာမှ ထိုမေးသံကြောင့် မောင် ဘာပြန်ဖြေမလဲလို့ နားစွင့်လိုက်မိ၏။ ဘာကြောင့်လဲ ဆိုတော့ မောင်က …

"မောင် ကလေးတော့ မလိုချင်ဘူးကွာ၊ ဒီလိုပဲ နှစ်ယောက်တည်းလေး နေသွားလည်း ရတာပဲလို့ တွေးမိတယ်၊ ဒါပေမဲ့ ရည်ညွန်း လိုချင်ရင်တော့ ယူပါ၊ မောင် မကန့်ကွက်ဘူး၊ အပြစ်လည်း မပြောပါဘူး၊ ဝိုင်းလည်းထိန်းပေးပါ့မယ်၊ ဒါပေမဲ့ မောင် ခုထိ ကလေးယူဖို့ကို စိတ်ထဲမှာ ဘယ်လိုမှ လက်ခံလို့ မရသေးဘူး"

လို့ အိမ်ထောင်ကျပြီးခါစကတော့ ပြောထားဖူး၍ ဖြစ်ပါသည်။ အခုရော ဘယ်လိုပြောမလဲ၊ ဒီလေသံပဲ ထွက်မှာလားလို့ ရည်ညွန်း သိချင်နေသည်။





ဘာကြောင့်လဲ ဆိုတော့ ရည်ညွန်းတို့ နှစ်ယောက်စလုံးဟာ နှစ်ယောက် စကားပြောဖြစ်ကြရင် ကလေးယူဖို့ကို သိပ်မပြောမိ၊ မဆွေးနွေးမိကြဘဲ အိမ်မှာ တယ်လီဖုန်းတပ်ဖို့တို့၊ Air Con တပ်ဖို့တို့၊ တီဗီမော်ဒယ်လ်အသစ် လဲဖို့ကို၊ မောင်က လက်ပတ်နာရီအသစ် ဝယ်ဖို့တို့၊ ရည်ညွန်းက နားကပ် နောက်တစ်ရန် ထပ်လုပ်ချင်တာတို့တွေသာ ပြောမိဆွေးနွေးမိကြ၍ ဖြစ်ပါသည်။

"ဟာ … ကလေးလား ယူတော့မှာပေါ့။ မိုးမတို့ သင်းသင်းတို့တောင် ယူပြီ။ ရည်ညွန်းလည်း ယူတော့မှာပေါ့။ ငါက တော့ သူ့သဘောပါ၊ သူပဲ ဗိုက်ကြီး ကြီးရ၊ မွေးရ၊ ကလေးကို ထိန်းရမှာဆိုတော့ သူ ယူချင်လည်းယူ၊ မယူချင်လည်းနေ ဆိုပြီး ပြောထားပေမဲ့ သူများတွေ ကလေးကိုယ်စီ ရှိလာကြတာ တွေ့တော့လည်း အားကျလာပြီလေ၊ ဒီတော့ ရည်ညွန်းကို တိုက်တွန်းရတော့မယ်"

ရည်ညွန်းသည် အပိုစကားတွေ ထည့်ပြောနေသော ယောက်ျားကို ဒီတစ်ခါတော့ ငြိမ်နားမထောင်တော့ဘဲ ရအောင် ပြန်ပြောလိုက်ဖို့ စဉ်းစားပါသည်။ နောက်မို့ ဘေးလူတွေ အမြင်မှာ သူပဲ အကောင်းတွေ ပုံနေဦးမယ်။

"အံမယ် … ကိုဟံသာ၊ စကားကို ကြည့်ပြောနော်၊ အရင်ကတော့ ကလေး မလိုချင်ပါဘူး။ ဒီလိုပဲ နှစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



နေသွားလည်း ရပါတယ်ဆို။ ရှင်က ကလေးပဲ မချစ်ချင်သလိုလို ဘာလိုလို ဖြစ်နေလို့ ရည်ညွှန်း မယူသေးတာပါ။ တော်ကြာ ကလေးကြောင့် ပြဿနာတစ်ခုခု ဖြစ်ကြရင် မင်းယူချင်ဘာကိုး၊ ခုတော့ အခက်အခဲတွေ ပြဿနာတွေ ကြုံပြီမဟုတ်လား ဆိုပြီး ကျုပ်ကို အပြစ်ပုံချမှာစိုးလို့ပါ ... ကဲ ...”

သူငယ်ချင်းတွေကတော့ ရည်ညွှန်း စကားအဆုံးမှာ သံပြိုင်ပင် “အူး ... ဟူး ဟူး”ဟူသော အသံကြီးလုပ်လျက် ရန်ပွဲ၏ အစကို ဖြေဖျောက်သလို နောက်ပြောင်သံကြီး ပြုလိုက် ကြပါသည်။

“အရင်က မလိုချင်တာဟယ်၊ သူ အခု လိုချင်လာပြီလေ ရည်ညွှန်းရဲ့”

စန္ဒာလမင်းက ဖြေသိမ့်သလို ဝင်ပြောပါသည်။

ဟံသာသည် ကိုယ့်အပြစ်ကိုယ် သိသဖြင့် ဒီအကြောင်းအရာထဲက စကားလွှဲဖို့ ခေါင်းစဉ်ရှာလျက် ...

“ကဲ ... ဘယ်ကောင် ဘီယာထပ်ယူကြဦးမလဲ၊ နှစ်ဘူးနဲ့ ရပ်မနေနဲ့လေ၊ ဘာလဲ ... နင်တို့က ဒီကောင်တွေကို အိမ်မှာ ကျိတ်မှာထားခဲ့ကြလို့လား၊ ငါ့သူငယ်ချင်းတွေ လက်နှေးနေကြတယ်”

“အံမယ် ... မမှာပါဘူး၊ မှာစရာလား၊ ကိုယ့်အကြောင်း ကိုယ်သိပေါ့”





နီလာက အော်ပြောရင်း ဇော်နိုင့်ကို အလကားနေရင်း လက်မောင်းကို အုန်းခနဲ ထုပါသည်။

“ဟာ ... ဘာဖြစ်တာလဲ”

“ကိုယ့်အကြောင်း ကိုယ်သိလေ”

“သိပါတယ်”

“ဘာဖြစ်လို့လဲဟ၊ ပြောပါဦး”

“ဟံသာ ... နင်မသိဘူးနော်၊ ဇော်နိုင်လေ အခုဆို သောက်လာပြီးရင် အရင်ကလို မဟုတ်ဘူး အန်တတ်တယ်၊ ပြီးရင် တစ်ညလုံး မအိပ်နိုင်ဘူး၊ restless ရနေတယ်။ ငါက သူ့ကို ရှင် အသက်ကြီးလာလို့ ခံနိုင်ရည် မရှိတော့ဘူး ထင်တယ်လို့ ပြောတာ လက်မခံဘူး”

သူငယ်ချင်းတွေအားလုံး ဝိုင်းရယ်ကြရင်း ...

“အမယ်လေးဟယ်၊ ခုမှ နှစ်ဆယ့်ရှစ် နှစ်ဆယ့်ကိုးတွေ ပါဟယ်၊ ဒါလား အသက်ကြီးတာ”

ဟု ပြောသူက ပြောပါသေးသည်။

“သုံးဆယ်နားနီးရင် အသက်ကြီးတာပဲ”

“ကဲ ... မိန်းမတွေရော ကော်ဖီတို့ တီးတို့ သောက်ချင်ကြတဲ့သူ ရှိသေးလား၊ အိပ်ခါနီးသောက်တဲ့ ကော်ဖီ တီး မိုင်လို တစ်ခုခုပါ ဒီက အပြီးသောက်သွားကြနော်”

ရည်ညွှန်းက ရေနွေးကြိုသော Kettle ကို ခလုတ်ပိတ်ရင်း လှမ်းအော်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မသောက်နိုင်တော့ဘူး ဗိုက်ပြည့်နေပါပြီဟယ်"

ဟံသာက မိန်းမကို မျက်နှာလို မျက်နှာရ ဖားသလို ဖြင့် ...

"ရည်ညွန်းကတော့ အိပ်ခါနီး ကော်ဖီသောက်ရမှ အိပ်ပျော်သတဲ့ဟာ၊ ထူးဆန်းတယ်"

လို့ ပြောပြပေးနေပါသည်။ အမှန်တော့ ရည်ညွန်းမှာ ဗိုက်ထဲ လေထိုးပြီး ဘာမှလဲ ကောင်းကောင်းမစားနိုင်လေရာ အိပ်ခါနီးတော့ မိုင်လိုဖြစ်ဖြစ် သောက်မည်ဟု စဉ်းစားနေတာ ဖြစ်ပါသည်။ ခါတိုင်းတော့ ကော်ဖီသောက်ပေမဲ့ လေထိုးနေရင်တော့ ကော်ဖီသောက်ရင် ပိုပြီး ရင်ပြည့်သလို ခံစားရတာမို့ ဒီညတော့ ချိုတဲ့ မိုင်လိုပဲ ဖျော်သောက်မှာ ဖြစ်သည်။

သူငယ်ချင်းတွေ ပြန်သွားသောအခါ ညဆယ်နာရီ ပင်ခွဲနေပြီ။ နှုတ်ဆက်သံ၊ တံခါးပိတ်သံတွေ တိတ်ဆိတ်သွားသောအခါ ရည်ညွန်းတို့ရဲ့ တိုက်ခန်းထဲမှာ ပြန်၍ တိတ်ဆိတ်သွားတော့သည်။

ရည်ညွန်းသည် ပန်းကန်တွေသိမ်းဖို့ ဆေးဖို့ နောက်ဖေးဝင်လာခဲ့လိုက်သည်။ မောင်လည်း ပါလာလိမ့်မည်ဟု ထင်သဖြင့် မခေါ်မိဘဲ ဝင်လာလေရာ ရည်ညွန်း ရောက်ပြီး သိပ်မကြာ အိမ်ရှေ့ခန်းမှ PS2 ကစားစက်ထဲမှ ဘောလုံးပွဲအသံကို ကြားလိုက်ရလျှင် ရည်ညွန်းသည် ချက်ချင်းပဲ အိမ်ရှေ့ကို ပြန်ပြေးထွက်လာမိသည်။





"မောင်"

"ဟေ ... ဘာလဲ"

"ကစားပြန်ပြီ"

"အေးလေ ... ဘာဖြစ်လို့လဲ၊ သူတို့ ပြန်သွားပြီပဲ"

"အိမ်နောက်ဖေးမှာ ရှင်းစရာ လင်းစရာတွေလေ။ ရှင်တို့ သောက်ထားတဲ့ ဘီယာဘူးခွံတွေ သိမ်းစရာတွေ၊ စားပြီးသား ပန်းကန်တွေ သိမ်းဖို့ ဆေးဖို့ ရှိနေမယ်လို့ ဘာလို့ မတွေးမိတာလဲ၊ ဘာကြောင့် ရည်ညွန်း လာပြောရစေဖို့ မောင် ဖန်တီးတာလဲ"

ဟံသာသည် မျက်ခုံးတွေ ပင့်တက်နေပေမဲ့ PS2 ရိမုဒ်ကို အနှိပ်မပျက် တီဗီဖန်သားပြင်ကို မျက်စိအကြည့်မပျက်။

ရည်ညွန်းဟာလေ သိပ်လျှာရှည်တာပဲ။ နောက်မှသိမ်းလည်း ရသားနဲ့။ ဘာကြောင့် ချက်ချင်းသိမ်းချင်ရလဲ။ မနက်ဖြန်တနင်္ဂနွေနေ့လေ၊ အလုပ်မှ မသွားရတာ။ အေးအေးဆေးဆေး သိမ်းပေါ့။

"ရည်ညွန်းကို လာကူပေးဖို့ ပြောတာပါ။ မောင်တစ်ယောက်တည်း ရှင်းခိုင်း လင်းခိုင်းတာ မဟုတ်ပါဘူး"

"ထားလိုက်ပါလား၊ မနက်ဖြန် အားတာပဲ အဲဒီကျမှရှင်းပေါ့။ သွား ... သွား ... မင်း သွားအိပ်တော့၊ တစ်နေ့ကုန် ပင်ပန်းထားတာ အိပ်။ ခေါင်းထဲ ဘာမှမတွေးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ပြောတတ်တယ်၊ မနက်ဖြန်ကျ မနက်အစောကြီး နိုးတတ်တဲ့လူက ဘယ်သူလဲ၊ အဲဒီမီးဖိုချောင်ကို အရင်ဆုံး ဝင်ရမဲ့သူက ဘယ်သူလဲ"

ဟုသာ မပြောပါ။ ရည်ညွှန်းက စောစောနိုးတတ်တဲ့ အကျင့်ရှိကြောင်း သူ သိထားပါသည်။ တသာကတော့ အိပ်ရာဝင်ချိန်ဟာ အမြဲ သန်းခေါင်ကျော်လျက် မနက်ကျ ကိုးနာရီလောက်ထိ အိပ်ကျင့်ရှိလေသည်။ ရည်ညွှန်းကျတော့ ပုံမှန်ဆယ့်တစ်လောက်ဆို အိပ်ပြီး မနက်ခြောက်နာရီခွဲ ပုံမှန်နိုးတတ်သည်။ ထူးဆန်းတာက ရည်ညွှန်းဟာ အိပ်ရာဝင် နောက်ကျရင်လည်းပဲ မနက်မှာ သူ့ထနေကျအချိန်တော့ ထတတ်တာ။ အလိုလိုနိုးလာတတ်တာ။ အဲဒါတော့ ချီးကျူးဖို့ ကောင်းသည်။ ဗီရိယကောင်းသည်ဟု ပြောရမလား။ Body ကပဲ ကျင့်သားရနေလို့လား။

"မနက်ကျ ရည်ညွှန်းပဲ အစောကြီး နိုးမယ်၊ ဟော့ဒီ မီးဖိုချောင်ထဲမှာ ပုံရက်သား စောင့်နေတဲ့ မဆေးရသေးတဲ့ ပန်းကန်တွေ အိုးတွေ မသိမ်းရသေးတဲ့ စားကြွင်းစားကျန်တွေ၊ မရှင်းလင်းရသေးတဲ့ အမှိုက်တွေနဲ့ နေရဦးမယ်၊ ဘယ်မိန်းမက နေနိုင်မှာလဲ၊ ဘေစင်ထဲက ပန်းကန်တွေ အပုံလိုက်ကို ဘယ်သူက ရှောင်ပြီးနေနိုင်မလဲ"

"ရည်ညွှန်းရာ မင်းက အလုပ်မဟုတ်တာကို သိပ်ပြဿနာရှာပါလား။ ငါ အခု မလုပ်ချင်သေးဘူး၊ မလုပ်နိုင်သေး





ဘူး၊ ဒါကြောင့် ထ,မလုပ်တော့ရော ဘာဖြစ်လဲ၊ မင်းလည်း မင်းအာသာ လုပ်ချင်လုပ်၊ မလုပ်ချင်နေ ရတာပဲ။ ငါက တခြားယောက်ျားတွေလို လိုက်ပြောနေတဲ့သူလည်း မဟုတ်ဘူး။ အဲဒါကို ပြဿနာရှာနေတယ်၊ ခုချက်ချင်း လုပ်ချင်ပြီဆို လုပ်ချင်ပြီပဲ ဖြစ်နေတယ်၊ ဘာကြောင့် ဒီတစ်ညလေး ဒီဟာတွေ ပုံနေတာကို မကြည့်ချင်ရတာလဲ"

ရည်ညွှန်းသည် သူကပဲ တစ်ပြန်ကြီး ကိုယ်လုပ်ပုံကိုင်ပုံတွေ မဟုတ်သလို လာပြန်ပြောတာ ခံလိုက်ရသဖြင့် ထွက်နေ၍ မျိုချထားရသော လွန်ခဲ့သော နာရီပိုင်းက ဒေါသတွေပြန်၍ လိပ်တက်လာတော့လေသည်။

"သြော် ... အကျိုးအကြောင်း ပြောပြတော့လည်း ပြဿနာအလကားနေရင်း ရှာတယ် ထင်တယ် ဟုတ်လား။ ရှင်လုပ်ပုံကိုင်ပုံတွေရော မှန်လို့လား၊ မိန်းမကို အလိုက်တသိဘာဝင်ကူလဲ။ ဘာလုပ်ပေးရမလဲလို့ လာမေးဖော် ဘယ်နှခါရလဲ။ အိမ်မှာနေရင်း ကိုယ်စားပြီးသား ပန်းကန်လေး တစ်ချပ်တောင် ဆေးဖော်မရဘဲ တစ်ခါလာလည်း ဘေစင်ထဲ လာပုံထား၊ လာပစ်ထားတတ်တဲ့လူ။ တစ်အိမ်လုံး ရှင်ချွတ်ပြီး ပစ်ထားသမျှ ပုံထားသမျှ အဝတ်တွေလိုက်ကောက်သိမ်းပေး လျှော်ပေး ဗီရိုထဲ အသင့်ထုတ်ဝတ်ရုံလေး ထည့်ပေးထားတာတောင် ကျေးဇူးတင်တယ် တစ်



www.burmeseclassic.com

www.burmeseclassic.com



ချက် မပြောတဲ့လူဟာ ဘယ်သူလဲ၊ ကိုယ့်ကိုယ်ကို ပြန်မေးကြည့်လိုက်ပါဦး”

“ဟာ ... ကျေးဇူးတင်တယ် ပြောစရာလား၊ လင်မယားချင်းပဲ။ မိန်းမအလုပ် မိန်းမလုပ်တာကို ငါက မင်းလုပ်ကိုင်သမျှ အရာတိုင်း Thank you ရေလဲသုံးပြီး ဟန်ဆောင်ပြရမှာလား။ မသိပါဘူး မင်းက အဲဒီလို ပြောစေချင်ရင်ပြောပါတယ်”

“ပြောစေချင်လို့ မဟုတ်ဘူး၊ ဒီဘက်က မိန်းမတာဝန်ဘယ်လောက်ကျေလဲဆိုတာ ပြောပြတာ။ ရှင့်ဘက်ကကျေယာကျ်ားတာဝန်လုံးဝမကျေဘူး။ ပိုက်ဆံရှာပေးရင်ပြီးရောသဘောမထားနဲ့လေ မရဘူး။ ဒီအိမ်ထောင်မှာ ရည်ညွှန်းလည်း ပိုက်ဆံရှာနေတဲ့လူပဲ။ အခုပြောနေတာက မိန်းမပေါ်ညာတာပြီး နည်းနည်းလေး အလိုက်သိဖို့ ပြောတာပါ။ မိန်းမက ဒါလေးလုပ်စေချင်တယ် လာပြောရင် ကျေနပ်လောက်ရုံ နည်းနည်းလေးပဲ လာကူဖို့ပြောတာပါ၊ အကုန်လုံးလည်း မခိုင်းပါဘူး။ အမြဲတမ်းလည်း မခိုင်းပါဘူး”

“ငါ ဒီဟာလေး ထိုင်ကစားတာကို မင်း မရှုဆိတ်ဖြစ်နေလို့ လာလာခိုင်းနေတာ မဟုတ်လား။ ငါ့ဘာသာငါဘောလုံးကစားတာ ဘာအပြစ်ရှိလဲ၊ ငါ လောင်းကစားလုပ်နေတာလည်း မဟုတ်ဘူး”





ဟံသာကလည်း စိတ်ပေါက်ပေါက်နဲ့ ရွဲ့ပြောပစ်လိုက်လေသည်။ သူ့စိတ်ထဲမှာလည်း ရည်ညွှန်းဟာ သိပ်ခြေဇာပေးလွန်းသည်ဟု ထင်မိသည်။ ဒါ ... ဒါ ... ခုချက်ချင်း ထလုပ်ရမယ်။ ဒါ ဒီနေ့ ပြီးကိုပြီးရမယ်။ ဒါ အခုပဲ သွားကိုသွားရမယ်ဆိုတဲ့ စိတ်သဘောကြီး ရှိနေတာ မကောင်းဘူး။ စိတ်မြန်လူမြန်တာဟာ ကောင်းတော့ ကောင်းပါတယ်။ တစ်ခါတလေလည်းအကြောင်းအရာ တစ်ခုကို လျှော့လျှော့ပေါ့ပေါ့လေး စဉ်းစားပေးဖို့ လုံးဝစိတ်မကူးဘူး။

ငါ မလုပ်ပေးချင်တာမှ မဟုတ်တာ။ လုပ်ပေးမှာပဲ။ အကယ်၍ အခု PS2 ကစားပြီးလို့ စိတ်လည်း ကျေနပ်သွားလို့ အိပ်ရာဝင်ခဲ့မယ်ဆိုရင် မဝင်ခင်မှာ ဒီဆေးကြော်စရာ၊ သိမ်းဆည်းစရာတွေကို ဖါ သိမ်းမလို့ပါ။ အများကြီး မသိမ်းချင်ရင်တောင် မနက်ကျ ရည်ညွှန်း ထ,လာခဲ့ရင် သိမ်းရဆည်းရ ဆေးကြောရတစ်ဝက်သက်သာအောင် လုပ်ပေးခဲ့မလို့ပါ။ အဲဒါကို အလိုက်မသိဘဲ ချက်ချင်းကြီး လုပ်ရမလို ခိုင်းနေတော့ စိတ်ပေါက်ပြီးပါးစပ်က မပြောသင့်တာတွေ ပြန်ပြောမိတော့တာပေါ့။ ငါက စကားပြောချိုတဲ့ကောင်လည်း မဟုတ်ဘူးဆိုတာ သူ သိသားနဲ့။ ခက်တယ်။

“ရှင့်ကို ပြောလိုက်ရင် ငါ ဒါလေးကစားတာ ဘာအပြစ်ရှိလဲပဲ ပြန်ပြောတယ်။ အဲဒါ ကစားတယ်ဆိုတာ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



အချိန်ပဲ ကစား ကစား ရတယ်ပြောတာ။ အဲဒါမျိုးက ဘာမှ လုပ်စရာမရှိအောင် အားနေမှ ကစားရတာမျိုးကို ပြောတာ"

"မင်း ပန်းကန်တွေလည်း ငှားသုံးတဲ့ ပန်းကန်မှ မဟုတ်တာ။ မနက်ကျမှ ဆေးရင်ရော မရလို့လား၊ ဘာကြောင့် အရင်လိုရတာလဲ၊ ဘာကြောင့် အလောကြီးနေရတာလဲ၊ မင်း ကြည့်လိုက်ရင် အမြဲပူလောင်နေတာပဲ၊ ဘယ်တော့မှ ခေါင်း အေးအေး စိတ်အေးအေးနဲ့ ဖြေရှင်းမယ်လို့ကို မတွေးဘူး"

"မတွေးဘူး ... မတွေးဘူး ... ဘာဖြစ်လဲ၊ ရည်ညွှန်းတို့က မျိုးနဲ့ရိုးနဲ့ကို သွေးပူတဲ့ အမျိုး၊ ဘာကိုမှ သွေးမအေးနိုင်ဘူး။ သွေးပူတဲ့ လူတွေက ပူစရာရှိပူပြီးရင် စိတ်ထဲမှာ ဘာမှ မကျန်ဘူး ပြီးပြီ။ ရှင်တို့လို သွေးအေးတဲ့ လူတွေမှ တမြုံမြုံနဲ့ ကြောက်ဖို့ကောင်းတာ။ ရည်ညွှန်းတို့ကတော့ ပူစရာရှိ ပူမယ်၊ အော်စရာရှိ အော်မယ်၊ အသံကျယ်စရာရှိ ကျယ်မယ်၊ ရန်ဖြစ်ရာရှိ ဖြစ်မယ်ပဲ၊ ဘယ်တော့မှ မြုံစီမလုပ်ဘူး။ ဘယ်တော့မှ ပျော့ပျော့ ပျော့ပျော့လေးနဲ့ အတွင်းစိတ် ကျိတ်မကောက်နေဘူး၊ ရှင့်အစ်မတွေလို မဟုတ်ဘူး၊ ရှင့်အမျိုးတွေလို မဟုတ်ဘူး"

"ဟာကွာ ... နေရင်းထိုင်ရင်း ဘာကြောင့် ဆွေမျိုးတွေ အစ်မတွေ ပါလာရလဲ"





"ပါမှာပဲ၊ ရှင်က တစ်သက်လုံး အအေးအပျော့တွေ ကြားနေလာပြီးမှ မိန်းမကျတော့ ပူလောင်သလေး ဆူညံသလေးနဲ့"

ဟံသာသည် မဆီမဆိုင်တာတွေပါ ထည့်ပြောပြီး ရန်ပွဲကို မရှည်,ရှည်အောင် ဆွဲနေသော ရည်ညွှန်းကို တော်တော်ကြီး စိတ်ပျက်ကာ PS2 ကစားသော ရီမုဒ်ကို ဝုန်းခနဲ လွှင့်ပစ်လိုက်တော့သည်။ အား ... သွားပါပြီ ရီမုဒ်က နုကနုနဲ့။ ရီမုဒ် ခလုတ်တွေ နှိပ်မရတော့ရင် ဒုက္ခပဲ။ ကစားလို့ မရတော့ဘူး။ ဒေါသနဲ့ ရီမုဒ်ကို လွှင့်ပစ်ပြီးမှ ပြန်နမြောနေမိပြန်သည်။

"မင်းကို ငါ ရှင်းရှင်းပြောမယ်၊ ငါက အမျိုးသိတတ်တဲ့ ကောင်လည်း မဟုတ်ဘူး။ ငါ့အဖေ အမေ အစ်မ အစ်ကိုတွေ မင်း ကြိုက်တာပြောပြော၊ ငါက တနုံ့နုံ့နဲ့ နာနေမဲ့ ကောင်လည်း မဟုတ်ဘူး။ ဒါပေမဲ့ အခုကိစ္စမှာ ဘာမှ မဆိုင်ဘဲ ရှည်ရှည်ဝေးဝေးတွေ ဆွဲထည့်နေလို့ ပြောတာ"

"ဆွဲမထည့်လို့ ရမလား၊ ရှင်ပဲ ရည်ညွှန်းကို သွေးပူသလေး အသံကျယ်သလေးနဲ့ ဝေဖန်တာကိုး။ ရှင် နေဖူးတဲ့လူတွေ ကြားထဲမှာ မကြုံဘူးတာတွေ ကြုံရလို့ ရည်ညွှန်းကို ဝေဖန်တယ်ပဲ ထင်တယ်"

"အေး ... မင်းလည်း မဆိုင်တဲ့သူတွေ ကောက်ထည့်သလို ငါလည်း မဆိုင်တဲ့သူတွေ ကောက်ထည့်ရရင် ပြောလို့ ရန်ဖြစ်လို့ ဆုံးတော့မှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အို ... ရတယ်လေ ပြောလေ၊ ဘယ်သူက မပြောနဲ့တား လို့လဲ၊ ရှင့်ဘာသာ ပါးစပ်ကထုတ်မပြောဘဲ လူကောင်း လုပ်ပြနေလို့လည်း ဘယ်သူကမှ မလေးစားပါဘူး"

"ငါကလည်း ငါ့ကိုယ်ငါ လူကောင်းပါလို့ မကြေညာနေ ဘူး။ မင်း အစ်ကိုသာ သူ့ကိုယ်သူ လူပျိုကြီးပဲ လုပ်နေ သလိုလို ဘာလိုလို ဟန်ဆောင်နေတာ၊ တကယ်ကျ သူ ဘယ်မိန်းမယူချင်မလဲ။ သူက ယောက်ျားပဲ လိုချင်တာကိုး ခြောက်နေတာကိုး"

"ဘာ ... ဘာ ... အစ်ကိုကြီးက ဘယ်မှာခြောက်လို့လဲ၊ ရှင် မဟုတ်တာတွေ မပြောနဲ့"

"အခြောက်ဆိုတိုင်း မိန်းမလိုဝတ် အလှပြင်တဲ့လူမှ အခြောက်ခေါ်တာ မဟုတ်ဘူး။ နိုင်ငံခြားမှာဆို Elton John တို့ Savage Garden အဖွဲ့က Darren Hays တို့ Westlife အဖွဲ့ထဲက ကောင်လေး ဘယ်သူလဲ၊ ငါနာမည် မေ့နေလို့ အေး ... သူရောပဲ။ နောက်ပြီး ဟိုတလောက ကြည့်တဲ့ Brokeback Mountain ကားထဲမှာလည်းကြည့် Heath Ladger နဲ့ Jake Gylienhaal ဆိုလည်း တကယ့် ယောက်ျားရင့်မကြီးတွေ Cowboy တောင် လုပ်တယ်၊ ယောက်ျားလိုပဲ ဝတ်ကြတယ်၊ မိန်းမတွေယူ ကလေးတွေ တောင် ရကြတာပဲ။ ဒါပေမဲ့ အတွင်းစိတ်ထဲမှာ ခြောက်နေ





တော့ ယောက်ျားချင်းကြိုက်ပြီး ပြဿနာတွေ တက်ကြ တယ်လေ။ ငါပြောတာ အပြင်ပန်း ယောက်ျားပုံဖြစ်နေ တိုင်း ယောက်ျားစိတ်မရှိကြဘူး၊ ခြောက်ရင်ခြောက်နေတယ် ပြောတာ"

ရည်ညွှန်းသည် ကိုယ့်အကြီးဆုံး အစ်ကိုကြီး၏ သိပ်မှုမမှန်မှုကို သိတော့ သိပေမဲ့ ခုချိန်မှာ ဟဲသာနဲ့ စကားနိုင် လုနေရလေရာ ဝန်မခံချင်။ ဟိုက ဒီကတွေ ကြားနေရတာတော့ အစ်ကိုကြီးဟာ မိန်းမတွေကို စိတ်မဝင်စားပါ။ ယောက်ျားချင်း ဆိုရင်တော့ အင်မတန် အရေးပေး အရောဝင် ဟိုကအကူအညီ တောင်းရင် အလွယ်တကူပေးနဲ့ လက်လွယ်လှသူဟု ကြားထားပါ သည်။

မိသားစုထဲမှာတော့ ရှက်လို့ ဒီကိစ္စကို ထုတ်မပြော မဆွေးနွေးမိကြပေမဲ့ ငါ့အစ်ကိုကြီးက ဒီလိုကြီးပါလားဟု၍တော့ ညီ,ညီမတွေက ရိပ်မိနေပါသည်။

"ရှင်ရော ဘာထူးလဲ၊ ရှင့်ညီမဟာ ယောက်ျားတစ်ယောက် အတည်တကျ လက်ထပ်ပြီးနေဖို့ စိတ်မကူးဘူး။ တွဲလိုက် တာ တစ်ယောက်ပြီးတစ်ယောက် တစ်ခါမြင် တစ်ယောက် နဲ့။ အံမယ် ... သူ့ကိုယ်သူ ခေတ်ရှေ့ပြေးလှပြီထင်ပြီး ပြောသေးရဲ့၊ ဝင့်ဝါက ရည်းစားပဲ ထားတော့မယ်၊ အမြဲ Single ဘဝနဲ့ပဲ နေမယ်၊ ယောက်ျားတော့ မယူချင်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ဘာညာနဲ့ အဲဒါ ကောင်းတဲ့အကျင့် မဟုတ်ဘူး။ အဲဒါ လူဖြူမတွေအကျင့်၊ အဖြူနိုင်ငံက မိန်းမတွေရဲ့အတုကို ခိုးတာ၊ သူ့ကိုယ်သူ ဟုတ်လှပြီ ထင်နေတယ်၊ ဒါ မြန်မာပြည် ဗုဒ္ဓဘာသာနိုင်ငံ။ အဲဒီလို လုပ်ချင်လို့ ရမလား။ သူများတံတွေးခွက်ထဲ မျောမှာပေါ့၊ ရှင်တို့ သူ့ကို ဘယ်သူမှ ပြောလို့ဆိုလို့ မနိုင်ဘူး မဟုတ်လား"

"မင်းညီမတွေကျတော့ရော ဆယ်ဆလူးစိန်တွေ။ အရွယ်ရောက်တာနဲ့ သူတို့ခေါင်းထဲမှာ မင်္ဂလာအကြီးအကျယ်ဆောင်ပြီး ယောကျ်ားယူဖို့ပဲ တွေးနေတာ။ လင်ကောင်းကောင်းပဲ လိုက်ရှာနေတာလေ။ တစ်နေ့ တစ်နေ့ ကျောင်းသွားစရာ၊ သင်တန်းသွားစရာ မရှိရင် ရှော့ပင်းလုပ်ပြီး ဘယ်သူ့ငွေသားကို လင်ဖမ်းရမလဲဘဲ မျက်စိကစားနေတာ ငါ မသိဘူး မထင်နဲ့"

"အို ... ဘာဖြစ်လဲ၊ သူတို့လုပ်တာ မှန်တယ်၊ ယောကျ်ားတကာနဲ့ လျှောက်တွဲတာ မဟုတ်ဘူး။ ကိုယ့်ကို အတည်တကျ လက်ထပ်ယူပြီး ဘဝလုံခြုံမှု ပေးနိုင်တဲ့ လင်ကောင်းရှာတာ ဘာဖြစ်လဲ။ နန့်နေတာ မဟုတ်ဘူး။ ကိုယ့်ဘဝအတွက် အသင့်တော်ဆုံး တစ်ယောက်ကို အသေအချာရှာပြီး အဲဒီတစ်ယောက်ကိုပဲ ယူမှာ၊ ရှင့်ညီမလို ယောကျ်ားတကာရင်ခွင်ထဲ ဝင်တာမဟုတ်ဘူး"





"တော်စမ်းကွာ၊ တော်စမ်း၊ လင်မယား ရန်ဖြစ်ရတဲ့ဟာ ဘာမဟုတ်တဲ့ ပန်းကန်မဆေးတဲ့ ပြဿနာလေးက စလာပြီး မင်းက တဖြည်းဖြည်းနဲ့ ငယ်ကျိုးငယ်နာတွေပါ ဖော်လာပြီ"

ဟံသာသည် စိတ်တအားရှုပ်လာကာ သူ့လက်ကိုင်အိတ် Wallet ကို ကောက်ကိုင်လိုက်ပါသည်။

"ဩော် ... ဒါက ဘယ်လဲ"

"အိမ်မှာ ဆက်နေရင် နားငြီးတယ်၊ ငါ့လာမမေးနဲ့၊ ငါ သွားချင်ရာ သွားမယ်"

"အောင်မယ် ... ဒီလိုထွက်သွားလို့ ရမလား"

"မင်းပဲ ငါအိမ်မှာ တိတ်တိတ်ဆိတ်ဆိတ် နေတာကို ပြဿနာ လာရှာတာလေ။ မင်းလောက်မိုက်တဲ့မိန်းမ မရှိဘူး။ အိမ်မြဲတဲ့ယောကျ်ားကို အပြင်မထွက် ထွက်အောင် လုပ်တယ်"

ဟံသာသည် အိမ်သော့ကို ကောက်ကိုင်ပြီး အပြင်ကို ထွက်သွားဖို့ ကွင်းထိုးဖိနပ်ကိုသာ ထိုးဝတ်လိုက်သည်။

"ယောကျ်ားတွေဟာ သိပ်အနိုင်ကျင့်တယ်၊ ပြဿနာတစ်ခုခုဖြစ်ရင် သူတို့ရဲ့ ထွက်ပေါက်က အိမ်ကနေ အပြင် ထွက်သွားပြတာပဲ၊ အဲဒါ အနိုင်ကျင့်နည်း တစ်မျိုးပဲ။ မိန်းမတွေကတော့ ညကြီးအချိန်မတော်လည်း အပြင်ထွက်သွားချင်လို့မှ မရတာ။ အိမ်မှာ ကျန်ခဲ့ရတာပဲ"

www.burmeseclassic.com



ရည်ညွန့်း ဘယ်လောက်ပြောနေနေ ဟံသာကတော့ ဂရုမစိုက်ပါပေ။ လှေကားထစ်တွေကို နင်းကာ အောက်ထပ်ဆင်းသွားပါပြီ။ ရည်ညွန့်းတို့က ဒုတိယထပ် အခန်းမို့ သူ ခဏလေးနဲ့ တိုက်အောက်ရောက်သွားပါပြီ။ တိုက်က ညာဘက်ဆို အောက်ဆုံးလှေကားဝကိုတော့ သော့ခတ်သဖြင့် ထိုသော့ကို သူ ဖွင့်နေသံ ကြားရသည်။ သော့ဖွင့်သံ၊ သံပန်းတံခါးဖွင့်သံ၊ ပြန်ပိတ်သံတွေကို နားစွင့်ရင်း ရည်ညွန့်း တစ်ယောက်တည်း အသံတိတ်မျက်ရည်ကျမိတော့သည်။

နောက်ဆုံးတော့ ဘာထူးလဲ။ ငါ ပြောတာ ရန်ဖြစ်တာတွေက အလကားပဲလေ။ သူ ဘာမှလဲ ကူမလုပ်ပေးသွားဘူး။ ငါပဲ လုပ်စရာတွေ တစ်ပုံကြီးနဲ့ ကျန်ခဲ့ရပြီ။ လုပ်ချင်လည်းလုပ် မလုပ်ချင်လည်းလုပ်။ ဒီအိမ်မှာ ငါမှမလုပ်ရင် ဘယ်သူလုပ်မလဲ။ အိမ်ဖော်လည်း မရှိ။ ကူမဲ့လူလည်း မရှိ။ သူကတော့ အပြင်ထွက်သွားလို့ရတယ်။ ဘယ်အချိန်မှာ ပြန်လာမယ်လဲ မသိ။ ပြန်လာခဲ့ရင်လည်း တစ်ယောက်နဲ့ တစ်ယောက် ရန်ငြိုးရန်စတွေရှိထားသလိုနဲ့ သူကလည်း စကားမပြော။ ကိုယ်ကလည်း စကားမပြော။ သုံးလေးရက် တစ်ပတ် ဆယ်ရက် စိတ်အပြန်အလှန် ကောက်ရဦးမယ်။

ဟံသာ့ကို အံ့သြတာက ယောကျ်ားဖြစ်ပြီး သူကပါ ပြန်စိတ်ကောက်ရနဲ့ မခေါ်နိုင် မပြောနိုင် ဖြစ်တတ်တာကိုပင်။





ဘာကြောင့်များ ငါ မှားနေသလား။ ငါ့ဘက်က လွန်သလားဆိုတာ မတွေးကြည့်ပေးကတတ်တာပဲ။ ဘယ်တော့မဆို ငါပဲအမှန်၊ ငါပဲ အနိုင်ရယ်လို့ သူ့ခေါင်းထဲမှာ စွဲမြဲနေတတ်သလဲ။

ပြောရင် ယုံပါ့မလား မသိဘူး။ သူနဲ့ကိုယ်ဟာ တက္ကသိုလ်မှာ သူငယ်ချင်းဖြစ်တာ လေးနှစ်။ ဘွဲ့ရခါနီးမှ ချစ်သူဖြစ်ခဲ့တဲ့ လူတွေ၊ ငါးနှစ်ကျော်လောက် ချစ်သူဘဝနဲ့ နေပြီးမှ၊ တကယ်ချစ်လို့ ယူခဲ့ကြတဲ့ လူနှစ်ယောက်ဟာ အခုတော့ တစ်ယောက်အပေါ် တစ်ယောက်ထားတဲ့ ချစ်ခြင်းမေတ္တာတွေ၊ အကြင်နာတွေ၊ ညှာတာမှုတွေကို ဘယ်နားများ သွားထားမိလိုက်ကြပါသနည်း။

ရည်ညွန့်းသည် မျက်ရည်တွေလည်းကျရင်း ပါးစပ်မှလည်း တစ်ယောက်တည်း ပြောရင်း အိုးတွေ ခွက်တွေ ပန်းကန်တွေကို အသံမြည်အောင် ဆောင့်အောင့်ပစ်ချရင်း တစ်ယောက်တည်း ဆေးကြော၊ သိမ်းဆည်းရှင်းလင်း နေရတော့လေသည်။

ဘယ်သူ့ကိုမှ စောင်းပြီး ဆောင့်အောင့်စရာ မရှိပေမဲ့ စိတ်ထဲမှာ အဲဒီလို ဆောင့်အောင့်ပစ်ရရင်ပဲ နေသာထိုင်သာရှိနေတာမို့ပါ။

❋ ✣ ❋



www.burmeseclassic.com

www.burmeseclassic.com



# ၄

ရည်ညွန်းသည် ဆေးကြောရှင်းလင်း သိမ်းဆည်းပြီးသောအခါ မောမောနှင့် တစ်ချိုးတည်း အိပ်ပျော်သွားခဲ့ပါသည်။ အိမ်တံခါးဖွင့်သံဟု သိထားသော အသံကိုကြားမှ ဖျတ်ခနဲ လန့်နိုးသွားသည်။ ခုတင်ဘေးက စားပွဲတင်နာရီကို လှမ်းကြည့်လိုက်တော့ မနက်သုံးနာရီကို ညွှန်ပြနေသည်။ သုံးနာရီမှ ပြန်ရောက်လာတယ် ဘယ်သွားတာလဲ မသိဘူး။

ရည်ညွန်းသည် အပြင်ကအသံကို နားစွင့်နေမိပါသည်။ သူ အခန်းထဲ ဝင်လာမလား။ ဝင်လာရင်တော့ အိပ်ချင်ယောင် ဆောင်နေမယ်။ မသိချင်ယောင် ဆောင်နေလိုက်မယ်။ သူ လာချော့မလား။ မနေ့ကမှ မင်္ဂလာသက် တစ်နှစ်ပြည့်တဲ့ လင်မယားဟာ အဲဒီနေ့မှာပဲ ရန်ဖြစ်ပြီး တစ်ယောက်တစ်ကွဲစီ ဖြစ်ရတာဟာ သိပ်တော့ နိမိတ်မရှိဘူးပေါ့။





ရည်ညွန်းသည် အခန်းထဲ ဝင်လာသံကို နားစွင့်နေမိပေမဲ့ ဟံသာက ဝင်မလာပါ။ အခန်းဝဆီ တစ်ချက်လျှောက်လာသံ ကြားပြီးမှ ပြန်လှည့်ထွက်သွားသံ ကြားရသည်။ အိမ်ရှေ့ဆိုဖာခုံရှည်သည် မွေးပွသားတွေမို့ နှစ်ယောက်ထိုင်သည့် အိပ်ချင်လျှင် ဖိမ်ကျကျ အိပ်လို့ရသည်။ ခွေခေါက်ပြီး အိပ်ရတာသာ ရှိသည်။ ဒါကြောင့် သူ ဆိုဖာခုံရှည်မှာပဲ အိပ်လိုက်တော့မည်ဟု ဆုံးဖြတ်လိုက်ပုံရသည်။ ထိုခုံဆီ ပြန်သွား လှဲသံ၊ သူ့ Wallet ကို အလှစားပွဲလေးပေါ် ပစ်တင်သံ၊ သော့ပါတစ်ခါတည်းတင်သံ ကြားရပါသည်။

ပြီးတော့ ငါးမိနစ်လောက် အကြာမှာ ဟောက်သံကြားရတော့သည်။ ချက်ချင်းကို အိပ်ပျော်သွားတာ ဖြစ်သည်။ ရည်ညွန်းမှာသာ ရုတ်တရက် ပြန်နိုးလာပြီးနောက် ချက်ချင်းပြန်အိပ်မပျော်၊ မျက်စိကြောင်နေလျက် ရင်ထဲမှာ ဘာကိုနာနေမှန်းမသိ နာကာ ဝမ်းနည်းနေမိသည်။ ဘာကြောင့် သိပ်ဥပေက္ခာပြုတတ်သော ယောကျ်ားမျိုးကို ရထားသနည်းလို့ အခါခါတွေး၍ ဝမ်းနည်းမဆုံးတော့ပြီ။

အကြာကြီး မျက်စိကြောင်နေပြီးမှ ပြန်အိပ်ပျော်သွားရာ ဘယ်အချိန် ပြန်အိပ်ပျော်သွားမှန်းပင် မသိပါ။ မနက်ကျကျင့်သားရနေသော မျက်လုံးတွေက ဖျတ်ခနဲနိုးလျှင် နာရီကြည့်လိုက်တော့ ခြောက်နာရီခွဲ။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတွေမှုံပြီး မျက်စိတွေကတော့ ကျိန်းစပ်နေဆဲ ဖြစ်ပါသည်။

သို့သော် … အိပ်ရာထဲ လှဲ့နေ။ ပြန်ကြိုးစားအိပ်လည်း အလကား ဘာမှမထူးပါ။ ဘယ်တုန်းကမှ အဲဒီလို ပြန်ကြိုးစားအိပ်လည်း မရခဲ့ဘူးပါ။ ခေါင်းတွေပိုမှုံ မျက်ရည်တွေ အလိုလိုထွက်၊ တသမ်းသမ်း တဝေဝေနဲ့သာ ဖြစ်ရတာ အဖတ်တင်သဖြင့် ရည်ညွှန်းသည် ခဏလောက်သာ လှဲနေပြီး ဆယ်မိနစ်လောက်ကြာတော့ အိပ်ရာထလိုက်ပါသည်။

သွားတိုက် မျက်နှာသစ် မလုပ်သေးဘဲ အခန်းတံခါးကို အသာ ဘုလှည့်ဖွင့်ကာ ဧည့်ခန်းကို သွားချောင်းကြည့်မိပါသည်။ ခြေဖျားထောက်စရာလည်း မလိုပါ။ ဟဲ့သာဟာ ဘယ်တော့မှ ဒီလိုအချိန် မနိုးတတ်၍ပင်။ ပြီးတော့ ညကသုံးနာရီမှ အိပ်သဖြင့် ဒီအချိန်ဟာ သူ့ရဲ့ တကယ့်အိပ်မောကျချိန်။

ရည်ညွှန်းသည် စိတ်ပေါက်ပေါက်ဖြင့် ဒီနေ့ သူနဲ့လည်း မျက်နှာချင်း မဆိုင်ချင်၊ စကားလည်း မပြောချင်လေရာ အခုတည်းက အပြင်ထွက်မည်ဟု စိတ်ကူးလေသည်။ ယောကျ်ားတွေက ညဘက်ဆို အခွင့်ကောင်းယူပြီး ထွက်သွားပြရဲတယ်။ ကောင်းပြီ … ငါကလည်း မိန်းမပီပီ မနက်မှာ အပြင်ထွက်မယ်။ တစ်နေကုန်ကို ထွက်မယ်။ သူငယ်ချင်းတွေအိမ်လည် အတင်းပြောမယ်၊ ဒါပဲပေါ့။ ဟင်း ဟင်း။





ရေမိုးပါ တစ်ခါတည်းချိုး၊ တစ်ကိုယ်လုံး လှပမွှေးကြိုင်နေအောင် ဝတ်စားပြင်ဆင်။ ထို့နောက် အိမ်တံခါးဖွင့် ပြန်သော့ပိတ်ပြီး ထွက်လာခဲ့သောအခါ မနက်ခုနစ်နာရီခွဲနေပါပြီ။

ဘယ်သွားရ ကောင်းမလဲ မသိပေမဲ့ မနက်စာမုန့်တော့ စားချင်သဖြင့် လူစည်ကားနေပြီး မုန့်မျိုးစုံလည်း ရသည်ဟု ကြေညာထားသော လက်ဖက်ရည်ဆိုင်ထဲ ဝင်ကာ အီကြာကွေးနဲ့ လက်ဖက်ရည် ဝင်စားလိုက်ပါသည်။ ဗိုက်ပြည့်သောအခါ အရင်ဆုံး အဖေ အမေတို့ဆီ သွားမည်ဟု ဆုံးဖြတ်ပြီး ကားငှားစီးကာ မိဘအိမ်ကို ထွက်လာခဲ့သည်။ ဒါပေမဲ့ ညကပြဿနာဖြစ်ရန်ဖြစ်ကြတဲ့ အကြောင်းတော့ ပြောမည်မဟုတ်ပါ။ ရည်ညွှန်းစိတ်သဘောကတစ်မျိုး။ ကိုယ်ဖြစ် ကိုယ်ခံဟု စိတ်ထဲ ထားတတ်ပါသည်။

ပြီးတော့ အဖေအမေတို့ ဆိုတာလည်း ကိုယ့်ကို ဒီလူနဲ့ပဲ ယူရမယ်လို့ ရိုက်ပေးစားခဲ့တာလည်း မဟုတ်တာမို့ ကိုယ့်ပြဿနာကို သွားမပြောချင်ပါ။ မိဘတွေ အလကား စိတ်ညစ်ရမှာပဲ ရှိသည်။

ရည်ညွှန်းတို့က မောင်နှမ လေးယောက်မို့ အဖေအမေတို့လည်း မောင်နှမလေးယောက်စာ ပြဿနာကို ကြားရမှာ သနားမိသည်။ ရည်ညွှန်းတစ်ယောက်ပဲ အိမ်ထောင်ကျပြီးတာသာ



www.burmeseclassic.com

www.burmeseclassic.com



အခြောက်ဟု စွပ်စွဲသော အစ်ကိုကြီး ဧယျာနဲ့ ညီမနှစ်ယောက်ဖြစ်သော သီဂီနဲ့ ရွှေလွှာတို့လည်း ငယ်လည်း ငယ်သေးတာမို့ အိမ်ထောင်မကျကြသေးပါ။ အိမ်ထောင် မကျကြသေးပေမဲ့ အဖေနဲ့အမေဟာ သူတို့တွေရဲ့ ပြဿနာကိုတော့ နေ့စဉ်မဟုတ်တောင် ကြားတော့ ကြားနေရမှာပဲ။

ရည်ညွန့် ထွက်သွားချိန်တွင် ဟံသာသည် ဆိုဖာခုံရှည်ပေါ် အိပ်နေရင်း ယောင်၍လှိမ့်လိုက်ရာ ဆိုဖာပေါ်မှ ကြမ်းပြင်ပေါ် ဝုန်းဆိုပြုတ်ကျပြီး လန့်နိုးသွားတော့သည်။

"အား ... သေပါပြီ"

ခြေထောက်က ဆိုဖာနားရှိ ကော်ဖီတေဘယ်လ်လေးကို သွားရိုက်မိသဖြင့် ခြေဖျား ခြေချောင်းလေးတွေ နာကျင်သွားပါသည်။

"ခုမှ ရှစ်နာရီပဲ ရှိသေးတယ်"

တိုင်ကပ်နာရီအဝိုင်းကို မော့ကြည့်ရင်း ရေရွတ်ကာ ပြန်လှဲအိပ်ပစ်ပေမဲ့ အိပ်လို့မရတော့။ ခေါင်းကမူးပြီး အိပ်ရေးမဝသေးပေမဲ့ ပြန်နိုးပြီးရင် အိပ်မပျော်တတ်သဖြင့် ပြန်အိပ်မပျော်တော့ပါ။

မိန်းမ ဘာလုပ်နေလဲ။ အသံတိတ်လို့ ဆိတ်လို့ပါလား။ နောက်ဖေးမှာ ဘာသံမှလဲ မကြားဘူး။ မနိုးသေးတာတော့ မဖြစ်နိုင်ပါဘူး။ အပြင်ထွက်ပြီး ဈေးဝယ်သလားပဲ။ အိမ်မှာ





ဟင်းတွေကျန်နေသေးတာ ဘာဝယ်ချက်ဦးမလို့လဲ မသိဘူး။ ပြီးကျ သူ့ဘာသာလျှောက်ချက်ပြီး ပင်ပန်းတယ် မောတယ် ငါက ဝင်မကူဘူး ပြောဦးမယ်။

ဟံသာသည် ရည်ညွန့် အကြောင်းတွေးပြီး အိပ်ရာမှ ထ,လိုက်တော့သည်။ အိမ်နောက်ဖေး မီးဖိုချောင်မှ ဖြတ်သွားရသော ရေချိုးခန်းဆီ သွားတိုက် မျက်နှာသစ်ဖို့ ဝင်လိုက်ပါသည်။ အိမ်မှာ ရည်ညွန့်မရှိတာတော့ သေချာလေသည်။ ဈေးထွက်သွားတာပဲ ထင်သည်။

နောက်ဖေးမီးဖိုချောင်ကတော့ ရှင်းလင်းပြောင်လက်နေပြီ။ ညက စားကြ သောက်ကြတဲ့ ပန်းကန်တွေလည်း တစ်ချပ်မှမရှိတော့၊ ရည်ညွန့် ဆေးကြောသိမ်းဆည်းပြီးနေပြီ။ ဟံသာတို့ ယောက်ျားအုပ်စု သောက်ထားတဲ့ ဘီယာဘူးခွံတွေလည်း အမှိုက်ပုံးတွေမှာ မဟုတ်ဘဲ ကြွပ်ကြွပ်အိတ် သီးသန့်တစ်လုံးနဲ့ ထည့်ကာ ရှင်းပြီးနေပြီ။

အင်း ... ရည်ညွန့်ဟာ သိပ်စိတ်မြန်လက်မြန်ရှိတာပဲ။ တကယ်ဆို ငါက မလုပ်ပေးမှာမှ မဟုတ်တာ။ လုပ်ပေးမလို့ပါ။ အခုလည်း မနက်ကျမှ လုပ်မလို့ပါ။ သူက ညအာက်ကြီး အခုဆို အခုလုပ်ရမယ် ပြောလာတော့ ငါကလည်း အစွဲ့တိုက်မိတာပေါ့။ တကယ်ဆို ငါ သူ့ကို ဘယ်နှခါများ ကူမလုပ်ဘဲနေလို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာသစ် သွားတိုက်ပြီးနောက် မနက်စာစားဖို့ စဉ်းစားမိပါသည်။ ရည်ညွန့်း ဈေးကပြန်လာရင် ငါ့အတွက် ဝယ်လာချင်မှ ဝယ်လာမှာ။ သူက စိတ်ကောက်ရင် အဲဒီလိုပဲ တမင်မဝယ်လာဘဲ နေတတ်တယ်၊ ဒီတော့ မျှော်မနေနဲ့။ ကိုယ့်ဘာသာ လမ်းထိပ်ထွက် ဝယ်စားလိုက်။

Wallet ကောက်ကိုင် အိမ်သော့ယူပြီး အောက်ဆင်းလာပါသည်။ လမ်းထိပ်မှာတော့ မုန့်ဆိုင်တွေနဲ့ စည်ကားနေတတ်သောကြောင့် လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာပင် ဝင်ထိုင်လိုက်သည်။

"အစ်ကို တစ်ယောက်တည်းလား၊ အစ်မ မပါဘူးနော်"

လမ်းထိပ်ကဆိုင်ကို သူနဲ့ ရည်ညွန့်း မကြာခဏ ထိုင်တတ်သဖြင့် (သူတို့နှစ်ယောက်စလုံး လက်ဖက်ရည်ဆိုင် ထိုင်တတ်သဖြင့်) စားပွဲထိုး ကောင်လေးက သိကျွမ်းနေပြီး မေးပါသည်။

"အေး ... မပါဘူးကွ၊ သူ အစောကြီးနိုးပြီး ဈေးထွက်သွားတယ်ထင်လို့ သူ့ ဈေးအပြန်ကို လမ်းထိပ်မှာ လာထိုင်စောင့်တာ"

ထိုအခါ နားစွန်နားဖျားကြားသော နောက်ထပ် စားပွဲထိုးကောင်လေးက ...





"အစ်မ ဈေးထဲ ဝင်မသွားပါဘူး၊ ဈေးခြင်းလည်း မပါဘူး အစ်ကိုရ။ မင်းသမီးလိုပဲ လှအောင်ပြင်ပြီး ထွက်သွားတာ တွေ့လိုက်တယ်"

ဟူ၍ ဝင်ပြောပြပါသည်။

"ဟုတ်လား။ ဘယ်ဘက်ထွက်သွားတာလဲ"

"လမ်းမကြီးဘက်ကို အစ်ကို"

ဒီလမ်းကတော့ လမ်းသွယ် လမ်းချိုးတစ်ခုမို့ ကောင်လေးတွေပြောသော လမ်းမကြီးကတော့ မနီးမဝေးမှာ ရှိပါသည်။ ဟံသာပင် စဉ်းစားသွားသည်။ ဒီနေ့ ဘယ်ပွဲ သွားစရာရှိလဲ။ ဘယ်သူ့ အလှူဖိတ်ထားလို့လဲ။ ကောင်လေးတွေပြောတော့ မင်းသမီးလိုလည်း ဝတ်စားပြင်ဆင်ပြီး ထွက်သွားတာတဲ့၊ ဒါဆို အလှူသွားတာပဲလား။ ရိုးရိုးသာမန်ပုံ ဆိုရင်တော့ ဘယ်သူက မင်းသမီးလို ဝတ်စားသွားပါတယ် ပြောပါ့မလဲ။ သူ ပြင်ဆင်သွားလို့ပြောတာ။

"ဩော် ... အေး ... သူ အလှူတွေ ဘာတွေ သွားတာ ထင်တယ်၊ တစ်ခါတလေကျ ငါကလည်း မေ့ပြီး အိပ်နေရင် သူက မနှိုးတော့ဘူး။ သူ့ဘာသာ သွားတယ်"

ဟံသာသည် အဆင်ပြေအောင် ကြည့်ပြောလိုက်ရပါသည်။ နောက်မို့ ကိုယ့်မိန်းမ ဘယ်သွားလို့ သွားမှန်းတောင်



www.burmeseclassic.com

www.burmeseclassic.com



မသိဘူးဆိုလျှင် ရှက်စရာ ကောင်းနေတော့မည်။ မုန့်စား၊ လက်ဖက်ရည်သောက်၊ သီချင်းခဏထိုင်နားထောင်ပြီး အိမ်ပြန်လာခဲ့ပါသည်။

အိမ်မှာ တစ်ယောက်တည်း ငေါင်တောင်တောင်ဖြင့် အိမ်ရှေ့ဝရန်တာ ထွက်ကြည့်လိုက် နောက်ဖေးဝင်လိုက်လုပ်ရင်း ရည်ညွှန်း ပြန်အလာကို စောင့်နေမိသည်။ ရန်ဖြစ်ထား၍ စိတ်ကောက် စကားမပြောပေမဲ့ ဒီနေ့ တနင်္ဂနွေလို ပိတ်ရက်မျိုးမှာ ဘယ်မှလဲ သွားစရာမရှိ၍ ပျင်းပြီး မျှော်မိတာ ဖြစ်သည်။

နှစ်ယောက်စလုံးဟာ ဝင်ငွေမက်ပြီး အလုပ်ကို အားကြိုးမာန်တက်လည်း လုပ်လေရာ တစ်ပတ်မှာ ခြောက်ရက် အလုပ်လုပ်ဖြစ်နေသည်။ မနက်ဆို ရှစ်နာရီခွဲပြီ ဆိုတာနဲ့ ရည်ညွှန်းက သွားရပြီ။ ရည်ညွှန်းကတော့ နိုင်ငံခြားဖြစ် အလှကုန်ကုမ္ပဏီကြီးမှာ အုပ်ချုပ်မှု မန်နေဂျာရာထူးပင် ရထားသဖြင့် ပိုအလုပ်များသည်။ အိမ်က ရှစ်နာရီခွဲထွက် ကိုးနာရီ အလုပ်ရောက်တာနဲ့ သူ့မှာ လုပ်စရာတွေက တန်းစီနေသည်။ ထိုင်ပင် မထိုင်ရဟု ညည်းညူဖူးပါသည်။ ညနေလည်း သူများငါးနာရီ ပြန်ပေမဲ့ ရည်ညွှန်းမှာ မပြန်အား။ ကွန်ပျူတာရှေ့ထိုင်ပြီး ဆက်လုပ်ရသေးသည်မို့ ခြောက်နာရီလောက်မှ ရုံးကထွက်လာဖြစ်ကြောင်းလည်း ဟံသာ သိထားသည်။





"အလုပ်မှာက ရည်ညွှန်း ငယ်ငယ်လေးနဲ့ ရာထူးကြီးကြီး ရထားလို့ မနာလိုတဲ့လူကလည်း ရှိတယ်။ ဒီနေရာကို ဘယ်အချိန် ဝင်ရမလဲလို့ စောင့်နေတဲ့ လူကလည်းရှိတယ် မောင်ရဲ့။ ရည်ညွှန်းက ဘာသာစကားကျွ သုံးမျိုးတတ်တာရယ်၊ ကွန်ပျူတာင်းမှာ ဒီပလိုမာ ထပ်ယူထားနိုင်တာရယ်၊ ခွင့်လည်း တစ်ခါမှ မယူဖူးတာရယ်ကြောင့် သူတို့ ဘယ်လိုမှ ယှဉ်မရဘူး ဖြစ်နေတယ်"

ဆိုလား ပြောပြပါသေးသည်။

"ဘာလို့ အဲဒီနေရာ လိုချင်လဲကွာ၊ မင်းပြောတော့ မင်းထက် သုံးဆင့်လောက်နိမ့်တဲ့လူရဲ့ လစာဟာ မင်းနဲ့နှစ်သောင်းလောက်ပဲ ကွာတာဆို၊ မောင်သာဆို ခေါင်းစားတာ နည်းတဲ့နေရာမျိုးမှာပဲ တွယ်ကပ်နေမယ်"

"ရည်ညွှန်းနေရာက လူရှေ့ကို ကြော့ကြော့လေး ထွက်ရတယ်၊ ကုမ္ပဏီပွဲ တစ်ခုခုလုပ်ရင် စင်မြင့်ပေါ် တက်ပြောရတယ်၊ မော်ဒယ်လ်တွေ သရုပ်ဆောင်တွေနဲ့ သိကျွမ်းစကား ပြောရတယ်၊ ကုမ္ပဏီပွဲတွေကို ဂျာနယ်တွေကိုဖိတ်ရင် ဓာတ်ပုံတွေ ဂျာနယ်ထဲမှာ ပါရတယ် ဆိုတာကို မက်မောကြတာလေ၊ သူတို့က မက်မှာပေါ့။ အပျိုတွေကိုး ကိုယ့်ပုံကိုယ် ဂျာနယ်ထဲ ပါချင်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရည်ညွန်းကရော ဂျာနယ်ထဲ ပါချင်လို့ ဒီရာထူးကို မက်တာလား"

"ခြော် ... ကြံကြံဖန်ဖန် ကိုယ့်ပုံပါလည်း ဘာထူးလို့လဲ၊ အပျိုမှ မဟုတ်တာ၊ ဘယ်လိုမှ ပေါ်ပြူလာ မဖြစ်နိုင်ပါဘူး။ ရည်ညွန်းက အလုပ်ကို မက်ကိုမက်တာ လုပ်ချင်နေတာဝါသနာပါတာလေ Workaholic ဖြစ်နေတာ။ အလုပ်စွဲနေတာမျိုးပေါ့။ မလုပ်ရ မနေနိုင် ဖြစ်နေတာ"

ထိုသို့ ကြေညာထားသော ရည်ညွန်းသည် စနေနေ့တွေမှာ သူမလို ရာထူးမျိုးနဲ့လူဟာ နေ့တစ်ဝက်သာ လုပ်ရပေမဲ့ အိမ်ပြန်ခွင့် ရှိပေမဲ့ မပြန်ဘဲ အလုပ်ကို စွဲလမ်းစွာ လုပ်နေစမြဲ။

ဟံသာ့ အလုပ်ကျတော့လည်း ကိုယ့်ဖခင်ပိုင်သော Tour ကုမ္ပဏီပေမဲ့ စနေနေ့လည်း အချောင်ခိုလို့မရ။ ရုံးတက်ရသည်။ အလုပ်လုပ်ရသည်။

"ငါ့တုန်းက 7 days a week အလုပ် လုပ်ခဲ့တာလေကွာ၊ ဒါကြောင့် မင်းတို့အလှည့်ကျတော့ အလုပ်ကို ပင်ပင်ပန်းပန်း မလုပ်ရဘဲနဲ့ နေနိုင်ခဲ့တာပေါ့။ မင်းတို့ ခြောက်ရက် အလုပ်လုပ်ရတယ်ဆိုတာ သိပ်မပင်ပန်းပါဘူးကွာ။ ရုံးတက်ရုံးဆင်း အချိန်လေးပဲ လုပ်ရတာပါ၊ ငါ့တုန်းက ဝပ်ရှော့မှာ ဆရာနဲ့ ကပ်နေရတော့ ညဘက်ကြီးလည်း မီးတွေထွန်းပြီး ကားဝင်နိုက်နေခဲ့ရတာ"





အဖေကတော့ သူတို့ညီအစ်ကို မောင်နှမတွေကို သူ့ဘဝအကြောင်း ပြောပြရင်း ဆုံးမတတ်သည်။ ဒီလောက် အလုပ်လုပ်ရတာကို မညည်းညူဖို့ ပြောတတ်သည်။

ဟံသာတို့က အခုချိန်မှသာ ကုမ္ပဏီပိုင် ဘာပိုင်နဲ့ အဆင့်အတန်းရှိရှိ ဘဝကို နေခဲ့ရတဲ့ မိသားစုပါ။ ဟံသာတို့ ငယ်ငယ်ကထိ အဖေဟာ တော်တော်ကြီး ရုန်းကန်နေခဲ့ရကြောင်း မှတ်မိပါသည်။ ဟံသာ ရှစ်တန်းလောက်ရောက်မှ စီးပွားရေး တော်တော် အဆင်ပြေလာရာမှ အဖေ ဘာတွေဘယ်လိုလုပ်ပြီး ကြီးပွားလာမှန်းပင် ရေရေရာရာ မသိရဘဲ သူတို့တစ်တွေ အိမ်တွေ ကားတွေ ပိုင်ဆိုင်လာခဲ့နိုင်တာ ဖြစ်သည်။ ဟံသာ့အဖေက သားသမီးလည်း အများကြီး မွေးတာ ကြိုက်သဖြင့် ဟံသာတို့မှာ မောင်နှမခြောက်ယောက် ရှိခဲ့သည်။

"သားသမီးခြောက်ယောက်ကိုတော့ အိမ်ကြီးကြီး ဆောက်ပြီး ထားနိုင်ရမယ်၊ အိမ်စီးဖို့ ကားတစ်စီး နှစ်စီး အနည်းဆုံးတော့ ရှိရမယ်"

လို့ အဖေ ကြိမ်းဝါးပြီး နှစ်ထပ်တိုက် အိပ်ခန်းရှစ်ခန်းပါ လုံးချင်းကြီးကို ရအောင်ဆောက်ယူသည်။ ပြီးတော့ ကားဝယ်သည်။ ပြီးတော့ Tours ကုမ္ပဏီ ထူထောင်သည်။ လေယာဉ်လက်မှတ်ရောင်းသော ရုံးခွဲပါ တွဲဖွင့်လိုက်သေးသည်။ နိုင်ငံခြားသားရော မြန်မာနိုင်ငံသားရော ခရီးသွားချင်ရင် ကားနဲ့သွားမ



www.burmeseclassic.com

www.burmeseclassic.com



သား၊ ရထားနဲ့သွားမလား၊ လေယာဉ်နဲ့ သွားမလား၊ ရေကြောင်းနဲ့ သွားမလား ကြိုက်သလို သွားနိုင်အောင် စီစဉ်ဆောင်ရွက်ပေးနိုင်သော ကုမ္ပဏီကြီး ဖြစ်လာခဲ့သည်။

ဟံသာက မောင်နှမတွေထဲမှာ နံပါတ်ငါး။ ဟံသာ့အထက်မှာ အစ်ကိုနှစ်ယောက် အစ်မနှစ်ယောက်၊ ဟံသာ့အောက်မှာကတော့ ရည်ညွန်းနဲ့ မတည့်သည့် ဝင့်ဝါ ဆိုသော ညီမတစ်ယောက်သာ ရှိပါသည်။ မောင်နှမတွေ အားလုံးကတော့ အဖေ့ကို ဝိုင်းကူ ဘဲ့ အနေနဲ့ ကုမ္ပဏီထဲ အားလုံး အလုပ်ဝင်ပါသည်။ လိုအပ်မည်ထင်သော ဘာသာစကားတွေလည်း အသီးသီးသင်ထားပြီး တိုးရစ်(စ)တွေကို လိုအပ်ရင် guide ပါ လုပ်ပေးနိုင်ဖို့ အဆင်သင့်ပင်။

ဒါကြောင့် ဟံသာကလည်း အမြဲတမ်း မအားမလပ်ဖြစ်လျက် တနင်္ဂနွေနေ့ကိုတောင် အဖေ့ကို မနည်းပြောပြီး အားလပ်ရက် တောင်းယူထားရတာ ဖြစ်သည်။ အိမ်ထောင်မကျခင်ကဆို တနင်္ဂနွေနေ့မှာ ရုံးမဖွင့်ပေမဲ့လည်း အဖေ ခိုင်းထားတာတွေတော့ သွားသွားလုပ်နေရဖူးသည်။

ဟံသာသည် ဟိုတွေး ဒီတွေး လုပ်လိုက်၊ CD စက်ဖွင့် သီချင်းနားထောင်သလို လုပ်လိုက်ဖြင့် ရည်ညွန်းကို စောင့်ပေမဲ့ မနက်ဆယ့်နှစ်နာရီ ကျော်တဲ့အထိ ရည်ညွန်း ပေါ်မလာသောအခါ ဘယ်သွားမှန်း စဉ်းစားမရ ဖြစ်သွားသည်။





ထမင်းတွေ ဟင်းတွေလည်း ညကချက်ထားတဲ့ အကျန်တွေ ရှိသဖြင့် နွေးပြီးစားရင် ရပေမဲ့ စားလည်းမစားချင်သေး။ အပြင်ထွက်ရင် ကောင်းမလား စဉ်းစားပေမဲ့ ရည်ညွန်းပြန်ရောက်လာလို့ သူ့မရှိနေရင် ပိုပြီးတော့များ စိတ်ကောက်မလားတွေးပြီး သွားဖို့ ချီတုံချတုံ ဖြစ်နေပြန်သည်။

ထိုအချိန်မှာပင် ဖုန်းအိမ်က ခေါင်းလောင်းလာဆွဲပြီး (အိမ်မှာ ဖုန်းမရှိသေးသဖြင့် စတိုးဆိုင်ဖွင့်ထားသောအိမ်မှ တစ်ဆင့်ခေါ်ဖုန်းကို သုံးရသည်။)

"ကိုဟံသာ ... ကိုဟံသာ ဖုန်း"

ဟု အော်ခေါ်သံ ကြားရသဖြင့် ဝရန်တာထွက်လိုက်ပါသည်။ ဘယ်သူများလဲ။ ရည်ညွန်းလား။

"ကိုဟံသာ့အမေတဲ့"

"ဪ ... အေး ... ညီလေး၊ လာပြီ ... လာပြီ"

အမေ ဘာပြောစရာ ရှိလို့လဲ။ ဖုန်းဆက်တယ်။ ရည်ညွန်းကို မေးရင်တော့ ကြည့်ကျက်ညာမှပါ။ မိဘတွေကို ကိုယ့်အိမ်ထောင်ရေး ပြဿနာတော့ ပေးမသိစေချင်ပါဘူး။

"အမေလား၊ သား ဖုန်းကိုင်ပြီ အမေ"

တစ်ဖက်မှ ဟံသာ့အသံကြားမှ အမေစ၍ ပြောပါသည်။

"အေး ... သားရေ၊ ဘာမှမဲဟုတ်ပါဘူး၊ မနက်ကမှ သားအမေနဲ့ စကားပြောကြရင်း သားတို့တောင် မင်္ဂလာဆောင်



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်ပြည့်ပြီ၊ မနေ့ကတင် ပြည့်တာဆိုပြီး သတိရပြီး ပြောမိကြတော့ သားတို့ကို အိမ်မှာ ဒီနေ့ည ထမင်းခေါ် ကျွေးမယ်လို့ တိုင်ပင်ကြတယ်လေ၊ အဲဒါကြောင့်ပါ”

“ဟာ ... နေပါစေ အမေရယ်၊ အမေလည်း သိပ်နေကောင်းတာမှ မဟုတ်တာ၊ ချက်ရပြုတ်ရနဲ့ ပင်ပန်းပါတယ်”

ဟံသာ့အမေမှာ အသက်ကြီးသော၊ သွေးဆုံးပြီးသော အမျိုးသမီးတွေ ဖြစ်နေကျအတိုင်း ဒူးနာရောဂါအပြင် ဟိုတလောကလည်း သားအိမ်ကျသည် ဆိုသဖြင့် ဆေးရုံတက်လိုက်ရသေးလေသည်။

“ချက်ပြုတ်ရတာတော့ နေ့တိုင်း အမေဝင်ပါနေရတာပါပဲ သားရယ်။ ကလေးမတွေက လူကြီးမပါရင် မပါတဲ့အတိုင်း လုပ်တတ်ကြလို့ အမေ ဝင်ပါနေရတာပါပဲ။ ပြီး တစ်ခါ တလေကျ မင်းအဖေက မိန်းမချက်တဲ့ ကြက်သားဟင်းလေး စားချင်တယ်၊ ချဉ်ရည်ဟင်းလေး စားချင်တယ်ဆိုလည်း အမေ ထချက်ရတာပါပဲ။ မပင်ပန်းပါဘူး။ အိမ်မှာ ချက်နေကျ အတိုင်းပဲ ချက်မှာပါ၊ သားနဲ့ ရည်ညွန်း လာစားကြနော်”

ရည်ညွန်း ဘယ်ထွက်သွားမှန်းလဲ မသိ။ ဘယ်အချိန် ပြန်ရောက်လာမယ်မှန်းလဲ မသိရာ ဟံသာသည် အမေ့ကို ဘယ်လိုပြောရမှန်းမသိ ဖြစ်သွားသည်။

“ဟို ... အမေ၊ ဟိုဟာလေ”





“ဘာလဲ ... ဘယ်အချိန်မှ လာချင်လို့လဲ”

“လာတော့ လာမှာပါ၊ ဒါပေမဲ့ အဖေနဲ့အမေ ဆာရင်တော့ စောင့်မနေနဲ့လို့ ပြောမလို့ပါ။ သားတို့က နောက်ကျတတ်တယ်”

“ခုနစ်နာရီတော့ ရောက်မှာပါ၊ ဟုတ်တယ် မဟုတ်လား”

“ဟုတ်ကဲ့ အမေ”

“မင်းအဖေက တစ်နှစ်ပြည့်မို့ လက်ဆောင်ပေးမယ် ပြောနေတယ်၊ သူ ဘာပေးမလဲတော့ မသိဘူး သားရေ”

အဖေ လခတိုးပေးမှာလား။ ရာထူးတိုးပေးမှာလား ဒါပဲ ရှိတာပေါ့။ ခက်တာက ရည်ညွန်းက မပြောမဆို ဘယ်ထွက်သွားမှန်း မသိတာပဲ။ သူ့အဖေအမေအိမ် ဖုန်းဆက်မေးကြည့်မှ ထင်တယ်။ မတတ်နိုင်ဘူး။ ရန်ဖြစ်ထားတာ ဖြစ်ထားတာပဲလေ။ မိန်းမ ဘယ်ရောက်နေလဲ ဆိုတာလေးတောင် မေးဖော်မရရင် တစ်ပြစ် ဖြစ်ဦးမယ်။

ဒါနဲ့ပဲ အမေနဲ့ ဖုန်းပြောခြင်းကို ရပ်လိုက်ပါသည်။ ပြီးနောက်မှ ရည်ညွန်း မိဘအိမ် ဖုန်းကိုခေါ်လိုက်ပါသည်။

“ဟဲလို”

လာထူးသူမှာ ရည်ညွန်း အစ်ကိုကြီး ကိုဖေယျ ဖြစ်နေ၍ ဟံသာ နည်းနည်းလန့်သွားသည်။ ညက ဘီယာလည်း နည်းနည်းမူး၊ တစ်ယောက်နဲ့ တစ်ယောက် စကားနိုင်လုမိ



www.burmeseclassic.com

www.burmeseclassic.com



ကြဲလေရာ အစ်ကိုကြီးကို ခြောက်နေပါသည်ဟု စွပ်စွဲမိသဖြင့် လန့်နေသည်။ ကိုဇေယျာက တခြားသူတွေလို ပေါ်ပေါ်တင်တင် ကြေညာပြီး Gay Man ကြီး ဖြစ်နေတာ မဟုတ်သဖြင့် တိုက်ရိုက်စွပ်စွဲမိလျှင် ဒေါသဖြစ်ချင် ဖြစ်မလားတော့ မသိ။

"အစ်ကိုကြီးလား ... ကျွန်တော် ဟံသာပါ"

"အေး ... ဘာကိစ္စလဲ"

"ရည်ညွန်း အဲဒီ လာသလားလို့ပါ"

"ပြန်သွားပြီ"

"ဟုတ်လား"

"အိမ်ကို ကိုးနာရီ ရောက်လာတယ်၊ အမေ့အတွက် ဘုရားပန်းတွေရော၊ အဖေကြိုက်တဲ့ fruit cake တစ်ဘူးနဲ့ရော ရောက်လာပြီး စကားပြောတယ်၊ ဆယ့်တစ်နာရီထိုးခါနီးမှ ပြန်တယ်၊ ဘာဖြစ်လို့လဲ၊ သူ ဒီလာတာ မင်း မသိဘူးလား။ မင်းတို့ ရန်ဖြစ်ထားကြလို့လား"

"ညက သူငယ်ချင်းတွေ ဖိတ်ကျွေးရင်း ပွဲပြီးတော့ ဒီလိုပါပဲ အစ်ကိုကြီးသိမှာ သိတယ် မဟုတ်လား၊ ဂျိုက်ကျောင်ကျတာနဲ့ စကားများတာပါ။ ကျွန်တော် မနက်နိုးလာတော့ သူ မရှိတော့ ဘယ်သွားမှန်း မသိတာနဲ့ စိတ်ပူပြီး မေးတာပါ"

နောက်ဆုံးတော့ ဟံသာ မပြောချင်ဘဲ အနည်းငယ် ပြောလိုက်ရပါသည်။





"ဆယ့်တစ်နာရီလောက်က ပြန်သွားတယ်လေ၊ မင်းဆီ ပြန်မရောက်သေးရင် သူ ဘယ်သွားမလဲ ငါမသိဘူး။ သူလည်း ကလေးမှ မဟုတ်တာ၊ အသက်တောင် နှစ်ဆယ့်ရှစ် ရှိနေပြီ။ ဘယ်သွားမလဲ ဘာလုပ်မလဲ လိုက်မေးမကြည့်မိဘူး"

"ရှော့ပင်း ဝင်နေတာ ထင်တယ်၊ သူက ကျွန်တော့်ကို စိတ်ကောက်ရင် လျှောက်ပြီး ဈေးဝယ်ပိုက်ဆံဖြုန်းပစ်တတ်တယ်"

"ဒါဖြင့်လည်း ရှော့ပင်းမောလ်မှာ သွားရှာကွာ၊ ကဲ ... ဒါပဲလားဟေ့"

"ဟုတ်ကဲ့ ... ဒါပါပဲ ခင်ဗျာ"

ကိုဇေယျာသည် အရင်တည်းက ဟံသာ့ကို သိပ်မျက်နှာကြောမတည့်သူ ဖြစ်လေရာ ဖုန်းကို ခွပ်ခနဲ ချသွားတော့သည်။ ဟံသာသည် ဖုန်းအိမ်က ကောင်လေးကို ကျသင့်ငွေရှင်းရင်း ရည်ညွန်း အကြောင်း တွေးနေမိတော့သည်။

❀ ✢ ❀



www.burmeseclassic.com

www.burmeseclassic.com



## ၅

ခုနစ်နာရီထိုးလည်း ပြန်ရောက်မလာ။ ရှစ်နာရီထိုးတာတောင် အရိပ်အယောင် မတွေ့ရသောအခါ ဟံသာ တစ်ယောက် တော်တော့်ကို ပူပန်နေပြီ။ ရဲစခန်းပဲ ဖုန်းဆက်ရမလား ဆေးရုံကိုပဲ ဖုန်းဆက်ရတော့မလား ဖြစ်ပြီး အမေ ထမင်းစားခေါ်ထားတာတောင် မေ့လျက် မသွားမိဘဲ ထိုင်လိုက်၊ ထလိုက် လမ်းထိပ် ထွက်မျှော်လိုက် ဖြစ်နေမိသည်။

လမ်းထိပ် တစ်ခေါက်ထွက်ပြီး ပြန်အလာမှာ ဖုန်းအိမ်မှ ကောင်လေးက ...

"အစ်ကိုဟံသာ ဘယ်ထွက်သွားမှန်း မသိလို့ ခုန အစ်ကို့ အမေ ဖုန်းဆက်တော့ မပြောလိုက်မိဘူး"

ဟု လှမ်းသတင်းပေးမှပဲ အမေ့ဆီ ထမင်းသွားစားဖို့ သတိရလေသည်။ အင်း ... ခက်တာပဲ။ အဖေအမေတို့ကို





ဘယ်လိုပြောရပါ့မလဲ မသိဘူး။ ဘာတတ်နိုင်မလဲ၊ နောက်ဆုံးတော့ လူကြီးမိဘတွေ သိကြတဲ့အဖြစ် ရောက်ပြီပေါ့။ ရည်ညွန့်းက ဘယ်ရောက်နေမှန်းမှ မသိတာ။ ဒီမှာ စိတ်ကပူလှပြီ။ စိတ်ပူပြီး ဒီနေ့ ဘာအစာမှတောင် ကောင်းကောင်းမစားဖြစ်လို့ ဗိုက်ထဲလည်း လေတွေထိုးပြီး အောင့်နေပြီ။

အဖေအမေဆီပဲ ဖုန်းပြန်ဆက်ဖို့ ဆုံးဖြတ်လိုက်ပြီး အောက်ထပ် ဖုန်းအိမ်ကို တစ်ခါတည်း ဝင်လိုက်ပါသည်။

"ဟဲလို ... အမေလား၊ သားပါ ဟံသာပါ"

"ဩော် ... သား၊ ခုန အမေဖုန်းဆက်မေးတော့ ဖုန်းအိမ်က ကောင်လေးက သားထွက်သွားတယ်ဆိုလို့ အမေ့ဆီလာပြီထင်တာ"

"မဟုတ်ဘူး အမေ၊ လမ်းထိပ် ခဏထွက်သွားတာပါ"

"မလာကြသေးဘူးလား၊ ရှစ်နာရီတောင်ရှိပြီ၊ မင်းတို့က ဘယ်အချိန်မှ ထမင်းစားကြလို့လဲ၊ အဖေနဲ့ အမေတို့တော့ စားပြီးနှင့်ပြီ။ သမီး ရည်ညွန့်းက မြန်မာမုန့် အချိုလေးတွေ ကြိုက်တတ်လို့ သူ့ အချိုတည်းဖို့ ရွှေကြည်ဆနွင်းမကင်းတောင် လုပ်ထားတယ်။ စားမကုန်ရင် အိမ်လည်း သယ်သွားဖို့ပေါ့"

ဟံသာ သက်ပြင်းကြီး ချလိုက်ရင်း ...

"အမေ"



www.burmeseclassic.com

www.burmeseclassic.com



ဟုသာ ခေါ်မိတော့သည်။

အမေသည် မိခင်ပီပီ သားအသံ အခြေအနေကို သတိပြုမိပြီး ...

"သားတို့ ဘာဖြစ်နေကြသလဲ"

လို့ ချက်ချင်း ကောက်မေးတော့သည်။

"ဟိုဟာ အမေ၊ သူနဲ့ မနေ့ညက စကားများမိကြတယ်၊ မနက်ကျ သားမနိုးခင် သူ အပြင်ထွက်သွားတာပဲ။ ခဏ ထွက်သွားမယ် ထင်တာ ပြန်မရောက်လာ မရောက်လာနဲ့ မျှော်ရင်း ဒီအချိန် ရောက်သွားတာပဲ အမေရေ၊ သားလည်း စိတ်ပူပြီး သူ ဘာများဖြစ်သလဲ ဆိုပြီး မျှော်နေရပေမဲ့ ခုထိ ဘာလုပ်လို့ လုပ်ရမှန်းလဲ မသိဘူး။ ဘယ်ဖုန်းဆက် ရမှန်းလဲ မသိဘူး ဖြစ်နေတယ်"

"ဟယ် ... ဖြစ်ရလေ သားရယ်၊ မင်း စောစောက ပြောရောပေါ့"

အမေ့စကားသံ နောက်မှာ အဖေ့အသံပါ ခပ်လှမ်းလှမ်းက လှမ်းပြောသံ ကြားလိုက်ရသည်။

"ဘာဖြစ်ကြတာလဲဟေ့"

ဟူသော အဖေ့အသံကို ကြားတော့ ဟံသာ လန့်နေသည်။ အဖေကတစ်မျိုး ယောက်ျားနဲ့မိန်းမ ရန်ဖြစ်လျှင် ဘယ်တော့မဆို ယောက်ျားလေးက အလျှော့ပေးရမည်လို့ ဆုံးဖြတ်ထားသောသူ ဖြစ်ပါသည်။





"ငါတုန်းကလည်း အမြဲ မင်းအမေကို ဦးစားပေးတယ်၊ အနိုင်ပေးတယ်၊ အိမ်ထောင်တစ်ခုမှာ တစ်ယောက်က လျှော့ရင် ဘာပြဿနာမှ မဖြစ်တော့ဘူးကွ။ သူ စိတ်ဆိုးနေမှန်းသိရင် ကိုယ်က ရှောင်သွားလိုက်၊ သူ စိတ်ညစ်နေမှန်းသိရင် အလိုက်သိသိနဲ့ ဖေးဖေးမမ ပြောလိုက်။ ဒါပဲ မိန်းမတစ်ယောက်နဲ့ပြိုင်ပြီး စိတ်လုပ်တာဟာ ယောက်ျား မပီသဘူးကွ"

ဆိုသည့် ကျင့်ထုံးကို လက်ကိုင်ကျင့်သုံးနေသူသာ ဖြစ်ပါသည်။

"ဒီမှာ သူတို့လင်မယား စကားများသတဲ့ရှင်၊ မိန်းကလေးက ထွက်သွားတာ မနက်တည်းက ခုထိ ပြန်မရောက်သေးလို့တဲ့"

"ဒီတိုင်းမနေနဲ့လေ၊ သူ့မိဘအိမ် ဖုန်းဆက်မေး၊ သူ့မိတ်ဆွေ သူငယ်ချင်းအိမ် မှန်သမျှ ဖုန်းဆက်မေးပေါ့။ အဲဒီတွေမှာမှ မရှိရင် ဘာမှစဉ်းစားမနေနဲ့တော့ ရဲစခန်းသာ သွားပြီး လူပျောက်တိုင်ပေတော့၊ ဒါပဲရှိတယ်၊ ကျွတ် ... ဒီအချိန်ထိတောင် ဘာလို့ ဒီကောင် စောင့်နေရလဲ"

"ဟုတ်တယ်၊ ရှစ်နာရီကျော်နေပြီ"

အဖေ အမေတို့ အပြန်အလှန် ပြောနေသံ အတိုင်းသားကို နားစွင့်နေစဉ်မှာပင် တိုက်ရှေ့ကို အငှားကားတစ်စီး



www.burmeseclassic.com

www.burmeseclassic.com



ရှာနေ ထိုးဆိုက်လာသည်။ ကားတံခါး ဖွင့်ဆင်းလာသူမှာ ရှည်ညွန်း ဖြစ်နေပါသည်။ လက်ထဲမှာလည်း အထုပ်တွေ တစ်ပွေ့တစ်ပိုက်နဲ့ ဖြစ်ပါသည်။

ဟံသာသည် ဒီတော့မှ စိတ်အေးသွားပြီး ...

"အမေ ... အမေ ... ဘာမှ စိတ်မပူနဲ့တော့၊ ဟိုမှာ ရှည်ညွန်း တက္ကစီပေါ်က ဆင်းလာနေပြီ။ သား တွေ့နေရတယ်"

အမေသည် ဟံသာ့ စကားကြောင့် ...

"သေချာရဲ့လား"

လို့ မယုံသလို လှမ်းမေးသေးသည်။ ခုလေးတင် ဖုန်းပြောလို့တောင် မပြီးသေးဘူး။ ပြန်ရောက်လာပြီ ဆိုတော့ ယုံချင်ပုံ မရ။

"ဟုတ်ပါတယ် အမေရဲ့၊ သား ညာမပြောပါဘူး"

"ဒါဖြင့် မင်းတို့ အမေ့ဆီ လာကြဦးမှာလား"

"အဲဒါတော့ မသေချာဘူး အမေ"

"အေး ... ဒါဖြင့်လည်း ကိုးနာရီခွဲထိတော့ စောင့်နေမယ်။ ကိုးနာရီခွဲမှ မလာရင်တော့ မစောင့်တော့ဘူး။ သားတို့က လည်းကွယ်၊ ငါးနှစ် ခြောက်နှစ်လောက် ရည်းစားဖြစ်ပြီးမှ ယူကြတာ၊ အိမ်ထောင်သက်လည်း အခုမှ တစ်နှစ်ပြည့်တာ အဲဒီလောက် ကြီးကြီးကျယ်ကျယ် မဖြစ်ပါနဲ့ကွယ်၊





မင်းတို့ စိတ်မချမ်းသာရင် မိဘတွေလည်း စိတ်ဆင်းရဲရမယ် ဆိုတာ သိထားပါကွယ်"

"ဟုတ်ကဲ့ပါ အမေ၊ သား ဖုန်းချလို့ ရပြီလား အမေ"

"အေး ... ချ ... ချ"

ဟံသာသည် ဖုန်းကို ပြန်ချလိုက်ပါသည်။ အထုပ်တွေ တစ်ပွေ့ကြီးဆွဲလျက် သူ့ကိုပင် မစောင့်ဘဲ အပေါ်တက်သွားနှင့်ပြီဖြစ်သော ရှည်ညွန်းနောက် လိုက်သွားပြီး တစ်နေကုန် ဘယ်ရောက်နေလဲဆိုတာ မေးချင်သည်။ မပြောမဆိုဘဲ ဒီလောက် နေထွက်က နေဝင် အပြင်ထွက်သွားရသလားလို့ စိတ်တော့ဆိုးမိပေမဲ့ နောက်တစ်ခါ ထပ်စကားမများချင်တာမို့ ပြေပြေပြစ်ပြစ်တော့ မေးရပါမည်။

အိမ်အပေါ်ထပ် ရောက်တော့ တံခါးကို ပြန်ပိတ်ထားသဖြင့် သူ့ဘာသာ သူ့သော့ဖြင့် ဖွင့်ဝင်လိုက်သည်။ ရှည်ညွန်းကိုတော့ မတွေ့ပါ။ ရေချိုးခန်းထဲမှာ ရေသံ ကြားနေရသည်။ ရေချိုးနေတယ် ထင်တယ်။ သူတို့နှစ်ယောက်အိပ်သော မွေ့ရာပေါ်မှာတော့ အထည်တွေ တစ်ပုံကြီး ပစ်တင်ထားတာ တွေ့သည်။ Taurus ဆိုင်ကအိတ်၊ ကောင်းဝင့်စံဆိုင်ကအိတ်၊ True Fashion ဆိုင်ကအိတ်၊ Heat Wave ဖိနပ်ဆိုင်ကအိတ်၊ လွှမ်းမိုးသူအိတ်ဆိုင်က လက်ကိုင်အိတ် ဝယ်လာသောအိတ်၊ ဒေါ်ရီအထည်ဆိုင်ကအိတ်၊ City Mart က ဝယ်လာသဖြင့် City Mart အိတ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ထည့်လာသော မျက်နှာသုတ်ပဝါကြီးတစ်ထည်၊ Lipton တံဆိပ် တီးဘက်(ခ)တစ်ဘူး၊ နိုင်ငံခြားဘီစကစ်ထုပ်နဲ့ အချဉ်ထုပ်မျိုးစုံ၊ အားပါး VCD တွေလည်း မနည်းပါလား၊ ငါးချပ်လောက် ဝယ်လာသေးတယ်၊ နားထောင်လား နားမထောင်လားတော့ မသိ။ စိုင်းစိုင်းခမ်းလှိုင် တစ်ချပ်၊ ဖြူဖြူကျော့သိန်း တစ်ချပ်၊ LC နှစ်ပတ်လည်တစ်ချပ်၊ ဝိုင်ဝိုင်း တစ်ချပ်နဲ့ လေးဖြူရဲ့ ခဏလေးများ စီဒီက တစ်ချပ်။ တမင် အများကြီး ဝယ်ချလာတာ သိသာတယ်။ ရည်ညွန်း စွဲစွဲမြဲမြဲ နားထောင်တဲ့ အဆိုတော်က လေးဖြူနဲ့ LC အဖွဲ့လောက်သာ ဖြစ်ပါသည်။ ကျန်တဲ့သူတွေကျ ဟိုတစ်ပုဒ် ဒီတစ်ပုဒ်လောက်ပဲ ခွေကြိုက်သူဖြစ်လေရာ စွဲစွဲမြဲမြဲ မဝယ်တတ်ပါ။ အခုတော့ သူ့ကို စိတ်ကောက်ပြီး ပိုက်ဆံဖြုန်းချင်တာနဲ့ပဲ တစ်ပုံကြီး ဝယ်ချလာတာ။ ဒီ ဗီစီဒီတွေ၊ စီဒီတွေနဲ့တင် တစ်သောင်းကျော်နေပြီ ပိုက်ဆံက။

ကျန်တဲ့ ဝယ်လာတဲ့ အင်္ကျီ ဖိနပ် လက်ကိုင်အိတ် မျက်နှာသုတ်ပဝါနဲ့ မုန့်ဖိုးပေါင်းရင် အံမယ်လေး မနည်းဘူးပဲ။ သူ့ တစ်လစာ ကုန်အောင်ပဲ ဝယ်ချလာသလား မသိဘူး။

နောက်ဆို ခဏခဏ စကားများ ရန်မဖြစ်ရဲအောင် ပညာပြတဲ့ အနေနဲ့ ဝယ်တာထင်တယ်။ အင်္ကျီ ဖိနပ် လက်ကိုင်အိတ်တွေဟာ ဘယ်တစ်ခုမှ သောင်းဂဏန်းအောက် မရောက်နိုင်ပေ။ ရည်ညွန်းက အကောင်းခဲတော့ သုံးတတ်သည်။





"ကိုယ့်အဆင့်အတန်းနဲ့က ဈေးသက်သာတာ သွားဝယ်လို့ မဖြစ်ဘူးလေ၊ ပြီးတော့ အင်္ကျီအဝတ်အစားတွေ ဖိနပ်တွေ လက်ကိုင်အိတ်တွေကလည်း တစ်သောင်းကျော်မှပဲ ကောင်းကောင်းလေး ရတာ"

လို့လည်း ပြောတတ်သေးသည်။ ပြီးတော့ အလှကုန်ဆိုလည်း ဈေးကြီးသော Revlon မှ Loreal မှ သုံးလေသည်။

"အဲဒါတွေက ဈေးကြီးပေမဲ့ သုံးပျော်ပါတယ်၊ မိတ်ကပ်ရည်ကလည်း ချွေချွေတာတာလေးလိမ်းရင် တစ်ပုလင်းကို နှစ်လလောက် လိမ်းရပါတယ်။ ပြီးတော့ ရည်ညွန်းတို့က အသက်သုံးဆယ်နား နီးလာပြီ၊ မိတ်ကပ်ဆို ကောင်းတာလေး ရွေးသုံးမှ သင့်တော်လာပြီ။ နောက်မို့ အသားအရေ ပျက်စီးမြန်လိမ့်မယ်"

ဆိုတုန်းကတော့ ဟံသာ ရွဲ့ပြီး ပြောမိသေးသဖြင့် ရန်ခဏ ဖြစ်ရသေးသည်။

"ငါတို့ အဘွားတွေ အဘွားတွေတုန်းကတော့ မြန်မာ သနပ်ခါးပဲ လိမ်းပြီး အသားအရေ ထိန်းသိမ်းလာတာပါ ကွာ။ သူတို့ခေတ်တုန်းက ဒီလို Age defying ဆိုတဲ့ အသားအရေ ထိန်းသိမ်းတဲ့ မိတ်ကပ်ရည်တွေ ဘာတွေလဲ မပေါ်သေးပါဘူး။ အခုခေတ်လိုမျိုးလည်း နိုင်ငံခြားပစ္စည်းတွေ သိပ်မဝင်လို့ မသုံးရပါဘူး။ အသက်ကြီးလာရင်



www.burmeseclassic.com

www.burmeseclassic.com



နံ့သာဖြူနံ့လေး တသင်းသင်း၊ အပွေးကုန်သွားလို့ သွေးမရတော့တဲ့ သနပ်ခါးတုံးတွေကို စက်မှာသွားကြိတ်လို့ရတဲ့ အနှစ်ကို အခြောက်ခံ ရေနဲ့ဖျော်ပြီး ခြေဆုံး ခေါင်းဆုံး လိမ်းထားလို့ အမြဲရတဲ့ သနပ်ခါးအနှစ်နံ့ တသင်းသင်းနဲ့ ကမ္ဘာကျော် ရေမွှေးတွေတောင် မယှဉ်နိုင်တဲ့ ကိုယ်သင်းနံ့လေး ရရနေတာ မှတ်မိသေးတယ်။ အဲဒီအမွှေးနံ့ဟာ ရင်ထဲကို အေးသွားတာပဲ”

ပြောတော့ ရည်ညွန့်းက အကြီးအကျယ် စိတ်ကောက်တလွဲတွေးကာ ...

“ဘာလဲ ... ရှင်က ရည်ညွန့်းကိုတော့ Britney Spears ရေမွှေးပဲ သုံးသုံး၊ J. Lo ပဲ သုံးသုံး၊ Paris Hilton ပဲ သုံးသုံး မထူးဘူး။ ကိုယ်နံ့က နံတာပဲ ပြောချင်တာလား”

တွေ့ ဘာတွေ လမ်းကြောင်း တစ်ဖက်လှည့်ပြီး စိတ်ကောက်ရန်လို။ ဝယ်ထားသော တန်ဖိုးကြီး ရေမွှေးတွေကို ချက်ချင်းပဲ ပေါက်ခွဲတော့မလိုလုပ်၍ သူ့မှာ နှမြောပြီး မနည်းလိုက်ဆွဲ၊ လိုက်ချော့၊ လိုက်တောင်းပန်ခဲ့ရတာ မှတ်မိသေးသည်။

“မင်းကို နံတယ်လို့ မပြောပါဘူးကွာ၊ မောင် ပြောတာက ဘာရေမွှေးနံ့ပဲဖြစ်ဖြစ် မြန်မာသနပ်ခါးနံ့ကိုတော့ မယှဉ်နိုင်ပါဘူးလို့ ပြောတာပါ။ ရည်ညွန့်း ရေမွှေးတွေ မိတ်ကပ်တွေ ကြိုက်တာလည်းကြိုက်ပါ။ ဒါပေမဲ့ Brand တစ်ခုပဲ စွဲစွဲမြဲမြဲသုံးဖို့ ပြောတာပါ၊ အခုတော့ ရည်ညွန့်းက အသစ်ပေါ်တိုင်း လိုက်ဝယ်နေလို့ပါ။ ဟောလီးဝုဒ်မှာရှိသမျှ Celebrities တွေ ထုတ်သမျှ Brand တွေသာ လိုက်ဝယ်ရင် ဝယ်လို့ဆုံးမှာ မဟုတ်တော့ဘူးလေ။ သူတို့က သူတို့အနုပညာတွေ ကျော်ကြားမှုတွေနဲ့ ပိုက်ဆံရှာရုံမကဘူး။ လူတွေဆီက ပိုက်ဆံ နှိုက်ယူဖို့ Brand တွေပါ လိုက်ထုတ်နေတာကိုး။ ဒီကြားထဲ မင်းပဲ Paris Hilton ပစ္စည်းတွေ ဝယ်ဝယ်သုံးပြီး အားပေးနေ၊ ဟိုကဖြင့် ဘာမှလုပ်စရာ မလိုဘဲနဲ့ ဘာအနုပညာလုပ်ငန်းမှလဲ ဖြစ်ဖြစ်မြောက်မြောက် လုပ်စရာမရှိဘဲနဲ့ ကမ္ဘာကျော်သူဌေးသမီးဖြစ်နေတာ။ ပိုက်ဆံရှိပြီးသားပါဆိုမှ ပိုက်ဆံထပ်ရအောင် သူကပါ လိုက်ပြိုင်ထုတ်နေတယ်၊ ငါ ကြည့်မရဘူး”

အင်း ... ပြောသာ ပြောတာပါ။ အဲဒီတုန်းကလည်း ဟံသာပဲ ချော့မော့အလျှော့ပေးပြီး မင်းကြိုက်ရင် ဝယ်ပါတော့ကွာ ဆိုပြီး ခွင့်လွှတ်ပြရတာပဲ။ အခုလည်း ရေမွှေးတစ်ပုလင်းတော့ ပါလာတာ တွေ့တယ်။ ဘယ်သူ့ရေမွှေးပါလိမ့်။ Hilary Duff တဲ့။ ဝယ်ပြန်ပြီ။ အဆိုတော် ရုပ်ရှင်မင်းသမီးရဲ့ Brand တစ်ခုပဲ။ ရည်ညွန့်းဟာ စိတ္တဇများဖြစ်နေသလားမသိဘူး။ အဲဒီ Celebrity တွေထဲက တစ်ယောက်ယောက် ပစ္စည်းသစ်ထုတ်ပြီဆိုရင် သူအရင်ဆုံးဝယ်ရမှ။ ပြီးတော့ သုံးသလား၊ မသုံး သလားလည်း မသိဘူး။







www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေတော့ ...

"ဘယ်လိုလဲ၊ အခုဆွတ်ထားတဲ့ရေမွှေး ဘယ်လိုနေလဲ"

လို့ လာတော့မေးသား။ ဟံသာက အုလည်လည်နဲ့ အနံ့မခံတတ်ပေမဲ့ ...

"အေး ... မဆိုးဘူး၊ ကောင်းသားပဲ"

ပြောပြီး သူ့ စိတ်ကျေနပ်အောင်တော့ ချီးကျူးပေးရတာပဲ။ ဟံသာ ထင်တာတော့ အကုန်လုံး အတူတူပဲ ထင်တာပဲ။

ထိုအချိန်တွင် ရည်ညွှန်း မျက်နှာသုတ်ပဝါခြုံပြီး အိပ်ခန်းထဲ ဝင်လာသည်။ ခုတင်ပေါ်ထိုင်ရင်း သူ့မကို စောင့်နေဟန်တူသော ဟံသာ့ကိုမြင်လျှင် မရယ်မပြုံး၊ စကားလည်း မပြောဘဲ မှန်တင်ခုံရှေ့ သွားထိုင်ကာ ညလိမ်း Cream ကို လိမ်းနေပါသည်။ ဟံသာလည်း ကိုယ်ကစ, စကားပြောရမှာ စိတ်ထဲတွင် ကသိကအောက်ကြီးတော့ ဖြစ်ပေမဲ့ ရန်ထပ်မဖြစ်ချင်တာမို့ စိတ်ကိုလျှော့ချပြီး ...

"မင်း ဘယ်ထွက်သွားတာလဲ၊ တစ်နေကုန်တယ်၊ ငါစိတ်ပူလို့ ခုပဲ ရဲစခန်းကို သွားအကြောင်းကြားတော့မလို့တောင် စဉ်းစားနေတာ"

"... ... ..."

"အဖေနဲ့ အမေက ဒီည ထမင်းစား ဖိတ်ထားတယ်၊ မင်း ဘာမှ မစားရသေးဘူးဆိုရင် အခု သွားကြမလား"





"... ... ..."

"ငါတော့ မင်းကို စိတ်ပူနေတာနဲ့ တစ်နေ့လုံးနေမှ ထမင်းတစ်ပန်းကန်ပဲ ဗိုက်ထဲမှာ ရှိသေးတယ်၊ တော်တော်ဆာနေပြီ"

"... ... ..."

"ဟော့ ... ရည်ညွှန်း၊ စကားနည်းနည်းတော့ ပြန်ပြောလေကွာ၊ ငါတောင် စပြီး စကားပြောတာပဲ၊ ဘာမပြောချင်စရာရှိလဲ။ ပြီးတော့ ဘာပြဿနာမှလဲ ကြီးကြီးကျယ်ကျယ်ဖြစ်တာ မဟုတ်ဘူး"

"ဒီမှာ ..."

ရည်ညွှန်းသည် ညဝတ်အင်္ကျီလက်ရှည် ဘောင်းဘီဝမ်းဆက် Pyjama (ပဂျားမား)ဝတ်စုံကို ဝတ်လိုက်ရင်း ဒီမှာဟု လေသံပြတ်ဖြင့် ခေါ်လိုက်ပါသည်။ ဟံသာသည် လိုအပ်တာထက်ပိုပြီး အမူအရာတွေ စိမ်းကားနေသော ရည်ညွှန်းကို နားမလည်နိုင်တော့သလိုဖြစ်လျက် ကြည့်လေသည်။

"ရှင်လည်း စိတ်ချမ်းသာတာလုပ်၊ ရည်ညွှန်းလည်း ကိုယ်စိတ်ချမ်းသာတာလုပ်မယ်၊ ဘယ်သူ့ကိစ္စမှ ဝင်မပါကြေး၊ ကိုယ့်အလုပ် ကိုယ်လုပ်၊ ကိုယ်စားဖို့ ကိုယ်ချက်၊ ကိုယ့်ပန်းကန် ကိုယ်ဆေး၊ ကိုယ့်အဝတ် ကိုယ်လျှော် မီးပူတိုက်၊ ကိုယ့်ပိုက်ဆံ ကိုယ်သုံးလို့ ဒီနေ့ကစပြီး ဆုံးဖြတ်လိုက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲ၊ အဲဒါ ဘာဖြစ်လာတာလဲ"

"ဘာမှဖြစ်တာ မဟုတ်ဘူး။ တစ်ခါလာလည်း ရန်ဖြစ်စကားများရတဲ့ အဖြစ်အပျက်ကို စိတ်ပျက်လာတာလေ။ ဒီတော့ သူ့အပိုင်း ကိုယ့်အပိုင်း ခွဲထားလိုက်ရင် ဘာမှရန်ဖြစ်စရာ မရှိတော့ဘူး။ အိမ်ကိုလည်း အပိုင်းခွဲထားမယ်၊ ဧည့်ခန်းတစ်ပိုင်း ရှင်ပိုင်တယ်၊ ရှင့်ပစ္စည်းတွေ ကြိုက်သလောက်ထား ရတယ်၊ ရည်ညွှန်း လိုက်မသိမ်းပေးတော့ဘူး။ အမှိုက်ပုံဖြစ်ချင် ဖြစ်သွားပစေ၊ လိုက်မပြောဘူး။ ကိုယ့်ဘာသာသိမ်းရင်သိမ်း မသိမ်းရင်နေ။ ဒီမီးဖိုခန်း ထမင်းစားခန်းပဲ ရည်ညွှန်း ရှင်းမယ် အပြတ်ပြောပြီးပြီနော်"

"ဟား ဟား ဟား ... ငါ သိပါတယ်၊ တစ်နေ့ကုန် သူငယ်ချင်းတွေအိမ်လည်သွားပြီး ရလာတဲ့ မိန်းမခေါင်း ငါးခေါင်းက ထွက်လာတဲ့ အကြံအစည်ပါ၊ ဟား ဟား"

"ရယ်မနေနဲ့ တကယ်ပြောနေတာ"

"ဒါဖြင့် ငါ ဧည့်ခန်းမှာ အမှိုက်ပုံဖြစ်အောင် ဖွထားပါပြီတဲ့ ဧည့်သည်လာရင် ဘယ်လိုလုပ်မလဲ"

"ရှင့်ဧည့်သည် ခေါ်ရင်ခေါ်လေ။ ရည်ညွှန်းကတော့ ဘယ်ဧည့်သည်မှ မခေါ်တော့ဘူး၊ အလုပ်က လူတွေလည်း အိမ်မလာစေရဘူး"





"ဒါဖြင့် ဘာအဓိပ္ပာယ်ကြီးလဲ။ လင်မယားနှစ်ယောက် တစ်အိမ်တည်း အတူတူနေပြီး ပိုင်နက်ကအစ ခွဲထားတယ်၊ ကိုယ့်အလုပ် ကိုယ်လုပ်ရမယ်ဆိုရင် လူနှစ်ယောက် ပေါင်းနေတာဟာ ဘာအဓိပ္ပာယ်ကြီးလဲ"

"ဒါဆိုလည်း ရတယ်လေ၊ တစ်ခါတည်း ကွဲလိုက်ကြရုံပေါ့"

ထိုသို့ ကြားလိုက်ရသောအခါ ဟံသာမှာ ထခုန်မိတော့မလိုပင် လန့်သွားပါသည်။ ဘုရားရေ ... ဒီမိန်းမ ဘာတွေစိတ်ရှုပ်ပေါက်လာတာလဲ။ နီလာတို့ သင်းသင်းတို့ စန္ဒာတို့ မိုးမတို့ ဘာတွေများ အကြံပေးလွှတ်လိုက်လဲ။ မဖြစ်သေးပါဘူး။ ငါ ခေါ်နိုင်တို့ကို မေးကြည့်ဦးမှပါ။ ဒီကောင်တွေဆီက ဘာသတင်းများ ကြားရမလဲ မသိဘူး။ ဒါ မိန်းမခေါင်း ငါးခေါင်းက ထွက်လာတဲ့ အကြံဉာဏ်ပဲ။ ငါ သိကို သိတယ် ဟား ဟား။

"မကွဲသေးပါဘူး၊ အခုလို တစ်အိမ်တည်း နေနေပေမဲ့ အသာခွဲပြီး နေကြည့်ဦးမယ်၊ နိုင်ငံခြားမှာ Celebrity တွေက သူတို့ချင်း ကွာရှင်းစာချုပ် မချုပ်ခင် အရင်ဆုံး separation လုပ်ကြတာမျိုးပေါ့။ အရင်ခွဲပြီး နေကြည့်ကြတာမျိုးပေါ့ ဟုတ်ပြီလား။ အဲဒီလို သီးသီးသန့်သန့် ခွဲနေကြည့်ပြီးမှ နေနိုင်တယ်ဆိုမှ ကွဲကြတာပေါ့၊ မနေနိုင်ဘူးဆိုရင် မကွဲကြရုံပေါ့"

www.burmeseclassic.com



ရည်ညွန့်းက မဲ့ရွဲ့ပြီး ...

"ဘာကြောင့် မနေနိုင်ရမှာလဲ၊ ငယောက်ျားဖြစ်ပြီး မိန်းမအပေါ် တစ်စက်လေးမှ ညှာတာမှုမရှိတဲ့ လူမျိုးကို ဘာကြောင့် မကွဲနိုင်ရမှာလဲ"

ဟံသာကလည်း အားကျမခံ ...

"တခြား ယောက်ျားတစ်ယောက်ကများ ငါ့ထက်ပိုပြီး ကောင်းမလားလို့ မထင်လိုက်နဲ့။ အတူတူပဲလို့ ကြိုပြောထားမယ်"

"ဒီမှာ အပြတ်ပြောထားပြီးသားနော်၊ မနက်ဖြန်ကစပြီး ကိုယ့်ထမင်း ကိုယ်ချက်စားရတော့မယ်လို့မှတ်။ ရည်ညွန့်းချက်ထားတဲ့ဟာထဲကတော့ လာမနှိုက်နဲ့။ ပြီးတော့ ညှော်ခန်းက ဆိုဖာခုံရှည်ပေါ်မှာပဲ ရှင်အိပ်တော့၊ ရှင့်ခေါင်းအုံးနဲ့ စောင်တွေ အကုန်ယူသွား"

"အံမာ ... မင်းကျတော့ နှစ်ယောက်အိပ် ဒန်းလော့(ခ) မွေ့ရာပေါ်မှာ ဇိမ်ကျမယ်ပေါ့၊ ဒါတော့ မတရားဘူး"

"ဒါဆိုလည်း ရတယ်လေ၊ ရည်ညွန့်း ကျန်တဲ့အခန်းလွတ်မှာ ဖျာခင်း မွေ့ရာပါခင်းပြီး သွားအိပ်မယ်။ မိန်းကလေးမို့ အိမ်ရှေ့ညှော်ခန်း ဘုရားစင်ရှေ့မှာ အိပ်ရင် မသင့်တော်လို့ ဆိုဖာပေါ်မှာတော့ မအိပ်နိုင်ဘူး"





ပြောပြောဆိုဆို ရည်ညွန့်းက သူ့စောင် ခေါင်းအုံးတွေ လုံးထွေး ပွေ့ယူနေသဖြင့် ဟံသာသည် ဘာတွေစိတ်အကောက်ကြီးကောက်၊ အရွဲ့ကြီး ရွဲ့နေမှန်း မသိသော မိန်းမကို စိတ်ကုန်လျက် ...

"ဟော့ ... ဟော့ ... ကဲ ... တော်ပါ။ ငါပဲ အဲဒီနောက်ခန်းမှာ သွားအိပ်ပါ့မယ်၊ ကောင်းပြီ အဲဒီအခန်း ငါ့အခန်းဖြစ်ပြီ။ ငါ ဖွချင်ရင်လည်း ဖွမယ်၊ မင်း လာမဆူနဲ့မပြောနဲ့။ အဲဒီတစ်ခန်းရယ်၊ အိမ်ရှေ့ခန်းရယ် ငါပိုင်ပြီဆိုတော့ ငါ လုပ်ချင်တာ လုပ်မယ်၊ ဒါနဲ့ နေပါဦး မီးဖိုချောင် ထမင်းစားခန်းတွေက မင်းပိုင်တယ် ဆိုတော့ ငါက ဝင်လာလို့ ရရဲ့လား"

"ချက်ပြုတ်ဖို့ ထမင်းစားဖို့ ဝင်တာပဲ ဝင်ပေါ့၊ ဒါပေမဲ့ ကိုယ့်ပန်းကန် ကိုယ်ဆေးသွား၊ ကိုယ့်အိုး ကိုယ်ဆေးသွား"

"ပန်းကန်က ဘယ်သူ့ပန်းကန်ရယ်လို့ မခွဲရသေးဘူး။ ငါ့ပန်းကန်လို့ ဘယ်လိုလုပ် သိမလဲ"

"ကြွေပန်းကန်ပြားမှာ အနားမှာ ရွှေရောင်အရစ်လေးတွေ ပါတဲ့အချပ် ရှင်ယူ၊ အဲဒါနဲ့ ပုံစံတူ ဟင်းရည်ပန်းကန်တို့ ဘာတို့ တစ်စုံရှိတယ်၊ အဲဒီပုံစံ မှန်သမျှ ရှင် သုံးနိုင်တယ်၊ ရည်ညွန့်း မသုံးဘူး။ ဘောစင်ထဲမှာတွေ့လည်း မဆေးပေးဘူး။ ရည်ညွန့်း ပန်းကန်တွေက အဖြူမှာ ဘိုမရုပ်လေး



www.burmeseclassic.com

www.burmeseclassic.com



တွေပါတဲ့ ပန်းကန်ပဲလို့ မှတ်ထားလိုက်၊ အိုးတွေခွက်တွေတော့ မခွဲတော့ပါဘူး။ ကြိုက်သလိုသုံး၊ ဒါပေမဲ့ ဆေးဖို့တော့ မမေ့နဲ့”

ဟံသာသည် ဒါကြီးကို ရယ်တော့ ရယ်ချင်ပေမဲ့ ရည်ညွှန်း ပုံစံ ကြည့်ရတာ တကယ့်ကို အတည်ကြီးပြောနေတာ ဖြစ်နေသလို မျက်နှာကလည်း တင်းလှသဖြင့် စိတ်ထဲမှာ စိုးလည်း စိုးရိမ်မိလာသည်။ တစ်ခါတလေကျ အသေးအမွှားလေးကနေ တဖြည်းဖြည်း ကြီးသွားတတ်တဲ့ အကြောင်းအရာမျိုးတွေလည်း ရှိလေရာ ကြာရင် တကယ်ပဲ ဒီပြဿနာ ကြီးကျယ်သွားမလားလို့ စိတ်ပူမိလာပါသည်။

သို့သော် ခုချိန်မှာ သွားချော့ပြောပြန်လျှင် မိန်းမကရောင့်တက် အနိုင်ယူမှာလည်း စိုးရိမ်သဖြင့် ဟံသာသည် အာမှဆက်မပြောနေတော့ဘဲ အသာငြိမ်၍ ထွက်လာလိုက်တော့သည်။

သူတို့ရဲ့ အသေးအဖွဲ ပြဿနာလေးဟာ အဲဒီနေ့ကစပြီး အမြစ်တည်လာခဲ့တော့တာ ဖြစ်ပါသည်။

✻ ✢ ✻





# အပိုင်း(၂)

www.burmeseclassic.com

www.burmeseclassic.com







## ၆

Alarm ပေးထားသဖြင့် ဟဲသာ နိုးသောအချိန်တွင် မနက်ခုနစ်နာရီခွဲ ရှိနေပြီ။ ရုံးပိတ်ရက် ဆိုရင်တော့ ကိုးနာရီကျော်မှ ထပေမဲ့ အခုလို ရုံးတက်ရသောနေ့မျိုးဆိုလျှင် မနက်ခုနစ်နာရီခွဲတော့ နိုးရပါသည်။ နိုးလျှင် ယောက်ျားစိုင့်ရဲ့ ထုံးစံအတိုင်း ချက်ချင်းမထဘဲ အိပ်ရာထဲ ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်လောက်တော့ မှိန်းတတ်သေး၊ ဇိမ်ယူတတ်သေးသည်မို့ ရှစ်နာရီထိုးခါနီးမှ အိပ်ရာမှ ထဖြစ်သည်။ အိမ်မှာ ညအိပ်ညနေ ဧည့်သည်လာခဲ့လျှင် သုံးဖို့ထားသော မွေ့ရာပါးလေးကို ခင်းအိပ်ရသဖြင့် ဒန်းလော့(ခ) မွေ့ရာကြီးနဲ့ မတူဘဲ အိပ်ရတာ ဇိမ်မရှိလှ။ ခုတင်မရှိဘဲ ကြမ်းမှာ အောက်က ပလတ်စတစ်ဖျာခင်း အပေါ်က မွေ့ရာပါးထပ်ခင်းပြီး အိပ်ရသဖြင့် လူက တစ်မျိုးကြီးတော့ ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မတတ်နိုင်။ ရည်ညွန်းကို ပေးအိပ်ပြန်လျှင်လည်း ကိုယ်က ယောကျ်ားရင့်မကြီးဖြစ်ရက် မညှာတာရာ ရောက်ဦးမည်။ ဒါကြောင့် ရည်ညွန်း၊ စိတ်ကောက်နေတုန်း ခဏတော့ အိပ်ရမည်ဟု ဆုံးဖြတ်ရပါသည်။

ခေါင်းအုံး စောင်တို့ကို နေရာတကျ မထား၊ မခေါက်ဘဲ လုံးထွေးပြီး ပစ်ထားခဲ့ကာ ရေချိုးခန်းထဲ တန်းဝင်လာပါသည်။ ရည်ညွန်းကတော့ တစ်ကိုယ်လုံး လှပမွှေးကြိုင်ကြော့ရှင်းနေအောင် ပြင်ဆင်ပြီး ဘုရားစင်မှာ ဘုရားထိုင်ရှိခိုးနေတာ တွေ့ရသည်။ သူက ရှစ်နာရီခွဲ အိမ်ကထွက်မည့်သူဆိုတော့ ရှစ်နာရီဆို အကုန်ပြင်ဆင်ပြီးပြီ။ အဆင်သင့် ဖြစ်နေပြီတည်း။

ရည်ညွန်းတို့ ကုမ္ပဏီကလည်း ထမင်းဘူးတော့ ယူရသဖြင့် သူမ၏ စတီးသုံးဆင့်ချိုင့်လေးပါသော ပလတ်စတစ်ခြင်းငယ်လေးလည်း အဆင်သင့် ပြင်ပြီးနေပြီ။ နေ့လယ်စာ ကော်ဖီ မုန့်တော့ ကျွေးသဖြင့် ကော်ဖီဓာတ်ဘူးတွေ ဘာတွေတော့ ထည့်ယူမသွားချေ။ အကယ်၍ ကော်ဖီ မုန့် မကျွေးလျှင် ရည်ညွန်းကတော့ ထည့်ယူ ါသူပင်။ ရည်ညွန်းက နေ့လယ်ဆို ကော်ဖီဖြစ်ဖြစ် လက်ဖက်ရည်ဖြစ်ဖြစ် တစ်ခွက်နဲ့ မုန့်တော့ စားတတ်သည်။ ဟံသာကတော့ ဖခင်ရဲ့ ကုမ္ပဏီကြီးမို့ ထမင်းဘူးကို ယူသွားစရာ မလိုပါ။ အဖေ အိမ်ကို ထမင်းပြန်စားလျှင် ဟံသာပါ လိုက်သွားပြီး အမေချက်ထားတာတွေ လိုက်စားတတ်ပါသည်။ တစ်ခါတလေ





လည်း ယောကျ်ားပီပီ အပြင်ထွက် ဆီချက် ကြေးအိုးတွေ စားမိတတ်သည်။ ဒါကြောင့် ရုံးတက်ရက်တွေမှာတော့ ချက်ပြုတ်စားသောက်ရေး မပူရပေမဲ့ ရုံးက ပြန်လာသော အချိန်တို့ ရုံးပိတ်ရက်တို့မှာကျ ဒုက္ခပဲ။ ကိုယ့်ဘာသာ ချက်စားရတော့မည်။

ဟံသာက ချက်တော့ ချက်တတ်ပေမဲ့ မချက်တာကြာပြီမို့ မချက်ချင်တော့သလို ဖြစ်နေသည်။ ရေမိုးချိုးပြီးသောအခါ မေ့ပြီး မနက်စာ ဘာများရှိမလဲဆိုပြီး သွားကြည့်မိသည်။ ဘာမှမရှိပါ။

အရင်ကဆို ဈေးကအပြန်ဝယ်လာသော မုန့်ဟင်းခါး၊ ခေါက်ဆွဲ၊ အသုပ်တို့၊ ပလာတာတို့၊ နံပြားတို့ တစ်ခုခုတော့ စားပွဲပေါ်မှာ ရှိသဖြင့် ယူစားလိုက်ရုံ။ အခုတော့ အင်း ... သွားပြီ။ ဘာမှ အဆင်သင့် မရှိ။ ရုံးသွားရင်းနဲ့မှ ဆိုင်မှာ ဝင်စားရတော့မှာပေါ့။

"ကဲ ... ဘယ်လိုဖြစ်ကြတာလဲ၊ ပြောပါဦး"

ရုံးရောက်တော့ အဖေက ဆီးမေးသည်။

"စကားများကြတာပါ၊ ဘာပြဿနာမှ ကြီးကြီးကျယ်ကျယ် မဖြစ်ပါဘူး အဖေရာ"

"ပြဿနာမကြီးဘဲနဲ့ မိန်းကလေးက မပြောမဆို အိမ်က ထွက်သွားပါ့မလားကွ"

"ထွက်သွားတာ မဟုတ်ပါဘူး၊ စိတ်ကောက်ပြီး သူ့သူငယ်ချင်းတွေအိမ် သွားလည်တယ်၊ ပြီးတော့ တစ်ပုံတစ်ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီး ဝယ်ချလာတယ်၊ တစ်နေ့တည်း ဈေးဝယ်တာ သိန်းဂဏန်းလောက် ရှိမယ်ထင်တယ်”

“မင်းတို့ဟာကလည်း အဲဒီလိုသာ ခဏခဏဖြစ်ရင် မွဲရချည်ရဲ့”

“သားက လျှော့ပေးပါတယ်၊ သူက နည်းနည်းလေးမှ သည်းမခံတာ။ ထစ်ခနဲရှိ ကောက်ပြီ”

“ဘာပြဿနာမို့ သူက ကောက်တာလဲ”

“သူ့ကို ပန်းကန်တွေ မဆေးပေးလို့၊ ကုမသိမ်းပေးလို့တဲ့”

“ဟုတ်သားပဲ၊ သူလုပ်ပေးစေချင်ရင် လုပ်လိုက်ပေါ့ သားရယ်။ ပန်းကန်ဆေးတာဟာ မိန်းမအလုပ်ဆိုပြီး သတ်မှတ်ထားလို့ မရဘူးပေါ့၊ ကိုယ် အပန်းမကြီးဘူးဆိုရင် နည်းနည်းပါးပါး ဝင်ဆေးပေးလိုက်ပေါ့”

“သားကလည်း လုပ်ပေးမလို့ပါ၊ အဲဒါကို သူက ခုဆိုခုပဲ ချက်ချင်း ထ,လုပ်စေချင်တော့ စကားများကြတာပေါ့”

အဖေလည်း ဘယ်လို ဖြေရှင်းပေးရမှန်း မသိတော့ဘဲ ခေါင်းခါသွားသည်။

“ကိုယ့်အယူအဆနဲ့ ကိုယ်မှန်နေကြတော့လည်း မင်းတို့မှာ ပြဿနာက ဖြစ်ကို ဖြစ်လာတာပဲကိုး၊ ကဲ ... ဒီနေ့ ဂျပန်ဧည့်သည်တွေကို Sedona မှာ သွားခေါ်။ ဆယ်နာရီ လာခေါ်မယ်လို့ ပြောထားတယ်၊ သွားခေါ်လိုက်၊ ပြီးရင်





သူတို့ သွားချင်တဲ့ နေရာတွေ ပြောလိမ့်မယ်။ မင်း ဒီနေ့ အဲဒီအုပ်စုကို တာဝန်ယူ၊ ဟုတ်ပြီလား”

“ဟာ ... အဖေ၊ ဒါဆို သား နေ့လယ်စာ စားတော့ရော”

“သူတို့က ဘာမှာစားမလဲ မသိဘူး။ အဲဒီမှာ မင်းပါ ဝင်စားလိုက်လေ၊ ဘာဖြစ်လို့လဲ”

“သား မနေ့ကလည်း ထမင်းဟင်း ကောင်းကောင်းမစားဖြစ်လိုက်ဘူး။ ဒီနေ့ အမေချက်တာပဲ လိုက်စားချင်လို့ စဉ်းစားထားတာ”

“ဒါတော့ မကတ်နိုင်ဘူးကွာ။ မင်းဧည့်သည်တွေက သူတို့ ဟိုတယ်မှာပဲ နေ့လယ်စာ ပြန်စားမယ်ဆိုရင် တစ်မျိုးပေါ့လေ။ သူတို့ကို ဟိုတယ်ပြန်ပို့၊ ပြီးမှ တစ်ခေါက်ပြန်သွားခေါ်ပေါ့၊ ဒါပဲရှိတယ်။ သူတို့ အခုထွက်မဲ့ အချိန်တောင် ဆယ်နာရီဆိုတော့ ဝေးဝေးလံလံ သွားမယ် မထင်ဘူး၊ ရွှေတိဂုံဘုရားဝဲ့၊ ဗိုလ်ချုပ်ဈေးတို့ပဲ ဖြစ်မယ် ထင်တယ်၊ မနက်ဖြန်တော့ သူတို့ ပြောပြီးသား မနက်အစောကြီး ဒီကထွက်မယ်၊ ပဲခူးဘုရားစုံ ပို့ရမယ်၊ ပဲခူးမှာစုံမှ ကျိုက်ထီးရိုးဆက်သွားမယ်၊ တစ်ညအိပ် မနက်ကျ အရဏ်ဆွမ်းကပ်ပြီး ပြန်ဆင်းမယ်နော်။ ရန်ကုန်မှာ တစ်ညပဲ ပြန်အိပ်ပြီး နောက်နေ့ ချောင်းသာ ငွေဆောင် စီစဉ်ပြီးသား။ ဒီဂျပန်အုပ်စုက မင်း, တာဝန်ပေးထားတာ၊ မင်း အကုန်လုပ်ရမယ်”



www.burmeseclassic.com

www.burmeseclassic.com



တော်ပါသေးရဲ့၊ ဂျပန်တွေ ဒီမှာ ခြောက်ရက်ပဲ နေပေလို့ဟု ဟံသာ ကျိတ်တွေးနေသည်။ အလုပ်ကို မလုပ်ချင်တာလည်းမဟုတ်။ ပျင်းတာလည်း မဟုတ်ပေမဲ့ အခုလို ရည်ညွန်းနဲ့ စိတ်ကောက်ပြီး မကြည်ကြတဲ့ အချိန်မှာ သူနဲ့ ဝေးဝေးလံလံတွေ ခွဲပြီးလည်း မသွားချင်ပါ။ မိန်းမဆိုတာက သူမ စိတ်ဆိုးနေတုန်း ကိုယ်က အလိုက်တသိလေး အိမ်ရှင်းလင်း၊ အိမ်မှာလိုမယ်ထင်တာလေး ဝယ်လာပြီး ရေခဲသေတ္တာထဲ ထည့်ပေး၊ ရည်ညွန်းကြိုက်တတ်တဲ့ မုန့်တို့ ဘာတို့ မသိမသာ ဝယ်လာပြီး ထည့်ထားပေးလုပ်မှ စိတ်ကပြေမှာ။

သွားချော့ရင် ပြန်စိတ်ကြည်လာမှာ။ အခုကျ ဒီနေ့တစ်နေ့ပဲ ရန်ကုန်မှာရှိပြီး။ နောက်ရက်တွေကျ ခရီးထွက်ရမှာကိုတွေးပြီး စိတ်ညစ်နေပါသည်။

ရည်ညွန်းသည်လည်း အလုပ် ရောက်သောအခါ ရောက်ရောက်ချင်း ရုံးခန်းထဲကို သင်းသင်း ဖုန်းခေါ်တာနဲ့ ကြုံပါသည်။

"ဟေး ... ဘယ်လိုလဲ ရည်ညွန်း"

မနေ့က မေမေတို့အိမ်က ပြန်တော့ သင်းသင်းဆီ ဝင်တာဖြစ်သည်။ သင်းသင်းက သူငယ်ချင်း အားလုံးထဲမှာ စိတ်သဘောအကောင်းဆုံးလည်း ဖြစ်သလို သူများအပေါ်လည်း မကဲ့ရဲ့တတ်သ်ဖြင့် သင်းသင်းဆီပဲ အရင်သွားဖို့ ဆုံးဖြတ်မိတာဖြစ်





သည်။ အိမ်မှာအမြဲရှိတတ်သော သင်းသင်းက ရည်ညွန်းရောက်လာတော့ တအံ့တသြ ဝမ်းသာအားရကြို၊ ရည်ညွန်းပြောပြတဲ့ ပြဿနာတွေ နားထောင်၊ ပြီးတော့ ...

"မိုးမတို့ကိုပါ ခေါ်ပြီး သင်းသင်း အိမ်မှာစုပြီး စကားပြောကြရင် ကောင်းမလား မသိဘူးနော်"

ပြောတာနဲ့ ကျန်တဲ့ မိုးမတို့၊ စန္ဒာတို့၊ နီလာတို့တွေပါ ရောက်လာ၊ နောက်ဆုံးတော့ မိန်းမတွေပီပီ မနေနိုင်တဲ့ ကိုယ့်ပြဿနာကို ပြောပြမိသောအခါ အားလုံးဆီမှ တစ်သံတည်းကြားရသည်မှာ ...

"အံမယ်လေး ... ယောကျ်ားတွေက အကုန် အဲဒီလိုချည်းပဲ။ အတူတူပဲ။ ဖအေမတူ မအေမတူတွေက မွေးကြတဲ့ ယောကျ်ားတွေပေမဲ့ ယောကျ်ားဆယ်ယောက်မှာ ဆယ်ယောက်စလုံးဆီမှာ တူတဲ့အမူအကျင့်တွေက (၈၅)ရာခိုင်နှုန်းလောက် ရှိတယ်"

ပြောသူကပြော။ စန္ဒာလမင်းကတော့ ဆရာဝန်မိန်းမပီပီ ...

"သူတို့ရဲ့ Gene DNA မှာပါတဲ့ XY Chromosome (အိပ်(စ)ဝိုင်ခရိုမိုဇုန်း)မှာပါတဲ့ Y Chromosome ကြောင့် သူတို့ရဲ့ အကျင့်တွေ မကောင်းတာလို့ ငါထင်တယ်"

ဝေဖန်စရာမရှိ ရှာကြံဝေဖန်လို ဝေဖန်။

www.burmeseclassic.com



"ပစ္စည်းတွေ ယူကိုင်ပြီးရင်လည်း နေရာတကျ ပြန်မထားတတ်တာ သူတို့အကျင့်၊ ပစ္စည်းတစ်ခုခု ပျောက်ရင်ကြီးစားမရှာဘူး။ မင်း ငါ့ရဲ့ခြေအိတ်တစ်ဖက် တွေ့မိလားတို့၊ ငါ့ရဲ့ သံရိုက်တဲ့တူ ဘယ်မှာထားမိလဲ မသိဘူး ရှာပေးပါဦးတို့။ ငါ့ဆေးလိပ်ပြာခွက် ဘယ်ရောက်သွားလဲတို့၊ တစ်ချိန်လုံး လာမေးနေတာ။ ငါ့မှာ နောက်ဆုံးကျ မပျောက်စေချင်တဲ့ ပစ္စည်းဆိုရင် ကိုယ့်ဘာသာ တိတ်တိတ်ဖွက်ထားရတော့တယ်၊ သူ ယူကိုင်ပြီးရင် နေရာတကျ ပြန်မထားတော့ ခဏခဏပျောက်လွန်းလို့လေ"

ဟူသော အပြစ်တချို့ကို ထုတ်ပြောသူကပြော။

"တစ်ခုခု အမှားဖြစ်ရင်လည်း သူ လုပ်ပြီး တကယ့်တကယ်ကျ မိန်းမပဲ လွှဲချတာလေ။ သူ့သဘောနဲ့သူ လုပ်ပြီး မှားတာရှိလာရင် မင်းမှမထားတာတို့၊ မင်းမှအကြံမပေးတာတို့၊ မင်းမှ မပြောတာတို့၊ တစ်ဖက်သတ်ကြီးပြန်လွှဲချတဲ့ နေရာမှာလည်း သူတို့ပဲ။ သူ့သဘောနဲ့ သူလုပ်ပြီး မိန်းမပဲ အပြစ်လွှဲချတတ်တာလေ။ ပြီးတော့ရှက်စရာမရှိလည်း ရှာကြံရှက်သေးတာ၊ ဥပမာ ဆိုင်တစ်ဆိုင် ဝင်ပါပြီတဲ့ အဲဒီဆိုင်က ပစ္စည်းတို့ အဝတ်အထည်တို့ ဈေးနှုန်းကို မကပ်ထားတော့ ကိုယ်က ပါးစပ်နဲ့ပဲ အရောင်းဝန်ထမ်းကို မေးရတာပေါ့။ ဈေးကြီးနေလည်း





ဘာဖြစ်လဲ မဝယ်သေးဘူးနော် ဈေးများနေလို့ပြောပြီးထွက်လာရင် ရတာပဲ၊ အဲဒါကို ကြံဖန်ရှက်တော်မူသတဲ့။ သူတို့ကပဲ မင်း ဝယ်လည်းမဝယ်ဘဲ ဒီလိုဈေးတွေ လျှောက်မေးရသလား ဘာလားနဲ့ အပြစ်တင်သေးတာရှင်။ ဈေးကြီးလို့ မဝယ်တာဘဲ ရှက်စရာလား၊ တစ်သောင်းတန်ပစ္စည်းကိုနှစ်သောင်းပြောလည်း ရှူးပေးပြီး ဝယ်ပြရမှာလား၊ တန်ရာတန်ကြေးရမှ ဝယ်မှာပေါ့"

ဆိုသော အပြစ်အပျက်မျိုး ရင်ဖွင့်သူက ဖွင့်နဲ့။ ရည်ညွှန်းလည်း အဲဒီတော့မှ ဟံသာ့ အပြစ်တွေ အားရပါးရဖွင့်ချရဲတော့သည်။ အစကတော့ သူငယ်ချင်းချင်း ကျောင်းမှာတည်းက ကျိတ်ပြိုင်လာမိကြလေရာ ငါ ပြောလိုက်ရင် ငါ့ကို အတင်းပြောကြတော့မလား။ ဘာလား သံသယဖြစ်ပြီး မပြောရဲခဲ့တာ။ အခုကျမှ အားလုံး ရင်ထဲ မျိုသိပ်ခံစားနေရတာတွေ ပွင့်ကျလာကြတော့မှပဲ မိန်းမအုပ်စုကြီးဟာ ယောကျ်ားမကောင်းကြောင်းအပြစ်တွေ သူ့ထက်ငါ အလုအယက်ကို ပြောမိကြတော့တာတည်း။

တော်ပါသေးရဲ့ အဲဒီအချိန်မှာ သင်းသင်းယောကျ်ား ဦးအောင်ဝင်း အပြင်ထွက်သွားပေလို့။ နောက်မို့ အားတော့အားနာစရာ။

သင်းသင်း အိမ်မှာ နေ့တစ်ဝက်လောက် ကုန်သွားကာ ညနေလေးနာရီလောက်ကျမှ သင်းသင်း ဇွဲဖောက်လာပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ညဘက် ရှော့ပင်း ထွက်ရအောင်ဟယ်၊ လာပါ၊ ငါ့အိမ်က ဒဂုံစင်တာနဲ့ နီးနီးလေး၊ သွားကြရအောင်၊ ငါ ကလေး ပစ္စည်းလေးတွေ ကြည့်ချင်လို့"

ဆိုလာသဖြင့် သင်းသင်း နှစ်ခါပင် မခေါ်လိုက်ရ။ ကျန်တဲ့ လေးယောက် သဘောတူပြီး ပိုက်ဆံအိတ်တွေ ကောက်ကိုင်ပြီးနေကြပြီ။ ဒဂုံစင်တာရောက်တော့ ဟိုအေးဒီငေး၊ တစ်ယောက် ဝယ်တာ ကျန်တဲ့လေးယောက် ဝင်ပါနဲ့ ဆိုင်တစ်ဆိုင် ဝင်ရင်လည်း မိနစ်နှစ်ဆယ်လောက် အနည်းဆုံး အချိန်ကုန်ခဲ့ကြတာမို့ အိမ်ပြန်ကြချိန်မှာ ညရှစ်နာရီကျော်နေခဲ့တာပါ။

"ဒါတောင် ရှော့ပင်းက ကိုးနာရီဆို ပိတ်တော့မှာမို့ အခု ပြန်ရတာနော်"

လို့ သင်းသင်း တစ်ယောက် ဝယ်ရတာ မဝ,နိုင်ဘဲ တပြောပြော ဖြစ်ကျန်ခဲ့သေးသည်။

"ငါတို့ သူငယ်ချင်းတွေ နောက်ဆို ဒီလိုပဲ ချိန်းပြီး ဈေးဝယ်ထွက်ကြရအောင်ဟယ်။ ကလေးလည်း မရှိသေးတော့ အခုချိန်လေးပဲ လွတ်လွတ်လပ်လပ် အလှအပတွေ ပြင်ပြီး သွားနိုင်တာ၊ နောက်ဆို မသွားနိုင်တော့ဘူး"

နီလာတင်က ပြန်ခါနီး ချိန်းဖြစ်အောင် ချိန်းသလို မိုးမတို့ စန္ဒာတို့ကလည်း ...





"ရည်ညွန်း ငါတို့ပေးတဲ့ အကြံဉာဏ်အတိုင်းလုပ်ဖို့ မမေ့နဲ့နော်၊ ဒါမှ ဟံသာ နောင်တကောင်းကောင်းရပြီး လျှော့မှာ။ နောက်မို့ သူတို့ယောက်ျားတွေ စိတ်ထဲမှာ အိမ်အလုပ်ဆိုတာ ဘာများပင်ပန်းလို့လဲ။ ဒီလောက် လုပ်ရတာလေးကို ညည်းညူနေတယ်၊ တာဝန်ခွဲနေတယ် ထင်လိမ့်မယ်။ သူတို့ကိုယ်တိုင် တကယ်လုပ်ရမှ မှတ်မှာ"

ဟူ၍ သေသေချာချာ မှာခဲ့ပါသေးသည်။ ရည်ညွန်းသည် သင်းသင်း တစ်ယောက်သာ ဘာအလုပ်မှ လုပ်စရာမလို၊ အလုပ်လည်း သွားစရာမလို၍ ရည်ညွန်းဆီ ရုံးရောက်ရောက်ချင်း ဖုန်းဆက်သတင်းမေးနိုင်တာမှန်း သိလိုက်ပါသည်။ ကျန်တဲ့ နီလာတင်ကတော့ ဟိုတယ်တစ်ခုမှာ စက္ကတေရီ။ စန္ဒာလမင်းကတော့ ဒီဇိုင်နာ လုပ်ချင်သည်ဆိုကာ နိုင်ငံခြားကလူတွေ မြန်မာပြည်မှာ လာဖွင့်သော ဒီဇိုင်နာကျောင်းမှာ တက်နေဆဲ။ မိုးမနဲ့ ဘရိုင်ယန်က စားသောက်ကုန် ပစ္စည်းမျိုးစုံ၊ ဟင်းချက်စရာမျိုးစုံတို့ တင်ရောင်းသော မီနီမားထ်လေး တစ်ခုကို Ezy Mart (အီးဇီးမားထ်)အမည်ဖြင့် ဖွင့်ထားလေရာ သူတို့လည်း ဆိုင်စဖွင့်တာနဲ့ မအားတော့။ မိုးမက ဆိုင်ထိုင်၊ ဘရိုင်ယန်က ဆိုင်မှာ လိုတာတွေ မှာစရာရှိမှာ။ Delivery လာပို့ရင် စာရင်းမှတ် နေရာချနှင့် ရန်ကုန်မြို့မှာရှိသော ရှင်မတို့၊ Kitchen Mart တို့နဲ့ အပြိုင်ဖွင့်ထားရသဖြင့် သူတို့လည်း သူတို့ဆိုင် တိုးတက်ရေး လုံးပန်းနေ



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ဒါကြောင့် ရုံးဖွင့်ရက်တွေဆို မအားတော့ဘဲ ဘာမှမလုပ်ရသော သင်းသင်းကြိုင် တစ်ယောက်သာ အားလပ်ပျင်းရိနေပုံ ရပါသည်။

"သင်းသင်းရေ တိုက်စစ်ကတော့ စ,လိုက်ပြီ သိလား။ ညက အပြန်မှာပဲ ပြောလိုက်ပြီးပြီ၊ သူ တစ်ခန်းခွဲအိပ်၊ ကိုယ်တစ်ခန်းခွဲအိပ်၊ မနက်ကျ သူ့အတွက် မနက်စာမုန့်တောင် ဝယ်ပြီး အသင့်မပြင်ပေးထားတော့ပဲ စ,လုပ်ပြလိုက်ပြီ ... ဟီ ဟီ"

"ဟယ် ... ဟုတ်လား၊ ဟဲသာ ဘယ်လိုပုံကြီး ဖြစ်နေလဲ"

"အီးဆယ်ချက်မှန်တဲ့ မျက်နှာကြီးနဲ့ပေါ့၊ ဓာတ်ပုံခိုးရိုက်လို့ရရင် ရိုက်ထားပြီး နင့်ဆီ e-mail နဲ့တောင် ပို့လိုက်ချင်တယ် သိလား"

"အေးဟယ် ... နင့်ကို အကြံပေးပြီး မြှောက်ပေးရတာတော့ ဟုတ်ပါပြီ။ ခော်ကြာ သိပ်ကြီး serious များ ဖြစ်လာမလားဆိုပြီး တွေးပူမိတယ်ဟယ်"

"မပူပါနဲ့ဟယ်၊ ငါလည်း စဉ်းစားပြီးသားပါ၊ သူ နောင်တရရုံလေးပါ။ မှတ်သွားရုံလေးပါ"

"နင် အလုပ်လုပ်စရာတွေ အများကြီးပဲလား ရည်ညွှန်း"

"အေး ... ရှိနေတယ်၊ ဘာဖြစ်လို့လဲ"





"ဩော် ... ဒါဆို ငါ အကြာကြီး စကားမပြောတော့ပါဘူး။ ဖုန်းချလိုက်တော့မယ်၊ ငါလည်း တစ်ခါတလေကျ နင်တို့လိုပဲ မနက်ကျ အလုပ်သွား၊ ညနေ အလုပ်ပြန်ရတာမျိုး လုပ်ချင်တယ်ဟယ်၊ အိမ်မှာနေရတာ ပျင်းလာပြီ"

အိမ်မှာနေရလွန်းတဲ့ လူကလည်း အလုပ်လုပ်ချင်။ အလုပ်တွေ ပိနေတဲ့ လူတွေကျ အိမ်မှာနေခွင့်ရတဲ့ သင်းသင်းကို အားကျနဲ့။ လူ့လိုအင်ဆန္ဒ ဆိုတာ ဘယ်တော့မှလည်း ပြီးပြည့်စုံတာ မဟုတ်တော့ ခက်သား။ ရည်ညွှန်းသည် သင်းသင်းကို နှုတ်ဆက်စကားပြောလိုက်ပြီးနောက် ဖုန်းချလိုက်ပါသည်။ ရည်ညွှန်း အလုပ်လုပ်ရသော အလှကုန်ကုမ္ပဏီကြီးမှာ ဂျပန်မှလာသော အလှကုန် Brand တစ်မျိုး တင်သွင်းသော ကုမ္ပဏီဖြစ်သည်။

ရည်ညွှန်းက ကိုယ့်အရည်အချင်းနဲ့ကိုယ် အလုပ်ဝင်ပြီး နှစ်နှစ်အတွင်းမှာ အုပ်ချုပ်မှုမန်နေဂျာ ရာထူးအထိ ရသွားသဖြင့် အလုပ်တာဝန်က ပိုကြီးပါသည်။ တစ်လတစ်ခေါက်လောက် နယ်ကို ခရီးထွက်ရတာတွေ ရှိသည်။ အစိက,ကတော့ မြို့ကြီးတွေ ရှိသော နယ်ဘက်ပိုင်းကို သွားရပါသည်။ ကိုယ့်အလုပ်က အလှကုန်ပစ္စည်းတွေနဲ့ပဲ ထိတွေ့ပြီး လှလှပပ အဆင့်မြင့်မြင့်လေး ဝတ်စားရသဖြင့် ရည်ညွှန်း သဘောကျပါသည်။ စိတ်လည်း ချမ်းသာပါသည်။ အလုပ်ကို လုပ်ရတာ ဝါသနာလည်း ပါသဖြင့် အလုပ်ရောက်တာနဲ့ အိမ်ကပြဿနာတွေ မေ့ကုန်တဲ့အထိ စိတ်နစ်လို့လည်း ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မရည်ညွန်း ဒီနေ့ Grand Plaza ကို သွားဖို့ရှိတယ်လို့ မစ္စလျူး (Ms Lu)က ထပ်သတိပေးခိုင်းပါတယ်ရှင်"

ရည်ညွန်း၏ စက္ကတေရီ မိန်းကလေးက ရည်ညွန်း စားပွဲပေါ် Fax ဝင်လာသော စာရွက်တစ်ထပ် လာတင်ပေးရင်း ပြောသည်။

"ဟုတ်ပြီ၊ အစ်မ သတိရပါတယ်၊ နေ့လယ်စာစားပြီးတာနဲ့ သွားမယ်လို့ သူ သောကြာနေ့ကတည်းက ပြောထားတာလေ၊ ခင်နွယ်ပါ အသင့်လုပ်ထားနော်။ တော်ကြာ မစ္စလျူးက မပြောမဆို ခင်နွယ်ပါ လိုက်ခဲ့ဆိုရင် ချက်ချင်းထလိုက်နိုင်အောင်"

"ဟုတ်ကဲ့ ခင်နွယ် သိပါတယ်၊ မစ္စလျူးက သူ့မျက်စိထဲ ပေါ်လာရင် ခေါ်တတ်လို့ မှတ်ထားပါတယ်"

နေ့လယ်စာ စားပြီးကြသော ရည်ညွန်းတို့ Boss ဖြစ်သော ဟောင်ကောင်နွယ်ဖွား မစ္စလျူးရယ်၊ ရည်ညွန်းရယ်၊ မစ္စလျူး မပြောမဆို ကောက်ခေါ်လာခဲ့သော ခင်နွယ်ရယ် ကုမ္ပဏီကားဖြင့် Grand Plaza ကို ထွက်လာခဲ့ပါသည်။ ကုမ္ပဏီကားမှာ Mark II ဆလွန်းဖြစ်လျက် ဒရိုင်ဘာဖြင့် မောင်းသဖြင့် ခင်နွယ်က ဒရိုင်ဘာဘေးခုံမှာ ထိုင်ရကာ နောက်ခန်းမှာတော့ မစ္စလျူးနဲ့ ရည်ညွန်းတို့ သက်သောင့်သက်သာ ထိုင်လိုက်လာနိုင်သည်။





ရည်ညွန်းသည် ကိုယ့်မိဘလက်ထက်တုန်းကလည်း အိမ်မှာ စီးနိုင်သော ကိုယ်ပိုင်ကားတစ်စီး ရှိခဲ့သဖြင့် အသွားအလာမှာ မခက်ခဲခဲ့သလို အခု အိမ်ထောင်ကျတော့လည်း ကိုယ့်အခြေအနေက နေ့တိုင်း တက္ကစီစီးသွားနိုင်သော အခြေအနေမို့ သွားရေးလာရေး ခက်ခဲသည်ဟူ၍ မရှိခဲ့ပါ။

သို့သော် လူပိပိ အငှားကားတက္ကစီကို စီးရတာထက် စာလျှင် အခုလို Air Con ဖြင့် ငြိမ့်ငြိမ့်လေး စီးရသော ကိုယ်ပိုင်ကားကို ပိုပြီးစီးချင်နေပါသည်။

အဖေအမေတွေနဲ့တုန်းက စီးခဲ့ရသော ကားသည် ကိုယ်နဲ့ မသက်ဆိုင်သလို ခံစားရပြီး အခု တကယ့်ကိုယ်ပိုင်ဘဝ ထူထောင်သောအခါမှာ ဟံသာနဲ့ ရည်ညွန်း တိုင်ပင်ပိုက်ဆံစုပြီး ဝယ်စီးရသော ကားလေးတစ်စီးကို တော်တော်လိုချင်နေသည်။

ခက်တာက ပိုက်ဆံ ဘယ်လိုမှ မစုမိတာပင်။ ဟံသာကလည်း မစု၊ ရည်ညွန်းကလည်း အသုံးစရိတ် မလျှော့နိုင်သေး။

ဟိုပစ္စည်းလေး အသစ်ပေါ် ဝယ်ချင်၊ ဒီဖိနပ်လေး လှရင် ဝယ်ချင်နဲ့။ ပြီးကျတော့ မိတ်ကပ်ဆိုလည်း ဈေးပေါတာတွေ မသုံးရဲသဖြင့် တကယ့်ဈေးကြီး ခေါင်ခိုက်နေသော Revlon မှ L'oreal မှ သုံးသဖြင့် မိတ်ကပ်ဖိုးကလည်း ကုန်သည်။ အ
အလုပ်လုပ်ရသော ဂျပန်အလှကုန်တွေလည်း သူ့ဟာနဲ့သူ ...မည်



www.burmeseclassic.com

www.burmeseclassic.com



လည်းရှိ၊ ဈေးလည်းကြီးပေမဲ့မကြိုက်ပြန်။ သူ့အစွဲနဲ့သူမို့ ဒီကုမ္ပဏီမှာ အလုပ်လုပ်ပေမဲ့ ဒီကုမ္ပဏီမှာက ဝန်ထမ်းကတ်ပြားပြပြီး ဝယ်လျှင် 10% ၊ တစ်ခါတလေ 15% လောက်ထိ discount ပေးသဖြင့် ကုမ္ပဏီဝန်ထမ်း မိန်းကလေး တော်တော်များများကတော့ ဝယ်သုံးပါသည်။

Grand Plaza ရောက်သောအခါ မစွလျှူးနှင့် ချိန်းထားသော သူ့အထက်လူကြီးနှင့် တွေ့ဆုံစကားပြော ဟိုတယ်မှာပင် နေ့လယ်စာ ကော်ဖီ မုန့် စားကြသဖြင့် ဟိုတယ်မှာအချိန် တော်တော် ကြာသွားပါသည်။

ကော်ဖီသောက်ကြပြီးလျှင် နှုတ်ဆက်ဖို့ ပြန်ဖို့လုပ်နေတုန်း ...

"ဟဲလို ... ဟာ ... ရည်ညွှန်းမိုး ထင်တယ်၊ ဟုတ်ဝါတယ်နော်"

ဟူသော လာနှုတ်ဆက်သံကြောင့် ရည်ညွှန်းမှာ မစွလျှူးနား ရပ်စောင့်နေရာမှ လှည့်ကြည့်လိုက်သည်။

"ဩော် ... ဟယ် ... နင် ... နင် ခန့်မောင်မောင် မဟုတ်လား၊ ကြည့်စမ်း"

မစွလျှူးက သူ့ Boss နဲ့ စကားပြောနေရာမှ တစ်ချက်သာ လှည့်ကြည့်ပြီး စကားဆက်ပြောနေသည်။ ခင်နွယ်ကတော့ ရည်ညွှန်းကို လာနှုတ်ဆက်သည့် အရပ်မြင့်မြင့်နှင့် ကြည့်





ကောင်းသော အမျိုးသားကို အသာအယာ ငေး၍ အကဲခတ်နေပါသည်။

"မတွေ့တာတောင် ကြာပြီ"

"ဟုတ်တယ်၊ သုံးနှစ်လောက် ရှိတော့မယ်၊ ဒါနဲ့ နင်ရော ဘယ်မှာအလုပ်ဝင်နေတာလဲ"

"ရည်ညွှန်း MaSaKo (မာဆာကို)ဆိုတဲ့ ဂျပန်ကုမ္ပဏီမှာ အလုပ် လုပ်နေတာလေ"

"ဩော် ... ကြားဖူးတယ်၊ ဘာတွေထုတ်လဲတော့ မသိဘူး"

"အလှကုန်တွေ အဓိက ထုတ်တာပါ၊ အဲ ... ဒီနိုင်ငံကို တင်သွင်းတာပေါ့လေ။ သူတို့ ပင်ရင်းကုမ္ပဏီကတော့ အစုံထုတ်တယ်ပေါ့။ အဝတ်အစား၊ ဖိနပ်၊ လက်ကိုင်အိတ်တွေကအစ ထုတ်တယ်၊ ဒီမှာတော့ ဈေးကွက်မတင်သေးလို့ ခုလောလောဆယ် အလှကုန်တွေပဲပေါ့၊ အခု ကုမ္ပဏီကိစ္စနဲ့လာတာလေ။ ဟိုမှာထိုင်စကားပြောနေတဲ့ Chinese အမျိုးသမီးက ရည်ညွှန်းရဲ့ Boss ပဲ"

ခန့်မောင်မောင် တစ်ချက်သာ ကြည့်ပါသည်။ ခန့်မောင်မောင်ဟာ တက္ကသိုလ်မှာတုန်းက ဟဲသာနဲ့အပြိုင် ရည်ညွှန်းကို ပိုးပန်းခဲ့ဖူးသူ ဖြစ်သလို သူငယ်ချင်းလည်း သူငယ်ချင်း၊ ခုံပေါတ်ချင်းလည်း နီးသဖြင့် အတော်အတန် ရင်းနှီးခင်မင်ခဲ့သူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရည်ညွန့်း အချစ်ကို ဟံသာ ရသွားကြောင်း သိရတော့ ခန့်မောင်မောင်သည် တိတ်ဆိတ်စွာပင် နောက်ဆုတ်သွားခဲ့သူလည်း ဖြစ်ပါသည်။ ကျောင်းပြီးသောအခါ ရည်ညွန့်းတို့ ချက်ချင်း လက်မထပ်ဖြစ်ကြသေးဘဲ ငါးနှစ်လောက် သင်တန်းတွေ တက်၊ အလုပ်ရှာ၊ အလုပ်ဝင်၊ ပိုက်ဆံစုကြပြီးမှ လက်ထပ်ကြတာ ဖြစ်ပါသည်။ ခန့်မောင်မောင်ကတော့ ကျောင်းပြီးကတည်းက သင်္ဘောပဲလိုက်သွားသလိုလို၊ စင်ကာပူပဲထွက်သွားသလိုလို အသံကြားရပြီး ပျောက်သွားတာ အခုမှ ပထမဆုံးအကြိမ် ပြန်ဆုံရတာပဲ ဖြစ်သည်။

"ခန့်မောင်မောင်ကရော အခု ဘယ်မှာလဲ"

"စင်ကာပူ ထွက်သွားတယ်လေဟာ"

"အေး ... အဲဒီသတင်းတော့ ကြားပါတယ်"

"အဲဒီမှာ ငါ့ဦးလေးတွေ အဒေါ်တွေ အခြေကျနေကြတယ်။ ဆိုင်တွေဘာတွေ ဖွင့်ထားကြတယ်ပေါ့၊ ငါကတော့ ပညာတစ်ခုခုလောက် သင်ချင်တာနဲ့ နှစ်နှစ်လောက်နဲ့ပြီးမဲ့ ဒီပလိုမာ တက်လိုက်တယ်၊ အခုခေတ်စားနေတဲ့ ကွန်ပျူတင်းပိုင်းပေါ့။ ကျောင်းပြီးတော့ ဆော့(ဖ)ဝဲလ်ကုမ္ပဏီတစ်ခုမှာ ကံကောင်းပြီး အလုပ်ရတာနဲ့ ဆက်လုပ်နေလိုက်တယ်လေ"

"အခု အပြီးပြန်လာတာလား"





"မဟုတ်ဘူး၊ ငါက ဒီလိုပဲ Holiday ရရင် ပြန်ပြန်လာတယ်၊ မြန်မာပြည်အနံ့ လျှောက်သွားတယ်။ ဟိုအစွန် အဖျား ကော့သောင်းထိလည်း ရောက်ပြီးပြီ။ ဟိုးထိပ်ပိုင်းအဖျားက မေခ မလိခမြစ်တွေလည်း သွားကြည့်ပြီးပြီ၊ ဟား ဟား မြန်မာပြည်မှာ နေတုန်းက မသွားမိခဲ့တာတွေ အခုတခြား တိုင်းပြည်မှ သွားနေရမှပဲ ပြန်ပြန်လာပြီး သွားမိတယ်ပေါ့ဟာ"

"ဟယ် ... အဲဒါ ကောင်းပါတယ်၊ နင် ပြောသလိုပါပဲ၊ ရည်ညွန့်းတို့လည်း မြန်မာပြည်မှာ နေ့နေ့ရင်းနဲ့ကို အနှံ့ လျှောက်မသွားနိုင်ဘူး ဖြစ်နေတယ်၊ ခရစ္စမတ်ပိတ်ရက်၊ သင်္ကြန်ပိတ်ရက်တွေကျလည်း အနီးအနားလောက်ပဲ ရောက်ဖြစ်ကြတယ်"

"ဟံသာနဲ့ လက်ထပ်ဖြစ်ကြတယ်လို့ သတင်းကြားတယ် ဟုတ်လား"

ခန့်မောင်မောင်က ရည်ညွန့်းကို အကဲခတ်ရင်း မေးသည်။ ရည်ညွန့်းဟာ အိမ်ထောင်ကျတာလည်း တစ်နှစ်လောက်သာ ရှိသေးခြင်း၊ ကလေးမယူရသေးခြင်း၊ အလှကုန်ပစ္စည်းကုမ္ပဏီမှာ ရာထူးကြီးကြီးနဲ့ အလုပ် လုပ်ရသဖြင့် ကြော့ရှင်းလှပနေအောင် နေရခြင်း၊ အပြင်အဆင်ကလည်း ခေတ်နဲ့အညီ ပြင်ဆင်ထားနိုင်ခြင်း စသည်တို့ကြောင့် အပျိုလေးတစ်ယောက်လိုပဲ ကြည့်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



နေသေးရာ ခန့်မောင်မောင်မှာ စိတ်ထဲတွင် အမှတ်ပေးမိနေသည်။ ရည်ညွန်းမိုးတို့ အုပ်စုက အကုန် အချောအလှတွေချည်းပဲမို့ တက္ကသိုလ်မှာ တော်တော် လူသိများ၊ နာမည်ကြီး စာရင်းဝင်တွေ ဖြစ်ခဲ့သည်။

အားလုံးထဲမှာ ပိုက်ဆံအချမ်းသာဆုံးဖြစ်ပြီး နောက်ဆုံးပေါ် ကိုယ်ပိုင်ကားကိုမောင်းပြီး ကျောင်းတက်နိုင်ခဲ့သူ တရုတ်ကပြားမလေးဖြစ်သည့် သင်းသင်းကြိုင်ကတော့ လေးနှစ်ဆက်တိုက် ကွင်းဘွဲ့ရခဲ့သူ ဖြစ်ပါသည်။ ရုပ်ရည်ချောမောပြီး ပိုက်ဆံချမ်းသာခြင်းက ပံ့ပိုးသဖြင့် သင်းသင်းကြိုင် ကွင်းရပေမဲ့ ကျန်တဲ့လေးယောက်ရဲ့ အလှတွေကလည်း သူ့ကို ကပ်လိုက်နေခဲ့သည်ဟု ယောကျ်ားလေးသဘာဝ ဝေဖန်ခဲ့မိတာတွေ ရှိပါသည်။

အခုလည်း တက္ကသိုလ်ကျောင်းသူ ဘဝကလိုပင် လှဆဲပဲဆဲ ကြော့ရှင်းနေဆဲ မိန်းကလေးကို အမှတ်ပေးနေမိသည်။

"ဟုတ်တယ်၊ အခုမှ တစ်နှစ်ပဲ ရှိသေးတယ်"

"ကျောင်းပြီးပြီးချင်း မယူဖြစ်ဘူးပေါ့"

"မယူဖြစ်ပါဘူး၊ သူရော ရည်ညွန်းရော ရည်မှန်းချက်တွေနဲ့ဆိုတော့ speaking တွေ ထပ်လေ့လာကြတယ်။ ကွန်ပျူတာ ဒီပလိုမာ ထပ်တက်ကြတယ်။ အလုပ်ရှာတယ်။ သူကတော့ သူ့အဖေကုမ္ပဏီမှာ ကျောင်းပြီးပြီးချင်း ဝင်ပေမဲ့





ရည်ညွန်းကတော့ အလုပ်ရှာရတယ်လေ၊ အလုပ်ရပြီးတော့ ပိုက်ဆံနှစ်နှစ်လောက် စုကြသေးတယ်၊ ပြီးမှ လက်ထပ်ကြတာပါ"

"စီးပွားကိန်းချပြီးတော့ လက်ထပ်တာပေါ့"

"ရည်ညွန်းပဲ မေးနေ၊ ခန့်မောင်မောင်ကရော"

"ဟာ ... လိုသေးတယ်၊ မတွေ့သေးပါဘူး၊ ရင်ထဲကို နေရာယူနိုင်မဲ့တစ်ယောက် ခုထိရှာလို့မတွေ့သေးဘူး"

ရည်ညွန်းက သူ ဘာပြောချင်သလဲ ဆိုတာ သဘောပေါက်လိုက်ပါသည်။ သူ ရည်ညွန်းကို တော်တော်စွဲလမ်းခဲ့တာ မျှော်လင့်ခဲ့တာ ဟံသာနဲ့ အကြိတ်အနယ်ပြိုင်၍ ပိုးပန်းခဲ့တာတွေကို ပြန်သတိရသဖြင့် မျက်နှာကိုလည်း ပြုံးလည်းမပြုံးလွန်း၊ တည်လည်း မတည်လွန်းဖြစ်အောင် သတိထားနေရပါသည်။

ရည်ညွန်းသည် ဟံသာနဲ့ ရန်သာဖြစ်မည်။ စိတ်ကောက် အစွဲတိုက် ရန်လုပ် အပြစ်ပြော စိတ်တိုင်းမကျ ငြူစူဆောင့်အောင့်တာသာ လုပ်မည်။ ဘယ်တော့မှ စိတ်ဖောက်ပြားဖို့၊ တခြားယောကျ်ား တစ်ယောက်အပေါ် စိတ်ယိုင်ဖို့လည်း ယောင်လို့တောင် စိတ်မကူးမိလေရာ ကိုယ့်အပေါ် ချစ်ခဲ့ဖူးသော ယောကျ်ားတစ်ယောက်ကို ပုံမှန်ဖြင့်သာ ဆက်ဆံဖို့ စိတ်ထဲမှာ သတိပေးထားမိတော့သည်။

မစ္စလျူးက ပြန်မည်ဟု ကိုယ်ဟန်ပြနေသဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ရည်ညွန်း Boss က ပြန်တော့မှာမို့ သွားလိုက်ဦးမယ် ခန့်မောင်မောင်"

ဟု စကားဖြတ်ပြီး နှုတ်ဆက်ပါသည်။

"ရည်ညွန်း လိပ်စာတို့ ဖုန်းတို့ ပေးခဲ့ပါဦး၊ e-mail ရှိရင်လည်း e-mail ပါ ပေးလေ။ ဟိုပြန်ရောက်ရင် ရည်ညွန်းဆီ e-mail ပို့လို့ ရတာပေါ့"

"ဪ ... ရည်ညွန်းရဲ့ card ပေးခဲ့မယ်၊ အဲဒါ ရည်ညွန်း အလုပ်လုပ်တဲ့ office ရဲ့ လိပ်စာနဲ့ဖုန်း။ fax တွေပါတယ်။ ရည်ညွန်း ကိုယ်ပိုင် e-mail ကလည်း ရုံးကပဲ account ဖွင့်ပေးထားတယ်၊ card ထဲမှာ ပါပါတယ်"

"ဒါဆို ဒီနေ့ညနေပဲ ပို့မယ်နော်။ ငါ့လိပ်စာတော့ e-mail ပို့ရင်းနဲ့မှ အသေအချာ ရေးပေးလိုက်မယ်။ ရည်ညွန်းဆီ e-mail ပို့လိုက်ရင် ငါ့ရဲ့ e-mail address ပါ သိပြီပေါ့။ yenyun@masako.com ဆိုရင် ရည်ညွန်းဆီ e-mail ပို့လို့ရပြီ မဆိုးဘူး။ ရည်ညွန်း လိပ်စာက လွယ်တယ်။ တချို့ဆို သူတို့မွေးတဲ့ ခုနှစ်နဲ့ရောပြီး address လုပ်ထားတာတွေ့တယ်။ မှတ်ရတာ ရှုပ်တာပေါ့"

ခန့်မောင်မောင်သည် ရည်ညွန်း၏ Visiting card ကို သူ့ wallet ထဲ ထည့်သိမ်းလိုက်ပါသည်။





အပြန်လမ်းမှာ ရည်ညွန်း ခန့်မောင်မောင်အကြောင်း တွေးလာခဲ့သည်။ အင်း ... မောင်နဲ့ ရန်မဖြစ်ထားဘူး၊ စိတ်မကောက်ထားဘူး ဆိုရင်တော့ အိမ်ရောက်ရင် သူ့သဝန်တိုအောင် ပြန်ပြောပြလို့ ရတာပေါ့လေ။ ခုတော့ စိတ်ကောက် ရန်ဖြစ်ပြီး ကိုယ်ကစပြီး စစ်ကြေညာထားမိတော့ အပိုစကားတွေ ပြောချင်ရင်လည်း ပါးစပ်ပိတ် အောင့်အည်းပြီး နေရမှာပေါ့။

ကိုယ်က တစ်ခုခု လိုချင်ရင် တစ်ခုခု ပြန်ပေးရတယ်ဆိုတာ သိပ်မှန်တာပဲ။ မောင့်အပေါ် အနိုင်လိုချင်လို့ ပညာပြထားမိတော့ ရည်ညွန်း ဘယ်က ဘာကို ပြန်ပေးဆပ်ရသလဲ ဆိုရင် စကားပြောချင်ရက် မပြောဘဲ နှုတ်ဆိတ်ပြီး ကိုယ့်စိတ်ကိုယ် ပြန်ချိုးနှိမ်ထားရခြင်းဆိုတဲ့ ပေးဆပ်မှုပဲ။

ရည်ညွန်းဟာ ဟံသာ့ရဲ့ မြိုင်ဘက်ကြီးကို တွေ့မှပဲ ဟံသာ့ အကြောင်းတွေ ခေါင်းထဲ အစီအရီ တွေးလို့ကောင်းနေခဲ့တော့သည်။

❋ ✢ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၇

လက်ဆွဲသေတ္တာ Luggage အသေးလေးနဲ့ အင်္ကျီအဝတ်အစားတချို့ သူ ထည့်နေတာ တွေ့ပေမဲ့ ရည်ညွန်း တမင်မမေးပါ။ သူ့အလုပ်ကိစ္စအရ ဒီလိုပဲ ညအိပ်ညနေ ခရီးထွက်ရတာတွေရှိကြောင်း သိသဖြင့် သိပ်ပြီး အထူးအဆန်းတော့ မဖြစ်မိ။ အရင်ကတော့ သူ သိပ်ကိုဓိမ်ကျတာလေ။

"ရည်ညွန်းရေ ... မောင် မနက်ဖြန်တော့ မန္တလေး ပြင်ဦးလွင်ဘက် ထွက်ရမယ်ကွ၊ နှစ်ရက်စာ သုံးရက်စာလောက် ကြည့်ကျက်ထည့်ပေးပါဦး"

ပြောလိုက်ရုံကလေးပဲ။

ရည်ညွန်းက သိတတ်စွာ အင်္ကျီအဝတ်အစားဆို ညအိပ်ဝတ်ရမှာကအစ၊ လိုရမယ်ရ အိမ်သုံးဆေးတွေ ဘာတွေတောင် ထည့်ပေးလိုက်တတ်သည်။





သူသွားရတာ မြို့ကြီးပြကြီးတွေမို့ ဆေးကိစ္စတော့ မပူရပေမဲ့ ကားမောင်းသွားရသဖြင့် လမ်းခုလတ်မှာ သူ မတော်တဆ ဖျားလာခဲ့ရင်၊ တစ်ခုခုထိမိခိုက်မိရင်၊ ခေါင်းကိုက် အကြောတက် ဖြစ်လာရင် အလွယ်တကူ ထုတ်သောက်လို့ရအောင် ထည့်ပေးလိုက်တတ်ပါသည်။

သူ ပြန်လာရင်တော့ ...

"တော်ပါသေးရဲ့ကွာ၊ ကားရေဆူလို့ ဖွင့်ကြည့်ရင်း အပူလောင်သွားတာ၊ ရည်ညွန်းက အပူလောင်ရင် ချက်ချင်းလိမ်းရတဲ့ ဆေးတောင့်လေး ထည့်ပေးလိုက်ပေလို့ပဲ။ နောက်မို့ အဖုကြီး ဖြစ်လာရင် ပိုခံရမှာ"

ဆိုတာမျိုး။

"ကားမောင်းနေရင်း သူ့အလိုလို ခေါင်းကိုက်လာလို့ ရည်ညွန်း ထည့်ပေးလိုက်တဲ့ ခေါင်းကိုက်ပျောက်ဆေး မြန်မြန်ထုတ်သောက်လိုက်ရတယ်"

ဟူသော အကြောင်းအရာမျိုး တစ်ခါတလေ ကြားရတတ်သည်။

အခုလည်း သူ့ဘာသာ ထည့်တော့ ထည့်နေတာပဲ။ ဘာတွေပါသလဲတော့ မသိ။ မသိမသာ ခဏခဏဘေးက ဖြတ်ပြီးကြည့်ပေမဲ့ luggage ထဲမှာ အင်္ကျီအဝတ်အစား၊ မျက်နှာသုတ်ပဝါ၊ သွားတိုက်တံ၊ မုတ်ဆိတ်ရိတ်တဲ့ဂျုတ်၊ after shave၊



www.burmeseclassic.com

www.burmeseclassic.com



body spray တွေကလွဲရင် ဆေးနဲ့တူတာဆိုလို့ ဘာမှပါတာမတွေ့ရပါ။

အင်း ... သူကပဲ တစ်ပြန်ကြီး မာနကြီးပြီး ငါ့ လာမမေးရတယ် ရှိသေးတယ်။ အဆင်မပြေရင် လာမေးပါလား။ ရည်ညွန့်း မောင် ခရီးသွားရမှာမို့ ဘာဆေးထည့်ရမလဲ ပြောပါ ယူထည့်မလို့ဆိုရင် ဒီက ကိုယ်တိုင် ထည့်မပေးပေမဲ့ ဘယ်ဆေး ဘယ်ဆေးဖြင့် ယူသွားပါလို့ အကြံပေးမှာပေါ့၊ ဟင်း ... သူကပဲ မမေးရတယ် ရှိသေးတယ်၊ မမေးရင် နေပေါ့၊ ရတယ် ငါကလည်း ဝင်မပါဘူး။

ရည်ညွန့်းသည် ညနေစာအတွက်ရော မနက် ရုံး ထမင်းဘူး ထည့်ဖို့ပါ ပြင်ဆင်ချက်ပြုတ်နေလိုက်ပါသည်။ ညနေစာမှာ တစ်ယောက်စာပဲမို့ အမှန်တော့ များများစားစား ချက်စရာ မလိုပေမဲ့ ရုံးမှာကျ ထမင်းဘူး အတူတူစုပြီး စားသဖြင့် ဟင်းပို ထည့်ရမှာမို့ တစ်ခါတည်း များများချက်လိုက်ပါသည်။

ငါးဖယ်ငါးဆုပ်ကိုပင် ကြော်လိုက်ပြီး ခရမ်းချဉ်သီးနဲ့ ဘူးသီးကို နံနံပင်အုပ်သော ချဉ်ရည်တစ်ခွက်သာ နှစ်မျိုးချက်လိုက်ပါသည်။

ဟံသာသည် အိတ်ပြင်ဆင်နေရင်း ရည်ညွန့်းချက်သော ချဉ်ရည်ဟင်းနံ့ကိုရကာ သွားရည်ယိုလာသည်။ ရည်ညွန့်းသည် ကျန်တဲ့ဟင်းတွေမှာတော့ သူလို ကိုယ်လိုပေမဲ့ ချဉ်ရည်





ဟင်းချက်လျှင် တော်တော် လက်ရာကောင်းသည်။ ဘာချဉ်ရည် ပဲချက်ချက် လက်မှန်းတည့်ပြီး အနေတော်လေးနဲ့ အရသာရှိလှသည်မို့ ဟံသာသည် ရည်ညွန့်း လက်ရာတွေထဲမှာ ချဉ်ရည်ဟင်းကိုတော့ အကြိုက်ဆုံး ဖြစ်သည်။ တောက် ... ဒီမိန်းမ, ငါစားချင်အောင် တမင် ဒီနေ့မှ ချဉ်ရည်ဟင်းချက်ပြတာလား မသိဘူး။

အလုပ်က ပြန်လာတော့ ဗိုက်မဆာအောင်ဆိုပြီး ကြေးအိုးဆီချက်တစ်ပွဲ ဝင်စားခဲ့သေးပေမဲ့ အခုကျ အိမ်ပြန်ရောက် ဟင်းနံ့ရလျှင် ဗိုက်သိပ်မဆာပေမဲ့ နည်းနည်းပါးပါးတော့ မြည်းကြည့်ချင်လာသည်။ စားကြည့်ချင်လာသည်။ ဗမာလူမျိုးဆိုတာက အစာစားတတ်ကတည်းက ထမင်းနဲ့ ရင်းနှီးလာခဲ့ကြသူတွေဖြစ်ရာ တစ်နေ့မှာ ထမင်းတစ်နပ် မစားရလျှင် မတင်းတိမ်နိုင်ကြ။ ဟံသာလည်း ထို့အတူပင်။ မနက်ကလည်း ဂျပန်တွေနဲ့ စားသောက်ဆိုင် တစ်ဆိုင်မှာ ဝင်စားလိုက်ရသဖြင့် လွယ်လွယ်ပြီး၊ ပြီးရောဆိုကာ ခေါက်ဆွဲကြော်တစ်ပွဲသာ မှာစားလိုက်သည်။

ဟံသာ့စိတ်က တစ်မျိုး။ ညှော်သည်ပါနေလျှင် ကိုယ်ကလည်း အလုပ်တာဝန် ပါနေလျှင် အပြင်မှာစားရတဲ့ အစားအစာကို အကြီးအကျယ်ချဲ့ပြီး မှာမစားတတ်။ ဗိုက်ပြည့်ရင်ပြီးရော ဆိုပြီး စားတတ်သည်။ မနက်ကပဲ ခေါက်ဆွဲ၊ ညနေလည်း ခေါက်ဆွဲဆိုတော့ လူက ရင်ပူသလိုဖြစ်ပြီး ထမင်းနည်းနည်းတော့စားလိုက်ချင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘာသာ ထမင်းသွားချက်ရင်တော့ ရသည်။ ဒါပေမဲ့ ဘယ်မှာလဲ ဟင်းက။ ရည်ညွန်း ချက်ထားတာ သွားနှိုက်လို့လည်း မကောင်း။ သူ ပြောထားရက်နဲ့ သွားစားရင် သူက တော့ ဘာမှမပြောပေမဲ့ ရှက်စရာ ကောင်းသည်ဟု ထင်မိပြီး ဟံသာသည် Coke တစ်ဘူးသာ သွားယူသောက်ပြီး တီဗီရှေ့ ထိုင်နေမိတော့သည်။

ကြည့်ချင်တာ မဟုတ်ပါဘဲ တီဗီဖွင့်ကြည့်စဉ် ရည်ညွန်းရော တီဗီမကြည့်ဘဲ နေနိုင်ပါလားဟု တွေးမိသည်။ ဒါနဲ့ပဲ ...

"ဟေး ... ရည်ညွန်း၊ မင်းက အိပ်ခန်းကို ယူထားပြီး ဧည့်ခန်းကို ငါ့အတွက် ပေးထားတာတော့ ဟုတ်ပါပြီ။ မင်းက တီဗီမကြည့်တော့ဘူးတဲ့လား"

ဟု လှမ်း၍ စကားစ,ပါသည်။

"မကြည့်ပါဘူး၊ ရတယ်"

"အံမယ် ... တယ်ဟုတ်ပါလား၊ ကိုရီးယားကား မကြည့်ဘဲ နေနိုင်တယ်ပေါ့"

"အစတည်းက သိပ်စွဲစွဲလမ်းလမ်းကြီးမှ မဟုတ်တာ၊ မကြည့်လည်း နေလို့ရတယ်၊ အခု ရည်ညွန်း ဝတ္ထုစာအုပ်ပဲ ဖတ်တော့မယ်၊ ရှင် လာစကားမပြောနဲ့တော့"





ရည်ညွန်း အခန်းတံခါး ပိတ်သွားပါသည်။ ဟံသာလည်း တီဗီရှေ့ ထိုင်ကြည့်ရတာ ပျင်းသလိုပင် ခံစားလာရသည်။ အခုကျ သူ တစ်ယောက်တည်း တီဗီကို အပိုင်စီးထားလို့ရပြီ။ တီဗီကြည့်ချင်ရင်ကြည့် မကြည့်ချင်ရင် DVD တစ်ခွေကြည့်။ ဒါမှမဟုတ် တီဗီနဲ့ join ထားတဲ့ PS2 စက်ကိုဖွင့်ပြီး ဘောလုံးပွဲကစား၊ ကြိုက်တာလုပ်နိုင်ပြီ။ ဒါပေမဲ့ ဘာမှလုပ်ဖို့ စိတ်မပါသလို ဖြစ်နေသည်။

အရင်ကဆို လင်မယားနှစ်ယောက် ညနေစာ စားသောက်ပြီးတာနဲ့ တီဗီရှေ့ ထိုင်ကြလျှင် အမြဲပြဿနာ တက်ရသည်။ ရည်ညွန်းက တီဗီဇာတ်လမ်းတွဲ ကြည့်ချင်သည်။ ရှစ်နာရီသတင်းလာမှ ဇာတ်လမ်းတွဲ ပြီးလေရာ ထိုဇာတ်လမ်းပြီးတာနဲ့ ငှားလာသော DVD တစ်ချပ်ကို ကြည့်ချင်ပြန်သည်။ ထိုအချိန်မှာ ဟံသာကလည်း PS2 စက် ဖွင့်ကစားချင်ပြန်သည်။

"မောင်က အမြဲကစားနေတာ၊ ဒီနေ့ မကစားနဲ့ ရည်ညွန်းကို နေရာဖယ်ပေး"

ဆိုပြီး ရည်ညွန်းက သူမ ငှားလာသော drama ကား တစ်ကားကို အတင်းလုကြည့်ဖို့ ကြိုးစားသည်။ ဟံသာကလည်း အလျှော့မပေး။

"မင်း ခုနက ကိုရီးယားကား ကြည့်တော့ ငါ နှောင့်ယှက်လို့လားကွာ။ မင်း,ကားပြီးမှ ငါ ကစားတာပဲ။ မင်းချည်းပဲ တီဗီကို အပိုင်စီးထားချင်လို့ ရမလား"



www.burmeseclassic.com

www.burmeseclassic.com



ဆိုကာ အရှုံးမပေးဘဲ အတင်းလုပြန်သည်။ နောက်ဆုံးတော့ စကားများ၊ ရန်ဖြစ်။

"အိမ်မှာ လူနှစ်ယောက်ရှိတာ တီဗီနှစ်လုံး ဝယ်ရမလို ဖြစ်နေပြီ"

လို့ ဟံသာက သူ ရှုံးသည့် နေ့တွေမှာ ထိုသို့ ညည်းညူတတ်သည်။

"ဒီ drama ကားလေးက ကြာတာ အလွန်ဆုံး တစ်နာရီခွဲပေါ့၊ အဲဒါကို သည်းခံပြီး မစောင့်နိုင်ဘူး။ ယောက်ျားဖြစ်ပြီး ကိုယ့်မိန်းမကိုယ် ဘယ်တော့မှ မညှာဘူး"

ဟူ၍ တစ်ခါတစ်ရံ ရည်ညွန်းရှုံးသော နေ့တွေမှာ ရည်ညွန်း ငိုပြီးပြောတတ်သည်။ ထိုအခါမျိုးတွေမှာ ဟံသာ အံ့သြရသည်။ ရုပ်ရှင်မကြည့်ရတာလေးနဲ့ပဲ ငိုရသလားလို့ ရည်ညွန်းကို ဝေဖန်မိတတ်သည်။

အခုကျတော့လည်း ရည်ညွန်း ဘာကားမှ မကြည့်ဘဲ နေနိုင်နေပြန်သဖြင့် အံ့သြနေသည်။ အရင်ကဆို တစ်ပတ်မှာလေးရက်လောက်တော့ ငှားကြည့်ရမှ။ ပြီးတော့ ဘာပြောသေးလဲဆိုရင် ...

"ကိုရီးယားကားတွေ သိပ်စွဲလို့တော့ မဟုတ်ပါဘူးလေ၊ ဒါပေမဲ့ အလုပ်ရောက်ရင် ထမင်းစု စားကြရင် ညကဇာတ်လမ်းအကြောင်း ဟိုကပြော ဒီကပြောနဲ့ ရည်ညွန်း တစ်





ယောက်တည်း ဘာမှဝင်မပြောနိုင်ရင် ဘာစကားမှကို ပြောစရာကို မရှိကြတော့ဘူး၊ ပြီးတော့ ရည်ညွန်းက ဟောလီးဝုဒ်က ထုတ်တဲ့ကားပဲ ကြည့်ပြီး အေးရှားကကားတွေ မကြည့်ဘူးဆိုရင် ဘဝင်မြင့်တယ်။ အမေရိကားကို အထင်ကြီးတယ်လို့ ကွယ်ရာကျ ဟားခံရမှာစိုးလို့ သူတို့နဲ့ ဆွေးနွေးနိုင်အောင် ကြည့်ထားရတာလေ"

ဟု ညဘက် ဇာတ်လမ်းတွဲတွေ ကြည့်ဖြစ်ရခြင်း အကြောင်းရင်းကိုလည်း ရှင်းပြဖူးသေးသည်။

ကဲ ... အခုကျ အလုပ်မှာ ထမင်းစု စားကြရင် ပြန်ပြောစရာ မလိုတော့ဘူးလား။ အခုည လွတ်သွားတဲ့အပိုင်းကို ပြန်မပြောတော့ဘူးတဲ့လား။ တော်တော်နေနိုင် စိတ်ကောက်နိုင်တဲ့ မိန်းမပဲ။

ဂင်းနှစ်စာအုပ်ထဲ စိတ်အကောက်နိုင်ဆုံး လူသားအဖြစ်ထည့်ရင် ရမယ်။

စိတ်မပါလှပေမဲ့ PS2 စက်ဖွင့်ပြီး ဘောလုံးပွဲကစားနေလိုက်ပါသည်။ စိတ်မပါဘဲ ကစား၍ ထင်သည်။ ဟံသာကိုယ်စားပြု ကစားသော အသင်းကလည်း တစ်ချိန်လုံး ရှုံးနေသဖြင့် ဟံသာသည် စိတ်ဘို စိတ်ညစ်နေသည့် အခံဖြင့် ကွန်ပျူတာ effect ဖြင့် ဖန်တီးထားသော ကမ္ဘာကျော် ဘောလုံးသမားရုပ်တွေကို မိုးမွှန်အောင် ဆဲနေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရည်ညွန်းသည် အိပ်ခန်းထဲတွင် ဂန္ထဝင်ဝတ္ထုစာအုပ်ကြီး တစ်အုပ်ကို ဖတ်နေရင်းမှ ဟံသာ ဆဲသံတွေကို ကြားရလျှင် ခပ်တိုးတိုး ရေရွတ်ဝေဖန် အပြစ်တင်မိသည်။

"ဆဲတတ်လိုက်တာလည်း သူ့လောက် မရှိဘူး။ ပါးစပ်က အဲမြဲ အယုတ္တ အနတ္တတွေပဲ ထွက်နေတယ်၊ ဘယ်လိုလုပ် လာဘ်ကောင်းတော့မလဲ။ ဘုရားစင်ရှိရက်နဲ့ ဘုရားကို တစ်နေ့တစ်ကြိမ်လောက်တောင် ဦးမချတဲ့လူက ပါးစပ်က ကောင်းသောစကားလည်း မထွက်တော့၊ အိမ်က လာဘ်ပိတ်နေပြီပေါ့။ သူ့ကြောင့် စီးပွားမတက်တာ ဘယ်လိုမှ ပြုပြင်လို့လည်း မရဘူး သူ့အကျင့်တွေကို"

ရည်ညွန်းသည် ခပ်တိုးတိုးပြောရင်း မီးမှိတ်ပြီး အိပ်ဖို့သာ စဉ်းစားတော့သည်။ အပြင်မှာ ဆူညံအော်ဟစ်နေတာ ဘယ်လိုလုပ် စာအုပ်ထဲ စိတ်ဝင်စားလို့ ရတော့မလဲ။ ပြီးတော့ ဘောလုံးပွဲ ကစားတာပဲ၊ ဘာ sound effects မှ မလိုတဲ့ဟာကို ဆောင်းဘောက်(စ)တွေပါဖွင့်ပြီး အကျယ်ကြီး ကစားတာလေ။ လူက ဘောလုံးကွင်းထဲ ရောက်နေသလိုပဲ။ အော်သံ ဆူသံ ဝီစီသံတွေနဲ့ ငါ့မလည်း ဝင့်မပါတယ် ထင်တယ်။ အဲဒီအသံတွေကို ဆန့်ကျင်ပြီး ကြိုးစားအိပ်ရမှာတဲ့။

သူလည်း မနက်အစောကြီး ထရမှာ ခုထိကို မအိပ်သေးဘူး။ တော်တော် နေနိုင်တာပဲ။ ရည်ညွန်းသည် တွေးလိုက်





အပြင်က အသံတွေ ကြိုးစားမေ့လိုက်လုပ်ပြီး အိပ်ပျော်အောင် မျက်စိကို အတင်းမှိတ်ထားရတာသာ ရှိသည်။ ဘယ်လိုမှ အိပ်မပျော်။ နာရီကြည့်တော့ ဆယ်နာရီထိုးနေပြီ။ ရည်ညွန်းက ခြောက်နာရီခွဲဆို နိုးတာမို့ အလွန်ဆုံး ဆယ်နာရီခွဲ၊ ဆယ့်တစ်နာရီမှာ လူက အိပ်ပျော်မှဖြစ်မည်။ ခုလည်း တစ်နေ့လုံး အလုပ်မှာပင်ပန်း၊ မျက်စိလည်း ညောင်းပြီဖြစ်ရာ အိပ်ပျော်ချင်ပါသည်။

သို့သော် အသံတွေ ဆူသဖြင့် ဘယ်လိုမှအိပ်မရ။ ဧည့်ခန်းနဲ့ အိပ်ခန်းက နံရံတစ်ချပ်သာ ခြားလေရာ အသံတွေက နားထဲ စုပြုံတိုးဝင်စေပါသည်။

ဒါနဲ့ပဲ ရည်ညွန်း အခန်းတံခါးဘုကို အသာလှည့်ဖွင့် လူက ကိုယ်တစ်ပိုင်းထွက်လျက် ...

"ကိုဟံသာ ... ရှင့်ဘောလုံးပွဲ အသံတိုးပေးပါလား၊ ဒီမှာ ရည်ညွန်း အိပ်တော့မလို့"

ရည်ညွန်းက စိတ်ကောက်နေလျှင် ခေါ်နေကျ "မောင်"ကို မခေါ်ဘဲ "ကိုဟံသာ"ဟုသာ ခေါ်တတ်ပါသည်။ ဟံသာ အသာနားစွင့်ရင်း ဘာမှပြန်မဖြေ။ အသံကိုလည်း လျှော့မပေးပါ။

"ကိုဟံသာ ... ကိုဟံသာလို့ ဆိုနေ၊ ဒီမှာ ရှင့်နာမည်ခေါ်နေတာပါ။ နည်းနည်း ဂရုတစိုက် နားထောင်ပါဦး။ အသံတိုးပေးပါလို့ ပြောနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရည်ညွှန်း အနားလာရပ်ပြီး အော်ပြောပါသည်။

ဟဲ့သာက ...

"ငါလည်း တော်ကြာ အိပ်တော့မှာပါ"

"တော်ကြာပဲအိပ်,အိပ်။ နောက်ကျမှပဲအိပ်,အိပ် ဘာလုံး ကစားတာပဲ၊ အဲဒီလောက် အသံအကျယ်ကြီး ဖွင့်စရာ လိုလို့လား။ တော်ရုံသင့်ရုံ လုပ်မှပေါ့။ ရည်ညွှန်း နေရာ တကာလိုက်ပြီး ဩဇာပေးနေတာမဟုတ်ပါဘူး။ request လုပ်နေတာပါ။ ရည်ညွှန်း ဆယ်နာရီခွဲလောက် အိပ်ပျော် ချင်လို့ပါ"

"ငါလည်း တော်ကြာ အိပ်တော့မှာပါ၊ မနက်လေးနာရီ ထရမှာ"

သူက သူ ခရီးသွားရမည့်အကြောင်း ရည်ညွှန်းမသိ လိုက်မှာစိုး၍ အသိပေးနေပြန်သည်။

"ဘာလို့ အသံကို တိုးမပေးချင်တာလဲ၊ ဘာလဲ ... ရှင် ရည်ညွှန်းကို အစွဲ့တိုက်တာလား"

"ဟာကွာ ... ငါ တော်ကြာအိပ်မှာပါဆို"

"ရှင့်ရဲ့တော်ကြာအိပ်မှာက တစ်နာရီလည်း ကြာရင် ကြာ မယ်၊ နှစ်နာရီလည်း ကြာရင်ကြာမယ်၊ အမြဲ ဒီလိုပဲ ပြော နေကျ။ ပြီးရင် တကယ်လည်း အိပ်တာမဟုတ်ဘဲနဲ့"





"ကျွတ် ... ခက်တာပဲ၊ ခရီးသွားခါနီး စိတ်အပန်းပြေစရာ တစ်ခုခုများ လုပ်သွားရမလား အောက်မေ့ပါတယ်၊ နေရာ တကာ လိုက်ပြောနေတယ်"

"ရှင့်ကို နေရာတကာ လိုက်မပြောတော့ပါဘူး။ ဒါပေမဲ့ ရှင်က မပြော,ပြောအောင် အသံနဲ့နှိပ်စက်နေတာကိုး။ ရှင် အခု Coffee table ပေါ်မှာ တစ်ရှုးစက္ကူစတွေ လုံးထွေး ထားတာ၊ ဘီယာဘူးခွံ သောက်လို့ကုန်နေတာကို အမှိုက် ပုံးထဲ သွားမပစ်ဘဲ ဒီတိုင်းတင်ထားတာ၊ Pringle အာလူး ကြော်ဘူးကို စားပြီး ပြန်မပိတ်ဘဲ လေသလပ်ပြီး ပျော့ အောင်ထားတာတွေ ရည်ညွှန်း မြင်နေတာပဲ ဘာမှမပြော ဘူး။ အရင်ကလို နောက်က လိုက်သိမ်းပြီး ပြောလည်း မပြောဘူး၊ ဒီညှော်ခန်း ရှင်ပိုင်တယ် ရှင်ဖွချင်သလောက် ဖွ၊ ရှင့်ပိုက်ဆံနဲ့ဝယ်တဲ့ အာလူးကြော် ပျော့ရုံမကလို့ မှိုပဲ တက်တက်၊ လိုက်မနှမြောနေဘူး။ ပြီးတော့ ဒီဆိုဖာပေါ် မှာ အဝတ်တွေ ဖြစ်သလို ပစ်တင်ထားတာရော၊ ခြေစွပ် ကို တစ်ဖက်စီ ချွတ်ပစ်ပြီး တစ်နေရာစီ တင်ထားတာရော၊ ရေချိုးပြီးသုတ်တဲ့ မျက်နှာသုတ်ပဝါကို အိမ်ရှေ့ ဆိုဖာပေါ် လာပစ်တင်ထားတာရော၊ အခု မြင်တာပဲ၊ ပြောကိုမပြော ဘူး။ တစ်အိမ်လုံး ကြွက်သိုက်ဖြစ်အောင် ကြိုက်သလိုဖွ ရတယ်။ ဒါပေမဲ့ အခုတော့ အသံကို တိုးပေးလိုက်ပါ၊ ဒီတစ်ခုပဲ တောင်းဆိုတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ရည်ညွှန်းသည် မပြောဘဲ နေမည်လို့ ဆုံးဖြတ်ထားပေမဲ့ အိမ်ရှေ့ညှော်ခန်းဟာ တစ်ညနေလေး ရည်ညွှန်း ထွက်မကြည့်လိုက်တာနဲ့ ဖြစ်ပျက်ရှုပ်ပွနေသည်ကိုတော့ မယုံနိုင်လောက်အောင်ဖြစ်ပြီး ပြောမိပြန်သည်။ ကြည့်စမ်းပါဦး ဒီလိုပုံစံနဲ့ ဘယ်နှရက်များ ဆက်တင်းခံရမှာလဲ။ သူတစ်ယောက်တည်းနဲ့ ဒီလောက်ပစ်စလက်ခတ် လုပ်ပစ်နိုင်လှချည်လား။ ဟံသာဟာ လူပျိုဘဝက ဒီလောက် ပစ်စလက်ခတ် လုပ်တတ်မယ်၊ စည်းမရှိ ကမ်းမရှိ နေတတ်မယ်လို့ မထင်ရလေအောင် သေသပ်နေတာပါ။

အပေါ်ယံကြောကြည့်ပြီး သူဟာ စည်းနဲ့ ကမ်းနဲ့ နေတတ်မဲ့လူ ထင်ခဲ့တာ မှားတာပဲ။ လူပျိုဘဝက မိဘနဲ့နေတော့ အမေက လိုက်လုပ်ပေးမှာပေါ့။ အမေ လျှော်ဖွပ်မီးပူတိုက်ပေးတဲ့ အဝတ်ကိုဝတ်ပြီး ကျောင်းလာရုံဆိုတော့ အမြဲသေသပ်နေမှာပေါ့။ အမေဆိုတာက ဆူစရာဆူ၊ ဆုံးမစရာရှိ ဆုံးမ၊ ပြောစရာရှိ ပြောမှာပါပဲ။ ဒါပေမဲ့ လိုက်နာကျင့်သုံးတဲ့ သားသမီးရှိသလို အမေပြောသမျှ ဒီဘက်နားကဝင် ဟိုဘက်နားကထွက်တဲ့ သားသမီးမျိုးလည်း ရှိမှာပါ။ ဟံသာကတော့ ဒုတိယအမျိုးအစားထဲ ပါပုံရတယ်။

ဟံသာသည် ရည်ညွှန်းတစ်ယောက် အပြစ်တွေ ထောက်ပြပြီး သူ ဖွထားသမျှ စာရင်းပြုစုထားလိုက်သလို ပြောသွားသည်ကို ခပ်ပြုံးပြုံး နားထောင်ရင်း ...





"မင်း ဒီလို စစ်အေးတိုက်ပွဲနဲ့ ဘယ်နေ့ထိ ဆက်နေမယ်လို့ စဉ်းစားထားလဲ"

ဟု သွေးတိုးစမ်းသလို မေးလိုက်သည်။

"ရှင် အသံတိုးပေးမှာလား၊ မတိုးပေးရင် တကယ်ပြောတာ ရည်ညွှန်း ခုချက်ချင်းပဲ အမေတို့အိမ်ကို ထွက်သွားလိုက်တော့မယ်၊ ကိုယ့်အိမ်ကိုယ့်ရာမှာနေပြီး အိပ်မရအောင် ဒုက္ခပေးခံရတာကို ဘယ်လိုမှ ခံနိုင်ရည် မရှိတော့ဘူး"

ရည်ညွှန်းကလည်း သူမ ပြောလိုရာကိုသာ ဆက်ပြောနေပါသည်။

"မင်း ဒီလိုသာ ဆက်နေမယ်ဆိုရင် ဧည့်ခန်းတစ်ခုလုံးဟာ ခြေချစရာ မရှိအောင် ပွသွားလိမ့်မယ်၊ မင်း စိတ်ကောက်ပြန်ပြေတဲ့အခါကျ မင်းပဲ ပြန်ရှင်းပြီး ပင်ပန်းရဦးမယ်"

ဟံသာကလည်း သူ ပြောချင်ရာကို ဆက်ပြောနေသည်။

"ရှင် ဘာကြောင့် ငါတို့နှစ်ယောက် အတူရှင်းရမယ်ဆိုတဲ့ စကားကို ထည့်မပြောတာလဲ၊ ဘာလဲ ... ရှင့်စိတ်ထဲမှာ အိမ်မှုကိစ္စဆိုတာ မိန်းမအလုပ်။ မိန်းမနဲ့ပဲ ဆိုင်တယ်၊ ငါ ဘာမှ ဝင်ကူပေးစရာ မရှိဘူးလို့ သန္နိဋ္ဌာန် ချထားတာလား"

"မင်းက အမိန့်ပေးသလို ပြောလွန်းလို့ တမင်လုပ်မပေးတာ၊ ရှင်းလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို လေသံပျော့လေးနဲ့ လာပြောရင်ရော ရလို့လား၊ ဘေးကနေ ကျယ်ကျယ်အော်မှ ရှင်က ထ,လုပ်ချင်လုပ်တာကိုး"

"တော်ပြီကွာ၊ နားငြီးတယ်၊ မင်းပဲ ငါ့ကို ဘာမှဝင်မပြောဘူးဆို၊ ခုတော့ မင်းပဲ စ,လာပြန်ပြီ"

"ရှင်က ပြောလာအောင် တမင်လုပ်တာကိုး။ အသံကျယ်ကြီး ဖွင့်တာကိုး၊ ရှင် တမင်နှိပ်စက်ပြနေတာပါ ကိုဟံသာ။ ရည်ညွန်း သိပါတယ်၊ တချို့ယောကျ်ားတွေလို မိန်းမကို ရိုက်နှက်နှိပ်စက်ပြီး အနိုင်ကျင့်တာ မဟုတ်ဘူး။ အခုလိုမျိုး လူမသိ သူမသိ ပုံစံနဲ့ နှိပ်စက်တာ၊ အနိုင်ကျင့်တာပါ"

ဟံသာသည် စိတ်ရှုပ်လာသဖြင့် ရီမုဒ်ကိုဆောင့်၍ စားပွဲပေါ် ပစ်ချလိုက်သည်။ တီဗီရော PS2 စက်ရော၊ ဆောင်းဘောက်(စ)တွေကိုရော တမင်ရွဲ့ပြီး မပိတ်ဘဲ ထားပစ်လိုက်ကာ ဧည့်ခန်းမှ ထ,ထွက်သွားပါသည်။ သူအိပ်ရမည့် အခန်းထဲ ဝင်သွားပြီး အခန်းတံခါးကို ဝုန်းခနဲ ဆောင့်ပိတ်ပစ်လိုက်တော့လေသည်။

ရည်ညွန်းသည် ဒေါသတွေဖြင့် တဆတ်ဆတ်တုန် အခံရခက်လျက် ဒေါသကြောင့် ကျလာသော မျက်ရည်တို့ကို သုတ်ရင်း ...





"နောက်ဆုံးတော့ ငါပဲ ရှုံးတာပဲ၊ ငါပဲ သူ တမင်ဖွင့်ထားခဲ့တာတွေ မနေနိုင်တော့ လိုက်ပိတ်ပေးလိုက်ရတာပဲ"

ဟု ရေရွတ်ညည်းတွားနေခဲ့သည်။

BURMESE CLASSIC .com

အိပ်ရာထဲ ရောက်သောအခါ ရည်ညွန်းသည် ဘာကို ထူးထူးဆန်းဆန်း စဉ်းစားမိသလဲ ဆိုတော့ သူနဲ့ငါ လမ်းခွဲကြရင် ဘယ်လိုနေမလဲဆိုသော အတွေးတစ်စပင်။ တစ်ခါတစ်ရံမှာ (အခုလိုမျိုးတွေပေါ့) သူ့ကို အပိုင်းပိုင်း အထစ်ထစ် ခုတ်သတ်ပစ်ချင်လောက်အောင် မုန်းမိသည်။ ပြောပြလို့ မရနိုင်တဲ့ စိတ်အနှောင့်အယှက်တွေ ရလွန်းသဖြင့် မုန်းတီးပြီး သတ်ပစ်ချင်တာမျိုး ဖြစ်လာတတ်သည်။ သူ့ကို မုန်းမိလာသောအခါ ငါဘာကြောင့် သူ့ကို ချစ်ခဲ့သလဲ ဆိုတာမျိုးလည်း ပြန်တွေးတောမိလာသည်။ သူနဲ့ ခန့်မောင်မောင်မှာ သူက ဘာတွေသာလို့ငါ ချစ်လို့ ရသွားသလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဟံသာသည် အိပ်ချင်မူးတူးစိတ်ကို ပြေပျောက်ရန် အလို့ငှာ Kettle ကို မြန်မြန်နှိပ် ရေနွေးကြို၊ ကော်ဖီပြင်းပြင်း တစ်ခွက်ကို အမြန်သောက်လိုက်ရသည်။ ဗိုက်ကဆာပေမဲ့ စားစရာလည်း ဘာမှမရှိ။ အချိန်ကလည်း သိပ်မရတော့ လေးနာရီ နိုးဖို့ alarm ပေးထားပေမဲ့ သူ့ထုံးစံအတိုင်း ခဏဆိုပြီး ပြန်အိပ်လိုက်မိတာ ဖျတ်ခနဲ ပြန်နိုးတော့ လေးနာရီခွဲ။ အရင်ကဆို အခုလို ခရီးအဝေးကြီး သွားရမည့် နေ့တွေဆို alarm မြည်ပြီး ပြန်အိပ်ပျော်သွားလည်း ရည်ညွန်းက ဘေးကနေ နှိုးပေးရသဖြင့် ဘယ်တော့မှ နောက်မကျ။

ပြီးတော့ သူ ခရီးသွားရလျှင် ရည်ညွန်းပါ အဝေးကြီး လိုက်ထလာကာ သူ ရေမိုးချိုးနေတုန်း မနက်စောစော





သွားဖို့ အလွယ်တကူရှိသော ပေါင်မုန့်မီးကင်နဲ့ ကြက်ဥမွှေကြော်ဖြစ်ဖြစ် ပြင်ဆင်ပေးတာမျိုး၊ ပေါင်မုန့်သိပ်မကြိုက်သော ဟံသာက ...

"ပေါင်မုန့်ကြီး လုပ်မထားနဲ့ကွာ၊ မောင့်ကို ရှိတဲ့ထမင်းကြမ်းနဲ့ ကြက်ဥနဲ့ပဲ ရည်ညွန်းကြော်နေကျပုံစံ ဝါဝါငန်ငန်လေး ကြော်ပေးထား"

လို့ ပြောခဲ့ရင် ကြော်ထားတာမျိုး စီစဉ်ထားသဖြင့် ရေချိုးပြီးတာနဲ့ အဝတ်အစားလဲ အဆင်သင့် စားရုံ၊ ကော်ဖီပူပူလေးသောက်ပြီး ရည်ညွန်း ပြင်ဆင် ထည့်သိုပေးထားသော Luggage လေးဆွဲပြီး ထွက်ရုံပင်။ ထိုသို့ မနက်အစောကြီး ခရီးထွက်ရမည့်နေ့ဆို အဖေကလည်း ကုမ္ပဏီသုံးကားကို အိမ်ယူခွင့်ပြုသဖြင့် တိုက်ရိုက်ယူလာပြီး ညကတည်းက ညသိပ်ထားရသဖြင့် ကားမောင်းပြီး ထွက်သွားရုံသာ။

အခုတော့ ဘာမှအဆင်သင့် မဖြစ်။ အိပ်ရာထလည်း နောက်ကျသဖြင့် ဂျပန်တွေဆီ မနက်ငါးနာရီအတိအကျတောင် ရောက်ပါ့မလား မသိ။ ဗိုက်က တအားဆာနေတာမို့ ငွိငွိနဲ့ပင် မြည်နေသည်။ ရည်ညွန်း ကြော်နေကျ နနွင်းမှုန့်နည်းနည်းလေး ပိုကဲပြီး ခပ်ငန်ငန်လေးကြော်သော ကြက်ဥနဲ့ ထမင်းကြော်ကို မြင်ယောင်ပြီး တံတွေးပင် စို့လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ရည်ညွန့် အသွား ကြော်ကြော်စားတဲ့ ထမင်းကြော်ပေါ့။ တစ်ခါတလေကျ အသွားက ပဲပြုတ်နဲ့မကြော်ဘဲ ထမင်းကြမ်းကို အဲဒီလို ဝါဝါငန်ငန်လေး ကြက်ဥနဲ့ပဲကြော်ပြီး မြေးတွေကိုကျွေးရင် အသွားလက်ရာက သိပ်စားလို့ကောင်းတာပဲ။ ရည်ညွန့်က အသွားအတုခိုးပြီး ကြော်တာ"

ဟု ပြောပြပြီး တစ်ခါက ကြော်ကျွေးပြသဖြင့် ဟံသာလည်း အကြိုက်တွေ့ကာ မကြာခဏ တောင်းဆိုမိသော ထမင်းကြော်နဲ့လည်း ဝေးပြန်ပြီ။

ရည်ညွန့် အခန်းကို ကြည့်လိုက်တော့ တိတ်ဆိတ်မှိုင်းမှောင်နေသည်။ အိပ်ပျော်နေတာတော့ မဖြစ်နိုင်။ ရည်ညွန့်က အအိပ်ဆတ်သဖြင့် ဒီဘက်က alarm မြည်လည်း နိုးနေမှာပါပဲ။ တမင် အသံမပေးဘဲ ငြိမ်နေတာပါ။ ဟံသာသည် သူ့အမှားတော့ သူ နောင်တမရဘဲ အလကားနေရင်း စိတ်အကောက်ကြီး ကောက်သည်လို့ ရည်ညွန့်ကို အပြစ်တင်လိုက်ရင်း အိမ်တံခါးသော့ကို ပြန်ပိတ်၊ တိုက်အောက်ဆင်း၊ Town Ace ကားကို စက်နှိုးပြီး ထွက်လာလိုက်တော့သည်။

ထင်တဲ့အတိုင်းပဲ။ Sedona ဟိုတယ်ရောက်တော့ ငါးနာရီမိနစ်နှစ်ဆယ် ရှိနေပြီ။ အချိန်တိကျလှသော ဂျပန်အုပ်စုကတော့ မိနစ်နှစ်ဆယ် နောက်ကျသည်ဟု တန်းအပြစ်တင်လေသည်။





"ငါထွက်လာခါနီးမှ ကားဘီးလေလျော့နေတာ တွေ့လို့ ပြန်အသစ်လဲနေတာနဲ့ နောက်ကျသွားတာပါ၊ စိတ်မရှိပါနဲ့"

ဘာညာပြောပြီး ဆောရီးကို အကြိမ်ပေါင်း မရေတွက်နိုင်အောင် ပြောလျက် တောင်းပန်နေရတော့သည်။ ဂျပန်အုပ်စုကိုတင်ပြီး ကားမောင်း ထွက်လာသောအခါ ရန်ကုန်မြို့က အခုမှ နိုးထစ အချိန် ဖြစ်နေသည်။ အမြဲ မနက်အစောကြီး ခရီးထွက်ရလေ့ရှိသော ဟံသာသည် ရန်ကုန်မြို့၏ မနက်အစောကြီး မြင်ကွင်းကို နှစ်ခြိုက်သဘောကျစွာ ကြည့်မိတတ်စမြဲ။

လက်ဖက်ရည်ဆိုင်တွေလည်း ဆိုင်တံခါးဖွင့်။ မီးမွှေး ရေနွေးအိုးတည်၊ နံပြားဖိုလည်း မီးရှို့ခါစ မြင်ကွင်း၊ လမ်းဘေးအကြော်တဲလေးတွေဆီမှ မီးမွှေးဆီအိုးတည်ခါစ မီးခွက်မှိတ်တုတ် မှိတ်တုတ်လေးတွေနဲ့ မြင်ရသောမြင်ကွင်း၊ မုန့်ဟင်းခါးဆိုင်လေးတွေ ဟင်းရည်အိုး မီးဖိုပေါ်တင်ခါစ မွှေးရနံ့၊ ကားစက်ဆီနံ့ မရှိသေးသော လေထုရဲ့ လတ်ဆတ်သော နံနက်ခင်းရနံ့။ ကားမှတ်တိုင်တွေမှာတော့ လိုင်းကားတချို့ စတင်ပြေးဆွဲနေပြီမို့ လိုင်းကားမောင်းသံ၊ ရပ်သံ၊ အလုပ်အစောကြီး သွားရမဲ့လူတွေရဲ့ အသံ၊ မနက်ခင်း ကုန်စိမ်းဈေးကို သွားနေသော ဈေးသည်တွေကို တင်မောင်းရသည့် ဆိုက်ကားတွေရဲ့ ဘဲလ်သံ။ ထိုမြင်ကွင်းများကို ဂျပန်ဧည့်သည်တွေလည်း ဗီဒီယိုကင်မရာ၊ ဓာတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ကင်မရာတွေဖြင့် မှတ်တမ်းတင်နေချိန်တွင် ဟံသာကပါ ရော ယောင် သဘောကျလျက် ငေးလိုက်၊ ကြည့်လိုက် ကားမောင်း လိုက် လုပ်လာမိသည်။

ရန်ကုန်မြို့ပြင် တိုးလ်ဂိတ်ကြီးတွေ ဖြတ်ပြီးသော အခါ စတင်မြင်ရသော အရှေ့ကထွက်လာသည့် နေလုံးကြီးရယ်၊ လယ်ကွင်းစိမ်းစိမ်းကျယ်ကျယ်တွေရယ်သည် ဟံသာ လောလော ဆယ်ဆယ် ခံစားနေရသော စိတ်တင်းကျပ်မှုတွေ၊ အဆင်မပြေမှုတွေ ကို နုတ်ယူလိုက်သလို မေ့လျော့ပျောက်ကွယ်သွားစေတော့လေ သည်။

လှလိုက်တဲ့ မြင်ကွင်း၊ လတ်ဆတ်လိုက်တဲ့ ရနံ့တွေ ကြည့်စမ်း။ ရန်ကုန်မြို့ကြီးထဲမှာ မွန်းကျပ်နေခဲ့ရတာ ခုမှ အသက်ရှူ ချောင်တော့တယ်။

ရည်ညွန်းနဲ့ ဟံသာလည်း အိမ်ထောင်ကျပြီးမှ နှစ် ခါလား၊ပဲ ခရီးအတူ ထွက်ဖူးပါသည်။ သူတို့လက်ထပ်တာက နွေလထဲမို့ လက်ထပ်ပြီးတော့ ဝေးဝေးလံလံ ဟန်းနီးမွန်းထွက် ချင်လည်း မရ။ နယ်မှာက မိုးများနေပြီမို့ ဟန်းနီးမွန်း မထွက် ဖြစ်ခဲ့။ ဒီဇင်ဘာရောက်မှ ...

"ကျိုက်ထီးရိုး ဘုရားဖူးတော့ သွားရအောင် မောင်ရယ်၊ ဒီဇင်ဘာလဆိုရင် မနေနိုင်ဘူး။ ကျိုက်ထီးရိုးသွားနေကျ သွားရမှ"





ဆိုပြီး ပူဆာသဖြင့် အဖေ့ဆီက ကားတောင်းပြီး သူကိုယ်တိုင်မောင်းကာ ရည်ညွန်းနဲ့ ကျိုက်ထီးရိုးကို နှစ်ရက် သော ဘုရားဖူး သွားခဲ့သည်။

ပြီးခဲ့တဲ့ သင်္ကြန်ကတော့ အလုပ်ပိတ်ရက်ဖြစ်ပေမဲ့ ဟံသာကတော့ တိုးရစ်(စ)တွေကို ချောင်းသာ၊ ငွေဆောင် လိုက် ပေးရသဖြင့် မနားရ။ ရည်ညွန်းသာ နားရသည်။ ဒီတော့ ...

"ရည်ညွန်းပါ မောင်နဲ့ ချောင်းသာကို လိုက်ချင်တယ် ရမလား၊ မောင့်အဖေကို ပြောလို့ရလား"

လို့ ပူဆာသဖြင့် သူလည်း အဖေ့ကို ပြောကြည့် ခဲ့သည်။ ဘာကြောင့်လဲ ဆိုတော့ အဖေက အလုပ်ကိစ္စနဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေကို မရောစေချင်၍ ဖြစ်ပါသည်။

အဖေ့ကို ပြောတော့ ...

"မင်း ပို့ပေးရမဲ့ ဂျာမန်တွကို မေးကြည့်၊ ဒီခရီးမှာ ငါ မိန်းမ ပါမယ်၊ ရမလား မေးကွာ၊ ဘာကြောင့်လဲဆိုတော့ သူတို့က ငါတို့ကုမ္ပဏီကို အခကြေးငွေပေးပြီး ခိုင်းတာကွ။ လူပိုပါရင် သူတို့ကြိုက်၊မကြိုက် ငါ မသိဘူး"

ဒါနဲ့ပဲ ဟံသာလည်း ဂျာမန်အုပ်စုကို မေးတော့ သူတို့ကလည်း လိုက်ခဲ့ပါ၊ ရပါတယ် ပြန်အကြောင်းပြန်သဖြင့် သူတို့ငှားသော မီနီဘတ်(စ်)မှာ ရည်ညွန်း လိုက်ခွင့်ရခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းကလည်း ရည်ညွန့်း ပျော်ခဲ့ရတာပဲ မဟုတ်လား။ ငါ ဘယ်တုန်းကများ သူ ဒါလုပ်ချင်တယ်၊ ဒီကိုသွားချင်တယ်ဆိုရင် ကန့်ကွက်ဖူးလို့လဲ။ တားဖူးလို့လဲ၊ အမြဲလိုက်လျှော ခဲ့တယ်။ မိန်းမတစ်သဘောတည်းပဲ ကြည့်ပြီး သူ စိတ်ချမ်းသာဖို့မဲ ဦးစားပေးခဲ့တယ်။ သူ့ကို လခအကုန်အပ်ပြီး ဘယ်တော့မှလဲ ပြန်မစစ်ဘူး။ ဘယ်လောက်သုံးတယ် ဝယ်တယ်လဲ စာရင်းမစစ်ဘူး။ ကြိုက်သလောက်သုံးပဲ။ ငါလောက်ကောင်းတဲ့ ယောကျ်ားများ ရှိသေးလို့လား။

ပိုက်ဆံကို တွက်ချက်ပြီး မိန်းမဘာတွေသုံးသလဲဆိုတဲ့ မသင်္ကာစိတ်နဲ့ အမြဲစစ်နေမဲ့ ယောကျ်ားမျိုးနဲ့ မင်းကိုတွေ့စမ်းစေချင်တယ် ဒေါ်ရည်ညွန့်းရယ်။ ဟံသာ ခရီးထွက်သွားသော အချိန်တွင် ရည်ညွန့်းလည်း အခုမှ ပြန်သတိတရ တွေးကြည့်မိနေသည်။ ပြန်စဉ်းစားကြည့်ရင် ငါနဲ့သူ အိမ်ထောင်ကျပြီးကတည်းက သေသေချာချာ ခရီးထွက်ဖူးတာဆိုလို့ နှစ်ခါပဲရှိတယ်။ တစ်နေ့လာလည်း အလုပ်နဲ့အိမ်၊ တစ်နေ့လာလည်း အလုပ်နဲ့အိမ် ရှုန်းကန်နေကြရတာ။

ဒီခေတ်မှာ လင်မယားနှစ်ယောက်ပေါင်း ဝင်ငွေဟာ တော်တော်များတဲ့ အဆင့်ထဲမှာပေမဲ့ အဲဒီလို ခရီးအပိုတစ်ခုထွက်ဖို့ ကျ သိပ်မဖြုန်းနိုင်ပြန်။ ခရီးထွက်ရင် သွားလာစရိတ်က သိပ်မများပေမဲ့ ဟိုတယ်မှာ တည်းစရိတ်၊ စားစရိတ်တွေ ကြည့်ရသေးသည်။





ဟံသာရော ရည်ညွန့်းရော ပိုက်ဆံတတ်နိုင်သော မိဘများမှ မွေးလာသော သားသမီးတွေပီပီ ဘယ်သွားသွား ငွေကိုတံတားခင်းပြီး သွားချင်ကြသည်။ တည်းခိုရေးကို သင့်တော်သလို စီစဉ်ရင် ရပေမဲ့ အဲဒီလိုကျ မတည်းချင်။ အိပ်ရာကောင်းကောင်းလေးနဲ့ ကိုယ်ပိုင်ရေချိုးခန်း အိမ်သာပါသော Air Con, TV ပါသော အခန်း၊ ရေခဲသေတ္တာရှိသော အခန်းမျိုးမှ တည်းချင်ကြသဖြင့် သူများတွေလို ချွေချွေတာတာ ခရီးမသွားနိုင်။ ပြီးတော့ နှစ်ယောက်စလုံး လက်ကလည်းဖွာ၊ ဒီကြားထဲ ဟံသာက အစားအသောက်ဆိုလျှင် အကောင်းကြိုက်သူ စာရင်းဝင်မို့ ခရီးတစ်ခါသွားရင် ကုန်လိုက်တာ မပြောပါနဲ့။ ပြန်ငွေစာရင်းတွက်မိရင် နောက် မသွားတော့ပါဘူး ညည်းမိတဲ့အထိ သိန်းချီကုန်တတ်တာမျိုး။

ဒါကြောင့် ခရီးနှစ်ခါလောက် ထွက်ပြီးကတည်းက သန့်သွားပြီး နှစ်ယောက် ဘာတိုင်ပင်မိကြသလဲဆိုတော့ ...

"အိမ်မှာ လိုအပ်တာတွေ အများကြီး၊ အိမ်မှာ air con ခုထိ မတပ်ရသေးဘူး။ အိပ်ခန်းထဲ အလွယ်တကူ ရေတွေ ဘာတွေ ယူသောက်လို့ရအောင်ထားဖို့ Bar Fridge လေးလည်း လိုတယ်၊ ရည်ညွန့်းက ငါးကြော်တွေ ဘာတွေကြော်ရင် ဆီပေါက်လို့ဆိုပြီး အကြော် ကြော်ရင် ဆီမစဉ်တဲ့ Deep Fryer လည်း ဝယ်ချင်တယ်၊ ဟင်းအလွယ်



www.burmeseclassic.com

www.burmeseclassic.com



ဘကူနွေးစားလို့ရတဲ့ microwave လေး တစ်လုံးလည်း လိုချင်တယ် ဆိုတော့ မောင်တို့ အဲဒါတွေဝယ်ဖို့ ပိုက်ဆံကို လျှော့က်မဖြုန်းမှ ဖြစ်မယ်၊ ခရီးမထွက်ဘဲ နေကြရင် ကောင်းမယ်”

“ရည်ညွန်းလည်း •တော်ပါပြီ။ ခရီးမထွက်ရဲတော့ဘူး၊ အစက အခုကုန်သွားတဲ့ ပိုက်ဆံကို လက်ကောက်လေး တစ်ကွင်း လှလှလေးဝယ်ဝတ်မလို့ စဉ်းစားထားတာ၊ အခုတော့ မရတော့ဘူး။ လက်ကောက်ထူထူလှလှလေးဆို နှစ်သိန်းကျော်လောက်က သွားမှာပဲ၊ ခုတော့ လက်ကောက် မလုပ်နိုင်တော့ဘူး”

ထိုသို့ တိုင်ပင်မိကြသဖြင့် သူတို့ ခရီးထွက်ဖို့ ဘယ်သူမှ စကားမစ,မိကြတော့ချေ။

ရည်ညွန်း ရုံးရောက်သောအခါ ကွန်ပျူတာဖွင့် e-mail စစ်လျှင် ခန့်မောင်မောင်၏ e-mail က ဝင်နေသည်။

“အမှန်တော့ ငါ e-mail က ဒါမြန်မာပြည်ရောက်တုန်း ဖွင့်ထားတဲ့ e-mail ပါပဲ၊ ခဏသုံးတာပဲ ရှိတယ်၊ ငါ့ရဲ့ စင်ကာပူမှာရှိတဲ့ e-mail က အမြဲသုံးတယ်။ အဲဒါကတော့ KMgMg @ yahoo. com တဲ့။ ရည်ညွန်း အကယ်၍များ စင်ကာပူကိစ္စ အကူအညီတွေ ဘာတွေလိုရင် ပို့နိုင်ပါတယ်။ အခုတော့ ငါ ရန်ကုန်မှာ တစ်လလောက် ရှိဦးမယ်၊ ငါ့ကို





နင် တို့နှစ်ယောက်အိမ် အလည်ခေါ်ပါဦး။ ငါလာလည်ချင် တယ်။ ဟံသာ့ကိုလည်း တွေ့ချင်တယ်”

ဟူသော အကြောင်းအရာများပါသည့် e-mail ကို ဖတ်ပြီးသောအခါ ရည်ညွန်းသည် ခန့်မောင်မောင်နဲ့ ပြန်ဆုံဖြစ် ကြသည့် အကြောင်းကို တစ်ယောက်ယောက်အား ပြောပြချင်လာ သည်။

သင်းသင်းတို့ တစ်တွေကတော့ တစ်တန်းတည်း တက်ခဲ့ကြတာမို့ ခန့်မောင်မောင် အကြောင်း ကောင်းကောင်းသိ ကြသဖြင့် ပြောရင်ရသည်။

အမှန်တော့ ရည်ညွန်း စိတ်ထဲမှာ ဟံသာ့ကို ပြန် ပြောပြချင်နေခဲ့တာလည်း ဖြစ်ပါသည်။ ဒါပေမဲ့ သူနဲ့က အပို စကားလည်း မပြောချင်သေး၍ သွားမပြောဖြစ်။ ပြောဖို့နေနေ သာသာ သွားပြောမိတဲ့ စကားတောင် အဆင်မပြေဖြစ်ပြီး ရန်ပွဲ နဲ့ ဇာတ်သိမ်းလိုက်ရတာ။ ရန်ဖြစ် စိတ်ကောက်ထားလို့ မိန်းမ အလိုလိုက်ပြီး ချော့မလား အောက်မေ့ပါတယ်။ မချော့ဘဲ အရွဲ့ ပိုတိုက်သော ယောကျ်ားကို ရည်ညွန်းနာကြည်းစွာ သတိရလိုက် ပါသည်။

ရုံးမှာ အလုပ်တွေ ဆက်တိုက်လုပ်ပြီးသောအခါ ခဏ အနားရလျှင် သင်းသင်းဆီ ဖုန်းဆက်မိသည်။ အိမ်မှာ အမြဲရှိတတ်သော သင်းသင်းက ရည်ညွန်းအသံကြားလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ရည်ညွန်း အတော်ပဲ၊ အတော်ပဲ၊ ငါ နင့်ကို မေးစရာရှိနေလို့"

ဆိုပြီး စပြောတော့သည်။

"ဘာလဲ သင်းသင်းရဲ့"

"ဩော် ... ညက ကိုကြီးနဲ့ စကားပြောဖြစ်ကြရင်း ဗိုက်တအားကြီး ပူလာရင် အကြောပြတ်တာတွေ ဘာတွေဖြစ်လာမဲ့အကြောင်း ပြောမိလို့ပါ။ ငါက လှချင်တယ် မဟုတ်လား၊ ဗိုက်ကြောတွေ ပြတ်မှာတော့ မဖြစ်ချင်ဘူး။ အဲဒါ ဘယ်လိုအလှဆီမျိုး လိမ်းရမလဲ၊ နင်တို့ကုမ္ပဏီမှာ ဗိုက်ကြောပြတ် ကာကွယ်ဆေးတွေ ဘာတွေ အလှကုန်အနေနဲ့ ထုတ်လားလို့ပါ"

ဩော် ... သင်းသင်းရယ်၊ လှပါတယ်ဆိုမှ အလှ ပျက်မှာ ကြောက်နေပြီ။ ဦးအောင်ဝင်းကလည်းလေ သင်းသင်းဆို တုန်နေအောင်ချစ်တာ။ သင်းသင်း လှနေရင် သူ စိတ်ချမ်းသာတယ်လို့ကို ပြောဖူးတာ။ မောင်တို့နဲ့များ ကွာပါ့။ မောင်က တော့ ...

"လှချင်တာလည်း လှချင်တာပေါ့ကွာ၊ ဒါပေမဲ့ တော်ရုံ သင့်ရုံပဲ ကောင်းပါတယ်။ ပြင်လွန်းရင် ဖင်ချွန်းဆိုတဲ့ စကားတောင် ရှိသေးတာ တော်ရုံပဲ ပြင်ပါ"





တဲ့လေ။ အမှန်တော့ အလှပြင်ပစ္စည်းတွေအတွက်၊ အဝတ်အစား ဖိနပ်တွေအတွက် ရည်ညွန်း သုံးတာ သိပ်များသည်ဟု သူ မြင်သဖြင့် တားတာဖြစ်ကြောင်း ရည်ညွန်း သိပါသည်။

"ငါကြားဖူးတာတော့ ဗိုက်ကို Olive Oil လေ။ မြန်မာလို သံလွင်ဆီလို့ ခေါ်တယ်၊ အဲဒါ လိမ်းထားရတယ်တဲ့။ အဲဒါဆို ဗိုက်ကြောပြတ်တာကို ကာကွယ်တယ်ပေါ့။ မွေးပြီးရင် ဗိုက်က အရေပြားတွေ တွန့်ပြီးကျန်ခဲ့တာကိုတော့ ငါ ထင်တယ်။ မျက်နှာကိုလူးတဲ့ antiwrinkle Cream သိလား။ မျက်နှာအရေပြားတွန့်ပျောက်ဆေးလေ၊ အဲဒါမျိုး လူးရင် ပျောက်မလား မသိဘူး"

ရည်ညွန်းလည်း ကိုယ်ဗဟုသုတရှိသမျှ ပြန်ပြောလိုက်ပါသည်။

"ဒါဆို Olive Oil ရှာလူးရမှာပေါ့။ နင်တို့ကုမ္ပဏီမှာ ရှိလား"

"Olive Oil တော့ သီးသန့် ဘယ်ရှိမလဲ။ Olive Oil ပါတဲ့ ရေချိုးပြီးလိမ်းတဲ့ ခရင်(မ)တော့ ရှိတယ်၊ ဒါပေမဲ့ အထဲမှာပါတာ ပါဆင့်တစ်(ချ်) (Percentage)က သိပ်မများဘူး။ တကယ့် ဆီစစ်စစ်ကိုလူးမှ ကောင်းမယ် ထင်တယ် နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်လည်း ကိုကြီးကို ရှာခိုင်းမယ်၊ မရရင် သူ့အသိတွေ ရှိတဲ့ ဗန်ကောက်တို့ စင်ကာပူတို့ကို မှာရမယ်"

"ဟယ် ... စင်ကာပူဆိုလို့ ငါပြောရဦးမယ်၊ ငါလေ ခန့်မောင်မောင်ကို ပြန်တွေ့တယ် သိလား"

"ခန့်မောင်မောင်"

သင်းသင်း တစ်ချက်ရေရွတ် နှစ်စက္ကန့်လောက် အသံတိတ်ပြီးမှ ...

"ဩော် ... သိပြီ၊ နင့်ကို အရမ်းကြွေတဲ့ တစ်ယောက်လေ ဟီ ဟီ။ သူက Owen Wilson (အိုဝင်ဝေလ်ဆင်န်)နဲ့တူလို့ ငါတောင် အမှတ်ပေးသေးတာ၊ သူ အခုရော Owen Wilson လိုပဲ နှာခေါင်းကျိုးပြီး ပြန်ဆက်တဲ့ပုံစံနဲ့ပဲလား"

ဟု ဆက်၍ ပုံဖော်ပြောရင်း မေးပါသည်။ အင်း ... ဟုတ်သားပဲ။ သင်းသင်း ပြောပြောနေတာ။ သူက အမေရိကန် ရုပ်ရှင်မင်းသား Owen Wilson နဲ့ တူတယ်၊ သူ့အမူအရာက ရွှင်တယ်။ မျက်နှာချိုတယ်။ ချောလည်း ချောတယ်တဲ့လေ။ သင်းသင်း ပြောတာ။ သင်းသင်းကဆို ဟံသာနဲ့ ခန့်မောင်မောင် ယှဉ်ရင် ခန့်မောင်မောင်ကိုပဲ ပိုချွေးစေချင်တာလည်း ရည်ညွန်း အမှတ်ရမိသည်။ သို့သော် ရည်ညွန်းကတော့ ဒီဟံသာ့ ဝင့်ကို ခံယူရဖို့ အကြွေးပါလာသည် ထင်ပါရဲ့။ ဟံသာ့ကိုသာ ချစ်မိခဲ့သူပင်တည်း။





"အေး ... သူ့ကို ငါ မနေ့က Grand Plaza ကို Boss ခေါ်လို့ အလုပ်ကိစ္စနဲ့သွားတော့ တွေ့ခဲ့တယ်၊ သူ စင်ကာပူ ထွက်သွားပြီး diploma တွေ ဘာတွေ ဆက်တက်တယ် ဆိုပဲ။ အခု အဲဒီမှာ အခြေကျနေပုံပဲ"

"မိန်းမ မရသေးဘူးလား"

"သူ့ ရင်ထဲကို ရောက်နိုင်မဲ့ တစ်ယောက်ကို မတွေ့သေး ဘူးလို့ ပြောတာပဲ၊ ဟီ ဟီ ... ဟုတ်ရဲ့လား မသိပါဘူး"

"ဟုတ်မှာပါဟယ်၊ သူ နင့်ကို အသည်းစွဲ ချစ်ခဲ့တာကိုး။ နင့်ကိုမြင်တော့ သူ ဘာဖြစ်သွားလဲ"

ရည်ညွန်း တစ်ချက် စဉ်းစားလိုက်ရင်း ...

"အရင်က အဖြစ်အပျက်တွေကို သတိရတဲ့ ပုံစံနဲ့ ကြည့် တယ်လို့ ထင်တာပဲ"

"နင် လှနေသေးတယ်ဆိုပြီး ချီးကျူးတဲ့ပုံစံနဲ့ရော ကြည့် သေးလား"

ရည်ညွန်း မဖြေမိပါ။ အသာလေး ငြိမ်နေလိုက်သည်။ သူစိမ်းယောကျ်ားတစ်ယောက်က ကိုယ့်အလှကို ချီးကျူး သဘောကျပြီး ကြည့်ပါသည်ဟု ပါးစပ်က ထုတ်ပြောပြီး ဝန်မခံ ချင်ပါ။ ကိုယ်က အပျိုလည်းမဟုတ်တော့။ လင်ယောကျ်ားရှိသော မိန်းမတစ်ယောက်လည်း ဖြစ်နေရာ ဒီအဖြစ်အပျက်ကို စိတ်သာယာ ပြီး လျှောက်ပြောဖို့ မသင့်ဘူးဟု ယူဆမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟံသာ့ကို ပြန်မပြောရသေးဘူးပေါ့"

"ဘယ်ပြောရသေးမလဲ၊ ငါနဲ့ သူ ရန်ဖြစ်ထားတယ်လေ။ မခေါ်ကြဘူး။ ညကလည်း သူ PS2 ကစားနေတာ အကျယ်ကြီးမို့ သွားပြောမိပါတယ်၊ စကားများတာနဲ့ အဆုံးသတ်ရတယ်ဟ့၊ တကယ်ပဲ သိလား။ ငါတို့တစ်ယောက်နဲ့တစ်ယောက် ဘာတွေ ခတ်မတည့်လဲ မသိဘူး။ မျက်နှာချင်း ဆိုင်လိုက်တာနဲ့ စကားငါးခွန်း မပြည့်ခင် ရန်ဖြစ်နေရတယ်၊ နင်တို့ရော ဘယ်လိုလဲ။ ရန်အမြဲဖြစ်လား"

"ဟယ် ... ငါတော့ ကိုကြီးနဲ့လည်း သိပ်တွေ့ရချိန်မရှိလို့ ထင်တယ်။ ရန်မဖြစ်မိပါဘူး။ ပြီးတော့ ငါက နင့်လို မဟုတ်ဘူးလေ။ သူ ဘာလုပ်လုပ် လိုက်လည်းမပြောဘူး။ သူ ဖွထား မွှေထားတာတွေလည်း ငါ လိုက်ရှင်းစရာမလိုဘူး။ အိမ်မှာရှိတဲ့ အိမ်ဖော်အရေအတွက်က ငါတို့နှစ်ယောက်ထက်တောင် များနေတယ်"

"အေးဟယ် ... သင်းသင်းရယ်၊ နင်ကတော့ ကံကောင်းပါတယ်၊ တကယ်ပါ"

"ငါ့ပဲမြင်ပြီး စိတ်မကောင်း မဖြစ်နဲ့လေ။ ကျန်တဲ့ နီလာတို့ မိုးမတို့လည်း အကုန် နင့်လိုပါပဲဟယ်၊ ငါ့ဆီ နင်တို့လာဆုံကြတဲ့ တစ်ရက်က ပြောကြပါရောလား။ Brian





မကောင်းကြောင်း၊ ထင်လွင်းက အိမ်ကိစ္စကို လျစ်လျူရှုပြီး သူ့စာမှ သူ့စာပဲ အာရုံထားကြောင်း၊ ဇော်နိုင် အပျင်းကြီးကြောင်းတွေ နင် ကြားရပါတယ်၊ ကိုကြီးလည်း ကောင်းတဲ့ယောက်ျား မဟုတ်ပါဘူး။ မကောင်းတာတွေ ရှိတယ်၊ ဒါပေမဲ့ ငါက သူ မကောင်းတာကို လိုက်အပြစ်ပြောမနေတော့ဘူး။ မသိချင်ယောင် ဆောင်ပစ်လိုက်တယ် လျစ်လျူရှုပြီး နေလိုက်တယ်။ မေ့လို့ရရင် မေ့ပစ်လိုက်တယ်လေ၊ ဒီတော့ ငါ စိတ်ချမ်းသာရတာပေါ့၊ ဘာလုပ်မှာလဲဟယ်၊ သူ့အပေါ် ဒေါသဖြစ်၊ စိတ်တိုး ရန်ဖြစ်စကားများ လုပ်ရရင် အမှန်တကယ်ကျ ဘယ်သူပဲ စိတ်ဆင်းရဲရလဲ။ ကိုယ်ပဲ စိတ်ဆင်းရဲရတာလေ၊ ဒီတော့ ငါကစိတ်ဆင်းရဲ မခံချင်လို့ ကိုယ်စိတ်ချမ်းသာမဲ့ နည်းကိုပဲ ရှာလိုက်တယ်၊ အဲဒါ ခေါင်းအေးရတယ်လေ"

ငါလည်း နင့်လိုစိတ်မျိုး ထားနိုင်ရင် ကောင်းမှာပဲ သင်းသင်းရယ်။ ရည်ညွှန်းသည့် သင်းသင်းနှင့် စကားပြောလိုက်ရသဖြင့် စိတ်ထဲမှာ နည်းနည်းပေါ့သွားပါသည်။

"အခု ဟံသာ ခရီးသွားပြီလား"

လွန်ခဲ့သော ရက်တွေက သူတို့ကို ဟံသာ ပြောဖူး၍ ခရီးထွက်ရမည့် အကြောင်းကို သင်းသင်း သတိရနေပါသည်။

www.burmeseclassic.com



"အေး … မနက်က အစောကြီး ထသွားတယ်၊ ပဲခူးမှာ နေ့တစ်ဝက် ပို့ရမယ်။ ပြီးမှ တောက်လျှောက် ကျိုက်ထီးရိုး ထိ မောင်းရမယ်။ တောင်ပေါ် ညဘက်ရောက်မယ်ထင် တယ်၊ မနက်ကျ အရုဏ်ဆွမ်းကပ်ပြီးကြရင် ပြန်ဆင်းလာ ပေါ့။ ရန်ကုန်ကို ညနေရောက်ပေါ့၊ တစ်ရက်ပါပဲ။ တစ် ရက် ညပြန်အိပ်ပြီးမှ နောက်နေ့ ချောင်းသာ ငွေဆောင် နှစ်ရက်ထင်တယ် ပို့ရလိမ့်မယ်"

"နင် ပျင်းရင် ငါ့အိမ် လာအိပ်လေ"

"ဟယ် … နေပါစေ ရပါတယ်၊ အရင်ကလည်း သူ ဒီလို ပဲ သွားနေကျပါ။ မပျင်းပါဘူး။ တစ်ခါတလေကျ သူ မရှိရင် သာတောင်ကောင်းတယ်လို့ စိတ်ထဲမှာ ထင်မိတယ်။ ကိုယ်ချစ်လို့သာ ယူထားပေမဲ့ တစ်ခါတလေကျ သူ ရှိနေ တာ အနားမှာ ရှုပ်သလိုပဲ ခံစားရတယ်"

"ယောကျ်ားတွေကလည်း အဲဒီလိုပဲ ထင်မှာပဲနော်၊ မိန်းမ မတွေ့ … အေးကလိုက်ပြောနေတာ တစ်ခါတလေကျ မရှိ ရင် ကောင်းမှာပဲလို့"

သူငယ်ချင်းနှစ်ယောက် ပြောရင်း ပြိုင်တူရယ်မိကြ သည်။

"ဒါဖြင့် အချစ်ဆိုတာ ဘယ်လိုကြီးလဲ မသိဘူးနော်"





"အေးလေ … ဟုတ်ပါရဲ့ ရည်ညွန့်ရယ်၊ ကြားဖူးတာတွေ ကျတော့ ကိုယ့်ချစ်သူကို ကိုယ့်အနားမှာပဲ ရှိစေချင်တယ် ဆိုတဲ့ ဟာမျိုးပဲနော်"

"စကားပြောရတာ ကောင်းပါတယ်ဟယ်၊ ဒါပေမဲ့ ငါ, အလုပ်လုပ်စရာတွေ fax ဝင်လာလို့ အားမှ ဖုန်းဆက်မယ် နော် သင်းသင်း"

"ဒီအပတ်ဆန်းဒေး လာကြဦးလေ၊ ါအိမ်မှာ မုန့်စား။ ပြီးရင် ရှော့ပင်းသွားကြတာပေါ့"

ဒီလိုနဲ့ ဖုန်းကိုချလိုက်ပါသည်။ ဖုန်းချပြီးပြီးချင်း အင်တာကွန်မှတစ်ဆင့် ရည်ညွန့်ရဲ့ စက္ကတေရီ ခင်နှင်း အသံ ဝင်လာသည်။

"မရည်ညွန့် ဖုန်းခုလေးတင် ဝင်လာလို့ မရည်ညွန့် လိုင်းခွဲကိုနှိပ်တော့ အင်ဂေ့ချ် ဖြစ်နေတာနဲ့ စောင့်နေတာ အတော်ပဲ။ မရည်ညွန့်နဲ့ စကားပြောချင်လို့တဲ့"

"သြော် … ဟုတ်ပြီ၊ လွှဲပေးလိုက်လေ"

ဘယ်သူပါလိမ့်။ မောင်များလား။ ပဲခူးလောက်က နေ ပြန်ဖုန်းဆက်ပြီး ပြောရာပြောကြောင်း ချော့မော့ချင်တာလား။

"ကျိုက်ထိုရောက်တုန်း ဒူးရင်းယိုတို့ ကျွဲကောသီးတို့ ဝယ်ခဲ့ရဦးမလား"



www.burmeseclassic.com

www.burmeseclassic.com



တွေ ဘာတွေ ဖားပြီး မေးချင်လို့လား မသိဘူး။ ညည်ညွန်းက ဒူးရင်းသီးလည်းကြိုက်၊ ဒူးရင်းယိုလည်း ကြိုက်တယ်လေ။ အဲဒါမျိုးကလည်း ကျိုက်ထိုဘက်မှာမှ တကယ့်အစစ်တွေ ရတတ်တာ။

"ဟဲလို ... ရည်ညွန်း ပြောနေပါတယ်ရှင်"

ဖုန်းလိုင်း ဝင်လာသောအခါ ရည်ညွန်း အသာကောက်ပြောလိုက်ပါသည်။ စိတ်ထဲမှာ မောင်ပဲလို့ ထင်ကိုထင်နေတာ။ သူ အဝေးကနေတောင် ပြန်ဖုန်းဆက်ရှာတာ။ ပြန်လာရင်တော့ စိတ်ကောက်ပြေလိုက်ပါ့မယ်။

"ရည်ညွန်းမိုး ... ငါပါ ခန့်မောင်မောင်ပါ"

ဟင် ... ခန့်မောင်မောင်တဲ့။ ရည်ညွန်းသည် အံ့သြလန့်ဖျပ်ပြီး ငြိမ်သွားပါသည်။

"Internet cafe တစ်ခု ရောက်တုန်း ရည်ညွန်းဆီ e-mail စမ်းပို့ကြည့်လိုက်တယ်၊ ရပြီးပြီလား"

"သြော် ... အင်း ... ရှိပါတယ်၊ ခုလေးတင် e-mail စစ်လို့ တွေ့ပါတယ်"

"အရင်က ရန်ကုန်ရောက်ရင် ကွန်ပျူတာနဲ့ ပတ်သက်တာ ဘာမှမလုပ်ဖြစ်ဘူး။ စင်ကာပူမှာက တစ်ချိန်လုံး ကွန်ပျူတာ ရှေ့ထိုင်နေရတော့ ငြီးငွေ့ပြီး ဒီမှာကောင်းကောင်း နားတာလေ။ အခုကျ ရည်ညွန်းလိပ်စာ ရတာနဲ့ ပို့ကြည့်ချင်လို့"





"ကျေးဇူးပါပဲနော်၊ သတိရတာ ကျေးဇူးတင်ပါတယ်"

"ဟံသာ့ဆီရော e-mail ပို့လို့ရလား"

"ရပါတယ်၊ ပို့ချင်ရင် သူ့ e-mail ပြောမယ်လေ"

"သူ အခု ရုံးမှာလား"

"ရုံးမှာ မရှိဘူး။ ဂျပန်ဧည့်သည်တွေကို ကျိုက်ထီးရိုးလိုက်ပို့ရတယ်၊ ဒီတစ်ရက်ပေါ့။ မနက်ဖြန်ညနေ ပြန်ရောက်မယ်"

"သူ ပြန်ရောက်တဲ့နေ့ကျ ရည်ညွန်းနဲ့ ဟံသာ့ကို အပြင်မှာ ညစာလိုက်ကျွေးချင်လို့ ဖြစ်မလား"

အင်း ... ဒုက္ခပါပဲ။ ဟံသာနဲ့ စကားများထားပါတယ်ဆိုမှ ခန့်မောင်မောင်ကလည်း ခုမှ အဆက်အသွယ်လုပ်ပြီး ဓာတ်လမ်းရှုပ်နေပြီ။ သူကတော့ သဘောရိုးနဲ့ ခင်လို့ မင်လို့ နှစ်ယောက်စလုံးကို ညစာကျွေးချင်တာ ဖြစ်မှာပါ။ ကြည့်ကောင်းအောင် ပြောထားမှပါပဲ။

"ခန့်မောင်မောင် သွားစရာတွေ ရှိနေရင်လည်း ရတယ်နော်၊ တကူးတကကြီးတော့ မကျွေးပါနဲ့။ အမှန်တော့ ရည်ညွန်းတို့ကတောင် ဖိတ်ကျွေးရမှာပါ၊ နှစ်ယောက်စလုံး မအားကြတော့ ဘယ်လိုချိန်းရမှန်း မသိဘူး ဖြစ်နေတယ်၊ ဟံသာကလေ ကျိုက်ထီးရိုး တစ်ညအိပ် ပြန်လာပြီး တစ်ညနားပြီးရင် နောက်နေ့ကျ ချောင်းသာ ငွေဆောင် နှစ်ရက် နှစ်ည ပို့ရဦးမှာမို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ရပါတယ်၊ ဟဲ့သာ အားရင်သာ ဆက်ဆက်ပြောလိုက်ပါ၊ ငါ့ဖုန်းနံပါတ် ယူထားဦးလေ၊ ငါ အခုရန်ကုန် ပြန်လာရင်တော့ ငါ့မိဘအိမ်မှာပဲ တည်းပါတယ်၊ ရန်ကုန်အိမ်က လိပ်စာကတော့ အမှတ်(၅၀) (.....)လမ်းစမ်းချောင်းပါ၊ မှတ်ထားလိုက်နော် ရည်ညွန်း။ ဖုန်းကတော့ (-------)ပါ။ ရည်ညွန်းတို့ အားရင် ဖုန်းဆက်လိုက်နော်။ ငါ ဒီလကုန်ထိ ရှိမယ်"

"အေး ... ဆက်လိုက်မယ်လေ"

"ရည်ညွန်းတို့ ကျတော့ရော ဖုန်းဆက်ချင်ရင် ရလား"

"ဖုန်းကတော့ ရုံးဖုန်းကတစ်ဆင့်ပဲ ဆက်ပါ ရပါတယ်။ အိမ်မှာ ဖုန်းမရှိသေးဘူးလေ။ တစ်ဆင့်ခေါ်ဖုန်းတော့ ရှိတယ်။ ဖုန်းဆိုင်ကနေ ခေါ်ပေးတာလေ"

ရည်ညွန်းသည် ကိုယ့်အိမ်မှာ ဖုန်းမရှိပါဘူး ပြောရတာကို အမြဲရှက်နေကျအတိုင်း အခုလည်း ရှက်ရပြန်သည်။ အိမ်မှာ ဖုန်းမရှိခြင်း၊ Hand Phone တောင် မရှိခြင်းက ကိုယ့်အဆင့်အတန်းနဲ့ ကိုယ်တော့ ရှက်စရာကောင်းသည်။ ရှုံးနိမ့်သည်ဟုလည်း ကြဲဖန်ခံစားပြီး ရှက်တတ်သူပင်။

"ဪ ... ဒါဆိုလည်း ထားလိုက်ပါ၊ ရည်ညွန်းကို ရုံးကတစ်ဆင့် ခေါ်ရင်လည်း ရတာပဲလေ။ ဟဲ့သာ ရုံးကရော"





"ရပါတယ် ခေါ်လို့ရပါတယ်၊ ဖုန်းနံပါတ် မှတ်ထားလိုက်လေ"

ရည်ညွန်း ဖုန်းနံပါတ် ပြောလိုက်ရပြန်သည်။ ခင်နွယ်က ရည်ညွန်း အခန်းဝ လာရပ်ရင်း လက်တစ်ဖက်ဖြင့် သူ့လည်ပင်းရှေ့ အလျားလိုက် နှစ်ခါ သုံးခါ ဖြတ်ပြတဲ့ပုံလုပ်ရင်း ဖုန်းပြောတာကို ဖြတ်ပြဖို့ အမူအရာ အသံတိတ်လာပြသည်။ Boss ရောက်နေပြီဟု သတိပေးဟန်လည်း ပါသည်။

ရည်ညွန်း အသာခေါင်းညိတ်ပြလိုက်ရင်း ...

"ခန့်မောင်မောင်ရေ ... Boss ရောက်လာပြီ သိလား၊ ရည်ညွန်း ဖုန်းပြောတာရပ်မှ ဖြစ်တော့မယ်"

"ဟာ ... ဟုတ်လား၊ ဆောရီး ... ဆောရီး ... ငါလည်း မေ့ပြီး အကြာကြီး ပြောမိတယ်၊ ဆောရီးဟာ ... ဒါပဲနော် ရည်ညွန်း"

ရည်ညွန်းလည်း ဖုန်းအသာပြန်ချထားလိုက်ပါသည်။ ဟဲ့သာ ပြန်ရောက်လာပြီးရင်တော့ တစ်ရက်ရက်မှာ ခန့်မောင်မောင် အကြောင်း ပြောတော့ ပြောရပါမည်။ မပြောမိခဲ့လျှင် ရည်ညွန်း အပေါ် သံသယဝင်မှာ စိုးရိမ်မိသည်။ သူ့ကွယ်ရာမှာ သူစိမ်းယောကျ်ားတစ်ယောက်ဖြစ်သော၊ အရင်က ကိုယ့်ကိုပိုးပန်းဖူးသူလည်းဖြစ်သော လူတစ်ဦးနှင့် အဆက်အသွယ် ရှိနေရခြင်းကို ရည်ညွန်း စိတ်မသန့်လှပါ။

❀ ♣ ❀



www.burmeseclassic.com

www.burmeseclassic.com



## ၉

"ကိုဟံသာ"

ဟံသာသည် ချောင်းသာ ငွေဆောင်မှ အပြန်ပါလာသော လျှော်စရာအဝတ်တွေကို မလျှော်ချင်ပါဘဲ အဝတ်လျှော်စက်ထဲ ဖြစ်သလို တိုးသိပ်ထည့်ပြီး လျှော်ဖို့ လုပ်နေစဉ် ရည်ညွှန်း လာရပ်ပြီး ခေါ်လိုက်သဖြင့် ဝမ်းသာသွားသည်။ သူ လုပ်နေတာ အမြင်မတော်လို့ လျှော်ထားလိုက်မယ်။ ထားခဲ့များ ပြောမလားလို့ပါ။

"ဘာလဲ အဝတ်လျှော်ပေးမလို့လား"

"ဘာလျှော်ပေးစရာလိုလဲ၊ စက်ထဲထည့် ဆပ်ပြာမှုန့်ထည့် လျှော်ရုံပဲ၊ ဘာမှမခက်ခဲပါဘူး လျှော်မပေးပါဘူး။ ပြောစရာရှိလို့"





ဟံသာ စိတ်ညစ်သွားသည်။ ယောက်ျား ဆိုတာမျိုးက အိမ်အလုပ်, မလုပ်ရတာ များလာတော့ အခု ပြန်လုပ်ရတဲ့အခါ ဘာလေးပဲဖြစ်ဖြစ် မလုပ်ချင်။ အဝတ်လျှော်စက်ထဲ ထည့်လျှော်ရုံတောင် မလုပ်ချင်။ လျှော်ပြီး ပြီးတာမှ မဟုတ်တာ။ စက်က ရပ်သွားရင် လျှော်ပြီးသားတွေ ထုတ်လှန်းရဦးမယ်လေ။ အင်း ... ဒါကြောင့် ရည်ညွှန်းက အဝတ်ခြောက်ခံစက် dryer ဝယ်ချင်တာထင်တယ်။ အဝတ်က လျှော်ပြီးရင် အဝတ်စင်တွေမှာ အစီအရီ လှန်းရတာလည်း တစ်လုပ်။ ပျင်းဖို့ကောင်းတယ် အဝတ်ခြောက်ခံစက် ဝယ်မယ်ဆိုတုန်းက မထောက်ခံဘဲ PS2 စက်ကို အတင်းဝယ်မိခဲ့တာ ခုမှ နောင်တရချင်လာသည်။

"ဒီမြန်မာနိုင်ငံဆိုတာက နေရောင်ခြည် များများရတဲ့နိုင်ငံပါကွာ၊ dryer မလိုပါဘူး။ Clothing Dryer ဆိုတာ ဘိုနိုင်ငံမှာ နေရောင်ခြည် သိပ်မရတဲ့ အချိန်များတော့ အဝတ်တွေ မခြောက်မှာစိုးလို့ ကူရတဲ့ ပစ္စည်းပါ၊ ငါတို့နိုင်ငံမှာ မလိုဘူး"

ပြောပြီး ရည်ညွှန်း ဝယ်ချင်တာကို ပယ်ချဖူးခဲ့ပါသည်။

"ဘာပြောမလို့လဲ"

"ရှင် အဝတ်လျှော်စက်ကိစ္စပြီးရင် ပြောမယ်"

"ကောင်းပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



ရည်ညွှန်း ထမင်းစား, စားပွဲမှာ သွားထိုင်စောင့်နေပါသည်။ မနေ့ကမှ ဟံသာ ချောင်းသာ ငွေဆောင်မှ ပြန်ရောက်သဖြင့် ရည်ညွှန်း ဒီကအကြောင်းတွေ ဘာမှမပြောခဲ့သေးပါ။ ခန့်မောင်မောင်က ဒုတိယအကြိမ် ဖုန်းထပ်ဆက်လာပြီး ညစာ လိုက်ကျွေးမည့်ကိစ္စကို ထပ်ပြောနေပြန်သဖြင့် ကြာတော့ ရည်ညွှန်းလည်း အားနာလာသည်။ ဒါကြောင့် ဟံသာ ပြန်လာလျှင် ပြောမည်။ ဟန်ဆောင်ပြီး သွားတွေ့လိုက်မည်။ သူ ကျွေးသော ညစာကို စားမည်။ သူ့ကိုလည်း တစ်ရက်တော့ ပြန်ဖိတ်မည်ဟု စဉ်းစားမိ၍ ဖြစ်ပါသည်။

ဟံသာ့ အဖေက ဟံသာ ခရီးမှ ပြန်ရောက်ရောက်ချင်းမို့ ရုံးမတက်ဘဲ အိမ်မှာ နားချင်ရင်နားဟု ခွင့်ပေးသဖြင့် ဟံသာကတော့ နားရပေမဲ့ ရည်ညွှန်းက အလုပ်သွားရပါသည်။ ဒါကြောင့် အိမ်မှာ တစ်နေကုန် ဟံသာ ကျန်ခဲ့ပေမဲ့ ဘာတွေလုပ်နေသည် မသိ။ ရည်ညွှန်း ပြန်လာတော့မှပဲ သတိရသလားမသိ။ ခရီးထွက်တုန်းက ဝယ်လာတဲ့ သူ့အဝတ်တွေ ခုမှ လျှော်စက်ထဲ ထည့်လျှော်ဖို့ ပြင်နေတာ တွေ့ရသည်။

"ကဲ ... ပြော၊ ဘာကိစ္စလဲ"

"ကျောင်းမှာတုန်းက အတူတက်ခဲ့ဖူးတဲ့ ခန့်မောင်မောင် ဆိုတာ မှတ်မိလား"





ဟံသာ့ စိတ်ထဲ မျက်ခနဲ ဖြစ်သွားကာ ရည်ညွှန်းကို အသေအချာ စိုက်ကြည့်လိုက်ပါသည်။ ဘာကြောင့် သူ့ကို အရှူးအမူး ကြိုက်ခဲ့ဖူးတဲ့ကောင်အကြောင်း စကားစ,လာရသလဲ။ လင်မယား အဆင်မပြေချိန်မှာ ဘာကြောင့် ဒီနာမည်ကို အစဖော်ရသလဲ။

"သူနဲ့ ရည်ညွှန်း မတော်တဆ ပြန်တွေ့ကြတယ်၊ သူက ရည်ညွှန်းတို့ကို ညစာလိုက်ကျွေးပါရစေလို့ ဖိတ်လာတယ်။ သူက ဒီမှာမနေဘူးလေ၊ စင်ကာပူမှာ အလုပ်လုပ်ရင်း နေနေတယ်လို့ ပြောတယ်၊ မြန်မာပြည် ခဏပြန်လာတုန်း သူငယ်ချင်းတွေ ဆုံချင်လို့ပါလို့ ပြောတာနဲ့"

"အဲဒါက ဘာသဘောလဲ၊ သူငယ်ချင်းတွေ ဆုံချင်ရင် ဘရိုင်ယန်တို့စုံတွဲ၊ ဇော်နိုင်တို့စုံတွဲလည်း ခေါ်ရမှာပေါ့။ အဲဒီကောင်တွေနဲ့လည်း သူ ခင်နေတာပဲ၊ ဘာကြောင့် ငါတို့နှစ်ယောက်တည်းကို ဖိတ်ရလဲ"

"ဒါတော့ မသိဘူးလေ။ သူ ဖိတ်နေတာ နှစ်ခါရှိပြီ၊ ငြင်းရင် မကောင်းတော့ဘူး ထင်လို့ တိုင်ပင်တာ၊ ဘယ်လိုလဲ, သူ ဖိတ်တာကို လက်ခံလိုက်မလား"

"နေစမ်းပါဦး၊ ဒီကောင် အကြာကြီး ပျောက်နေပြီးမှ ခုချိန်ကျမှ မိုးကျရွှေကိုယ်လိုပဲ ဘာဖြစ်လို့ မင်းဆီ ပြန်ရောက်လာရလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရည်ညွန်းဆီ ပြန်ရောက်လာတာ မဟုတ်ပါဘူး၊ Boss က ခေါ်လို့ အလုပ်ကိစ္စနဲ့သွားတဲ့ တစ်ရက်မှာ မတော်တဆ ပြန်ဆုံတာပါလို့ ပြောနေ"

"ဘာပဲဖြစ်ဖြစ်ကွာ ကျောင်းမှာကတည်းက ဒီကောင်နဲ့ ငါ ပြိုင်ဘက်ဖြစ်ခဲ့တာ။ ငါ လုံးဝကြည့်မရဘူး။ မခင်ဘူး။ မသွားဘူး"

"ဘရိုင်ယန်တို့ ဇော်နိုင်တို့ကိုပါ ဖိတ်ရင်တော့ ရှင်ကသွားချင်တယ်ပေါ့ အဲဒီလိုလား။ ဒါဖြင့် ရည်ညွန်း ပြန်ပြောလိုက်မယ်လေ၊ သူငယ်ချင်းတွေအားလုံး ဆုံကြတာပေါ့လို့"

"မင်း သူနဲ့ သိပ်တွေ့ချင်နေလို့လား"

ရည်ညွန်း တမင် အသံထွက် ရယ်ပြရင်း ခေါင်းထဲမှာ ဖျတ်ခနဲပေါ်လာသော အကြံကို အကောင်အထည်ဖော်ဖို့ ဆုံးဖြတ်မိပါသည်။

ယောကျ်ားတွေက သူတို့ ဒီမိန်းမကို အပိုင်ရထားပြီးပြီဆိုရင် သူတို့စိတ်ထဲမှာ ဘာထင်သလဲဆိုတော့ ကိုယ့်မိန်းမက လွဲရင် တခြားမိန်းမတွေသာ ကြည့်အကောင်းဆုံး ဆိုတာမျိုး ထင်တတ်ကြတယ်။ ဟံသာလည်း ဒီလိုပဲ။ ရည်ညွန်း ဘယ်လောက်လှနေဦးတော့ ကိုယ့်မိန်းမမို့ အထင်လည်းမကြီး။ တန်ဖိုးလည်း မထားတတ်ပါ။





မိန်းမက အလုပ်လည်းလုပ်၊ တစ်ဖက်တစ်လမ်းက ဝင်ငွေလည်းရှာ၊ အိမ်မှုကိစ္စလည်း နိုင်နင်းပါရဲ့နဲ့ အသုံးမကျဘူးလို့ တစ်ခါတလေ ထင်ရင် ထင်တတ်မှန်း ရည်ညွန်း ရိပ်မိပါသည်။

ဒါကြောင့် ဟံသာ့ ရင်ထဲမှာ ခိုးလိုးခုလုနဲ့ သဝန်တိုစိတ် ဖြစ်လာပြီး ရည်ညွန်းကို ပြန်ဂရုစိုက် လာစေချင်လို့ ခန့်မောင်မောင်နဲ့ အထင်လွဲအောင် နည်းနည်းလုပ်ပြချင်သွားပါသည်။

"တကယ်တော့ မိုးမတို့ သင်းသင်းတို့ကအစ ငါနဲ့သိပ်သဘောမတူဘဲ အဲဒီကောင်နဲ့ သဘောတူခဲ့ကြတာကို ငါ ရိပ်မိပါတယ်။ ငါ့ထက်လည်း ရုပ်ပိုချောတဲ့ကောင်မှန်း ငါ သိပါတယ်၊ မင်း အခုကျမှ ငါ့ကို ရွေးမိတာ မှားလေခြင်းဆိုပြီး နောင်တရနေရင်လည်း မတတ်နိုင်ဘူး။ ဖြစ်ပြီးတာ ပြီးနေပြီ"

"ရှင် ဘာတွေ ပြောနေတာလဲ၊ ရည်ညွန်း ပြောနေတာက သူ ဖိတ်တာ လက်ခံပြီး ညစာ,သွားစားကြဖို့ပဲ ပြောတာ။ သူ မရိုးမသားစိတ်ရှိရင် ရည်ညွန်း တစ်ယောက်တည်းပဲ ဖိတ်မှာပေါ့။ အခု ရှင့်ကိုပါ ဖိတ်တယ်လေ။ ဒါ သူ့စိတ်ရင်းထဲမှာ မိတ်ဟောင်း ဆွေဟောင်းတွေဆိုပြီး ခင်လို့ဖိတ်တဲ့သဘောပဲ။ ဘာငြင်းစရာရှိလဲ။ ပြီးတော့ ဘရိုင်ယန်တို့ ဇော်နိုင်တို့ကို သူ မေးလည်းမမေးဘူး။ သတိလည်း မရ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ အဲဒါကို ရည်ညွှန်းက အစ,သွားဖော်ပြီး သူတို့ကိုပါ ဖိတ်ပါလားဟင်လို့ ပြောတော့ မပြောသင့်ဘူး။ သူက ကျွေးမဲ့လူလေ။ ကျွေးမဲ့လူကို ဟိုလူ့ခေါ်ပါလား ဒီလူ့ ခေါ်ပါလား အကြံပေးဖို့ မသင့်ဘူး ထင်တယ်"

"အေး ... ဘာပဲဖြစ်ဖြစ် ငါ မသွားဘူး"

"ဒါဖြင့် သူ့ကို အိမ်ကိုဖိတ်မှတော့ ဖြစ်မယ်"

"မင်း ဘယ်လို ဖြစ်နေတာလဲ၊ ငါ ဒီကောင့်ကို မကြည်ပါဘူးဆို"

"ရှင် ဘာမကြည်စရာရှိလဲ၊ ရှင်က နိုင်တဲ့လူလေ၊ ရှင်က ရည်ညွှန်းကို ရထားတဲ့လူလေ။ ဘာကြောင့် သူ့ကိုမကြည် စရာရှိလဲ။ ပြီးတော့ လွန်ခဲ့တဲ့ ခြောက်နှစ်၊ ခုနစ်နှစ်က အဖြစ်အပျက်ကို ပြန်နွှေးပြီး အသစ်လို ခံစားနေဖို့လည်း မသင့်ပါဘူး။ လူငယ်တွေမှ မဟုတ်တော့တာ၊ လူလတ် ပိုင်းပဲ ရောက်နေပြီ၊ ရင့်ကျက်ပြနိုင်ရမှာပေါ့"

ဟံသာသည် သူ့ကို ဆရာလာလုပ်နေသော ရည်ညွှန်းကို ဘုကြည့် ကြည့်ပါသည်။

"ဖိတ်ချင်ရင်ဖိတ်၊ ဒါပေမဲ့ ဒီကောင့်တစ်ယောက်တည်းတော့ မဖိတ်ဘူး။ တခြားသူငယ်ချင်းတွေပါ ဖိတ်မယ်"

"ဒါဖြင့် မိုးမတို့ကို နောက်အပတ် စနေနေ့ညဆုံဖို့ ချိန်းလိုက်မယ်နော်"





"အေး ... ချိန်းချင်ရင်ချိန်း။ ဒါပေမဲ့ အရင်တစ်ခါကလို ချက်ရပြုတ်ရ ဆေးကြောရလို့ မညည်းညူနဲ့ ဒီပွဲက ငါလုပ်ချင်လို့ လုပ်တာမဟုတ်ဘူး။ မင်းသဘောနဲ့ မင်း လုပ်တာ"

"လာပြန်ပြီ ဒီစကား။ တစ်ခုခု လုပ်မယ်ဆိုရင် ငါလုပ်ချင်တာ မဟုတ်ဘူးနော်၊ မင်းလုပ်ချင်တာနော်နဲ့ ဒါဖြင့် ဒီ အိမ်ထောင်ရေးက ဘာသဘောလဲ။ တစ်ယောက်နဲ့ တစ် ယောက် ဘယ်တော့မှ သဘောထား မကိုက်ညီတဲ့ သဘော လား"

ရည်ညွှန်းသည် အမြဲကြားနေရသော စကားဖြစ်သည့် "ငါလုပ်ချင်တဲ့ပွဲ မဟုတ်ဘူးနော်၊ မင်း လုပ်ချင်တာနော်"လို့ လွှဲချဖို့၊ တစ်စုံတစ်ခု အဆင်မပြေရင် အပြစ်ပုံချဖို့ ကြိုပြောထား သော စကားကို ဒီတစ်ခါလည်း ထပ်ကြားရပြန်လျှင် ထိုစကား သံကို sick ဖြစ်လာသည်။ ကြားကို မကြားချင်တော့။ ဘာသဘော နဲ့ ဒီလို အမြဲပြောပြောနေတတ်သလဲ။ ဒီလိုစကားနဲ့ပဲ ပိတ်လှောင် ထားတတ်သလဲ။ ဘာကြောင့် ဒီစကားနဲ့ အကျဥ်းချထားချင်တာ လဲ။

ရည်ညွှန်းမှာ တစ်ခုခု လုပ်ချင်ရင်တောင် အစစ အရာရာ အခါခါ ပြန်တွေးတော သုံးသပ်နေရတာ များလာသည် မှာ ဒီစကားကြောင့်။ မတော်တဆ ဒီပွဲလာရင်း သူငယ်ချင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြားထဲ အဖုအထစ်လေးတွေ ရှိသွားတာပဲဖြစ်ဖြစ်၊ မကျေလည်တာလေးတွေ ရှိသွားတာပဲဖြစ်ဖြစ်၊ ရည်ညွှန်းက စကားမှားသွားတာဖြစ်ဖြစ်၊ သူတို့ ပြောခဲ့သော စကားကို ရည်ညွှန်းတို့စိတ်ထဲမကြိုက်နှစ်သက်ခဲ့တာမျိုးဖြစ်ဖြစ် ကြုံခဲ့ရရင် "ဒီပွဲ ငါလုပ်ချင်တာမဟုတ်ဘူး၊ မင်းလုပ်ချင်တဲ့ပွဲ။ မင်းကြောင့် ဖြစ်ရတာ"ဆိုတဲ့ အပြစ်တင်သံကို ကြားရမှာ စိုးရိမ်တတ်လာသည်။

"ကဲ ... မင်း ပြောချင်တာ ပြီးပြီလား၊ ငါ လျှော်ထားတဲ့ အဝတ်တွေ ပြီးသွားပြီ။ သွားထုတ်ပြီး လှန်းရဦးမယ်"

"ပြီးပြီ ... သွားရင်သွားပေါ့၊ ဪ ... ဒါနဲ့ နေပါဦး။ ရှင် လခထုတ်ရင် ရည်ညွှန်းကို ပိုက်ဆံအပ်ဦးမှာလား"

"အံမာ ... ပိုက်ဆံကျ လိုချင်တယ်၊ ငါ့အပေါ်ကျ ဝတ္တရားမှ မကျေတာ။ အိမ်မှာတောင် နေရာကို အပိုင်းခွဲထားပြီး နေနေတာ၊ ငါ့အလုပ်တွေလည်း လုပ်မပေးဘူး။ ငါ့လည်း ချက်ပြုတ်မကျွေးဘူး၊ ဒီတော့ ပိုက်ဆံရော ငါကအပ်ဖို့ လိုလို့လား"

"ဘာပြောတယ်၊ ဒီမှ ရည်ညွှန်း ပိုက်ဆံလိုချင်လို့ မဟုတ်ဘူး။ ရှင်က ရှင့်အလုပ်တွေ လုပ်မပေးလို့ ပိုက်ဆံမပေးဘူးဆိုရင် တရားမမျှတလို့ ပြောတာ။ အိမ်မှာ လူနှစ်ယောက် နေတယ်လေ၊ လူနှစ်ယောက်သုံးတဲ့ရေကုန်တဲ့ ပမာဏ၊ မီတာတက်တဲ့ ပမာဏတွေ ရှင် ထည့်မတွက်





ဘူးလား။ အဲဒါကို ရည်ညွှန်း တစ်ယောက်တည်း ပေးရမှာလား။ ပြီးတော့ အိမ်မှာ အသင့်ဝယ်ထားတဲ့ ဆန်၊ ဆီ၊ ကြက်သွန်၊ အာလူး၊ ပေါင်မုန့်၊ ကြက်ဥ၊ ဖျော်ရည်၊ နို့ဆီ၊ သကြား၊ ထောပတ်တွေပေါ့၊ အစစအရာရာ ဝယ်ဖြည့်ထားတာတွေ ရှင်လည်း ယူစားတာပဲ။ ဒီကုန်ကျစရိတ်ကို ရည်ညွှန်းကပဲ အကုန်ခံရမှာလား၊ ဒါကြောင့် ရှင့်လခ အကုန်မအပ်ရင်နေ၊ မီတာခလာရင် Bill ပြမယ်၊ ရှင် တစ်ဝက်ပေးပေါ့။ ရေဖိုး Bill လာရင်လည်း ပြမယ်၊ တစ်ဝက်ပေးရမယ်၊ သန့်ရှင်းရေးခွန်တို့ ဘာတို့ အခွန်တွေ လာရင်လည်း ရှင် တစ်ဝက်ပေးရမယ်။ အိမ်မှာလိုတဲ့ ကုန်ပစ္စည်းတွေ ဝယ်လာပြီးရင်လည်း စာရင်းအတိအကျ ပြမယ်၊ ရှင်တစ်ဝက် ပေးရမယ် ဆိုတာ ကြိုပြောထားတာ"

ဟံသာ တမင်ပဲ မျက်ခုံးပင့်ပြမိပါသည်။ အားပါး ဒီမိန်းမ သူ့တစ်ယောက်တည်း ပိုက်ဆံကုန်ရမှာကျ ကြောက်တတ်သားပဲ။ ပြောလိုက် တွက်လိုက် ချက်လိုက်ရတာ ပါးစပ်က အမြှုပ်တောင် ထွက်မယ်။ ငါက မပေးဘဲ မနေပါဘူး။ တမင်စ, တာပဲ။ ဒါကို အဟုတ်ထင်နေပြန်ပြီ။ ကျွတ် ... အဲဒါတွေ ခက်တာပေါ့။ ရည်ညွှန်းဟာ တစ်ခါတလေကျ စ,လို့ စ,မှန်းလည်း မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူ့လိုသာ လိုက်တွက်ရမယ်ဆိုရင် ငါ ကျိုက်ထီးရိုးက အပြန်ဝယ်လာတဲ့ ဒူးရင်းယိုတွေ ကျွဲကောသီးတွေ သူ ယူစားတာပဲ။ ပုသိမ်က ဝယ်လာတဲ့ ငါးရံ့ခြောက်၊ ပုစွန်ခြောက်တွေ၊ ဟာလဝါတွေ သူယူသိမ်းသွားတာပဲ။ ငါလည်း ငါ့ပိုက်ဆံနဲ့ ဝယ်လာတာ။ မင်း စားမယ်ဆို တစ်ဝက်ပေးလို့ ဝေခြမ်းရေး လုပ်ရင် ရတာပဲ။

"ဘယ်လိုလဲ၊ ရည်ညွှန်း ပြောတာ လက်ခံလား"

"ငါ့လခ နှစ်သိန်းရတယ်၊ တစ်သိန်းပဲ မင်းကိုပေးမယ်၊ ကဲ ... တော်ပြီ၊ တစ်အိမ်တည်း အတူတူနေတဲ့ လင်မယား နှစ်ယောက်ကြားမှာ ငွေရေးကြေးရေး ပြောဆိုနေရတာ လူကြားလို့မှ မကောင်းဘူး"

ဟံသာ လှည့်ထွက်လာပါသည်။ ရည်ညွှန်းကတော့ လခ နှစ်သိန်းမှာ ငါ့ကို တစ်သိန်းပဲပေးရင် သူက တစ်သိန်းလုံး သုံးပစ်တော့မှာပေါ့။ နှမြောစရာကြီး အရင်ကဆို အကုန်အပ်ပြီး ပြန်တောင်းသုံးတော့ တစ်လ လေးငါးသောင်းလောက်ပဲ သုံးခွင့်ရတာ၊ အခုပိုသုံးရရင် သူကတော့ လက်ဖွာတဲ့သူဆိုတော့ သုံးပစ်မှာပါပဲ။ လင်မယားနှစ်ယောက်ကြားမှာ တစ်ယောက်နဲ့ တစ်ယောက် သဘောထားတွေက ကွဲလွဲလာတဲ့အခါ ပိုက်ဆံစုရေး၊ အိမ်ဖုန်းတပ်ဖို့ ဝယ်ရေး၊ ကားဝယ်ရေး ဆိုတဲ့ ရည်မှန်းချက်နဲ့လည်း တဖြည်းဖြည်း ဝေးလာပြီ ထင်ပါရဲ့။





ငါ လုပ်နေတာရော အဓိပ္ပာယ်ရှိရဲ့လား ဆိုပြီး ရည်ညွှန်း ပြန်သုံးသပ်ကြည့်မိလာသည်။ သို့ပေမဲ့ ဟံသာနဲ့စကားပြောတိုင်း သူက ကိုယ်ဖြစ်ချင်ကို လိုက်လျောတာက နည်းနည်း။ အတ္တကြီးပြီး သူပဲ အနိုင်ယူသွားတာများများ ဖြစ်လေရာ အဲဒါကိုလည်း ရည်ညွှန်း မခံချင်ပါ။

ရည်ညွှန်းကိုချည်း အမြဲအနိုင်ပေးရမယ်။ အသာစီးနေစေရမယ်ဆိုတဲ့ သဘောမျိုးလည်း ရည်ညွှန်းမှာ မရှိပါဘူး။ ဒါပေမဲ့ ယောကျ်ား တော်တော်များများတွေကတော့ မိန်းမရဲ့ သဘောထားကို လေးပုံသုံးပုံလောက် ပေးထားပြီး သူတို့သဘောထားက လေးပုံတစ်ပုံလောက်ပဲ ဖြစ်နေတာကို သတိထားမိပြန်တော့ ရည်ညွှန်းသည် ဟံသာက သိပ်အ ိုင်ယူလွန်းသည်ဟု မြင်ပြန်သည်။

ထို့အတူ ဟံသာဘက်ကကြည့်တော့လည်း ရည်ညွှန်းဟာ အစစအရာရာမှာ သိပ်ဂျီကျလွန်းသည်။ ဆရာလုပ်လွန်းသည်။ ဗျစ်တောက် ဗျစ်တောက် ပြောလွန်းသည်။ ကိုယ့်ယောကျ်ားကောင်းတဲ့အကွက်တော့ မမြင်ဘဲ မကောင်းတာဘဲ ရွေးမြင်အပြစ်ပြောချင်သည်ဟု ထင်နေပြန်သည်။

တချို့အချိန်တွေကျ ရည်ညွှန်းကို စိတ်ပြေအောင်ပြန်ချော့ ပြောချင်ပါသည်။ သူ့အကြိုက်လိုက်ပြောပြီး သူ လုပ်ခိုင်းစေချင်တာတွေ လုပ်ပေးချင်ပါသည်။ သို့သော် အဲဒီလို လုပ်



www.burmeseclassic.com

www.burmeseclassic.com



ပေးဖန်များရင်၊ အနိုင်ရဖန်များရင် ပိုပြီး ရောင့်တက်လာမလား။ ငါ ဒီလို စိတ်ကောက်ပြီး ပညာပြရင် နောက်ဆုံးတော့ ငါပဲနိုင်တာပဲ မဟုတ်လားဆိုတဲ့ အတွေးမျိုး ရည်ညွှန်း စိတ်ထဲ ဝင်သွားမလားဆိုကာ စိုးရိမ်မိပြန်သဖြင့် မချော့ချင်၊ မလိုက်လျောချင်ပြန်။

ဟံသာကလည်း တစ်ခါတလေကျ စိတ်ထဲပါတာ မဟုတ်ပေမဲ့ အပြောဆိုးတတ်တဲ့ အကျင့်ကလည်း ရှိသေးသည်။ တစ်လောကလုံး သူ့လုပ်စာ ထိုင်စားနေတဲ့ မျက်နှာပေါက်မျိုးလည်း ရှိသေးသည်။ အလကားနေရင်း မှုန်ကုပ်ကုပ်နဲ့လည်း နေတတ်သေးသည်။

"ရုပ်ရည်က သဘောကောင်း ဖော်ရွေတဲ့ ရုပ်မျိုးကို မရှိဘူး။ လူဆိုတာ ရုပ်ချောတိုင်းလည်း personality ရှိချင်မှ ရှိတယ်ဆိုတာ ရှင့်ကို မြင်မှပဲ ယုံသွားပြီ၊ ရှင်ကမျက်နှာမြင် ချစ်ခင်ပါစေဆိုတဲ့ personality မျိုး မရှိဘူး"

ဟူ၍ ရည်ညွှန်းက ကိုယ့်ယောကျ်ားဆိုပြီး မညှာ။ ပျစ်ပျစ်နှစ်နှစ် ဝေဖန်တတ်ပြန်သည်။

အမှန်တကယ်မှာတော့ ဟံသာသည် လူတစ်ဖက်သားအပေါ်ကျ သိပ်အားနာတတ်ပြီး အရှက်ကလည်း ကြဲဖန်ကြီးသေးသူပင်။

"မိန်းမအပေါ် တခြားလူတွေကို အားနာတတ်တာထက် တစ်ဝက်လောက် အားနာတတ်ရင် တော်ပါပြီ"





ဆိုတာမျိုး ရည်ညွှန်းက ရွဲ့ပြောတတ်သေးသည်။

"ဂျင်းဘောင်းဘီ သွားဝယ်တာပဲ၊ သူတို့က အစ်ကိုကြီး စိတ်ကြိုက် fitting room ထဲဝင်ပြီး ဝတ်ကြည့်လို့ ရပါတယ်။ ဝတ်ပါဆိုတာ ဘာရှက်နေစရာလဲရှင်။ ဝတ်ကြည့်ပေါ့။ အခုတော့ သုံးသောင်းခွဲတောင် ပေးရတဲ့ ဂျင်းဘောင်းဘီကို ဝတ်မကြည့်ဘဲ ဝယ်ချလာတာ၊ အိမ်ရောက်မှ ခါးက ပွသလေး၊ ခြေထောက်က ရှည်သလေး ပြောနေပြီ။ ပြန်လဲလို့မှ မရတာ။ ခါးပွနေရင် ခါးပတ်ကျပ်ကျပ်ပတ်ပြီး ဝတ်လိုက်။ ရှည်နေရင်လည်း နည်းနည်းခေါက်ဝတ်လိုက်ပါပဲ ရှိတယ်၊ မဝတ်ဘဲနဲ့တော့ ချောင်ထိုးမထားနဲ့နော်၊ နှမြောစရာကြီး။ ရှင်တို့ ယောကျ်ားတွေ အဝတ်အစားက တကယ်ဝယ်ရင် မိန်းမအဝတ်အစားထက်တောင် ဈေးကြီးသေးတယ်"

ဆိုကာ ဆိုင်မှာဝတ်ကြည့်ရမှာ ရှက်သဖြင့် ကိုယ့်ခါးကိုယ် (၃၄)လက်မဆို ရပါပြီဆိုကာ ဝယ်လာမိသော ဂျင်းဘောင်းဘီ။ အိမ်ရောက်မှ စိတ်တိုင်းမကျသဖြင့် ရည်ညွှန်းရဲ့ ဗျစ်တောက် ဗျစ်တောက် ပြောတာနဲ့လည်း ကြုံခဲ့ဖူးပေါင်းမနည်းတော့။

မလိုအပ်ပါဘဲ ရှက်မနေသင့်မှန်း ဟံသာဟာ သူ့ကိုယ်သူ သိပါသည်။ သူတစ်ပါးအပေါ် သိပ်အားမနာသင့်မှန်း



www.burmeseclassic.com

www.burmeseclassic.com



လည်း သိပါသည်။ ဒါဟာ သူ့ရဲ့အားနည်းချက်တွေမှန်းလည်း သိပါသည်။ သို့သော် အမေမွေးကတည်းက ပါလာသော အကျင့်စရိုက်ကို ဖျောက်၍မရခဲ့ပါ။ ရည်ညွန်းကလည်း ဒါကို နားလည်မပေးနိုင်ဘဲ အပြစ်ကြီးတစ်ခုလိုပဲ ခဏခဏ ထုတ်ပြောပြီး အပြစ်တင်တတ်တာတွေကျ ဟံသာလည်း စိတ်ဆိုးမိသည်။

တကယ်တော့ စဉ်းစားကြည့်ရင် ရည်ညွန်းရဲ့သဘောဆန္ဒ အများစုဖြင့်သာ ဒီအိမ်ထောင် တစ်ခုကို ဖန်တီးတည်ဆောက်ထားခဲ့တာတွေ ရည်ညွန်း ပြန်စဉ်းစားကြည့်ဖို့ ကောင်းသည်။

အိမ်ခန်းလေးကို မီဘတွေ တစ်ယောက်တစ်ဝက် ပိုက်ဆံထည့်ပြီး ဝယ်ပေးစဉ်က အိမ်ခန်းဟာ Hall ပုံစံကြီး ပြောင်တလင်းခါလျက် ဘာဆေးမှလဲ မသုတ်ရသေးသော အကြမ်းထည်သာ ဖြစ်သည်။

"မျက်နှာကြက်နဲ့ နံရံကို တစ်ရောင်တည်းသုတ်ရအောင်ကွာ"

ဟံသာက သူတွေ့ထားသော အဝါဖျော့ရောင်လေးကို သဘောကျပြီး ပြောတော့ ရည်ညွန်းက ...

"ရည်ညွန်းက အစိမ်းဖျော့လေး နံရံကိုသုတ်ပြီး မျက်နှာကြက်ကိုပဲ အဝါသုတ်ချင်တယ်၊ အစိမ်းနဲ့ အဝါလေး လှတယ် မောင်ရဲ့။ အရောင်လည်း လင်းတယ်"





ထိုအခါ အဲဒီတုန်းက သူ့ဘက်မှာ အတိုက်အခံပြောပြီး ကန့်ကွက်ခဲ့လို့လဲ။ ရည်ညွန်း သဘောပဲလို့ အလွယ်တကူ လိုက်လျောရုံတင်မက ...

"မိန်းမတွေက အရောင်ရွေးရင် ပိုတော်တယ်၊ ရည်ညွန်းရွေးတာ ဟုတ်မှာပါ။ သိပ်လှမှာပါ"

လို့ပင် ချီးကျူးလိုက်သေးသည်။

"အိပ်ခန်းကျယ်ကြီး တစ်ခန်းတည်း ဖွဲ့ရအောင် ဒါမှအခန်းထဲမှာ တီဗီသတ်သတ် DVD စက်လေး သတ်သတ်ထပ်ထည့်ပြီး အိပ်ရင်း ဖိမ်နဲ့ကြည့်ရင် ကြည့်ရမယ်"

"အိပ်ခန်းနှစ်ခန်း လုပ်ပါ မောင်ရယ်။ အိပ်ခန်းကျယ်ကြီး တစ်ခန်းတည်း ဘာလုပ်မှာလဲ။ နှစ်ခန်းရှိတော့ ပိုအဆင်ပြေတာပေါ့။ ဘုန်းကြီးဆွမ်းကျွေးမှ ထုတ်သုံးတဲ့ ပန်းကန်အကောင်းစားတွေ၊ ကော်ဇောတွေ၊ ထမင်းစားပွဲတွေ၊ ဘာညာပေါ့ အသုံးသိပ်မပြုတဲ့ ပစ္စည်းတွေ ထားလို့ရတယ်။ ပြီးတော့ အိပ်ခန်းထဲ TV နဲ့ DVD စက် ဝယ်ထည့်ထားလို့ မဖြစ်ပါဘူး။ ရည်ညွန်းနဲ့ မောင်က မနက်ထ အလုပ်သွားရတဲ့သူတွေ၊ ညဥ့်နက်ခံပြီးကြည့်ဖို့ အချိန်လည်းမရှိဘူးနော်၊ နောက်ပြီး အိမ်ရှေ့မှာလည်း TV နဲ့ DVD စက်၊ အိပ်ခန်းထဲလည်း TV နဲ့ DVD စက် ဝယ်ရရင် ပစ္စည်းတစ်မျိုးတည်းကို ပိုက်ဆံနှစ်ခါကုန်ပြီး ဝယ်သလို ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ရည်ညွန်းတို့မှာ လိုအပ်တာတွေက အများကြီး မောင်ရဲ့၊ ဝယ်လို့မဖြစ်ပါဘူး”

ရည်ညွန်းက သူပေးသော အကြံကိုပင် ပယ်ချပြီး၊ အိပ်ခန်းဖွဲ့တော့လည်း နှစ်ခန်းရအောင် ဖွဲ့ခဲ့သည်။ ဒါ့အပြင် အိမ်မှာ ဝယ်သမျှ ဆိုဖာအရောင်ကအစ တီဗီမော်ဒယ်လ်အဆုံး ရေခဲသေတ္တာ၊ ရေနွေးကြိုအိုးပါမကျန် နှစ်ယောက်အတူ သွားဝယ်တယ် ဆိုပေမဲ့ အကုန်လုံး ရည်ညွန်းစိတ်ကြိုက် ရည်ညွန်းသဘောကျသော သူ ပေးလုပ်ခဲ့တာပါ။ သူ့စိတ်ကြိုက် ဝယ်တာဆိုလို့ PS2 စက်ပဲ ရှိပါတယ်။

“လည်သာဆိုဖာ ဝယ်မိတာ မှားပြီလား မသိဘူး၊ လည်သာက နွေရာသီကျ ထိုင်ရင် အရမ်းပူပြီး ဆောင်းရာသီလို အေးတဲ့အချိန်ကျလည်း အရမ်းအေးတယ်၊ မောင်ပြောတဲ့ ရှမ့်ိုင်းသားလေးပဲ ဝယ်လိုက်ရင် ကောင်းသား”

ဆိုပြီး တစ်ခါတလေ တချို့ပစ္စည်းတွေ ဝယ်ရာမှာ တကယ်သုံးကြည့်တဲ့အခါ အဆင်မပြေလာရင် ရည်ညွန်း နောင်တရသလို ပြောတတ်ပါသေးသည်။

“မောင် မပြောဘူးလား။ ရှမ့်ိုင်းခုံလေးတွေက ထိုင်ရတာ ပိုအိပြီး ဖိမ်ကျပါတယ်လို့။ ရည်ညွန်းက လိုချင်တာကို မောင်က အကျိုးအကြောင်းပြောပြီး တားရင် စိတ်ကောက် ဦးမှာစိုးလို့ မပြောတာ”





လို့ သူ ပြန်ပြောမိခဲ့ရင် ရည်ညွန်းတစ်ယောက် စိတ်ကောက်လို့မဆုံး ဖြစ်လျက်။

“လုပ်ပြီ၊ သူတို့ယောကျ်ားတွေ အကျင့်က ဒီလိုပဲ၊ တစ်ခုခု မကောင်းတာဖြစ်ရင် မင်းကြောင့်ဆိုပြီး သိပ်လွှဲချတတ်တယ်၊ တကယ်ဆို ဝယ်ကတည်းက တိုင်တိုင်ပင်ပင်လေး လုပ်ရင် ရသားနဲ့၊ တမင် အမှားကို စောင့်ကြည့်နေတာ”

တဲ့လေ။ ဟံသာလည်း ဆက်အချင်းမများချင်တော့လို့ ရေငုံနှုတ်ပိတ်ပြီး ရည်ညွန်းကို အနိုင်ပေးခဲ့ရပေါင်းတွေ များနေပါပြီ။

ဒီတစ်ခါလည်း ဘယ်သူ့အမှားရယ်လို့ ပုံသေမတွက်ချင်ပေမဲ့ ရည်ညွန်း ဘက်ကလည်း ရည်ညွန်း သဘောဆန္ဒအလျောက် မှန်မှာဖြစ်သလို ဟံသာ့ဘက်ကလည်း မှန်သည်ဟု ဟံသာ ထင်သဖြင့် ရည်ညွန်းကို အလျှော့ပေးပြီး မချော့ချင်ပါ။

နောက်ပြီး အခုလို လင်မယားနှစ်ယောက် တစ်ယောက်နဲ့ တစ်ယောက် အဆင်မပြေဖြစ်၊ စိတ်ကောက်နေချိန်မှာ ဘယ်က ဘယ်လိုပေါ်လာသည် မသိသော အရင်က သူ့ကို အရှုံးအမူး ကြိုက်ဖူးခဲ့တဲ့ကောင်ကို အရေးတယူ လုပ်ပြီး စကားထဲ ထည့်ပြောလာသည်ကိုလည်း ဟံသာ တော်တော်စိတ်ဆိုးသည်။ တကယ်ဆို ဒီလိုမဖြစ်သင့်ဘူး။ စကားထဲတောင် ထည့်ပြောမနေ သင့်ဘူး။ ဟိုကောင့် ဖိတ်တာကို လက်မခံချင်ကြောင်း ပြဖြန်



www.burmeseclassic.com

www.burmeseclassic.com



ချောင်လွဲပြောရင် ရတာပဲ။ အဲဒါကိုပဲ အရေးတကြီးလုပ်ပြီး သူ့ဖိတ်တာ လက်မခံရင် မကောင်းဘူးလေ၊ ဘာလေးနဲ့။ ကိုယ့်အိမ်လည်း ပြန်တော့ဖိတ်ရမယ်နဲ့။

တမင်ပဲ သဝန်တိုအောင် လုပ်ပြနေသလားတော့မသိ။ ဘာကြောင့် သဝန်တိုရမှာလဲ။ သဝန်မတိုပါဘူး။ ပြီးတော့ရည်ညွှန်းရဲ့ စိတ်သဘောကိုရော၊ ကိုယ်ကျင့်တရားကိုရော ယုံကြည်တယ်။ တွယ်ရာမှာ ဘယ်တော့မှ ဖောက်ပြားတဲ့စိတ်ရှိမဲ့ မိန်းကလေး မဟုတ်ဘူးလို့ ယုံကြည်တယ်။

သွားတော့ မချိုးကျူးရဲဘူး။ တော်ကြာ ရောင့်တက်လာလိမ့်မယ်လေ။ ဒီတော့ စိတ်ထဲမှာပဲ ထားထားလိုက်ပါတော့မယ်။

❊ ✤ ❊






# အပိုင်း(၃)

www.burmeseclassic.com

www.burmeseclassic.com







## ၁၀

"နင်က ဒီကို ခဏပြန်လာလည်တဲ့လူပဲ၊ ရည်ညွန်းတို့က အရင်ကျွေးမယ်၊ အိမ်ကိုလည်း ရောက်ဖူးသွားတာပေါ့၊ ပြီးတော့ သူငယ်ချင်းတွေ အကုန်လည်း ဖိတ်ထားပေးမယ်လေ"

ဟူ၍ ရည်ညွန်း အကြောင်းပြန်လိုက်သောအခါ ခန့်မောင်မောင်လည်း ဝမ်းသာအားရ လက်ခံရုံမက ...

"ဟာ ... ဒါဖြင့် ဒီလိုလုပ်၊ ငါ အားလုံးလည်း ကျွေးဖြစ်သွားအောင် အစားအသောက်တွေကို ငါပဲ အများဆုံးဝယ်လာခဲ့မယ်၊ ရည်ညွန်း ဘာမှသိပ်မချက်ထားပါနဲ့"

ခန့်မောင်မောင် ထိုသို့ပြန်ပြောလာလျှင် ရည်ညွန်းလည်း ငါမချက်ရ သက်သာတယ်ဆိုတဲ့ အတွေးနဲ့ လက်ခံလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေကို ပြောပြပြန်တော့ ...

"ဟယ် ... ဒီလိုကြီး သူကျွေးတာပဲစားရင် ဘယ်ကောင်းပါမလဲ၊ ငါတို့လည်း သူ့ကို အိမ်မဖိတ်နိုင်ဘူးလေ။ အလုပ်က အမြဲရှိနေတာ၊ သူကလည်း ပြန်ခါနီးပြီဆိုတော့ သီးသန့်တစ်ရက်ခေါ်ပြီး ကျွေးဖို့ကလည်း မဖြစ်နိုင်ဘူး။ ဒီတော့ ငါတို့လည်း တစ်ယောက်တစ်မျိုး ချက်ယူလာမယ်ဟယ်"

"ဟုတ်တယ် ... picnic ထွက်သလိုပဲ၊ ဟင်းတွေ စားစရာတွေ တစ်ယောက်တစ်မျိုး ယူလာပြီး နင့်အိမ်မှာပဲ စု,စားကြမယ်၊ အဲဒါ ပိုကောင်းတာပေါ့"

"ခန့်မောင်မောင်ကို ပြန်ပြောလိုက်ပါ၊ သူ,တစ်ယောက်တည်း အများကြီး မဝယ်လာနဲ့၊ ငါတို့လည်း ယူလာမယ်လို့"

"ငါတို့ဆီ သူ ဆက်သွယ်ချင်ရင်လည်း ဖုန်းနံပါတ်တို့၊ e-mail တို့ ပေးလိုက်ပါ။ သူ့ကိုတော့ ငါတို့ ခင်ပါတယ်ဟယ်၊ အလကား ဟံသာကသာ သူ့ပြိုင်ဘက်ကြီးမို့လို့တွေ့ရမှာ လန့်နေတာ။ တီကောင်ကို ဆားနဲ့တို့သလို တွန့်တွန့် တွန့်တွန့် ဖြစ်နေတာ ဟီ ဟီ။ ဟိုက သူ့ထက်ပိုချောပြီး အိမ်ထောင်လည်း မရှိသေးဘူးဆိုတော့ ပိုကြည့်ကောင်းနေမှာလေ။ ဟံသာကတော့ လူသာ ခပ်ပိန်ပိန်နော်ဗိုက်က ထွက်လာပြီ၊ ဆံပင်ဖြူလည်း မြင်ရပြီ"





သူငယ်ချင်းတွေထဲမှ တစ်ယောက် တစ်မျိုးသော အကြံအစည်တွေကို ရည်ညွှန်း လက်ခံရပြီးသောအခါ အိမ်သို့ ဖိတ်ရေး အစီအစဉ်ကို အတိအကျ ရက်သတ်မှတ်၍ အကောင်အထည် ဖော်လိုက်ပါသည်။

ဟံသာ့ကိုတော့ ပွဲလုပ်မည့်နေ့ရောက်သော အသိပေးထားပြီး ဘာမှ အသေးစိတ် မပြောခဲ့ပါ။ ဟံသာကတော့ ဒီပွဲအတွက် လှုပ်ရှားတက်ကြွနေသည်ဟု ရည်ညွှန်းကို အပြစ်မြင်သဖြင့် စိတ်ပုပ်ပြီး သူအပိုင်စားရထားသော ဧည့်ခန်းကိုရော သူအိပ်ရသော အိပ်ခန်းကိုရော ပိုပြီးဖွထားလိုက်သည်။

ဧည့်ခန်းရဲ့ ဆိုဖာဆက်တီမှာ နှစ်ယောက်ထိုင်ဆိုဖာခုံရှည်တစ်လုံး တစ်ယောက်ထိုင် သုံးလုံးရှိလေ ရာ အဲဒီဆိုဖာတွေပေါ်မှာ လူဘယ်လိုဝင်ထိုင်လို့မှ မရအောင် Pringles အာလူးကြော်ဘူးတွေ၊ ဘီယာဘူး အလွတ်တွေ၊ သတင်းစာဂျာနယ်တွေ၊ TV, DVD, PS2 စက် ဆောင်းဘောက်တွေရဲ့ ရီမုဒ်တွေ (ရည်ညွှန်း အရင်က ရှင်းပေးစဉ်ကတော့ ရီမုဒ်တွေချည်း စုထည့်ရသော ပလတ်စတစ်ခြင်းလေးထဲ အမြဲသေသေသပ်သပ် ရှိနေတတ်ပါသည်။ ရည်ညွှန်းက ပြန်ကောက်သိမ်းလိုက်၊ ဟံသာကသုံးပြီး နေရာတကျ မထားဘဲ ဖြစ်သလို တင်ထားလိုက်နဲ့ သံသရာလည်နေတတ်သည်)။ ဒါ့အပြင် ဟံသာရဲ့ စွပ်ကျယ်တို့ ချက်နာသုတ်ပဝါတို့ကလည်း ရောထွေးတင်ထားလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်သားပါကေးကွက် ခင်းထားသော ကြမ်းပြင်ဟာလည်း ဟံသာ ဖိတ်ကျထားသော ဘီယာတို့၊ ရေတို့၊ တီဗီကြည့်ရင်း ထမင်းပန်းကန် အပြင်ယူစားတတ်သဖြင့် ဖိတ်ကျထားသော ထမင်းလုံးတချို့တို့၊ အာလူးကြော်အမှုန့်တို့ဖြင့် ညစ်ပတ်ပေပွနေကာ အရောင်မလက်တော့။ အရင်ကဆို ရည်ညွန်းဟာ ဗျစ်တောက်ဗျစ်တောက် ပြောလည်းပြော၊ ဆူလည်းဆူရင်း လိုက်ကောက်သိမ်း၊ သန့်ရှင်းပြီး ပြောင်လက်သွားအောင် ကိုယ့်အရိပ်တောင်ကိုယ်ပြန်မြင်ရအောင် ပေါလစ်ရှ်ဖြင့် တိုက်ထားတတ်ပါသေးသည်။

TV, DVD စက်, PS2 စက်တွေကိုလည်း မသုံးဖြစ်ရင် အလုအုပ်ထားသော တက်ဖာင်းဇာ အဖုံးတွေလည်း ပြန်မအုပ်ထားဘဲ လုံးထွေးပြီး ဘေးပုံထားတာတွေလည်း ရှိနေသည်။ ကော်ဖီစားပွဲ အလှလေးပေါ်မှာလည်း ရေခွက်တို့ ဘီယာဘူးတို့တင်ထားသော အဝိုင်းကွက်တွေ၊ အာလူးကြော် အကျိုးအကြေတွေ၊ တစ်ရှူးစက္ကူသုံးပြီး လုံးထွေးထားသော အလုံးတွေ၊ ရှုပ်ပွနေသည်မှာ မြင်မကောင်း။

ရည်ညွန်းနဲ့ ဟံသာ စိတ်ကောက်နေကြသော ရက်ပိုင်းက ဘာမှမရှိသေး။ ဒါပေမဲ့ ဟံသာ တမင်ရွဲ့ပြီး ပိုဖွပစ်သဖြင့် ညှော်ခန်းဟာ အမှိုက်ပုံ ဖြစ်နေပြီ။

ဟိုရက်တွေကတော့ ရှင်းသေးသည်။ နောက်တော့ ခန့်မောင်မောင်ကို အိမ်သို့ဖိတ်မည့်ကိစ္စဖြင့် စိတ်ထဲမှာ မကျေ





မနပ်ဖြစ်လာသဖြင့် ရွဲ့ပြီး ပိုဖွပစ်လိုက်သောအခါ ညှော်ခန်းက ကြည့်ချင်စရာ၊ ထိုင်ချင်စရာပင် မရှိ။ ကောင်းတယ်။ သူ့သူငယ်ချင်းတွေလာမှ အရှက်ကွဲမယ်။ ခန့်မောင်မောင် လာမှ အရှက်ကွဲမယ်။ ရည်ညွန်းမိုးဟာ ရုပ်ကလေးလှသလောက် အိမ်ထောင်မှုမထိန်းသိမ်း၊ အပျင်းကြီးတဲ့ မိန်းကလေးပဲလို့ စိတ်ထဲမှာ ထင်သွားမှာ။ ငါ မယူမိတာ ကံကောင်းဆိုပြီး အကဲ့ရဲ့ခံရမှာ။

ဟံသာကလည်း သူ့အကြံနဲ့သူ ဖွ။ ရည်ညွန်းလည်း သူဖွထားတာတွေ မြင်ပေမဲ့ မပြော။ ရတယ်လေ ဖွပေါ့။ သူငယ်ချင်းတွေက ရည်ညွန်း ပြောပြထားလို့ အားလုံးသိနေပြီ။ ညှော်ခန်း ရှုပ်ပွနေတာမြင်လည်း ကဲ့ရဲ့မဲ့သူတွေ မဟုတ်ဘူး။

ခန့်မောင်မောင် မြင်ခဲ့ရင်လည်း မရှက်ပါဘူး။ ကိုယ်ဟာ အပျင်းကြီးပြီး အိမ်အလုပ် မလုပ်တဲ့ မိန်းမလို့ မြင်ချင်လည်း မြင်ပေါ့။ ဂရုစိုက်စရာလား။ သူနဲ့ ခဏတစ်ဖြုတ်ပဲ တွေ့ရတာမို့ ခန့်မောင်မောင်လို သူစိမ်းကမြင်သွားလည်း ရည်ညွန်း ဂရုမစိုက်ပါ။

အရေးကြီးတာက ရည်ညွန်းနဲ့ အမြဲ ဆက်ဆံပတ်သက်ရသော အလုပ်က မိတ်ဆွေတွေ၊ တစ်ခါတစ်ရံ အိမ်ရောက်လာပြီး လာခေါ်ချင် ခေါ်တတ်သော Boss နှင့် ဟံသာ့ အလုပ်က မိတ်ဆွေတွေ အခုရက်ပိုင်းအတွင်း အိမ်မလာမိစေဖို့ပဲ ဖြစ်သည်။ ထိုသူတွေကတော့ အမြဲပတ်သက်နေရသည်ဖြစ်ရာ ကိုယ့်အပေါ် အထင်အမြင်သေး ကဲ့ရဲ့တာတော့ မဖြစ်စေချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ပဲ သူငယ်ချင်းတွေ အကုန်လုံးနဲ့ ဆုံကြဖို့ချိန်းသော စနေနေ့ညနေကို ရောက်ခဲ့ပြန်သည်။ စနေမှာ ရည်ညွှန်းတို့ သူငယ်ချင်း အများစုက အလုပ်ကိစ္စတွေနဲ့ နေ့ခင်းမအားကြ၍ စနေနေ့ပွဲ လုပ်ရတာ ပင်တော့ပင်ပန်းပေမဲ့ တနင်္ဂနွေညနေ လုပ်လို့ကလည်း မဖြစ်ပြန်။ တနင်္လာမှာ အားလုံး အလုပ်သွားရသူ၊ ဆိုင်ဖွင့်ရသူတွေနဲ့မို့ အမြဲတဲ စနေနေ့ညနေကိုသာ ရွေးဖြစ်ပါသည်။

ရည်ညွှန်းကတော့ အိမ်ကိုအရင် ပြန်ရောက်ပြီး ညကတည်းက အကောင်လိုက် ဗိုက်ခွဲ ကလီစာထုတ်ပြီးမှ ထိုဗိုက်ဟောင်းလောင်းထဲ ကြက်သွန်ဥနီ၊ ကြက်သွန်ဖြူ၊ စပါးလင်၊ ချင်းတို့ဖြင့် ပြန်ဖြည့်၊ အပေါ်က ဆား၊ နနွင်း၊ ပဲငံပြာရည်အကြည် အနောက်သုတ်လိမ်းပြီး နှပ်ထားသော ကြက်ကောင်လုံး သုံးကောင်ကို အသားပေါင်းအိုးထဲထည့် ခလုတ်နှိပ် ပေါင်းထားလိုက်ရုံဖြင့် ချက်ပြုတ်တာ ပြီးပြီ။ အရင်တစ်ခါကလို အများကြီး လုပ်စရာ မလိုတော့။

နီလာတို့က ချက်ယူလာကြမည် ပြောထားသဖြင့် ရည်ညွှန်းက လွယ်သော ကြက်သားကိုသာ စီစဉ်ထားလိုက်တာ ဖြစ်သည်။

ဟံသာ ပြန်လာသောအခါ အိမ်ထဲ အသားပေါင်းအနံ့က မွှေးကြိုင်နေတာ သတိထားမိပြီး ရည်ညွှန်း တစ်ယောက် အရင်ကလို ဗျာများအောင် ချက်ပြုတ်နေတာ မတွေ့၍ အံ့သြသွားသည်။





ရေချိုးခန်းထဲမှ ရေသံကြားနေရ၍ ရေချိုးနေပြီမှန်း သိလိုက်သည်။

"ဟား ဟား ... ခန့်မောင်မောင် လာမယ်ဆိုတော့ သူ့ကိုယ်သူ လှနေဖို့ ရေတောင်စောစောချိုးပြီး ပြင်ဆင်နေပြီကိုး"

ဟု ဟံသာ ကဲ့ရဲ့သလို ခပ်တိုးတိုး ပြောမိသည်။

ဟင် ...။ ဟင်းကလည်း တစ်မျိုးတည်းပါလား။ ကြက်သားပေါင်းပဲ လုပ်ထားတာကိုး။ ဒါပဲ ကျွေးလို့ဖြစ်မလား အထဲက ကြက်သားသုံးကောင်ကလည်း ဒီလူအုပ် လောက်အောင် ဝေဖို့ မကြီးလှဘူး။ ဒီမိန်းမ ဘာမဟုတ်တာ လုပ်ပြန်ပြီလဲ မသိဘူး။ ခေါ်လည်းကျွေးသေး မလောက်မငလည်း လုပ်ထားသေး၊ တော်ကြာ ဇော်နိုင်တို့ ဘရိုင်ယန်တို့က ...

"ဟံသာ ဘယ်လိုလဲ၊ မင်းက မိန်းမကို ဈေးဖိုးလုံလောက်အောင် မပေးဘူးထင်တယ်၊ ရည်ညွှန်း တော်တော်ချွေတာနေရလို့ ကြက်သားသုံးကောင်ပဲ ပေါင်းကျွေးနိုင်တော့တယ်"

လို့ နောက်ပြောင်ကြလိမ့်မယ်။ ဒီကောင်တွေက သူငယ်ချင်း အရင်းကြီးတွေမို့ အားနာတတ်တာလည်း မဟုတ်ဘူး။ ပြောစရာရှိ ထုတ်ပြောတာပဲ။ အဲဒီလို အပြောခံရရင် ရှက်စရာကြီး။

"ဟော့ ... ဟော့ ... ရည်ညွှန်း"



www.burmeseclassic.com

www.burmeseclassic.com



ဟံသာ ရေချိုးခန်းတံခါးဘုကို အသာလှည့်ဖွင့်လိုက်သည်။ ရည်ညွန်းက ရေချိုးလျှင် တံခါးကို ပိတ်တော့ပိတ်လေမဲ့ အထဲက ဘယ်တော့မှ လော့(ခ)လုပ်မထားပါ။

"ရည်ညွန်း မတော်တဆ ချော်လဲလို့ ခေါင်းထိပြီး သတိမေ့သွားရင် မောင် အလွယ်တကူ ဝင်လာပြီး ကယ်လို့မရမှာစိုးလို့"

ဟု ကြုံကြုံဖန်ဖန် ပူပင်တတ်ကာ ဘယ်တော့မှ တံခါးဘုကိုနှိပ်ပြီး လော့(ခ)မလုပ်တတ်ပါ။

"ဘာလဲ"

ရည်ညွန်းသည် Shower Gel ဟုခေါ်သော ဆပ်ပြာဂျယ်လ်များဖွေးလျက် ရေပန်းဖြင့် ရေချိုးရာ နေရာကို ကာထားသော မိုးကာသား လိုက်ကာကို လက်ဖြင့် အသာဟရင်း မေးပါသည်။

"မင်း ဖိတ်ထားတဲ့ လူတွေကဖြင့် အများကြီး ကြက်သားသုံးကောင်တည်း ပေါင်းထားတယ်လား၊ လောက်ပါ့မလား"

"မလောက်လည်း မတတ်နိုင်ဘူး၊ ရှိတာ မျှစားကြပေါ့၊ ဒါပဲ ရှိတယ်"

"ဟာ ... မဟုတ်သေးပါဘူး။ မဖိတ်ရင်လည်း လုံးဝမဖိတ်နဲ့၊ ဖိတ်ကျွေးရင်လည်း မလောက်မငမလုပ်နဲ့ပေါ့"

"ရှင့်လခထဲက တစ်ဝက်ပဲ ရည်ညွန်းကို ပေးထားတာလေ။ အဲဒီထဲမှာ သူငယ်ချင်းတွေ ဖိတ်ကျွေးရင် ချက်ပြုတ်ကျွေး





မွေးစရိတ်ထည့်လို့ ဘယ်ဖြစ်မလဲ၊ အဲဒါဆို ရည်ညွန်း အိတ်စိုက်ရမှာပေါ့"

ရည်ညွန်း တမင်ညစ်ပြီး ဟံသာ့ကို အဖြစ်မှန်မပြောတာပင်။ ဒီလောက် အစွဲ့တိုက်ချင်တဲ့လူ။ တကယ့် တကယ်ကျလူရှေ့မှာ အရှက်ကွဲမှာကျ ကြောက်တတ်သားပဲ။

"အချိုပွဲတွေ ဘာတွေလဲ မလုပ်ထားပါလား"

"ရှင် လူကြီးပဲ ဖြစ်နေပြီ။ အချိုပွဲထည့်ချင်ရင် ကိုယ့်ဘာသာ ဆိုင်ကသွားဝယ်လိုက်ပေါ့၊ ရည်ညွန်းတော့ မလုပ်နိုင်ဘူး။ ရှင်ပဲ ပြောထားတယ်လေ ကိုယ့်ဘာသာ ကိုယ့်သဘောနဲ့ကိုယ် ဖိတ်ကျွေးပြီးမှ ပန်းကန်တွေ ဆေးရတယ်။ သိမ်းရတယ်။ အလုပ်ရှုပ်တယ် လာမည်းနဲ့။ မကူညီဘူးဆိုလို့ ပန်းကန်ဆေးရ သက်သာအောင် တစ်ခါသုံး ဝလတ်စတစ်ပန်းကန်ပြားတွေရယ်၊ ရေခွက်တွေရယ်၊ ဇွန်းခက်ရင်းတွေရယ်တောင် ဝယ်လာတယ်၊ ဆေးစရာ မလိုဘူး၊ စားပြီး လွှင့်ပစ်ရုံပဲ။ ဆေးကြောရ သက်သာအောင်လည်း ဟင်းဆို တစ်မျိုးပဲ လုပ်ထားတယ်၊ အချိုပွဲလုပ်နေရင် အိုးခွက်ပန်းကန် ထပ်ကုန်ဦးမှာမို့ မလုပ်တော့ဘူး။ Juice သောက်ပြီး ပြန်ပေါ့၊ ဒါပဲ ရှိတယ်"

ဟံသာသည် ရည်ညွန်း စိတ်ကို ဘယ်လိုမှ နားမလည်နိုင်တော့ဘဲ တံခါးဘုကို အသာပြန်လှည့်ပိတ်ပြီး ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းအုပ်စုကြီးကို အိမ်လည်း ဖိတ်ကျွေးသေးတယ်။ ပြီးတော့ သူများ စိတ်ကွက်စရာဖြစ်အောင်၊ ကဲ့ရဲ့စရာဖြစ်အောင် လုပ်ထားပြန်ပြီ။ ဘာသဘောပါလိမ့်။ ငါက ညှော်ခန်းကို မရှင်းဘဲ ဖွထားလို့ သူက ပြန်ပညာပြတာလား။

ဟံသာလည်း ကိုယ့်ကို သူများအပြောခံရမှာတော့ မလိုလားလေရာ အိမ်ကနေ တစ်ခေါက်ပြန်ထွက်ပြီး အနီးဆုံးမှာရှိသော ကိတ်မုန့်ဆိုင်ကိုပြေး၍ ထမင်းစားပြီး အချိုပွဲကျွေးစရာ ကိတ်မုန့်တချို့ ဝယ်လိုက်ပါသည်။ အရင်က လင်မယား အဆင်ပြေနေတုန်းကတော့ ဟင်းတွေ ဖွယ်ဖွယ်ရာရာ၊ အချိုပွဲ စုံစုံလင်လင်နဲ့ ဗိုက်တွေ တင်းကျပ်ပြီး မအီမလည်ဖြစ်စေတဲ့အထိ ကျွေးခဲ့တဲ့သူတွေက အခု သူတို့လင်မယားချင်း အဆင်မပြေချိန်မှာ ကောင်းကောင်းမွန်မွန် မကျွေးဘူးဆိုလျှင် နီလာတို့ သင်းသင်းတို့က ဘယ်သို့ပဲ အပြစ်တင်မလဲ။ ဟံသာ့ကိုပဲ အပြစ်တင်မှာပဲပေါ့။ ဟံသာ လခအကုန်မအပ်လို့ ရည်ညွန့် ခမျာ ချွေတာနေရပြီလို့ ပြောကြလိမ့်မယ်။ သူတို့မိန်းမအုပ်စုက သူတို့ငါးယောက် ဆုံဆုံပြီး ယောကျ်ားမကောင်းကြောင်း အတင်းအုပ်ကြတဲ့ အုပ်စုလေ။ အခု ရည်ညွန့်နဲ့ဟံသာ အဆင်မပြေကြတာလည်း သူတို့ မသိဘဲနေမှာမဟုတ်ဘူး။ သိမှာပဲ။ သိရက်သားနဲ့တောင် ငါတို့ဖိတ်တော့ လာရဲသေးတယ်၊ သရဲမတွေ၊ သူများအိမ်က ဖိတ်ကျွေးတာ လိုက်စားနေတဲ့ မိန်းမတွေ။





ဟံသာသည် ဝယ်ခြမ်းရသော အလုပ်ကို စိတ်မပါဘဲ လုပ်ရသဖြင့် စိတ်ဆိုးဆိုးဖြင့် စိတ်ထဲမှာ ရည်ညွန့်၏ သူငယ်ချင်းမ, အုပ်စုကို ကျိန်ဆဲပစ်နေခဲ့ပါသည်။

ဟံသာ အိမ်ရောက်သောအခါ မုန့်ဘူးတွေ ပါလာသော ကြွပ်ကြွပ်အိတ်ကို ရည်ညွန့်ဆီ သွားပေးရင်း ...

"ကဲ... ရော့ ရော့၊ မင်းက မျက်နှာပြောင်ပေမဲ့ ငါကတော့ မျက်နှာမပြောင်နိုင်ဘူး။ ငါ့ကို ကဲ့ရဲ့မှာစိုးလို့ အချိုပွဲလုပ်ဖို့ ကိတ်မုန့်တွေသွားဝယ်လာလိုက်တယ်၊ ထမင်းကျွေးပြီးရင် ဒါတွေ ချကျွေးလိုက်ပါ"

ဟု ပြောလည်းပြောပြီး ရေချိုးခန်းထဲလည်း တန်းဝင်သွားတော့သည်။

ရည်ညွန့်သည် ဟံသာ့နောက်ကျောကို ပြုံးစိစိကြည့်ရင်း မုန့်ဘူးတွေကို ရေခဲသေတ္တာထဲ ယူထည့်ထားလိုက်ပါသည်။ ထိုအချိန်တွင် တင်းတောင် တင်းတောင် ဟူသော တံခါးဘဲလ်သံ စတင်မြည်လာသည်။

ရည်ညွန့် သွားဖွင့်လိုက်တော့ ခန့်မောင်မောင် ဖြစ်နေသည်။

"ဟဲလို"

ခန့်မောင်မောင်က သူ့လက်နှစ်ဖက်လုံး အပြည့် အစားအစာ Take Away ဘူးများ ထည့်ထားသော ကြွပ်ကြွပ်အိတ်ကြီး ဆွဲလျက်မှ လှမ်းနှုတ်ဆက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



“ဟယ် ... ခန့်မောင်မောင်ရယ်၊ လာ ... လာ၊ လက်နှစ်ဖက်အပြည့် ဝယ်လာတယ် ထင်တယ်”

“သူငယ်ချင်းတွေ ဆုံတောင့်ဆုံခဲ ကျွေးချင်တယ်ဆိုပြီး ဆိုင်က မီနူးမှာ တွေ့သမျှ စိတ်ဝင်စားသမျှတွေ မှာချလာတာပဲ၊ ကုန်အောင်စားကြရမယ်နော်”

“ထိုင်ပါဦး၊ အဲ ... အဟဲ ညှော်ခန်းကတော့ မြင်တဲ့အတိုင်းပဲ ခန့်မောင်မောင်ရယ်။ နှစ်ယောက်စလုံး အလုပ်ကိုယ်စီနဲ့ဆိုတော့ အိမ်မရှင်းအားဘူး။ မနက်ဖြန်လို အားမှပဲ တစ်ပတ်စာ ပေါင်းရှင်းရတော့လေ၊ အခုတော့ အဟင်း ... ရှုပ်ပွနေတယ်၊ အားနာလိုက်တာ”

ရည်ညွှန်းမှာ ဒီအဖြစ်အပျက်ကြီးကို သူစိမ်း တစ်ယောက်အား ပြရသဖြင့် ရှက်တော့ ရှက်နေသည်။ အိမ်တစ်အိမ်မှာ ရှုပ်ပွနေရင်၊ သေသေသပ်သပ် မရှိရင်၊ ပစ္စည်းတွေ သူ့နေရာနဲ့သူ အံဝင်ခွင်ကျ မဖြစ်ရင် လူတွေဟာ ယောက်ျားကို အပြစ်မတင်ဘဲ အိမ်ထောင်ရှင်မ မိန်းမတွေကိုသာ အပြစ်မြင်ကြတာ။ အခုလို ရှုပ်ပွနေတာမြင်တော့ ကိုယ်အပျင်းထူရာ အသုံးမကျရာ ရောက်နေပြီလေ။ ဒါပေမဲ့ ဘာတတ်နိုင်မလဲ၊ သူ ဖွထားတာတွေ ငါ မရှင်းဘူးလို့ စိတ်ထဲတင်းထားပြီးပြီပဲ။

“ဟာ ... ရတယ်၊ ရှုပ်ပွတာလောက်ကတော့ ငါ့အတွက် ဘာပြဿနာမှ မရှိဘူး။ ငါ့ စင်ကာပူက အခန်းမှာလည်း





လူတစ်ယောက်တည်းသာ နေတယ် ရှုပ်ပွနေတာပါပဲ။ အိပ်ရာလည်း ဘယ်တော့မှ သိမ်းဖြစ်တယ် မရှိပါဘူး၊ ဒီတိုင်းပဲ၊ အဝတ်ဗီရိုလည်း စုပြုံထိုးသိပ် ထည့်ထားတော့ ဗီရိုတံခါး ဖွင့်လိုက်ရင် အထဲမှာ ပြွတ်သိပ်နေတာတွေ ပြန်ပြိုကျလာလိုက်၊ ပြန်ထိုးထည့်ပြီး လိုချင်တာ ဆွဲဝတ်သွားလိုက်ပဲ ဟား ဟား။ အဆိုးဆုံးက မိတ်ဆွေသူငယ်ချင်းတွေ အားရက်မှာ လာသောက်ကြရင်ပေါ့။ သူတို့သောက်ပြီး ကျန်ခဲ့တဲ့ ဖန်ခွက်တွေ၊ ဘီယာဘူးခွံတွေ၊ ဆေးလိပ်ပြာခွက်တွေ၊ အမြည်းပန်းကန်တွေဟာ သုံးလေးပတ်လောက် ပုံနေတော့တာလေ။ မသိမ်းဖြစ်ဘူး။ စိတ်မပါရင် မလုပ်ဘဲ ထားလိုက်တယ်။ စိတ်ပါမှ တစ်ခါတည်း စုပြုံလုပ်တယ်၊ ဟဲ ဟဲ ... စိတ်ပါတဲ့ ချိန်ကလည်း သုံးလေးလမှ တစ်ခါ ပေါ်တာလေ။ ဒါကြောင့် အဖေအမေတို့ကတော့ ငါ့ကို မိန်းမယူစေချင်နေပြီ၊ မိန်းမရှိမှ ယောက်ျားတွေက စည်းကမ်းရှိလာတာတဲ့”

ခန့်မောင်မောင် ရယ်မောရင်း ညှော်ခန်းမှာ အမြင်မတော်တာတွေ ထိုင်လို့မရအောင် စုပြုံနေတာတွေတော့ သိမ်းကျုံးသိမ်းဆည်းလိုက်ပြီး တစ်နေရာမှာ သွားပုံထားပေးပါသည်။ ဒါမှ ကျန်တဲ့လူတွေလာရင် ထိုင်စရာရှိမှာလေ။ အင်း ... ဘာကြောင့် ဒီလောက်ကြီး ရှုပ်ပွနေသလဲတော့ မသိဘူး။ ရည်ညွှန်းကြည့်ရ



www.burmeseclassic.com

www.burmeseclassic.com



တာလည်း သွက်သွက်လက်လက်နဲ့ အပျင်းကြီး ဖင်လေးနေတဲ့ မိန်းမမျိုး ဟုတ်ပုံမရပါဘူး။ အလုပ်မအားကြလို့ အိမ်မရှင်းလင်း ဖြစ်ကြဘူးပဲ ထားဦး။ မိန်းမတွေဆိုတာ အမြင်မတော်တာလေး တော့ တစ်ခုပဲတွေ့တွေ့ နှစ်ခုပဲတွေ့တွေ့ ထသိမ်းလိုက်ကြတာ မျိုးပါ။ ဒီတော့ ဟံသာ မလုပ်ဘဲထားရင်တောင် ရည်ညွန့်းကတော့ ဟံသာ စားပြီး ကျန်ခဲ့တဲ့ မုန့်ထုပ်အခွံတွေ ဘူးတွေ ချက်ချင်း သိမ်းရင် ရတာပဲလေ။

ဒီလောက်ကြီး နေ့ရက်နဲ့ချီပြီး စုပုံလာတာကြတော့ ထူးဆန်းတယ်။ သူလုပ် ငါလုပ်နဲ့ တွက်ကပ်နေရင်တော့ ဒီလိုဖြစ် လာမှာပဲ။ ငါ့အဖေနဲ့ အမေတောင် တစ်ခါတလေကျ အမေက ...

"ရှင်ဖွထားတာတွေ ရှင်သိမ်းနော်၊ ကျွန်မတော့ မသိမ်း ဘူး"

ပြောပြီးတွက်ကတ်ကြတာမျိုး၊ တစ်ယောက်နဲ့ တစ် ယောက် တာဝန်ခွဲတာမျိုးတွေ ဖြစ်လာကြတာ သတိရမိတယ်။ အဲဒီလို ဖြစ်ကြရင် အဖေကလည်း သူဖွထားတာတွေ မသိမ်းဖန် များလာတော့ အခုလိုပဲ ရည်ညွန့်းတို့လိုပဲ အမှိုက်ပုံ ဖြစ်နေတဲ့ရက် တွေ အမှတ်ရမိတယ်။ ခန့်မောင်မောင်သည် အခြေအနေကို သုံး သပ်ရင်း အမှိုက်တွေ ရှုပ်ပွနေသည့်ကိစ္စအတွက် ရည်ညွန့်း တစ် ယောက် တော်တော်ကြီး ရှက်နေမှန်းလည်း ရိပ်မိကာ စကားလွှဲ လိုက်ဖို့ တွေးပါသည်။





"မွေးနေပါလား၊ ရည်ညွန့်း ဘာတွေ ချက်ထားလဲ"

"ကြက်သားပေါင်းပဲ လုပ်ထားတာပါ"

"ဪ ... မလုပ်ထားရင်လည်း ရပါတယ်၊ ဒီမှာ အများ ကြီး ဝယ်လာတာပါ"

"သူငယ်ချင်းတွေအားလုံး တစ်ယောက်တစ်မျိုးစီ ချက်ယူ လာမယ်ဆိုတော့ ရည်ညွန့်းကလည်း ရည်ညွန့်းလက်ရာကို ချက်ထားရတာပေါ့"

ထိုအချိန်မှာပင် ဟံသာ ရေမိုးချိုး အဝတ်အစားပါ လဲပြီး၍ အိမ်ရှေ့ ထွက်လာပါသည်။ ရည်ညွန့်းနဲ့ ရယ်မောပြီး စကားပြောနေသော ခန့်မောင်မောင်ကို စိတ်ထဲမှာ သိပ်တော့မ ကြည်ပေမဲ့ ကိုယ့်အိမ်လာသော ဧည့်သည်မို့ ဟန်ဆောင်ပြီး နှုတ် ဆက်လိုက်ရတော့လေသည်။

"မတွေ့တာ တော်တော်ကြာသွားပြီနော်၊ မင်းကတော့ ဒီ အတိုင်းပဲ၊ အရင်က ပုံစံပဲ"

"မထင်နဲ့ ဟံသာရေ၊ ဆံပင်ဖြူနည်းနည်း ပေါက်နေပြီ"

"ငါလည်း ပေါက်နေပါပြီကွာ"

"နောက်သုံးနှစ်လောက် ကြာရင် ငါတို့ ခေါင်းဖြူကြီးတွေ ဖြစ်ကြမယ် ထင်တယ်၊ အသက်တောင် သုံးဆယ်မပြည့် သေးဘူး ဆံပင်ကစ,ဖြူနေပြီနော်"

"သောက်တဲ့ဒဏ်တွေလည်း ပါတယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... မင်းက ရည်ညွှန်း ကြိုမှာထားလို့ ဒီညမသောက်ဘဲ နေမလို့ ဒီစကား ကြိုပြောထားတာလား ဟံသာ"

"ဟာ... မဟုတ်ပါဘူးကွာ၊ သူငယ်ချင်းတွေဆုံတာ သောက်မှာပါ၊ ငါ ဘီယာဘူး သွားယူလိုက်ဦးမယ်"

ရည်ညွှန်းကတော့ ခန့်မောင်မောင် ဝယ်လာသော Take Away ဖော့ဘူးများထဲမှ တရုတ်စာ ဟင်းလျာတွေကို နောက်ဖေးယူသွားပြီး ပြင်ဆင်နေခဲ့ပါသည်။

ဟန်ဆောင် ရယ်မောနေသော ဟံသာ့ အသံကို နားစွင့်ရင်း ရည်ညွှန်း သူ့ကို စိတ်ထဲမှာ မုန်းလိုက်၊ မမုန်းလိုက်၊ စိတ်နာလိုက်၊ မနာလိုက် ဖြစ်နေပြန်သည်။

✽ ✤ ✽





## ၁၁

"ငါ နင်တို့ကို ပလက်စတစ်ပန်းကန်တွေနဲ့ မကျွေးချင်ပါဘူးဟယ်၊ ဒါပေမဲ့ ဟံသာ့ကို မှတ်သွားအောင် အရွဲ့တိုက်ချင်လို့ လုပ်တာ သိလား"

သူငယ်ချင်းတွေ ရောက်လာ၊ မိန်းမအုပ်စုက သတ်သတ် နောက်ဖေးဝင်လာပြီး ကိုယ်ချက်လာတာတွေ ပြင်ဆင်ထည့်သိုနေစဉ်မှာ ရည်ညွှန်းက အသိပေး တောင်းပန်လိုက်တာ ဖြစ်သည်။

သင်းသင်းက ရယ်မောလျက် ...

"ရပါတယ်ဟယ်၊ ငါ့မှာ နင်တို့ချင်း စိတ်ကောက်နေကြတဲ့အချိန်၊ အိမ်ကို ဖိတ်တာ ဟုတ်ရောဟုတ်ရဲ့လားတောင် မယုံမကြည် ဖြစ်နေတာပါ။ အချင်းချင်း စိတ်ကောက်နေကြရင် ညှော်သည် ညှော်ခံရတာလည်း တစ်ဒုက္ခပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု နားလည်စွာ ပြန်ပြောရင်း သူမ,အိမ်က ကောင်မလေးတွေ ချက်ပေးလိုက်သော ပုစွန်တုပ်ဟင်းကို ပန်းကန်တစ်ပန်းကန်ထဲ လှယ်ထည့်နေသည်။

"အားလုံးက ကိုယ်တိုင်ချက်လာတာဟယ်၊ ငါက တစ်ခါမှလည်း မချက်ဘူးတော့ အခုကျမှ ထ,မချက်ရဲတာနဲ့ ကောင်မလေးတွေပဲ ချက်ခိုင်းလိုက်ရတယ်"

ဟူ၍လည်း တပြောပြောနှင့် သူငယ်ချင်းတွေကို တောင်းပန်နေသေးသည်။

မိုးမမကလည်း သူမ ယူလာသော ငါးသလောက်တွေ အကွင်းလိုက် ကြော်လာသည်များအား ပန်းကန်ထဲ လှယ်ထည့်ရင်းမှ ...

"ဘရိုင်ယန်ကတော့ သူ့သူငယ်ချင်းဘက်ပါ,နေတယ်လေ။ ဟံသာကြီး သနားပါတယ်ကွာနဲ့၊ သူတို့ချိန်းပြီး ဘီယာသွားသောက်ကြပြီး ပြန်လာတိုင်း ပြောနေလေရဲ့၊ ငါ့ကိုလည်း ရန်ထောင်သေးတယ်၊ မင်းတို့ မြှောက်ပေးလို့ ရည်ညွန့် ဒီလိုပညာပြတာ မဟုတ်လား ဘာညာနဲ့။ ငါ့အလှည့်ကျရင်တော့ ဒီလို လာပညာမပြနဲ့တဲ့၊ ငါက အပြီးအိမ်ပေါ်က ဆင်းသွားမှာဆိုလား ... ဟင်း ဟင်း ငါ့ကို ခြိမ်းခြောက်နေတာလေ"





စန္ဒာလမင်းကတော့ ငုံးဥတွေ ငါးဖယ်တွေ ကြက်သားဖတ်တွေ နိုင်းချင်းပါသော ကြာဆံချက်ကို ငါးဆင့်ချိုင့်ကြီးနဲ့ ယူလာလေရာ ပြန်ခွေးဖို့ ရည်ညွန့်ဆီက ဟင်းအိုးတောင်း၊ ချိုင့်ထဲက လှယ်ထည့်ပြီး ပြန်နွေးရင်း အိုးမွှေရင်း ...

"ကိုလင်းကတော့ ပြောပါတယ်၊ ဟံသာ့ အမှားလည်း ပါတယ်တဲ့။ ဟံသာက စိတ်ပါရင်လုပ်ပြီး စိတ်မပါရင် မလုပ်ပေးတော့ ရည်ညွန့်နဲ့ ပြဿနာ ဖြစ်တာပေါ့တဲ့"

"အခုလည်း ဧည့်ခန်းကို သူ အစွမ်းကုန် ဖွပြထားတာလေ၊ နင်တို့ထက်အရင် ခန့်မောင်မောင်က ရောက်လာတော့ သူ အနည်းအကျဉ်း ရှင်းပေးပြီး တစ်နေရာသွားပုံပေးထားလို့ နင်တို့ ဧည့်ခန်းခုံတွေမှာ ထိုင်လိုက်ရတယ် မှတ်ပါ။ ဟံသာက ငါ မရှင်းတော့ သူကပါရွဲ့ပြီး ပိုမရှင်းဘဲ ထားထားတာဟယ်၊ နင်တို့ကို မြင်စေချင်တယ်၊ ယင်ကောင်တို့ ကြွက်တို့ ပိုးဟပ်တို့သာ ငါတို့အိမ်ခန်းထဲမှာရှိရင် တလောင်းလောင်းဖြစ်မှာ သိလား။ အခု ဒီမှာက မရှိပေလို့"

ရည်ညွန့် ပုံဖော်ပြောပြတော့ အားလုံး ရယ်ကြသည်။ နီလာတင်ကတော့ အစတည်းက အချိုပွဲ သူ လုပ်လာမယ်ပြောထားလေရာ အချိုပွဲဖြစ်သော ငှက်ပျောရွှေခြည်နှင့် ကျောက်ကျော ဗန်းကို ဖွင့်ပြီး အတုံးလေးတွေ လှီးနေရာမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဇော်နိုင်က ပြောတယ်၊ ခန့်မောင်မောင်က ငါတို့နဲ့ သိပ်အခင်ကြီးတော့ မဟုတ်ပါဘူးတဲ့။ ဒါပေမဲ့ အခုပြန်ဆုံကြတော့ ဘာကြောင့်များ မိတ်ဟောင်းဆွေဟောင်း အရင်းကြီးတွေလိုပဲ get together လုပ်ချင်ရသလဲတဲ့"

"ရည်ညွှန်းတို့ အခြေအနေကို လေ့လာချင်လို့ ဖြစ်မှာပေါ့"

သင်းသင်းက သူထင်တာ ပြောပါသည်။

"ဒါမှမဟုတ်လည်း သူက အားလုံးရဲ့ စီးပွားရေးအခြေအနေကို သိချင်လို့ ဖြစ်မှာပေါ့လေ။ သူက စင်ကာပူမှာ တိုက်ခန်းတောင် ဝယ်ပြီးနေနိုင်ပြီဆိုတော့ ဒီကလူတွေကို ယှဉ်ကြည့်ချင်တာ ဖြစ်မှာပေါ့"

"အဲဒီလိုလည်း ဟုတ်မယ် မထင်ပါဘူး စန္ဒာရယ်။ သင်းသင်းကိုတော့ သူ လာယှဉ်လို့ ရမလား … နော့။ သင်းသင်းက အရင်တည်းက အားလုံးထဲမှာ အချမ်းသာဆုံးပဲ"

"နီလာရယ် … ချမ်းသာတယ် ဆိုတာ ဘာကို ပြောတာလဲ၊ ပိုက်ဆံတွေ တအားချမ်းသာတိုင်းလည်း စိတ်က အပြည့်အဝ မပျော်ရင် ဒီချမ်းသာမှုက ဘာလုပ်လို့ ရမှာလဲ။ သင်းသင်းမှာလည်း စိတ်ညစ်စရာလေးတွေတော့ ရှိပါတယ်"

မပြောစဖူး ပြောလာသည့် သင်းသင်းဆီမှ ညည်းညူစကားကြောင့် အားလုံး တအံ့တသြဖြစ်ပြီး သင်းသင်းကို ကြည့်လိုက်မိကြပါသည်။





သင်းသင်း ခပ်ယဲ့ယဲ့လေး ပြုံးပြနေရင်း …

"ငါကလေ ကိုကြီးကိုလေ အခုလိုပဲပေါ့၊ နင်တို့အားလုံးကိုယ့်ယောကျ်ားတွေ ကိုယ်နဲ့အတူတူ ခေါ်လာနိုင်ပြီး သူငယ်ချင်းအိမ် လာနိုင်တဲ့လူမျိုး သိပ်ဖြစ်စေချင်တာပဲ။ အခုတော့ ငါ့မှာ အမြဲလူစုတိုင်း တစ်ယောက်တည်း။ ပြီးတော့ ငါ အိမ်မှာပဲ ထိုင်နေရတဲ့ အသုံးမကျတဲ့ မိန်းမမျိုး မဖြစ်ချင်ဘူး။ တစ်နေ့ တစ်နေ့ အိမ်မှာ ထိုင်နေရတာ ကိုယ့်ကိုယ်ကိုယ် သံချေးတက်လာတယ်လို့ ထင်မိတယ် ဟယ်၊ ဒါကြောင့် ငါလည်း ကိုကြီးရဲ့ လုပ်ငန်းတွေထဲက တစ်ခုလောက်မှာ ဝင်လုပ်ပါရစေ ပြောတော့လည်း မင်းတစ်သက်လုံး အလုပ်မလုပ်လာတာ အခုမှ စ,လုပ်ရင် လုပ်တတ်မှာ မဟုတ်ဘူး၊ အဆင်ပြေမှာ မဟုတ်ဘူး။ မလုပ်နဲ့ အိမ်မှာပဲ အေးအေးဆေးဆေး နေပါနဲ့ လူကို အိမ်ထဲ ပြန်ပို့ခံရတယ်လေ။ ဘယ်သူမှတော့ စစချင်း ဘယ်တတ်မလဲနော်၊ တဖြည်းဖြည်း သင်ရမှာပေါ့၊ အဲဒါကို သူက လက်မခံဘူးလေ။ ငါလည်း အဲဒါလေးတွေကို စိတ်တိုင်းမကျဘဲ စိတ်ညစ်ရတာတွေ ရှိတယ်"

အမှန်တော့ ဒီပြဿနာမျိုး ဆိုတာက ပိုက်ဆံထိပ် ချမ်းသာကြသော လင်မယားစုံတွဲတွေမှာ ဖြစ်လေ့ဖြစ်ထရှိသော ပြဿနာမျိုးမျှသာ။ သင်းသင်းကြိုင် အတွက်ကတော့ တစ်သက်



www.burmeseclassic.com

www.burmeseclassic.com



လုံး စိတ်မညစ်ခဲ့ရဖူးသူ ဖြစ်လေရာ ဒါကိုပဲ အကြီးအကျယ် ခံစားပြီး ဝမ်းနည်းနေပုံ ရပါသည်။

ထမင်းစားပွဲကြီးပေါ်တွင် ရည်ညွန်းတို့ငါးယောက် ယူလာသော စားသောက်ဖွယ်ရာများအပြင် ခန့်မောင်မောင် ဝယ်လာသော ဘဲကင်၊ ဝက်နံရိုးကြော်၊ ပုစွန်ချိုချဉ်ကြော်၊ ခေါက်ဆွဲကြော်၊ ထမင်းကြော်၊ ကြက်သားချဉ်စပ်၊ ငါးရှဉ့်ခြောက်စပ် ဟင်းတွေနဲ့လည်း ပြည့်လျှံကျပ်ညပ်နေသည်။ အားလုံး ဝင်ထိုင်စားသောအခါ ရည်ညွန်းတို့အိမ် ထမင်းစားပွဲက ကျဉ်းသည်မို့ တချို့ကတော့ ခေါက်ကုလားထိုင်လေးတွေ ဘေးမှာခုံထိုးပြီး ဝင်ထိုင်ရပါသည်။

ဘာပဲဖြစ်ဖြစ် ဟံသာ့အတွက်တော့ ဒီနေ့ ဟန်ကျသွားသည်။ ဒီလို ဖွယ်ဖွယ်ရာရာ မစားရတာ ကြာပြီမို့ ဘီယာတောင် သိပ်မသောက်ချင်တော့ဘဲ စားချင်တာတွေ အကုန်ထည့်စားပစ်လိုက်တော့သည်။

ထမင်းစားရင်း စကားတွေလည်း ပြောကြလေရာ အဓိက,ကတော့ ခုထိ လူပျိုဖြစ်နေဆဲဖြစ်သော ခန့်မောင်မောင်ကို ဝိုင်းမေးကြ၊ ပြုကြတာ များပါသည်။

"တွဲခဲ့ဖူးတဲ့ ကောင်မလေး နှစ်ယောက်သုံးယောက်လည်း ရှိပါတယ်ကွာ၊ ဒါပေမဲ့ ဘယ်လိုပြောရမလဲ၊ ဝတ္ထုစာသား ဆန်ဆန် ပြောရရင် ရင်ထဲကို တစ်ယောက်မှ ဝင်မလာနိုင်ဘူး ဆိုတာမျိုးပေါ့ကွာ၊ သူတို့ကို လက်ထပ်ချင်လောက်





အောင် ငါ မချစ်ဘူး။ တစ်ခါတလေလည်း စဉ်းစားကြည့်ပါတယ်၊ သိပ်မချစ်နိုင်ပေမဲ့လည်း အိမ်ထောင်ပြုဖို့ သင့်တော်တဲ့ အချိန်ကျ တစ်ယောက်ယောက်ကိုတော့ ယူမယ်လို့ပေါ့။ ဒါပေမဲ့ တွေးကြည့်ရင် စိတ်မပါဘူးကွာ၊ ကိုယ်သိပ်မချစ်တဲ့ မိန်းမနဲ့ တစ်သက်လုံး အတူတူနေသွားနိုင်ပါ့မလားလို့ ကိုယ့်ကိုယ်ကိုယ် မသေချာဘူး ဖြစ်နေတယ်ကွာ၊ ဒါနဲ့ပဲ ငါ ခုထိ မယူဖြစ်သေးတာပါ"

ဟံသာကတော့ ဒီစကားကြားလျှင် ရည်ညွန်းကိုပဲ ခေါင်းပြောနေသလားဆိုပြီး ခန့်မောင်မောင်ကို စွေကြည့်လိုက်၊ ရည်ညွန်းကို မဆီမဆိုင် ဘုကြည့် ကြည့်လိုက် လုပ်နေတော့သည်။

"ဒါဆို ငါတို့ ဝိုင်းရှာပေးမယ်လေ၊ ဘယ်လိုလဲ"

နီလာက ဝင်ပြောသည်။ ဇော်နိုင်ကလည်း ...

"တခြားမှာ မရှာပါနဲ့၊ ငါနဲ့ နီလာမှာလည်း ညီမတွေရှိသေးတယ်၊ ရည်ညွန်းနဲ့ ဟံသာမှာလည်း ညီမရှိသေးတယ်၊ စန္ဒာနဲ့ မိုးမကတော့ အငယ်ဆုံးသမီးတွေမို့ သူတို့မှာ အစ်မတွေပဲ ရှိကြတယ်၊ တချို့အစ်မတွေက မစွံသေးဘူးတဲ့။ မမ လိုချင်ရင်လည်း စဉ်းစားနိုင်တယ်၊ ဘရိုင်ယန်မှာက ညီပဲ ရှိတယ်၊ ထင်လင်းကတော့ တစ်ဦးတည်းသောသား ဆိုတော့ ဝမ်းကွဲတွေ ဘာတွေထဲက ညီမရှိရင် ပြောထား။ သင်းသင်းမှာက အစ်ကိုတွေချည်းရှိတာဆိုပေမဲ့ ဦးအောင်ခိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဘက်က ညီမတွေဘာတွေ ရှိသေးရင်ပြောထား၊ ခန့်မောင်မောင် ရွေးယူလို့ရတဲ့ စာရင်းထဲ ထည့်ထားပေးမယ်၊ ဘယ်လိုလဲ ... အဲဒီအစီအစဉ် ကြိုက်လား”

ခန့်မောင်မောင်ကတော့ ဘီယာအရှိန်လေးဖြင့် စကားတွေသွက်နေသော ဖော်နိုင့်စကားကြောင့် ရှက်သလို ရယ်နေပါသည်။

“သူငယ်ချင်းတွေကြားထဲ စိတ်ဆိုးစရာတွေ ဖြစ်ကုန်ပါ့မယ် ကွာ၊ နေပါစေ၊ ငါ့ဘာသာပဲ ရှာပါ့မယ်”

“ဟယ် ... စိတ်မဆိုးပါဘူး။ အပျိုလှူပျို တွဲစတာပဲ၊ အစ, ခံနိုင်ပါတယ်”

မိုးမမက ပြောပါသည်။ စန္ဒာကတော့ ...

“ကိုလင်း ညီမဝမ်းကွဲတွေလည်း ရှိပါ၊ ဒါပေမဲ့ အကုန်လုံး ဆေးကျောင်းသူတွေ၊ စာကျိုးတွေချည်းပဲ သိလား။ ဒါပေမဲ့ ဟိုးအရင်ခေတ် ဆေးကျောင်းသူတွေလို ပုံတုံးကြီးတွေတော့ မဟုတ်ပါဘူး။ ခေတ်နဲ့အညီ ပြင်ပြင်ဆင်ဆင်တွေပါပဲ၊ ဒါပေမဲ့ သူတို့က ကျောင်းတက်နေတုန်း ဘာမှ စိတ်ထဲမ ထည့်ဘူးတဲ့။ ကျောင်းစာမှာ တော်အောင်လုပ်မယ်၊ ကျောင်းစာကလွဲရင် ဘာမှ ခေါင်းထဲမှာ မတွေးဘူးတဲ့။ သူတို့ကို လိုချင်ရင်တော့ သူတို့ကျောင်းပြီးတဲ့အထိ စောင့်ရလိမ့်မယ် နော် ... ကိုလင်း”





စန္ဒာသည် ပြောလည်းပြော၊ ဒီလို ပြောပြနေလို့ ကိုလင်း ကျေရောကျေနပ်ရဲ့လားဆိုပြီး လှည့်အကဲခတ်၊ တစ်ဆက်တည်း သဘောတူညီချက်ပါ မေးလိုက်ရသေးသည်။ ထင်လင်းကလည်း ယောင်တောင်ပေါင်တောင် ခေါင်းညိတ်ပြရပေမဲ့ သူ့ညီမဝမ်းကွဲတွေရဲ့ စိတ်နေသဘောထားကို သူပင် သေသေချာချာမသိဘဲ သူ့မိန်းမ စန္ဒာက ဘယ်လိုလုပ်သိပြီး ပြောနေပါလိမ့်ဟု စဉ်းစားနေမိလေသည်။

သင်းသင်းကတော့ ...

“ဦးအောင်ဝင်းတို့ကလေ တရုတ်အစပ်တွေ ဆိုတော့ သူတို့က အရွယ်ရောက်လာတဲ့ ယောကျ်ားလေး မိန်းကလေး ဘယ်သူ့ကိုမဆို စပ်ဟပ်ထားပြီးသား၊ စကားပြော စေ့စပ်ထားပြီးသား ဖြစ်နေပြီ။ သင်းသင်းနဲ့ သူလည်း ဒီလိုပဲ၊ လူကြီးတွေ ဓာတ်ပုံပြ စပ်ပေးတာလေ။ နှစ်ဖက်စလုံးဟာ တစ်ယောက်နဲ့ တစ်ယောက် သဘောကျကြတယ်ဆိုရင် စကားပြော စေ့စပ်ပြီးသား ဖြစ်နေတာ များတယ်။ ဒါပေမဲ့ သင်းသင်း မေးကြည့်မယ်လေ၊ ခန့်မောင်မောင်ရဲ့ ဓာတ်ပုံ ရှိလား။ ရှိရင် သင်းသင်းကို ပေးလိုက်၊ ဦးအောင်ဝင်း အမျိုးတွေဘက်မှာ ချောချောလှလှ မိန်းကလေးတွေ ကျန်သေးရင် စပ်ပေးမယ်”



www.burmeseclassic.com

www.burmeseclassic.com



ဟု အားတက်သရော ပြောပါသည်။ သင်းသင်းက အားလုံးထဲမှာ ခန့်မောင်မောင်ကို အရင်တည်းက သနားပြီး ခင်သဖြင့် ခန့်မောင်မောင်ကို ကူညီချင်နေသည်။ တကယ်ဆို ရည်ညွန်းဟာ ခန့်မောင်မောင်ကိုပဲ ကြိုက်လိုက်ရင်ပြီးရော၊ ခုတော့ အရွေးများတာနဲ့ ဟံသာ ဆိုတဲ့ ယောကျ်ားတစ်ယောက်ကိုပဲ တစ်သက်လုံး သည်းခံပေါင်းနေရရှာပြီ။

ဟံသာကား သူ့ရဲ့ပြိုင်ဘက်ကြီးကို ညီမနဲ့ သဘောတူရမှာကျ မကြည်ဖြူပြန်။ ဒါနဲ့ပဲ ဘာ့ကြောင့်ပြောလိုက်သလဲဆိုတော့ ...

"ငါ့ညီမကကွာ၊ အခုပဲ အသက်နှစ်ဆယ့်လေး ရှိနေပြီ၊ ဘယ်ယောကျ်ားကိုမှ အထင်မကြီးဘူးတဲ့။ ဘယ်ယောကျ်ားကိုမှ သေသေချာချာ ချစ်လို့မရဘူးတဲ့။ ယောကျ်ားတွေအကုန်လုံးဟာ အတ္တကြီးပြီး သူတို့ဘက်ကပဲ ရယူချင်တာတွေများပြီး ပြန်ပေးတာတော့ နည်းတယ်တဲ့။ ဘယ်တုန်းက ဘယ်လို ဒဿနတွေထုတ်ပြီး နာကြည်းထားသလဲ မသိပါဘူးကွာ။ ရည်းစားထားလိုက်၊ သူက စ,ဖြတ်ပြီး အသည်းခွဲပြီး ထားခဲ့လိုက်နဲ့၊ မိဘလည်း ပြောမရ ဆိုမရ၊ အစ်ကို အစ်မတွေလည်း ဝိုင်းဆုံးမလို့မရ ဖြစ်နေတယ်။ မင်းနဲ့ တွေ့ပေးလိုက်ရင် မင်းကိုပါ သူ အသည်းခွဲသွားမှာစိုးတယ်"





ဟူ၍ ကိုယ့်ညီမ မကောင်းကြောင်းပင် ထုတ်ပြောပြီး သူ့ညီမဘက် လှည့်မလာအောင် ကြိုရှောင်သွားပါသည်။ ရည်ညွန်းကတော့ စိတ်ထဲမှာ ကျိတ်ကဲ့ရဲ့နေတာ။ တွေ့လား ... ငါပြောတာ မမှန်ဘူးလား။ ရန်ဖြစ်တုန်းက ပြောမိတော့ သူကပဲ တစ်ပြန်စိတ်နာပြီး ငါ့ညီမတွေကို ပြန်ကဲ့ရဲ့ရတာနဲ့ ဘာနဲ့လေ။ တစ်နေ့ တစ်နေ့ လင်ကောင်းကောင်းရဖို့ပဲ စဉ်းစားရှာဖွေနေကြတယ်ဆိုပြီး အပြစ်ပြောချင်သေးတာလေ။ အဲဒါ ဘာမှရှက်စရာ ရှိဘူး။ ရည်းစားမှုလိုပေါက်အောင် ထားတာလည်း မဟုတ်ဘူး၊ ကိုယ်ယူနိုင်မဲ့ သူ့တစ်ယောက် သတ်သတ်မှတ်မှတ်ကို အသေအချာရွေးချယ်တာ။ ကိုယ့်ဘဝ လုံခြုံစိတ်ချရအောင် ရှာဖွေကျွေးမွေးစောင့် ရှောက်ပေးနိုင်တဲ့ ယောကျ်ားကို ရှာယူတာ ဘာဖြစ်လဲ။ သူရှေ့ သူ့ရှေ့မှာ ဣန္ဒြေရရ နေကြပြီး ကိုယ့်အလှလေး ကိုယ်ပြပြီး သင်ရှာတာ ဘာဖြစ်သလဲ။ နန့်နေတာမှ မဟုတ်တာ။ ဟင်း ... ပ်ရိုင်းရိုင်း ပြောရရင် သူ့ညီမလို ခိုးစားနေတာမှ မဟုတ်တာ။

"ရည်ညွန်းကတော့ ငြိမ်နေတယ်ဟေ့"

ဘရိုင်ယန်က မူးလာရင် အလိုက်ကမ်းဆိုး မသိ။ ဆိုပြော ဒီပြော လုပ်တတ်သော အကျင့်ရှိသူပီပီ ရည်ညွန်း ဘာ ဘာ ငြိမ်တွေးနေမိတာကို ထ,အော်ပါသည်။ ခန့်မောင်မောင်က အားနာသော မျက်လုံးတွေဖြင့် ကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... သူငယ်ချင်းတွေကြား အားနာစရာ ဖြစ်ကုန်ပါ့မယ်ကွာ၊ မနောက်နဲ့တော့ကွာ"

"နောက်တာ မဟုတ်ဘူး၊ ရည်ညွန်းမှာ ညီမချောချောနှစ်ယောက် ကျန်သေးလို့ ပြောတာ၊ သူ့ညီမတွေက ရည်ညွန်းလိုပဲ"

မိုးမမှာ ဘရိုင်ယန့် စကားတွေ ကျွံလာတော့မှာစိုး၍ ယောက်ျားကို ကျိတ်လိမ်ဆွဲလိုက်ရသည်။ မူးနေပေမဲ့ မိုးမ ဘာကြောင့် လိမ်ဆွဲသလဲဆိုတာ ဘရိုင်ယန် သဘောပေါက်ပြီး ဆက်မပြောတော့ဘဲ စကားလွှဲသွားပါသည်။

"အား ... ဒီနေ့ ဘီယာနှစ်ဘူးပဲ သောက်ရသေးတယ်၊ တော်တော် ထိနေပါလား ငါ အားနည်းနေတယ်ထင်တယ်"

"အံမယ် ... ဒီပုံကြီးက အားနည်းနေသေးလား"

ဟံသာ ဘရိုင်ယန့် ဖက်ပိုးကို မနာအောင် ရိုက်ရင်း ပြောသည်။

"ညက DVD တစ်ကား ထိုင်ကြည့်နေတာနဲ့ အိပ်တာ ညဉ့်နက်ပါတယ် ဆိုမှကွာ၊ မနက်ကျ အစောကြီး အနိုးခံရတယ်၊ အိပ်ရေးမဝတော့ အားနည်းတာပေါ့"

"ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့ အစောကြီး ထရတာလဲ"

မိုးမနဲ့ ဘရိုင်ယန်တို့ဆိုင်က မနက်ကိုးနာရီမှဖွင့်ပြီး ညကိုးနာရီ ပိတ်သည်။ ဒီနေ့လို သူငယ်ချင်းအိမ် သွားစရာ





တွေ ဘာတွေ ရှိရင်တော့ ဘရိုင်ယန့် ညီလေးတွေပဲ တာဝန်ယူ ဆိုင်ခဏလာထိုင်၊ ပိတ်ပေးချိန်ကျ ပိတ်ပေးပါသည်။ ဆိုင်ကို တနင်္ဂနွေ တစ်ရက်တော့ ပိတ်ပါသည်။

"ဆိုင်မှာတပ်ထားတဲ့ သူခိုးဝင်ရင်မြည်တဲ့ alarm က မြည်နေလို့ အနီးတစ်ဝိုက်ကအိမ်က လူတွေက ရဲကိုဖုန်းဆက် အကြောင်းကြားတယ်။ ရဲက ငါတို့ဆိုင်ဆိုတာ သိသွားတာနဲ့ အိမ်ကို ဖုန်းဆက်ပြီး မေးလာတယ်ကွာ၊ အဲဒါနဲ့ ငါတို့လည်း စိတ်ပူပြီး ဆိုင်ဘက်ပြေးကြည့်ရတာပေါ့"

"ဟယ် ... ဟုတ်လား၊ နင်တို့က ရောက်ရောက်ချင်း ပြောတောင် မပြောဘူး။ ဘာဖြစ်ကြတာတဲ့လဲ။ သူခိုးဝင်တာလား"

"false alarm ပါ၊ တစ်ခါတလေကျ အဲဒီလို ဖြစ်တတ်တယ်လို့ alarm လာတပ်ပေးတဲ့ ကုမ္ပဏီက ပြောတော့ပြောသွားသား။ ငါတို့ တပ်ပြီးကတည်းက တစ်ခါမှ မဖြစ်တော့ မေ့နေတာ၊ တစ်ခါတလေ သူတို့ဆင်ထားတဲ့ alarm တွေက ဝါယာကြိုးတွေကြောင်ပြီး မြည်တာတို့၊ ဘက်ထရီအားနည်းနေပြီဆိုရင် မြည်တာတို့ ဖြစ်တတ်တယ်လေ၊ ဒါကြောင့် မြည်တာ။ ဘယ်သူခိုးမှ မဝင်ဘူး။ ဆိုင်က တံခါးသုံးထပ်လေ၊ ရှေ့ရော နောက်ရော Roller Door က အပြင်ဆုံးတံခါး၊ အလယ်မှာ သော့ခလောက် ခတ်ထားတဲ့ ဘာကျ



www.burmeseclassic.com

www.burmeseclassic.com



တံခါး၊ နောက်ဆုံးမှာ မှန်တစ်ဝက် သစ်သားတစ်ဝက်ပါတဲ့ တံခါးလေ၊ အဲဒီ တံခါးက Sliding Doors ပုံစံမျိုးပေမဲ့ တစ်ခါတည်း လော့(ခ)နိုပ်ပြီး ပိတ်လိုက်ရင် ပြန်ဖွင့်မရဘူး။ သော့နဲ့ဖွင့်မှ ရတယ်"

မိုးမမက သူ့ဆိုင်တံခါးတွေ ကောင်းကြောင်း အသေအချာ ရှင်းပြနေပါသည်။

"ငါတို့ဆိုင်ဘက် လာခဲ့ဦး အချိန်ရရင်ပေါ့၊ နင်က ဘယ်တော့ ပြန်သွားမှာလဲ"

"နောက်နှစ်ပတ်တောင် မပြည့်တော့ဘူး"

"စင်ကာပူနဲ့ မြန်မာပြည်က နီးပါတယ်၊ ခဏခဏ လာပေါ့"

"ဟာ ... လာချင်တာပေါ့ မိုးမရယ်၊ အလုပ်က ခွင့်ရက် အကြာကြီးပေးတဲ့နေ့ကို စောင့်ရသေးတယ်လေ။ လေယာဉ်လက်မှတ်ခက အိစိမ့်နေအောင် ပေးရတော့ အဲဒါနဲ့တန်အောင် တစ်လလောက်နေမှ ဖြစ်မှာမို့ ခွင့်ရက်ကို စုပြီးမှ လာရတယ်"

ခန့်မောင်မောင်သည် ဟံသာနဲ့ ရည်ညွှန်းတို့ကိုတော့ အကဲခတ်နေမိသည်။ လင်မယားချင်းသာ ဆိုပေမဲ့ တခြားသူတွေလို နီးနီးကပ်ကပ်လည်း မထိုင်။ တစ်ယောက်နဲ့ တစ်ယောက် စကားအပြန်အလှန် ပြောတာလည်း မရှိ။ တစ်ယောက်နဲ့ တစ်





ယောက်လည်း ကြည့်ပင်မကြည့်။ ကြင်ကြင်နာနာ အမူအရာမျိုးလည်း မတွေ့ရ။ ဘယ်လိုတစ်မျိုး ဖြစ်နေမှန်းမသိ ဖြစ်နေသည်ဟု စိတ်ထဲ ထင်ပါသည်။

နီလာတို့ မိုးမတို့ စန္ဒာတို့ဆိုကြည့်။ ကိုယ့်စုံတွဲလိုက် ကိုယ် ကပ်ထိုင်ပြီး ယောကျ်ားကို ရိုက်စရာရှိ လက်မောင်းရိုက်လိုက် ထုလိုက် လိမ်ဆွဲလိုက် စကားပြောကြတာ။ ဟိုကောင်တွေကလည်း မိန်းမကို ဂျီကျလိုက် စလိုက် နောက်လိုက်နဲ့။ ကျောင်းမှာ တကယ်ချစ်သူဖြစ်ပြီး ယူခဲ့ကြတဲ့ သူတွေဆိုတာ ဒီလိုပုံစံဖြစ်နေရမှာပေါ့။

ကျောင်းမှာတုန်းက ဟံသာဟာ ရည်ညွှန်းကို တော်တော်ချစ်တာမှန်း ခန့်မောင်မောင်လည်း မြွေမြွေချင်း ခြေမြင်ပြီး ရိပ်မိခဲ့ပါသည်။

ခန့်မောင်မောင်ကလည်း ကြိုးစား၊ ဟံသာကလည်း ကြိုးစားနှင့် အပြိုင်အဆိုင် ပိုးပန်းခဲ့ရတာတွေကို အခုထိ ပြန်မြင်ယောင်နေသည်။ ရည်ညွှန်းရဲ့ သူငယ်ချင်းတွေကတော့ ပွဲကြည့်ပရိသတ်လုပ်ခဲ့သူတွေ ရှိသလို ခန့်မောင်မောင်ဘက်ပါသူ၊ ဟံသာဘက်ပါသူနှင့် အဖွဲ့ကွဲသူလည်း ရှိခဲ့သည်။

ရည်ညွှန်းဟာ ဘယ်သူ့ကိုမှ မျက်နှာသာမပေးခဲ့ဘဲ ပုံမှန်ဆက်ဆံခဲ့ပေမဲ့ နောက်ဆုံးနှစ် ပြီးခါနီးလေးမှာမှ ဟံသာကို အတိအလင်း ရွေးချယ်သွားတာ ဖြစ်ပါသည်။ အဲဒီတုန်းကတော့



www.burmeseclassic.com

www.burmeseclassic.com



အသည်းကွဲလိုက်ရတာ။ ဟံသာနဲ့ သူ့ကိုယ်သူ ယှဉ်ကြည့်ပြီးတိုင်း ဒီကောင် ငါ့လောက်တောင် ရုပ်မချောဘဲနဲ့တို့၊ ငါ့လောက်တောင် ပိုက်ဆံမသုံးနိုင်ဘဲနဲ့တို့ စသဖြင့် လူငယ်ပီပီ ကြံဖန်ယှဉ်ပြိုင် နှိမ့်ချကြည့်လိုက်ရတာ။ ရည်ညွှန်းကိုလည်း စိတ်နာသလိုလို မုန်းလာသလိုလို ဖြစ်မိသေးတာ။

အခုကျ ပြန်တွေးရင် ရယ်စရာ ကောင်းနေပြီ။ ကိုယ် ခံစားခဲ့ရတာတွေ သူတို့သိမှာ ရှက်ဖို့တော င် ကောင်းနေပြီ။ ပြန်ဆုံကြရတော့ သူငယ်ချင်းတွေ အခြေအနေကို သိချင်လို့၊ ရှေးဟောင်းနှောင်းဖြစ်တွေ ပြန်ပြောပြီး ရယ်ရတဲ့ အရသာကို ခံစားရချင်လို့ ဟူသော ခံစားချက်နဲ့ ခုလို ဆုံကြရအောင် စီစဉ်မိတာပေမဲ့ ဟံသာနဲ့ ရည်ညွှန်းတို့၏ ရုပ်တစ်မျိုးကြီးတွေနဲ့ တစ်ယောက်နဲ့ တစ်ယောက် စိမ်းကားနေမှုကို အကဲခတ်မိသောအခါ စပ်စုချင်လာခဲ့ပါသည်။

သူတို့ ဘာတွေဖြစ်ထားကြသလဲ။ သူတို့ကြားမှာ ဘာတွေ ပြဿနာရှိနေသလဲ။ ဘာကြောင့် ဟန်ဆောင်ထားတဲ့ အပြုံးတွေနဲ့ တွေ့ရသလဲ။

* ✤ *





## ၁၂

ဘရိုင်ယန်ရယ်၊ ဇော်နိုင်ရယ်၊ ဟံသာရယ် နောက်နှစ်ရက်လောက်ကြာတော့ ဘီယာ pub တစ်ခုမှာ ချိန်းဖြစ်ကြသည်။ အဓိက,ကတော့ ဘရိုင်ယန်က ဖုန်းဆက်ချိန်းလိုက်၍ ကျန်တဲ့နှစ်ယောက်က လက်ခံလိုက်ကြတာ ဖြစ်သည်။

ဘရိုင်ယန်ရဲ့ Eng Mart က ပုံမှန်မှာ ညကိုးနာရီ ပိတ်ပေမဲ့ ဘရိုင်ယန်က ညခုနစ်နာရီကျော်လောက်မှာ မိန်းမကို...

"ငါ ဟိုကောင်တွေနဲ့ ချိန်းထားလို့ သွားလိုက်ဦးမယ်။ မင်းဘာသာ ဆိုင်ပိတ်လာခဲ့နော်"

ဟု ပြောပြီး ထွက်လာခဲ့လို့ ရလေသည်။ ဇော်နိုင်ကလည်း အလုပ်က ပုံမှန်တော့ ညနေခြောက်နာရီဆို ပြီးတာမို့ အိမ်ပြန်၊ ရေမိုးချိုး၊ စားသောက်ပြီးမှ တစ်ခေါက်ပြန်ထွက်လို့ရသည်။ ဟံသာကလည်း အိမ်ကို ခြောက်နာရီတော့ ရှောက်စမြဲ။



www.burmeseclassic.com

www.burmeseclassic.com



သူလည်း ရေမိုးချိုးပြီး ပြန်ထွက်လာတာ ဖြစ်သည်။ ဗိုက်ဆာသဖြင့် အဆာပြေ ဆီချက်ခေါက်ဆွဲတစ်ပွဲ ဝင်စားပြီးမှ ဟိုကောင်တွေဆီ ရောက်ပေမဲ့ ဟံသာက အရင်ဆုံးရောက်သူ ဖြစ်နေသည်။ အေးပေါ့လေ၊ သူတို့က မိန်းမတွေနဲ့ အဆင်ပြေနေကြတဲ့ကောင်တွေ ဆိုတော့ မိန်းမချက်ပြုတ်ကျွေးမွေးတာတွေ စားပြီး ဗိုက်ပြည့်မှ လာမဲ့ကောင်တွေ။ ငါ့မှာသာ ရည်ညွှန်း လက်စွမ်းပြ ချက်သမှု အနံ့ခံ၊ သွားရည်ကျပြီး ကိုယ့်ဘာသာလည်း ညနေ အလုပ်က ပြန်လာရင် မချက်ချင်တာမို့ အပြင်စာနဲ့ပဲ နှစ်ပါးသွားရတာ ဘယ်လောက်ကြာပြီလဲ။

ဟံသာသည် ဟိုကောင်တွေကို အလကားနေရင်း မနာလိုဖြစ်လျက် ကျိန်ဆဲမိတော့သည်။ ဘရိုင်ယန်ရော ဇော်နိုင်ပါ ရှေ့ဆင့်နောက်ဆင့် ရောက်လာကြသောအခါမှ သူတို့စကားဝိုင်းက စည်ကားလာပါသည်။ ခါတိုင်းလည်း ဒီလိုပဲ သုံးလေးရက်တစ်ခါလောက် ချိန်းပြီး အပျော်သဘောဖြင့် စကားသွက်ရုံလေးသောက်ကြစမြဲမို့ ဟံသာ့စိတ်ထဲမှာ ဘရိုင်ယန် ချိန်းတာက အရင်ကလိုသဘောနဲ့ ချိန်းတာ ထင်ခဲ့သေးသည်။ နောက်တော့မှ –

"ငါ မင်းကို ပြောစရာရှိလို့ ဟံသာရ"

ဟု စကားတော်တော်ပြောပြီးမှ ထိုသို့ ဘရိုင်ယန်ပြောလေရာ ဟံသာလည်း ဘာများလဲဆိုပြီး အာရုံစိုက်မိတော့သည်။





"ဘာများလဲကွာ၊ ငါက ငါတို့ ဆုံနေကျအတိုင်း ချိန်းတယ်ထင်လို့"

"အမှန်တော့ ပြောစရာရှိနေလို့ ချိန်းတဲ့သဘောလည်း ပါတယ်"

"ကဲ ... ပြောပါဦး၊ ဘာများလဲ"

"ဟိုကောင်ကွာ ခန့်မောင်မောင်၊ မနေ့က ငါတို့ဆိုင်ဘက် ရောက်လာတယ်"

"ဟေ"

ခန့်မောင်မောင် နာမည် ကြားလိုက်ရတာနဲ့ ဟံသာ့မျက်နှာကြီး ရှုံ့သိုးသိုး ဖြစ်သွားပါသည်။ ဒါကို ဇော်နိုင်တို့ ဘရိုင်ယန်တို့လည်း အကဲခတ်မိပါသည်။ ဒီကောင် မလွယ်ဘူးပဲ။ ခန့်မောင်မောင်ကို သူက အနိုင်ရခဲ့တာပေမဲ့ အလကားနေရင်း ခန့်မောင်မောင် နာမည်ကြားတာနဲ့ လူက သတိအနေအထားလို ဖြစ်နေပြီ။

"ဆိုင်မှာ လာအားပေးတာပေါ့ကွာ၊ မိုးမ,က သူ့အိမ်တွင်းမှု မြန်မာမုန့်လုပ်ငန်းက လုပ်တဲ့မုန့်တွေ တင်ရောင်းတယ်လေ၊ ဆနွင်းမကင်းတို့ သာကူပြင်တို့ မုန့်ဦးနှောက်တို့ မုန့်ကုလားမည်းတို့ ငှက်ပျောရွှေကြည်တို့ကို အတုံးလေးတွေတုံးပြီး ပလတ်စတစ်ဘူးလေးတွေနဲ့ တင်ရောင်းတာကို ဒီကောင် သဘောတွေကျပြီး အစုံပဲ ဝယ်ချသွားတာ။ သူ့



www.burmeseclassic.com

www.burmeseclassic.com



အမေက ကြိုက်တယ်တဲ့၊ အမေ့အတွက် ဝယ်သွားတယ်၊ ပြီးတော့ သူ စင်ကာပူ ပြန်ခါနီးမှ တစ်ခေါက်လာပြီး မြန်မာမုန့်တွေ ဝယ်ဦးမယ် ပြောသွားတာပဲ”

“စင်ကာပူမှာလည်း မြန်မာဆိုင်တွေ အများကြီးပါ၊ ဝယ်စားရင် ရတာပဲ မဟုတ်လား။ ဩစတြေးလျတို့ အမေရိကားတို့မှာနေတဲ့ ငါတို့အမျိုးတွေတောင် မြန်မာမုန့် မငတ်ပါဘူး။ သူတို့ဘာသာ ဒီကဝယ်သွားတဲ့ ချက်နည်း ပြုတ်နည်း မုန့်လုပ်နည်း စာအုပ်တွေဖတ်ပြီး လုပ်စားလို့ ရတယ်တဲ့။ ဟိုမှာ မုန့်လုပ်ပစ္စည်းတွေတော့ ရနိုင်တယ်တဲ့၊ ထိုင်းဆိုင်၊ တရုတ်ဆိုင်၊ ဗီယက်နမ်ဆိုင်တွေမှာ အသင့်ဖောက်သုံးလို့ရတဲ့ အုန်းနို့ဘူးတွေ၊ ဆန်မှုန့်၊ ကောက်ညှင်းဆန်မှုန့်တွေ၊ နှမ်းတို့ ထန်းလျက်တို့ ဘိန်းစေ့တို့ ရွှေချည်တို့ သာကူတို့၊ ကျောက်ကျောလုပ်တဲ့ အမှုန့်တို့ ရှိတယ်လို့ ပြောတယ်ကွ၊ အဲဒါတွေ ရှိနေရင် ကိုယ့်ဘာသာ အိမ်မှာ အသင့်လုပ်စားလို့ ရတာပေါ့။ အဲဒီလို ဝေးတဲ့နေရာတွေက လူတွေက ဒီကလုပ်ပြီးသားမုန့်ကို သယ်သွားတာ ထားပါတော့လေ။ ဆိုင်လုပ်မုန့်နဲ့ အိမ်လုပ်မုန့်က တူမှမတူတာ။ ခန့်မောင်မောင်နေတာ စင်ကာပူပဲ မြန်မာတွေမှ အများကြီး။ ပလာဇာတွေမှာ မုန့်ဆိုင် စားသောက်ဆိုင်တွေတောင် ဖွင့်ထားတာ”





ဓော်နိုင်က သူ့ထုံးစံအတိုင်း နည်းနည်းမူးလာလျှင် စကားကြော ရှည်လာသည်။ ဘရိုင်ယန်ကတော့ မူးလျှင် အလိုက်ကမ်းဆိုးမသိ၊ စတတ်နောက်တတ်၊ အရင်က အကြောင်းအရာတွေထဲမှာ သူ သတိတရဖြစ်နေတာမျိုးကို လိုက်နောက်ကြောင်းလှန်တတ်ပါသည်။ ဟံသာကျတော့ တစ်မျိုး။ မူးလာရင် တစ်ခါတလေကျ စိတ်ပျော်ပြီး ကာရာအိုကေတွေ ဆိုရင်ဆို၊ မဆိုရင် ဂစ်တာတီးပြီး တစ်ယောက်တည်း သီချင်းဆိုရင်ဆို။ စိတ်လည်း တအားပျော့ပြီး စကားကလည်း ပြောပြီးသားတွေ ဒါပဲ ဒါပဲ ထပ်ပြောတဲ့ အကျင့်ရှိသလို၊ တစ်ခါတလေကျ အလိုလို ဒေါသကြီးနေပြီး အရင်က မကျေမနပ်ဖြစ်တဲ့ သူတွေကို သတိရပြီး ဒေါသဖြစ်လိုက်၊ အလုပ်ထဲမှာ အဆင်မပြေခဲ့လျှင် (ဥပမာ ... စီးစီးပိုးပိုး ဆက်ဆံတတ်သော တိုးရစ် customer နဲ့ တွေ့ခဲ့တဲ့နေ့မျိုး) ညကျမူးပြီး ပေါက်ကွဲစိတ်ဆတ်၊ အဲဒီလို အချိန်မှာ ရည်ညွန်းက အလိုက်မသိဘဲ ပြေပြေပြစ်ပြစ် ပြန်မပြောမိခဲ့ရင်တော့ ဟံသာကလည်း စိတ်တို၊ ရည်ညွန်းကလည်း အပြောအဆိုမတတ်နှင့် ရန်ပွဲကို တခြိမ်းခြိမ်းပေါ့။ ညဘက်ရန်ဖြစ်ပြီး မနက်ကျ စိတ်ကောက်နေသော ရည်ညွန်းကို တွေ့ရမှာ ဖြစ်သလို ဟံသာကျတော့ ညက သူမူးပြီး ဘာပြောလို့ ပြောမှန်းပင် မြန်မမှတ်မိသော အဖြစ်အပျက်မျိုးလည်း ကြုံရတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ၊ အဲဒါတွေ ထားပါတော့၊ ငါတို့ကတော့ ဒီကောင် တကူးတက ရောက်လာပြီး လာဝယ်သွားပဲ ထင်နေတာ၊ မဟုတ်ဘူးကွ၊ လက်စသတ်တော့ ဟံသာနဲ့ ရည်ညွှန်းအကြောင်း စုံစမ်းချင်လို့ ရောက်လာတာကိုး။ ဟား ဟား"

"အံမာ ... ဒီကောင်က ငါတို့အကြောင်း ဘာစုံစမ်းစရာ ရှိလို့လဲ"

ဟံသာ မကျေမနပ်ရွှတ်ရင်း ဘီယာဖန်ခွက်ကို ဆောင့်ချလိုက်သဖြင့် ဘီယာတွေ ဘောင်ဘင်ခွတ်ပြီး စားပွဲပေါ် သို့ပင် ဖိတ်စဉ်သွားပါသည်။ ဇော်နိုင်ကတော့ ...

"ဟံသာ စိတ်တိုနေပြီ ဘရိုင်ယန်။ ဆက်မပြောရင် ကောင်းမယ်"

လို့ စိတ်ပူပြီး သတိတော့ ပေးပါသည်။

"ငါ အလကားနေရင်း သွားရှမ်းမဲ့ကောင်တော့ မဟုတ်ပါဘူး။ ဥပမာ ... မင်းပြောတဲ့ စကားထဲမှာ ရည်ညွှန်းကို ထိခိုက်မဲ့ စကားမျိုး ပါနေရင်တော့ ငါ ဒီကောင့်ကို သွားဆွဲထိုးမယ်"

"ရည်ညွှန်းကို ပြောရဲမလားကွာ၊ ငါတို့ရှေ့မှာ သူ လာပြောတာပဲ"

"ကဲ ... ပြောပါဦး၊ ဒီကောင် ဘာစုံစမ်းလို့လဲ"





ဘရိုင်ယန်က အဖြစ်အပျက်ကို ပုံပေါ်လာအောင် အသေအချာပင် စ,ပြောပါသည်။ ထိုနေ့က ဆိုင်ဖွင့်ပြီးပြီးချင်း သိပ်မကြာ။ ခန့်မောင်မောင် ဆိုင်ထဲ ဝင်လာသည်။ မိုးမက Casher ကောင်တာမှာ ကွန်ပျူတာတစ်လုံးနဲ့ ထိုင်၍ ငွေသိမ်းရသူ ဖြစ်ရာ ဆိုင်ကိုဝင်လာသူ၊ ဆိုင်ထဲမှ ထွက်သွားသူတို့ကို အရင်ဆုံး မြင်ရသဖြင့် ခန့်မောင်မောင်ကိုလည်း တွေ့ရော ဝမ်းသာစွာပင် ...

"ဟယ် ... ခန့်မောင်မောင်၊ ကြည့်စမ်း ... နင် တကယ် လာတယ်နော်"

ဟု နှုတ်ဆက်သံဖြင့် ကြိုဆိုလိုက်သည်။

ဘရိုင်ယန်ကတော့ လိုသောပစ္စည်း စာရင်းမှတ်၊ expire ဖြစ်ခါနီး တစ်ရက် နှစ်ရက်အလို စားစရာတွေကို တစ်ဝက်ဈေးဖြင့် ဈေးချရန် ပြင်ဆင်၊ ကြက်ဥ ဘဲဥ ငုံးဥလိုတွေက လည်း အကွဲတွေ ရှိနေလျှင် ဖယ်နှင့် ဆိုင်ထဲ အလုပ်ရှုပ်နေဆဲ မိုးမအသံ စာစာ စာစာကို ကြားလိုက်ရ၍ ဆိုင်ဝထွက်ကြည့်ပါသည်။ ခန့်မောင်မောင်ဟာ ဈေးဝယ်ပလတ်စတစ်ခြင်း အနီကို ကောက်ကိုင်နေပြီ။

"ဟော့ကောင် ... မဝယ်လည်း ရတယ်နော်၊ လာလည်တာ ဆိုရင် အေးအေးဆေးဆေး ထိုင်ပြီး မိုးမနဲ့ စကားပြော လက်ဖက်ရည်သောက်မလား။ ငါ ဆိုင်ကိုလှမ်းလက်ပြ လိုက်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင်မှာ လက်ဖက်ရည်ဆိုင် ရှိသဖြင့် အဆင်ပြေသည်။ မှာချင်လျှင် ဒီဘက်ကနေ လက်ခုပ်တီးလိုက်ရုံ၊ စားပွဲထိုး ကောင်လေးတွေက လှမ်းကြည့်လျှင် လက်ဖက်ရည်ဘယ်နှခွက်တို့၊ ကော်ဖီဆိုလည်း ကော်ဖီ၊ အအေးဆိုလည်း အအေး၊ မုန့်ဆိုလည်းမုန့် စသဖြင့် အော်ပြီး မှာလိုက်ရင် လာပို့ပေးပါသည်။

"ဟာ ... မသောက်တော့ပါဘူးကွာ၊ ငါ အိမ်က စားလာပြီးပြီ၊ ဗိုက်ပြည့်နေပြီ"

"ဗိုက်ပြည့်လည်း အရည်တော့ သောက်ကွာ၊ သောက်နိုင်ပါတယ်၊ လက်ဖက်ရည် ကောင်းတယ်ကွ၊ သောက်ကြည့်သွား။ တခြားသူငယ်ချင်းတွေလည်း ဈေးလာဝယ်ကြရင် ငါတို့က လက်ဖက်ရည်တော့ အတင်းပြန်တိုက်လိုက်တာပဲ"

ဆိုပြီး ဘရိုင်ယန်က ဆိုင်အပြင်ထွက် လက်ခုပ်တီး အချက်ပြပြီး လက်ဖက်ရည် မှာလိုက်ပါသည်။ ခန့်မောင်မောင်လည်း ဟိုကြည့် ဒီကြည့်နဲ့ ဘာဝယ်ရမှန်းမသိ ဖြစ်နေသည်။ ဆိုင်မှာ တင်ထားတာတွေက မီးဖိုချောင်သုံး အစားအသောက်တွေ၊ အသင့်ဖောက်ထည့်ချက်လို့ရသော ဟင်းလျာတွေနဲ့ နိုင်ငံခြားဖြစ် ဘီစကစ်ရော၊ မြန်မာဖြစ် ဘီစကစ်ပါ ရောင်းသလို၊ Bakery မုန့်ဆိုင်လေးတွေက လာတင်ထားသော ပေါင်မုန့်မျိုးစုံ၊ ကိတ်မုန့်မျိုးစုံတွေလည်း တွေ့ရသည်။





မှန်တံခါးတပ်ထားသော နံရံကပ် freezer ထဲမှာတော့ အသားမျိုးစုံငို့၊ အိုက်(စ)ကရင်(မ)ပုံးတို့၊ ရေခဲချောင်းတို့၊ နွားနို့တွေ အအေးတွေ အစုံအလင်။ ဘာမှ ဝယ်ရမှန်း မသိတာနဲ့ အာလူးကြော်၊ ငါးမုန့်ကြော်၊ ဆိတ်သားခြောက်တွေပဲ ခြင်းထဲကောက်ထည့်ပြီး ကောင်တာဘေးမှာ စင်ကလေးဖြင့် အစီအရီတင်ထားသော မြန်မာမုန့်ဘူးလေးတွေကိုသာ စိတ်ဝင်တစားသွားရွေးလိုက်သည်။

"အတော်ပဲ၊ အမေက မြန်မာမုန့် ကြိုက်တယ်၊ ဝယ်ရမယ်၊ ဒါ ဘယ်က လာတင်ထားတာလဲ"

"ဟဲ ဟဲ ... အဲဒါ ငါ့လက်ရာလေ။ ငါ ကျောင်းပြီးတော့ မြန်မာမုန့်လုပ်ငန်းအမျိုးမျိုး သင်တန်းသွားတက်လိုက်သေးတယ်။ ဆိုင်လည်းဖွင့်ဖြစ်သွားတော့ တစ်ပိုင်တစ်နိုင်လေး တစ်မျိုးကို တစ်ဗန်းစီလောက် စမ်းပြီး တင်ရောင်းကြည့်တာလေ၊ အံမယ် မဆိုးဘူးဟဲ့။ ကြိုက်ကြတယ်။ နေ့ခင်း ဆယ့်နှစ်နာရီလောက်ဆို ပြောင်ခနဲကုန်ပြီ သိလား၊ နင်က စောစောရောက်လာလို့ မီသွားတာ"

"အမေ့အတွက် ဝယ်သွားရင်း ငါလည်း စားကြည့်မယ်လေ၊ ကြိုက်ရင် ငါ ပြန်ခါနီး ဝယ်ထည့်သွားမယ်၊ လူက ဒီရောက်နေရင်သာ မြန်မာမုန့် သိပ်မမက်တာ၊ ဟိုပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားရင် စားရတာကြာရင် ငတ်လာရော၊ စားချင်လာရော"

"စင်ကာပူမှာ မြန်မာဆိုင်တွေ အများကြီးပါ၊ ဝယ်စားလို့ရမှာပေါ့"

"ဝယ်စားတာပေါ့။ ဒီကလည်း ဝယ်သွားတာတွေ စားကုန်တော့ အဲဒီက ဝယ်စားပေါ့။ ငါတို့က ယောက်ျားလေးတွေဆိုတော့ ချက်ရမှာပျင်း၊ မုန့်လုပ်ရမှာပျင်းနဲ့ ဝယ်စားတာနဲ့တင် ပိုက်ဆံက ထိနေပြီ"

"မိန်းမ ယူလိုက်လေဟယ်၊ မိန်းမ ချက်ကျွေးမှာပေါ့"

ခန့်မောင်မောင် ရယ်ရင်း ပိုက်ဆံရှင်းဖို့ ကောင်တာမှာ ခြင်းကိုလာတင်ပါသည်။ မိုးမ ပိုက်ဆံတွက်ရင်း ...

"ဒါတော့ နင့်ကို လက်ဆောင်ပေးလိုက်မယ်"

"ဟာ ... မပေးပါနဲ့၊ နင်တို့ကလည်း ငါနောက်မလာရဲအောင် လုပ်နေပြီ၊ သူငယ်ချင်းဆိုင်လာအားပေးတဲ့ လူတိုင်း တစ်ခု နှစ်ခု အလကားပေးနေရင် ထိမှာပေါ့၊ မပေးပါနဲ့"

"ကဲ ... ကဲ ... အခုယူလိုက်မယ်၊ နင်ပြန်ခါနီး လာဝယ်တဲ့အခါကျ နင် ဝယ်တာလည်း ဝယ်ပေါ့။ ငါလည်း ငါ့မုန့်တွေ လက်ဆောင် ပေးလိုက်ပါ့မယ်၊ မပြန်နဲ့ဦး ဟိုမှာမှာထားတဲ့ လက်ဖက်ရည် လာပို့နေပြီ သောက်သွားဦး"





ဘာရိုင်ယန်လည်း လက်ဖက်ရည် အတူသောက်ဖို့ ဆိုင်ဝ ခဏပြန်ထွက်လာပြီး အတူတူ ထိုင်ပါသည်။

ဆိုင်က မနက်စ ဖွင့်ဖွင့်ချင်းမို့ လူရှင်းနေသဖြင့် သူတို့ စကားအနည်းငယ် ပြောလို့ရသွားပါသည်။

"ဒီအချိန်က လူရှင်းတတ်တယ်ကွာ၊ ဘယ်အချိန် လူရှုပ်လဲဆိုတော့ ဒီနားမှာရှိတဲ့ အထက်တန်းကျောင်းက နှစ်ချိန်ကျောင်းလေ၊ ကျောင်းဆယ့်နှစ်နာရီ မဆင်းခင် ဆယ့်တစ်နာရီလောက်ဆို ကျောင်းလာကြိုတဲ့လူတွေ ဝင်ဝယ်တာကစပြီး နေ့လယ်ကျောင်းပြန်တက်မဲ့ ကလေးတွေနဲ့ ကျောင်းဆင်းပြီး ဆိုင်ထဲ ဝင်မုန့်ဝယ်ကြတဲ့ အချိန်ပေါ့၊ နေ့လယ်တစ်နာရီထိက လူကျတယ်ကွ၊ ပြီး ခဏကျဲသွားပေမဲ့ ရောင်းနေရတာပဲ မထိုင်ရဘူး။ အဲဒီက တောက်လျှောက်ဟာ ကျောင်းဆင်း ရုံးဆင်းချိန်မှာ လူကျပြန်ရော၊ ညအထိက ရောင်းနေရတယ်"

"ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း ဆိုတော့လည်း ကောင်းတာပေါ့ကွာ pressure မရှိဘူးပေါ့။ ကျန်တဲ့ သူငယ်ချင်းတွေလည်း ကိုယ့်အလုပ်နဲ့ကိုယ် စိတ်ချမ်းသာပြီး အဆင်ပြေတယ် မဟုတ်လား"

"ပြေတာပေါ့ကွ နီလာက ဟိုတယ်မှာ စက္ကတောရီကွ။ သူ့ဟိုတယ်က နိုင်ငံခြားသား လာဖွင့်တဲ့ ဟိုတယ်တော့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး ဆိုတော့ လခလည်း မြန်မာငွေနဲ့ပဲ ရပေမဲ့ လခကောင်းတယ်။ မိုဘိုင်းလ်ဖုန်းတို့ ဘာတို့ ပေးသုံးတယ်၊ ကိုယ်ပိုင် e-mail နဲ့ fax နဲ့ ပေးထားတယ်၊ ဇော်နိုင်က ကွန်ပျူတာပြင်တဲ့ group ဖွဲ့ထားတယ်၊ သူ့ဆိုင်ကွန်ပျူတာပြင်ဖို့သွားရင် ဝယ်ထည့်စရာလိုတဲ့ ပစ္စည်းတောင် သွားဝယ်စရာ မလိုအောင် စပယ်ယာပစ္စည်းတွေပါ၊ တင်ရောင်းထားတာကွ၊ အကွက်မြင်တယ်။ စန္ဒာနဲ့ ထင်လင်းကတော့ ပြောစရာ မလိုပါဘူး။ ထင်လင်းက ဂျီပီကောင်းတယ် ဆိုပဲ၊ စန္ဒာ အိမ်မှာ ထိုင်နေရင် ရပေမဲ့ ဒီဗိုင်နှာရောဂါထပြီး သင်နေလေရဲ့။ သင်းသင်းကတော့ အရင်ကတည်းက သူဌေး၊ ခုလည်း သူဌေးကတော်ကြီးလေ။ ရည်ညွှန်းနဲ့ ဟံသာလည်း မင်းမြင်သားပဲ၊ စီးပွားရေး အဆင်ပြေကြတယ်"

ခန့်မောင်မောင် နားထောင်နေပြီးမှ ...

"အားလုံးက စီးပွားရေး ကောင်းနေတာပဲကွာ၊ ငါမြင်တာတော့ မင်းတို့နဲ့ သင်းသင်းပဲ ကလေးယူဖို့ ပြင်ဆင်နေတာမြင်တယ်၊ နီလာတို့ စန္ဒာတို့ ရည်ညွှန်းတို့ကရော"

"နီလာက ကလေး မလိုချင်ဘူး ပြောတာပဲ"

မိုးမမက ထိုသို့ပြောသလို ဘရိုင်ယန်ကလည်း ...

"စန္ဒာကတော့ ထင်လင်း M.Sc ပြီးမှ ယူမယ်ပြောတယ်"





ဟု ပြောပေမဲ့ ရည်ညွှန်း အကြောင်းတော့ မပြောဘဲ ချန်ထားလေသည်။ ခန့်မောင်မောင်ကလည်း ရအောင်တော့ ဆက်မေးလေသည်။

"ရည်ညွှန်းနဲ့ ဟံသာ ကြည့်ရတာ တစ်ခုခုများ အဖုအထစ် ဖြစ်ထားလားကွာ"

လို့ တိုက်ရိုက်ကို မေးချတော့သည်။ ဘာကြောင့်လဲ ဆိုတော့ ဘရိုင်ယန်တို့ ကြည့်ရတာ ပြောမဲ့ မပြောချင်သလိုလို ဖြစ်နေ၍ပင်။

"ဘာဖြစ်လို့ မေးတာလဲ"

"ငါသွားလည်တဲ့ နေ့တုန်းက သူတို့ကို ကြည့်ရတာ တစ်ယောက်နဲ့တစ်ယောက် သူစိမ်းဆန်နေသလိုပဲ၊ ပြဿနာ တစ်ခုခု ရှိနေလို့လား"

ဘရိုင်ယန်သည် တော်တော် လူကဲခတ်ကျွမ်းကျင်သော ခန့်မောင်မောင်ကို ချီးကျူးရမလို ဖြစ်နေသည်။ မိုးမကတော့ မပြောနဲ့ဆိုပြီး မျက်ရိပ်ပြပေမဲ့ ခန့်မောင်မောင် ဒီလိုတိုက်ရိုက်မေးလာခြင်းကို သဘောတော့ မကျပေ။ ရည်ညွှန်းနဲ့ ဟံသာ ပြဿနာဖြစ်တာ သူနဲ့ ဘာဆိုင်လို့လဲ။

"အေးလေ ... ဟုတ်သားပဲ သူနဲ့ဘာဆိုင်လဲ။ မိုးမ ပြောတာ ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟံသာသည် ဘရိုင်ယန် ဇာတ်လမ်းပြန်လှန်နေသော စကားအဆုံးမှာ ဒေါသဖြင့် ပြောလိုက်သည်။ ဇော်နိုင်ကတော့ နာရီတကြည့်ကြည့် လုပ်နေပြီး နီလာ့ကို ကိုးနာရီခွဲထက် နောက်မကျဘဲ အိမ်ပြန်လာမည်ဟု ကတိပေးခဲ့၍ ကိုးနာရီဆယ့်ငါးဖြစ်နေသော အချိန်ကိုကြည့်ပြီး ဖင်တကြွကြွ ဖြစ်ချင်လာသည်။ နီလာလည်း စိတ်ကောက်မိရင် ကောက်လို့ မဆုံးဘူး။ စကားမပြောပဲလည်း တစ်လလုံး နေနိုင်တဲ့မိန်းမ။ ဒါပေမဲ့ သူက ရည်ညွှန်း လိုတော့ မဟုတ်ဘူး။ ထမင်းဟင်းတွေ ချက်ကျွေးသေးတယ်။ အဝတ်လျှော် မီးပူတိုက်လည်း လုပ်ပေးသေးတယ်ဆိုတော့ တော်သေးတာပေါ့။

"ငါတို့လည်း မင်း စိတ်ထင်လို့ပါ ဘာညာနဲ့ ဖြီးလိုက်တာပေါ့ကွာ၊ ဒီတော့ ဒီကောင် သိပ်တော့မယုံပေမဲ့ စကားရော ဖောရောနဲ့ နှုတ်ဆက်ပြီး ပြန်သွားတော့တာပဲ။ ဟံသာ ... မင်း စိတ်တော့မဆိုးနဲ့ ခန့်မောင်မောင် ကြည့်ရတာ ရည်ညွှန်းကို စိတ်ထဲမှာ မြတ်နိုးနေတုန်းပဲ ထင်တယ်"

"ဟာကွာ ... ဘရိုင်ယန်ရာ၊ စွတ်မပြောပါနဲ့ကွာ၊ အိမ်ထောင်ရှိ မိန်းမတစ်ယောက်ကိုတော့ ဒီကောင် မရိုးသားတဲ့ စိတ် ရှိမယ် မထင်ပါဘူး။ ငါတို့ ဗုဒ္ဓဘာသာမှာ သူများ





သားမယား မပြစ်မှားရဘူးဆိုတဲ့ ဆုံးမစကား ရှိတယ်၊ ငါးပါးသီလဆိုတာ မင်း ကြားဖူးလား။ အေး ... အဲဒီထဲမှာ တစ်ပါးပါတယ်ကွ"

ဘရိုင်ယန်က ခရစ်ယာန်ဘာသာဝင်မို့ ဇော်နိုင်က အသေအချာ ရှင်းပြလိုက်ပါသည်။

"ဇော်နိုင်ရာ ငါ ဘာလို့ မသိရမှာလဲ၊ သိပါတယ်၊ မိုးမက ဗုဒ္ဓဘာသာပဲ။ တစ်ယောက်နဲ့ တစ်ယောက် ကိုယ့်ဘာသာထဲက တရားတော် သူ့ဘာသာထဲက တရားတော်တွေ ပြောပြကြရင်း မင်းပြောတဲ့ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလတွေ ငါ့ကို ပြောပြ ရှင်းပြထားပါတယ်၊ ငါတို့ဘာသာမှာလည်း ပညတ်တော်ဆယ်ပါး ရှိတယ်လေ"

"အေး ... အဲဒါ ထားပါတော့ကွာ၊ ခန့်မောင်မောင်လည်း ဗုဒ္ဓဘာသာ မြန်မာတစ်ယောက်ပဲ၊ သူ အဲဒီလောက်တော့ စိတ်ဓာတ်မဖောက်ပြားပါဘူး။ သူငယ်ချင်း မိတ်ဆွေတစ်ယောက် အနေနဲ့ ခင်လို့မင်လို့ ဟံသာတို့ အခြေအနေကို မေးတာ ဖြစ်မှာပါ"

ဟံသာသည် သူငယ်ချင်းတွေကြား ဘာစကားမှ ဝင်မပြောတော့ဘဲ ဒီကိစ္စကို အကြီးအကျယ် ခေါင်းထဲထည့်နေ တော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရည်ညွှန်းနဲ့ ငါ ရန်ဖြစ်ထားချိန်၊ ရည်ညွှန်းဟာ ငါ နေပုံ ထိုင်ပုံတွေကို စိတ်တိုင်းမကျဖြစ်ပြီး မုန်းနေချိန်ကျမှ တိုက်တိုက်ဆိုင်ဆိုင် ဒီကောင်က ဘွားခနဲ ရောက်လာတယ်။ ငါတို့ နှစ်ယောက်ကို ယှဉ်ပြီး တွေးစရာအဖြစ် ရည်ညွှန်း စိတ်ထဲမှာ ဖြစ်ရင် ဖြစ်နေမယ်ပေါ့။ ဘယ်ပြောနိုင်မလဲ။ စိတ်ထဲကအတွေးကို အပြင်လူ သိတာမှ မဟုတ်တာ။ လူက မဖောက်ပြန်ပေမဲ့ စိတ်က ဖောက်ပြန်နေခဲ့ရင်ရော ဘာတတ်နိုင်မလဲ။

လင်နဲ့မယား ဆိုတာ လူတွေက ပြောကြတယ်။ တစ်ယောက်ရဲ့ဘဝကို တစ်ယောက်က ပိုင်တယ်တဲ့။ အမှန်တော့ လူကိုပဲ ပိုင်တာပါ။ စိတ်ကိုမှ မပိုင်တာ။ သူ့စိတ်နဲ့သူ အဝေးတစ်နေရာကို လွင့်နေမယ်။ အဝေးတစ်နေရာက လူတစ်ယောက်အကြောင်းကို တွေးနေမယ်ဆိုရင် ဘာမှလုပ်လို့ မရဘူး။ တားလို့လည်း မရဘူး။ သိလည်း မသိနိုင်ဘူးလေ။

ဟံသာသည် တွေးရင်းနဲ့ လန့်လာသည်မှာ ခုချိန်မှာ ရည်ညွှန်းရော ဘယ်သူ့အကြောင်း ခေါင်းထဲထည့်မလဲ ဆိုတာပင်။

သူငယ်ချင်းတွေကို ခပ်မြန်မြန် စကားဖြတ်၊ လူစုခွဲပြီး အိမ်ပြန်ရောက်သောအခါ ဟံသာသည် တက္ကစီပေါ်မှ ဆင်းဆင်းချင်း သူတို့ရဲ့ အိမ်ခန်းလေးရှိရာ အထပ်ကို လှမ်းမျှော်ကြည့်မိသည်။ အိမ်မှာမီးမှောင်နေပြီ။ ကိုးနာရီခွဲပဲ ရှိသေးတာ၊ ရည်ညွှန်း





အိပ်ပြီလား။ အိပ်တာရော ဟုတ်ရဲ့လား။ အိပ်ရာစောစောဝင်ပြီး ဘယ်သူ့အကြောင်း တွေးနေတာလဲ။

ဟံသာ အိမ်တံခါးသော့ နှစ်ထပ်ကို ဖွင့်ပြီး အတွင်းဝင်ဝင်ချင်း နံရံကို လက်ဖြင့်စမ်း၍ မီးခလုတ်ကို မှန်းဖွင့်လိုက်သည်။ ပွစာကျဲနေသော ဧည့်ခန်းကို အရင်ဆုံး မြင်ရသည်။ တစ်ချက်ကြည့်ပြီး ထမင်းစားခန်းထဲ ဝင်လာသောအခါ သန့်ရှင်းနေသော ထမင်းစားခန်းနှင့် မီးဖိုချောင်ကတော့ စိတ်ကို လန်းဆန်းသွားစေလေသည်။

ရေခဲသေတ္တာထဲရှိ ရေကရားထဲက ရေတစ်ဖန်ခွက်ငှဲ့သောက်ပြီးပေမဲ့ ရင်ထဲ မအေးသလို ခံစားနေရသည်။

အမှန်တော့ ရင်ထဲမှာ ပူနေတာဟာ တခြားကြောင့်တော့ မဟုတ်။ သဝန်တိုနေသော၊ သံသယဝင်နေသော အစိုးရိမ်ကြီးနေသော စိတ်သောကတို့ဖြင့် ရင်ထဲမှာ တရှိန်ရှိန် တမြည့်မြည့် ပူနေတာမျိုး ဖြစ်လေသည်။

❀ ✤ ❀



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

ဟံသာသည် စိတ်ဆုံးဖြတ်လိုက်ပြီးသောအခါ စိတ်ထဲမှာ ပေါ့ပါးလန်းဆန်းသွားပါသည်။ အဲဒီလို မဆုံးဖြတ်နိုင်ခင်တုန်းကတော့ စိတ်ထဲမှာ ရှင်းလည်းမရှင်း၊ လေးလံတွေဝေ၊ ချီတုံချတုံဖြစ်နှင့် တစ်မျိုးပြီး တစ်မျိုးပြောင်းပြီး ခံစားနေခဲ့ရသည်။ အခုတော့ တစ်ခုကို စိတ်ဆုံးဖြတ်သွားနိုင်သောအခါ လူကပေါ့ပါးလန်းဆန်းသွားသည်။

အမှန်တော့ သူဟာ သူ့အတွက်နဲ့သူ မာနကြီးပြီး မိန်းမခိုင်းရင် မလုပ်ဘူး။ မိန်းမအမိန့်ပေးရင် မနာခံဘူး။ "မယားပြော တစ်ည"ဆိုတဲ့ စကားတွေထဲက ယောကျာ်းအမျိုးအစားထဲမှာ ငါ မပါစေရဘူးဆိုတဲ့စိတ်နဲ့ ရှဲ့ပြီး ရည်ညွှန်း ခိုင်းလိုက်ရင် ချက်ချင်း ထ,မလုပ်ဖြစ်ခဲ့တာ များတာပါ။ တကယ့် တကယ်မှာ





တော့ သူ ရည်ညွှန်းကို ချစ်ပါသည်။ ရည်ညွှန်း တစ်ယောက်တည်း အိမ်အလုပ်တွေ လုပ်ရတာ၊ ပန်းကန်တွေ တစ်ပုံကြီးဆေးရတာကို ကိုယ်ချင်းစာမိပြီး တစ်ခါတစ်ရံမှာ ရည်ညွှန်း မခိုင်းဘဲနဲ့တောင် လုပ်ပေးသွားတတ်ပါသည်။ ဒါတွေတော့ ဒေါ်ရည်ညွှန်းက သတိမရဘူး ထင်ပါရဲ့။

တာဝန်ကျေကျေ ချက်ပြုတ်ကျွေးမွေးပြီး အိမ်မှုကိစ္စလည်း မလစ်ဟင်းသလို ကိုယ့်ကိုယ်ကိုယ်လည်း ကြော့မော့ကြည့်ကောင်းနေအောင် အဆင့်မြင့်မြင့်လေး ပြင်ဆင်တတ်သော ရည်ညွှန်းဟာ တကယ်ပဲ တန်ဖိုးရှိတဲ့ ဇနီးကောင်းတစ်ယောက်ဟုလည်း စိတ်ထဲမှာ ချီးကျူးရပါသည်။

ဒါကြောင့် ဘာမဟုတ်တဲ့ ပြဿနာလေးနဲ့ တစ်ယောက်နဲ့ တစ်ယောက် စိတ်ဝမ်းကွဲနေဖို့ မသင့်ဘူး၊ ဒီတစ်ခါ ငါ အလျှော့ပေးသင့်တယ်၊ အလျှော့ပေးရမယ်၊ ရည်ညွှန်း အံ့သြဝမ်းသာသွားအောင် လုပ်ပြရမယ်လို့ စိတ်ဆုံးဖြတ်လိုက်နိုင်သောအခါ စိတ်က ပေါ့ပါးရှင်းလင်းသွားတော့သည်။

"အဖေ သား ဒီနေ့ အိမ်ကို နေ့တစ်ဝက် ပြန်ချင်တယ် ရမလား"

"နေ့တစ်ဝက်ဆိုတာ ဘယ်အချိန် ပြောတာလဲကွာ၊ မင်း အလုပ်လာတာ ကိုးနာရီ ပြန်မှာက ငါးနာရီ ဒီတော့ နေ့တစ်ဝက်ဆိုတာ နေ့ဆယ့်နှစ်နာရီလား တစ်နာရီလား"



www.burmeseclassic.com

www.burmeseclassic.com



အဖေ့ကို ခွင့်တောင်းတော့ အဖေကလည်း တကယ့်လူ့ဘိကျကြီးမို့ နေ့အချိန် အတိအကျကို မေးနေသေးသည်။

"အလုပ်ချိန် ရှစ်နာရီဆိုတော့ လေးနာရီ အတိအကျဆင်းမယ်လေ၊ နေ့လယ်တစ်နာရီကျ သား ပြန်မယ်"

"အေး ... ကောင်းပြီ"

"နေ့တစ်ဝက်ပြန်လို့ အဖေက လခဖြတ်မှာလား"

"အံမာ ... ကုမ္ပဏီပိုင်ရှင်သား ဆိုပြီး အခွင့်အရေး ပိုမယူနဲ့ မင်း ငါ့ဝန်ထမ်းပဲ။ အလုပ်နေ့တစ်ဝက်ပျက်ရင် ပျက်တာပဲပေါ့"

"ရည်ညွှန်း စိတ်ကောက်မပြေသေးလို့ သူ့ကိုချော့ဖို့ အိမ်ပြန်ပြီး ရှင်းလင်းရမှာမို့ပါ အဖေရာ။ နောက်မို့ သား အလကားနေရင်း မပြန်ပါဘူး"

အဖေက တမင်အသံထွက် ရယ်ပြနေသည်။ ဘာမှဆက်မပြောပေမဲ့ ဟဲ့သာ နေ့တစ်ဝက် အလုပ်ပျက်လို့တော့ အဖေ လခမဖြတ်တော့ဘူးဆိုတာ ဟဲ့သာ ရိပ်မိပါသည်။

နေ့တစ်ဝက် အိမ်ပြန်မည်။ ရည်ညွှန်း ပြန်မရောက်ခင် အစောကြီး ကြိုပြန်နှင့်ရသည်မှာ တစ်အိမ်လုံးကို အရင်ကထက် ထူးထူးခြားခြား သန့်ရှင်းပြောင်လက်သွားအောင် လုပ်ပေးဖို့ ပြန်ရမှာ ဖြစ်သည်။

ရည်ညွှန်း ပြောပြောနေသော ...





"ရေချိုးခန်း ကြွေပြားတွေလည်း ကြေးတက်နေပြီ မောင်ရယ်။ ရည်ညွှန်းလည်း ရသလောက်တော့ စပရေးဖျန်းပြီး တိုက်တာပဲ၊ လက်အားမသန်တော့ သိပ်မပြောင်ဘူး ဖြစ်နေတယ်၊ မောင် အားရင် ထပ်တိုက်ပေးပါဦးနော်"

ရေချိုးခန်း သန့်ရှင်းရေးကို လုပ်ရမည်။

"မျက်နှာကြက်တွေမှာ ပင့်ကူအိမ်တွေ ခဏခဏ တက်လို့ တံမြက်စည်းအရှည်နဲ့ လှမ်းတော့ ရှင်းတာပဲ၊ ကိုယ်မီသလောက်ပဲ ရှင်းရတော့ သိပ်မရှင်းနိုင်ဘူး ဖြစ်နေတယ်"

ဆိုတာမျိုး ပြောထားဖူး၍ မျက်နှာကြက်တွေကိုလည်း ပြောင်အောင် တံမြက်စည်း လှည်းပေးရမည်။

"မီးဖိုချောင်က အမြဲချက်ပြုတ်နေတော့ မီးဖိုနားမှာရှိတဲ့ ကြွေပြားလေးတွေက ဘယ်လိုပဲတိုက်တိုက် မပြောင်လာဘူး"

ပြောဖူး၍ ရည်ညွှန်း သဘောကျ အံ့ဩသွားအောင် ပြောင်လက်နေအောင် တိုက်ပေးထားရမည်။

"ကြမ်းပြင်ပါကေးကွက်တွေဟာ အမြဲတိုက်နေမှ၊ ပြီးတော့ သူက ခြေထောက်ညစ်ပတ်ကြီးတွေနဲ့ နင်းရင် သိပ်သိသာတယ်၊ ချက်ချင်း ခြေရာကွက်ကြီး ကျန်ခဲ့တာ။ ရေဖိတ်ကျရင်လည်း ချက်ချင်းသုတ်မှ မသုတ်ရင် အပေါ်က ပေါလစ်ရှိတွေ ကွက်ကုန်ရော"



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး အလုပ်မသွားခင် နေ့တိုင်း ကြမ်းတစ်ချက်သော့ တိုက်သွားလေ့ရှိသော ရည်ညွှန်း။ အခုတလောတော့ ဟံသာ့ကို ညှော်ခန်း အပိုင်စားပေးထား၍ ပေါလစ်(ရှ်)ဖြင့် ကြမ်းမတိုက်နိုင်သည်ဖြစ်ရာ ကြမ်းပြင်မှာ အရောင်ပင်မလက်တော့။ ဟံသာ့ ခြေရာတွေ၊ ရေတွေ၊ ဘီယာတွေ ဖိတ်စဉ်ထားပြီး ကွက်ကျန်သော အရာတွေ အစားအသောက် အစအန အမှုန်ဘွေနဲ့ ရှုပ်ပွ ညစ်ပေနေသဖြင့် အဲဒါကိုလည်း တော်တော်ရှင်းယူရမည်။

TV, DVD စက်တွေ ဆောင်းဘောက်(စ)တွေမှာ ဖုန်တွေတက်နေတာကိုလည်း သုတ်ရမည်။ ဘုရားစင်မှာလည်း ပန်းလဲပေးထားရမည်။ ဘိုတွေကတော့ မိန်းမကို ပန်းတွေ ဘာတွေပေးပြီး ချော့ပေမဲ့ ကိုယ်ကတော့ မြန်မာတွေမို့ မိန်းမကို ပန်းဝယ်မပေးတော့ဘဲ မိန်းမအကြိုက်ဖြစ်အောင် ဘုရားစင်မှာ ပန်းအသစ်ဝယ်လဲပေး၊ ကိုယ်တိုင် ဘုရားပန်းတင်ပေးထားရင် ဒါလည်း ချော့နည်းတစ်မျိုးပဲလို့ ယူဆမိပါသည်။

ပြီးတော့ သူတို့နှစ်ယောက်လည်း ထမင်းလက်ဆုံ အတူတူ မစားရတာ ကြာပြီမို့ သူကိုယ်တိုင် ဝယ်ခြမ်းချက်ပြုတ်ပေးထားပြီး Romantic Dinner လေး တစ်ခုကိုလည်း ပြင်ဆင်ပေးထားချင်သည်။

နောက်ပြီး မင်္ဂလာနှစ်ပတ်လည်နေ့က ဘာလက်ဆောင်မှ ဝယ်မပေးခဲ့မိတဲ့အတွက် ရည်ညွှန်း ကြိုက်တတ်တဲ့





O'LAY Cream တစ်ဘူးကို ဝယ်ပြီး လက်ဆောင်အဖြစ် ပေးရဦးမည်။ လက်ထဲမှာ ငွေပိုငွေလျှံလည်း သိပ်အများကြီး မရှိသေး၍ လက်ဝတ်ရတနာလေး တစ်ခုခုကိုတော့ မဝယ်နိုင်ပါ။ ဝယ်နိုင်ရင်တော့ ဝယ်ပေးချင်ပါသည်။ ခုတော့ မျက်နှာလိမ်းခရင်(မ)ဘူးလေးသာ ဝယ်ပေးနိုင်သေးသည်။

လုပ်စရာတွေ အများကြီးမို့ ဟံသာမှာ ရည်ညွှန်းပြန်မလာခင် ပြီးချင်၍ ဇောဖြင့်တိုက်ချွတ်ရှင်းလင်းရင်း ချက်တာကိုပါ တစ်ခါတည်း လုပ်ထားသည်။ ချက်တာကလည်း ထွေထွေထူးထူး မဟုတ်ပါ။ သူ့ အရင်က ရည်ညွှန်းကို ချက်ကျွေးတိုင်း ရည်ညွှန်းလည်း ကြိုက်သည် ပြောသော ပုစွန်တုပ်အကောင်လိုက်လေးတွေ၊ ငုံးဥတွေထည့်ထားသည့် သီးစုံတွန်းယန်း(Tom Yum) ယိုးဒယားဟင်း၊ ဝက်သားကို ချင်းနိုင်နိုင်လေးဖြင့် ပြုတ်ကြော်လုပ်ထားတာ တစ်ခွက်နှင့် ကန်စွန်းပလိန်းကြော် တစ်ခွက်ပါ။

"မောင်က ဘီယာသွားသောက်ရင် မြည်းနေကျမို့ထင်တယ်၊ ကန်စွန်းပလိန်းကြော်ရင် သိပ်ကောင်းတာပဲ၊ ရည်ညွှန်းတောင် မောင့်လောက် ကောင်းအောင် မကြော်တတ်ဘူး"

ဆိုတာ တစ်ခါတလေ ကန်စွန်းရွက်ကြော်တွေချည်း ထိုင်စားတတ်သော ရည်ညွှန်း အကြိုက် ကြက်သွန်ဖြူနဲ့ သင်းသင်းဆီအိအိဖြင့် ခပ်စိမ်းစိမ်းလေး ကြော်ထားပါသည်။ ချက်ရင်းပြုတ်ရင်း အိုးတွေလည်း ဖြေးမွှေရင်း သူ တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



ဘင်အိမ်လုံးကို ရှင်းလင်းထားလိုက်သည်။ အိမ်သည် သုံးပတ်ကျော်လောက် ရှုပ်ပွ ဖုန်တက်နေရာမှ အခုတော့ အမြင်တစ်မျိုးပင်ပြောင်းသွားအောင် ရှင်းလင်းတောက်ပသွားသည်ဟုပင် ထင်ရပါသည်။

ဘုရားပန်းတွေက မနွမ်းသေးပေမဲ့ အသစ်ဝယ်လာပြီး ပန်းကပ်လိုက်သဖြင့် ဂန္ဓမာပန်း ဖြူဖြူတွေကလည်း လန်းဆန်းပြီး ကျက်သရေ ရှိနေသည်။ ချက်ပြုတ်ပြီး ထမင်းစားပွဲမှာ ပန်းကန်တွေပါ ချပြီးသောအခါ တကယ်ပဲ ခြောက်နာရီထိုးခါနီးနေပြီ။ ရေမြန်မြန်ချိုးကာ ရည်ညွန့် အလာကို ဝရန်တာထွက်စောင့်ကြိုနေလိုက်ပါသည်။

ခြောက်နာရီခွဲလောက်ဆို နောက်အကျဆုံး ပြန်ရောက်လာတတ်သော ရည်ညွန့်သည် ဒီနေ့ကျမှ ရောက်ကိုရောက်မလာနိုင်တော့ဘူးဟု ထင်မိပြန်သည်။ စောင့်နေရတဲ့အခါ အချိန်တွေက ပိုနှေးသည်။ ပိုကြာသည်ဟု သူများတွေ ပြောတာကြားဖူးသည်။ အခုမှ တကယ်မှန်ပါလားလို့ တွေးတတ်လာသည်။

ဟံသာ့ကို အရင်က ရည်ညွန့်ပဲ စောင့်နေရဖူးသည်မို့ ဟံသာ တစ်ခါမှ မစောင့်ခဲ့ရဖူးပါ။ ရည်ညွန့်နဲ့ ယှဉ်ရင် သူက အမြဲနောက်ကျနေသူလည်း ဖြစ်ရာ အခုကျမှ ဒါ ပထမဦးဆုံးအကြိမ် စောင့်ရခြင်း ဖြစ်သဖြင့် စောင့်ရချိန်တွေကို အကြာကြီးလို့ထင်မိသည်။ ဒီနေ့မှ မိုးကလည်းမှောင်ပြီး ခပ်သည်းသည်းရွာနေ





သဖြင့် နေဝင်တာစောပြီး မှောင်နေသည်။ ဝရန်တာ ခဏရပ်လိုက်၊ အိမ်ထဲ ပြန်ဝင်လိုက် လုပ်နေမိသည်မှာ ဘယ်နှကြိမ်တောင်ရှိပြီလဲ မသိ။

ခြောက်နာရီခွဲတောင် ကျော်နေပြီ။ ပြန်မရောက်သေးပါလား။ မိုးရွာတာနဲ့ တက္ကစီငှားရ ခက်နေသလား၊ ဒါမှမဟုတ် မစ္စလျူးက ဘာတွေများ အချိန်ပို ခိုင်းထားလို့လဲ။ ရည်ညွန့်ကလည်း ရည်ညွန့်းပဲ။ လုပ်နိုင်မှ လုပ်ပေါ့။ မလုပ်နိုင်ရင် ဘာကြောင့် ကိုယ့်အချိန်တွေ အပ့ခံပြီး လုပ်ပေးနေရသလဲ။ အေးလေ သူက အိမ်စောစော ရောက်လည်း ငါနဲ့ စကားလည်းမပြော၊ တီဗီလည်း ကြည့်ခွင့်မရ၊ DVD လည်း ကြည့်ခွင့်မရတော့စောစောပြန်မရောက်လေ ကောင်းလေဆိုပြီး ပြန်မလာသေးတာလည်း ဖြစ်နိုင်တယ်။ သူ့ခမျာ အတော်အောင့်အည်းထားရမှာ၊ ရန်ဖြစ်ထားပြီးကတည်းက တီဗီရှေ့ မထိုင်ရတာ သုံးပတ်ကျော်လောက် ရှိပြီလေ။

ဟံသာသည် အိမ်ထဲ တစ်ခေါက်ပြန်ဝင်ပြီး နွေးထားသော တွန်ယန်းဟင်းရည်အိုးကို မီးငွေ့ငွေ့လေးဖြစ်အောင် ခလုတ်ညှိပြီးမှ တစ်ခေါက် ဝရန်တာသို့ထွက်လျှင် တိုက်ရှေ့ကို ကားတစ်စီး ရပ်လာတာနှင့် ကြုံပါသည်။

ထိုကားပေါ်မှ တံခါးဖွင့်ဆင်းလာသူမှာ မထင်မှတ်ဘဲ ရည်ညွန့် ဖြစ်နေသည်။ ကားမောင်းသူဘက်ခြမ်းကို မမြင်



www.burmeseclassic.com

www.burmeseclassic.com



ရသဖြင့် ဟံသာ ပြူးပြဲပြီး ကြိုးစားကြည့်နေစဉ် ရည်ညွှန်းက တိုက်ပေါ်တစ်ချက် မော့ကြည့်သည်။ ဟံသာ့ကို တွေ့သွားသည်။ ကားထဲကို တစ်စုံတစ်ခု ပြန်ငုံ့ပြော၊ ထိုကားထဲမှ လူကပါ၊ ဆင်းလာ၊ မော့ကြည့်။ ဟံသာသည် ခန့်မောင်မောင်ကို တွေ့လိုက်ရသောအခါ ရင်ထဲမှာဟာပြီး နာကျင်ကြေကွဲသွားခဲ့ပါသည်။

ရည်ညွှန်း ဒီကောင့်ကားနဲ့ ပြန်လာတယ်။ ဟံသာသည် ခြေကုန်လက်ပန်း ကျသလိုပဲဖြစ်လျက် ဧည့်ခန်းထဲ ပြန်ဝင်လာပြီး ထိုင်လိုက်သည်။

လှေကားမှ တက်လာသော အသံ၊ စကားပြောသံသဲ့သဲ့၊ ရယ်သံသဲ့သဲ့ကို ကြားရပါသည်။ ဟံသာသည် မြင်ရက်သားနဲ့ တံခါးသွားမဖွင့်ပေးလျှင် ခန့်မောင်မောင် ပိုပြီးအထင်လွဲစရာ ဖြစ်မည်ဟု တွေးမိပြီး တံခါးကိုကြို၍ သွားဖွင့်ပေးလိုက်ပါသည်။

တံခါးဖွင့်ပြီးပြီးချင်း တံခါးဝ ရောက်လာသူမှာ ခန့်မောင်မောင် ဖြစ်သည်။

"ဟေး ... ဟံသာကြီး၊ စောစောစီးစီး ပြန်ရောက်နေပါလား ကွ"

"ငါ့အလုပ်က ငါးနာရီခွဲဆို အိမ်ပြန်ရင် ရပါပြီ၊ အဖေက အလုပ်ချိန်အတိုင်းပဲ ပေးလုပ်တယ်လေ၊ အိမ်ပြန်ရောက်တာ မစောပါဘူး၊ ပုံမှန်ပါပဲ"





"ရည်ညွှန်း ပြောလို့ပါ၊ မင်းက ခုတလော အိမ်ပြန်နောက်ကျနေတတ်တယ် ဆိုလို့"

ဟုတ်တယ်။ ခုတလောတော့ အလုပ်က အပြန်မှာ တစ်ခုခု ဝင်ဝင်စားနေရတာနဲ့ နည်းနည်းနောက်ကျတယ်လေ။ စောစော ပြန်ရောက်လည်း အိမ်မှာ ဘာမှပျော်စရာ စိတ်ချမ်းသာစရာမှ မရှိတာ။ တစ်ယောက်နဲ့ တစ်ယောက် စိတ်ကောက်ရန်ဖြစ်၊ စကားမပြောတဲ့ အိမ်ကြီးလေ။ အိမ်ကြီးလို့ ပြောရင် သိပ်တော့ မပီပြင်ဘူးပေါ့။ ဒီအိမ်က အိမ်ခန်းလေးတစ်ခုပါပဲ။ ဒါပေမဲ့ လူတွေနေတဲ့ အိမ်အဖြစ် သတ်မှတ်ထားတော့ အိမ်ပဲပေါ့။

"ဝင်ထိုင်ဦးလေ၊ လာ ... ဘီယာဖြစ်ဖြစ် သောက်သွားဦး"

"ခဏပဲ ထိုင်မယ်ကွာ၊ ဘီယာတော့ မသောက်တော့ပါဘူး"

ရည်ညွှန်းနဲ့ ဘယ်မှာ တွေ့ကြတာလဲလို့ မေးချင်ပေမဲ့ တိုက်ရိုက်မေးရမှာကျ အားနာနေပြန်သည်။ ဟံသာက စိတ်ထဲမှာသာ မကြည်ပေမဲ့ အပြင်ပန်းကျတော့ သူများကို အလွန်အမင်း အားနာတတ်သော အကျင့်အတိုင်း အားနာပြီး မေးရမှာပင် နှုတ်ကမရဲဘဲ ဖြစ်နေသည်။

ရည်ညွှန်းကလည်း သူနဲ့ စကားသိပ်မပြောတော့ဘဲ နောက်ပိုင်းမှာ မေးထူးခေါ်ပြော အဆင့်ထက် မပိုလေရာ ခန့်မောင်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်နဲ့ ဘယ်လိုတွေ့လာကြတယ်၊ ကားကြုံစီးလာကြတယ်လို့ ထုတ်မပြောပါ။ နောက်ဖေးဝင်သွားပြီး ဖျော်ရည်တစ်ခွက် သွားလုပ်နေသည်။

"စင်ကာပူ ပြန်ခါနီးမှာကွာ၊ အဖေက သူ့ကား အင်ဂျင်ဘာဖြစ်တယ် ညာဖြစ်တယ် ဂဏ်ဂျော်ချောင် ကျတယ်၊ ကားလဲပေးသွားပါ ပူဆာတယ်ကွာ၊ အဲဒါနဲ့ ကားလိုက်ရှာပေးနေရတယ်၊ သူ့ဘာသာကျ အဘိုးကြီးဆိုတော့ အပင်ပန်းခံပြီး ကားဝိုင်းထဲ သွားမထိုင်နိုင်ဘူးလေ"

"ဪ ... ဒီကားက လဲလိုက်တဲ့ ကားလား"

"မဟုတ်ဘူး၊ ဒီကားကိုမှ ပြန်လဲမှာ၊ ငါ အခုမောင်းလာတာ အဖေ့ကားပဲ၊ မင်း မတွေ့ဖူးဘူး ထင်တယ်"

"အေး ... မင်း အရင်တစ်ခါ ယူလာလား၊ မယူလာလား ငါ သတိမထားမိလိုက်ဘူး"

"အရင်တစ်ခါကလည်း ဒီကားပဲ ယူလာတာပါ။ ရည်ညွှန်းကတော့ မှတ်မိတယ်၊ ငါ, သူ့နားရပ်လိုက်တာနဲ့ ငါ့ကားမှန်း သိတယ်တဲ့။ ရည်ညွှန်း ထီးတစ်ချောင်းနဲ့ တက္ကစီငှားနေတာ ငါ ကားဖြတ်မောင်းသွားရင်း တွေ့လိုက်လို့ ကားကြုံခေါ်လာခဲ့တာလေ၊ လမ်းတွေလည်း ရေလျှံနေတော့ ကားအသွားအလာတွေ ကျပ်တဲ့နေရာကျပ်။ ပြတ်တဲ့နေရာ ပြတ်နေတယ်"





ရည်ညွှန်းသည် လိမ္မော်ရည်တစ်ဖန်ခွက်ကို ဗန်းကလေးဖြင့် သယ်လာပြီး လာချသည်။ ခွက်ကိုယူပြီး ခန့်မောင်မောင်ကို ကမ်းပေးရင်း ...

"fruit juice အစစ်လေ၊ သောက်လိုက်ပါဦး၊ ရည်ညွှန်းက အချိုရည်တွေ မသောက်ချင်ဘူး ဆိုတော့ fruit juice ကိုလည်း fresh ဖြစ်မှသောက်ချင်ပြန်တော့ အိမ်မှာ Blender ဝယ်ထားလိုက်တယ်။ ရောက်ချိုသီး၊ လိမ္မော်သီး၊ စတော်ဗယ်ရီ၊ ထောပတ်သီး၊ ကျွဲကောသီး၊ ပန်းသီး၊ စပျစ်သီး၊ အင်း ... ပြောပြနေတာနဲ့ အသီးနာမည်တွေ အများကြီး လျှောက်ရွတ်ပြသလို ဖြစ်နေပြီနော်၊ ထားပါတော့ အရည်ဖျော်သောက်လို့ရတဲ့ အသီးမှန်သမျှ တစ်မျိုးပြီးတစ်မျိုး ဖျော်သောက်တော့တာပဲ၊ လူလည်း ကျန်းမာရေးနဲ့ ညီညွတ်တယ်လေ။ ပြီးတော့ အချိုရည်တွေက sugar များတော့ ရှောင်ရတယ်၊ အသက်သုံးဆယ်နား နီးလာရင် လူကဘာမှသိပ်မစားဘဲနဲ့တောင် အလိုလို ဝ,ချင်နေတော့ သတိထားနေရတယ်"

ခန့်မောင်မောင်က ဖျော်ရည်ကို တစ်ငုံသောက်ရင်းပြုံးနေလျက် ...

"ရည်ညွှန်းက မဝ,ပါဘူး၊ အရင်အတိုင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ထုတ်ဖော်ချီးကျူးလိုက်သဖြင့် ဟံ့သာမှာ အူနုကျွဲခတ်သလို ခံစားနေရပြန်သည်။

"အစားတော့ ရှောင်ရတာပေါ့၊ အဆီအဆိမ့် အချိုတွေ ရှောင်ရတယ်၊ တစ်ခါတလေမှ စားတယ်လေ၊ ပြီးတော့ အစာကိုလည်း အချိန်မှန်လေး စားလိုက်တယ်။ သိပ်ဆာမှ မစားဘူး။ အဆာခံပြီးမှ စားရင် ပိုစားဝင်တယ်လေ။ ဒီတော့ အဆာမခံတော့ဘူး။ စားနေကျ အချိန်အတိုင်းပဲ စားသွားလိုက်တယ်၊ အဲဒါ ရည်ညွှန်းရဲ့ Boss ဖြစ်တဲ့ မစ္စလျှူး ပေးတဲ့ နည်းလေ။ သူကလည်း သူ့ကိုယ်အလေးချိန်သူ အရမ်းထိန်းတာ။ သူ့ဝန်ထမ်းတွေလည်း မဝစေနဲ့တဲ့။ ဝ,လာရင် မကြိုက်ဘူးတဲ့။ တော်ရုံသင့်ရုံလေး ဝရင်ရတယ်၊ ပုံပျက်ကြီးဖြစ်ရင် မကြိုက်ဘူးတဲ့လေ၊ သူ လုပ်နေတာ အလှကုန်ပစ္စည်း ကုမ္ပဏီဆိုတော့ သူ့ဝန်ထမ်းတွေအကုန်လုံးဟာ အလှအပလည်း ပြင်ဆင်တတ်ရမယ်။ ကိုယ်အလေးချိန်လည်း ထိန်းရမယ်တဲ့"

"ဟုတ်တယ်၊ ဟုတ်တယ်၊ နိုင်ငံခြားမှာဆို အဲဒီလိုပဲ ကိုယ်လုပ်တဲ့ အလုပ်ပေါ် မူတည်ပြီး ဝန်ထမ်းတွေက ဝတ်စားနေထိုင်ရတယ်။ ကိုယ်လုပ်တဲ့ ကုမ္ပဏီက အလှကုန်တို့၊ အဝတ်အထည်တို့၊ ဖက်ရှင်ကုမ္ပဏီတို့ဆို လူတွေအားလုံးကလည်း ကြော့မော့လှပပြီး ဖက်ရှင်ကျကျ ဝတ်





စားကြရတဲ့ သူချည်းပဲ။ ရာထူးကြီးကြီးလူကအစ အရောင်းစာရေးထိပေါ့။ သူတို့က လှလှပပ ဝတ်စားဆင်ယင်တတ်မှုကိုလည်း ကြည့်သေးတယ်"

ညော့ခန်းမှာ လူသုံးယောက် ထိုင်နေလေရာ ဟံ့သာတစ်ယောက်သာ ငူငူကြီးဖြစ်လျက် ဘာဝင်ပြောရမှန်းမသိ ဖြစ်နေသည်။

ရည်ညွှန်း အသံကလည်း စာစာ စာစာနှင့် စကားတွေ ဖောင်ဖွဲ့လွန်းသည်ဟု အပြစ်မြင်ပြန်သည်။ ခန့်မောင်မောင်လည်း ရည်ညွှန်း စကားအတိုင်း နင်းပြီးပြောစရာ အကြောင်းအရာ ရှာတတ်သည်ဟု မြင်လျက် ထပြီးထိုးပစ်ချင်လောက်အောင် အမြင်ကတ်မိပြန်သည်။

"ကဲ ... ရည်ညွှန်း ကိုယ်တိုင် ဖျော်တိုက်တဲ့ juice ကလည်း သောက်လို့ ကောင်းတဲ့အတွက် ကျေးဇူးပါပဲ။ ပြန်လိုက်ဦးမယ်။ အဖေတော့ မျှော်နေလောက်ပြီ။ သူက သူ့ကားကို မမြင်ချင်တော့ဘူးဆို မမြင်ချင်တော့ဘူးပဲ။ ငါ ထွက်သွားတာနဲ့ သူ့မှာ အပြန်ကျ ကားနောက်တစ်စီးနဲ့ ပြန်လာမယ်ပဲ ထင်နေတာ၊ လူကြီးတွေက မလွယ်ဘူး။ ခုဆို ခုပဲ ဟား ဟား"

"နေကောင်းကြတယ် မဟုတ်လား"

"ကောင်းပါတယ်၊ ခေါင်ခေါင်မြည်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အဲဒီလို ကြားရတာ ဝမ်းသာပါတယ်ဟယ်၊ ဒီ အသက်အရွယ်ထိ မိဘတွေ ကျန်းကျန်းမာမာ တွေ့ရတာမဲ စိတ်ချမ်းသာတယ်"

"ဟံသာ့ မိဘတွေရော"

"ငါ့အဖေလည်း ခုထိ ကုမ္ပဏီကို သူ ဦးစီးတုန်းလေ။ ခုထိ လေသံမာတုန်း။ သူ့နေရာကိုယူမဲ့ အစ်ကိုကြီးတောင် လေးဆယ်ရှိပြီ၊ အဲဒါ ခုထိ သူ့စိတ်ထဲမှာ ကလေးလိုထင်ပြီး သင်ပေးလို့ ကောင်းတုန်းပဲ"

"ငါ ဟိုပြန်ရောက်ရင် မင်းဆီ e-mail ပို့လိုက်ဦးမယ်"

ခန့်မောင်မောင် နှုတ်ဆက်ပြီး ပြန်သွားသောအခါ ဟံသာသည် ရည်ညွန်းကို ဘာကြောင့်မှန်းမသိ စကားပြောချင်စိတ်၊ ချော့ချင်စိတ် မရှိတော့သလို ဖြစ်သွားသည်။ ရည်ညွန်းကလည်း ရေချိုးခန်းထဲ တန်းဝင်သွားသဖြင့် သူ တစ်ယောက်တည်း အိမ်ရှေ့မှာ တိတ်တိတ်ဆိတ်ဆိတ် ကျန်ခဲ့ရပြန်သည်။

ခုနက တစ်နေကုန် အိမ်ရှင်းရင်း၊ ချက်ပြုတ်ထားရသဖြင့် ပင်ပန်းပြီး ဗိုက်ဆာနေတာတွေပင် ဘယ်ရောက်သွားမှန်းမသိသလို ဖြစ်နေသည်။

မတော်တဆ လမ်းမှာဆုံလို့ ကားကြုံတင်ခေါ်လာရပါတယ် ဆိုတာဟာ ရည်ညွန်းကို စိတ်ဆိုးစရာ မရှိပေမဲ့ ဟံသာ့စိတ်ထဲမှာ စိတ်တော့မဆိုးပေမဲ့ တစ်မျိုးကြီး ဖြစ်နေသည်။ ဘယ်လိုတစ်မျိုးကြီးမှန်းမသိ ဖြစ်နေသည်။





သူက ဒီနေ့လေးကို တကယ့်အေးအေးချမ်းချမ်းနဲ့ Romantic Dinner လေး လုပ်ပြီး စိတ်ကောက်နေတဲ့ ချစ်သူဇနီးမယားကိုချော့ဖို့ စိတ်ကူးယဉ် စောင့်မျှော်နေခဲ့မိသည်။

သို့သော် မထင်မှတ်ပါဘဲ စိတ်အနှောင့်အယှက်ဝင်သလိုကြီး ဖြစ်သွားရသဖြင့် ဟံသာသည် PS2 စက်ကိုသာ ဖွင့်ပြီး ခလုတ်တွေ လျှောက်နှိပ်ကာ စိတ်မပါစွာ ကစားနေမိလေသည်။

✽✤✽



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

"ကိုဟံသာ"

"အင် ... ဘာလဲ"

ဟံသာသည် PS2 ကစားနေရင်း သူ့စိတ်သူ ပြန်အနည်ထိုင်ဖို့ ကြိုးစားနေစဉ် မလှမ်းမကမ်းမှာ ရည်ညွှန်း လာရပ်ပြီး ခေါ်လိုက်သံသဲ့သဲ့ကြောင့် လှည့်၍ထူးလိုက်သည်။ ရုတ်တရက်ကြီး မထင်မှတ်ဘဲ ရည်ညွှန်း စခေါ်သဖြင့် ပြန်ထူး၊ ပြန်မေးလိုက်သံပင် မသဲမကွဲ မပီမပြင်။

"ရည်ညွှန်း အသိပေးစရာ ရှိလို့"

"ဩော် ... ဘာလဲ"

"နောက်အပတ်ထဲမှာ ရည်ညွှန်း မစ္စလျူးနဲ့ အလုပ်ကိစ္စကြောင့် ဂျပန်ကို တစ်ပတ်လိုက်သွားရမယ်"

"ဘာရယ်"





"တိုကျိုကို သွားရမှာ၊ အလုပ်ကိစ္စနဲ့၊ မစ္စလျူးက လူရွေးတဲ့အထဲမှာ သူက ရည်ညွှန်းကိုပဲ သဘောကျလို့ ခေါ်သွားတာ"

"မြန်လှချည်လား"

"ဘာမြန်တယ် ပြောတာလဲ"

"ခုပဲ ချက်ချင်းသိ ခုပဲထွက်လို့ရအောင် မင်းမှာ ပတ်(စ)ပို့၊ ဗီဇာတွေ အသင့်ရှိနေလို့လား"

"ရှိနေပြီ၊ သူပြောတာတော့ကြာပြီ။ ရည်ညွှန်းကို အလုပ်ကိစ္စနဲ့ ပတ်(စ)ပို့ တင်ထားဖို့ သူပဲ စီစဉ်ပေးထားတာ၊ ဗီဇာကလည်း သွားမယ်သေချာတာနဲ့ ချက်ချင်းရတယ်။ ကုမ္ပဏီကိစ္စဆိုတော့ မြန်တာပေါ့"

ဟံသာသည် ရည်ညွှန်း ဒီလို နိုင်ငံခြားထွက်ခွင့်ရခြင်းအတွက် စိတ်ထဲမှာ ဝမ်းသာချီးကျူးမိပေမဲ့ သူ့စိတ်ထဲမှာ ရုတ်တရက် သတိရသွားတာ တစ်ခုကြောင့် ပါးစပ်က ထုတ်မေးလိုက်မိသည်မှာ ...

"ဒါနဲ့ ခန့်မောင်မောင်ကရော စင်ကာပူ ဘယ်တော့ ပြန်မှာလဲ"

"နောက်အပတ် ထင်တယ်၊ ရှင် ဘာလုပ်မလို့လဲ"

"သူကလည်း စင်ကာပူကို နောက်အပတ် ပြန်မယ်၊ မင်းကလည်း ဂျပန်ကို နောက်အပတ် သွားရမယ်ဆိုတော့ အင်း ... တော်တော်တိုက်ဆိုင်တာပဲလို့ တွေးလိုက်မိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာပြောတယ်၊ ရှင် အဲဒါ ဘာသဘောနဲ့ပြောတာလဲ"

ရည်ညွန့်းသည် ရုတ်ခြည်း ဒေါသဖြစ်လျက် တုန်ယင်ချောက်ချားစွာ အော်ပစ်လိုက်မိပါသည်။

ရည်ညွန့်းမှာတော့ အိမ်ပြန်ရောက်လျှင်ရောက်ခြင်း ထူးထူးခြားခြား အိမ်ဟာ သန့်ရှင်းသပ်ရပ်ပြောင်လက်နေတာတွေ။ ထမင်းစားပွဲမှာ ဖယောင်းတိုင်ရှည်ကြီးတွေစိုက်လျက် ပန်းကန်လွတ်တွေ ဇွန်းခက်ရင်းတွေ အသင့်ချထားတာတွေရော။ မီးဖိုပေါ်မှ ပွက်ပွက်လေး ဆူနေတဲ့ ရည်ညွန့်း အကြိုက် ချဉ်ငန်စပ်တွန်ယန်းဟင်းချိုရယ်၊ ကန်စွန်းပလိန်းရယ် အသေအချာ ချက်ပြုတ်ပေးထားတာတွေရော။ ဘုရားပန်းတွေ လတ်လတ်ဆတ်ဆတ်လဲလှယ်တင်ထားတာတွေရော၊ ရေချိုးခန်းထဲဝင်တော့ မွှေးကြိုင်ပြောင်လက်နေတဲ့ ကြွေပြားတွေကို တွေ့ရတာတွေရောကြောင့် ဟံသာ လက်နက်ချ အရှုံးပေးပြီး ချော့တော့မယ် ဆိုတာသိပြီး ကျိတ်ဝမ်းသာကြည်နူးနေလိုက်ရတာလေ။

ဘယ်မိန်းမ,မဆို ရန်ဘယ်လောက် ဖြစ်ထားထား၊ စိတ်ဘယ်လောက် ဆိုးထားထား၊ အချိန်တန်လို့ ကိုယ့်ယောကျ်ားက ချော့လာမှာကိုတော့ မျှော်လင့်စောင့်စားနေတဲ့သူချည်းပါပဲ။

သူ ငါ့ကိုဘယ်တော့ချော့လာမလဲ၊ ဘယ်လိုများချော့လာမလဲနဲ့ တစ်မနေ့ တစ်နေ့ အိမ်အပြန်ကို စိတ်ကူးယဉ်ပြီးရှူးလိုက်ရတာ။





ဒီနေ့တော့ အိမ်ထဲဝင်ဝင်ချင်း ဒီလို ဒီလိုလေးတွေ တွေ့လိုက်ရတာနဲ့ မောင်တော့ ငါ့ကိုချော့တော့မှာပါလားဆိုပြီး ကြည်နူးရင်ခုန်နေခဲ့ရတာ။ ရန်ဖြစ်ပြီး စကားမပြောဘဲ နေကြတုန်းက မပြောသမျှတွေ အခုမှ အတိုးချပြီး စကားပြောမယ်။ ဒီတနင်္ဂနွေအလုပ်ပိတ်ရက်ကျ ဂျပန်ခရီးသွားဖို့ လိုအပ်မဲ့ luggage တို့ ဘာတို့ အတူတူ ဈေးသွားဝယ်မယ်ပေါ့ စိတ်ကူးတွေ ယဉ်လိုက်ရတာ၊ ယဉ်ထားရတာ အများကြီးပါ။

အခုကျတော့ သူက ချော့မော့ဖို့စကားတော့ ထွက်မလာဘဲ ရည်ညွန့်းကို ထိခိုက်စော်ကားသော စကားမျိုး အရိပ်အယောင် ပြောသောအခါ ရည်ညွန့်းသည် နှလုံးသားထဲမှာ နာကျင်ကြေကွဲစိတ်ဖြင့် ဟံသာ့ကို စိမ်းစိမ်းကြီးကြည့်ကာ အော်ပစ်မိလေသည်။ မောင် သိပ်ရက်စက်တာပဲ။ သိပ်,စကားပြောမညာမတာ နိုင်တာပဲ။ ရည်ညွန့်းရဲ့ ကိုယ်ကျင့်တရားကို သိပ်စော်ကားတာပဲ။

"ကိုဟံသာ ... ရှင် ဘာလို့ ရည်ညွန့်းကို အမြဲမသင်္ကာဖြစ်နေတာလဲ။ ဘာကြောင့် အဲဒီလူတစ်ယောက်နဲ့ ရိုးရိုးသားသားတောင် စကားမပြောရဲ မခေါ်ရဲအောင် ရှင်ဘာကြောင့် သံသယရှိနေလဲ"

"သံသယရှိတယ် ပြောလို့လား၊ ငါက တိုက်ဆိုင်မှုတွေကို အံ့ဩလို့ ပြောတာလေ၊ ဒါ နာစရာလား၊ မဟုတ်ရင် မနာနဲ့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အော် ... ရည်ညွှန်းကပဲ ဟုတ်နေလို့ နာနေတယ်ပေါ့။ ရှင် စကားပြောတာ အနှောင့်အသွားကို မလွတ်ဘူး"

"မင်းလည်း ဘာထူးလဲ၊ တစ်ခုခုလေး ပြောလိုက်တာနဲ့ ထစ်ခနဲရှိ ဒေါသအရင်ဖြစ်ပြီ။ သွေးပူလွယ်ပြီ၊ စိတ်က ကောက်လို့မဆုံး ကောက်ပြီ၊ အဲဒါရော အခိပ္ပာယ်ရှိတယ် ထင်နေသလား။ လူတစ်ဖက်သားမှာ နေ့တိုင်း အိမ်ပြန်လာတိုင်း အသံတိတ်၊ မျက်နှာပုပ်ကြီးနဲ့ စောင့်နေမဲ့ မိန်းမကို ရင်ဆိုင်ဖို့ ဘယ်လောက် စိတ်အားတင်းရတယ် ထင်လဲ"

"အို ... ရှင့်ကို ဘယ်သူက မျက်နှာချင်းဆိုင်ခိုင်းလို့လဲ၊ ရှင့်ဘာသာ အိမ်ရှေ့နေ၊ ရည်ညွှန်း ဘာသာ နောက်ဖေးနေရတာပဲ။ မျက်နှာပုပ်ကြီးကို မကြည့်ချင် မမြင်ချင်ရင် ရှောင်နေလို့ရတယ်"

ဟံသာသည် တစ်နေကုန် တိုက်ချွတ်ဆေးကြော ရှင်းလင်းထားရသည်များကိုတော့ တစ်စက်မှ စကားထဲ ထည့်မပြောသော ရည်ညွှန်းကို အတော်လည်း အံ့သြနေသည်။ ငါလုပ်ပေးထားတာပဲ၊ သူလည်းမြင်တာပဲ၊ အဲဒါကို ဘာကြောင့် ပါးစပ်က ထုတ်ဖော်ချီးကျူးပြီး ဝမ်းသာကြောင်း တစ်စက်မှ မပြောချင်ရလဲ။

ဒီလောက် လုပ်ပြထားရင် သူ သဘောပေါက်လောက်ပြီပေါ့။ ငါ သူ့ကို ချော့မော့ချင်လို့ အိမ်ရှင်းလင်းပြထားတယ်





ဆိုတာ သိလောက်ရောပေါ့။ ဘာကြောင့် မသိချင်ယောင်ဆောင်ရသလဲ။ စကားကို ပြေပြေပြစ်ပြစ် မပြောဘဲ ရန်စွယ်ငေါငေါနဲ့ ဆတ်ဆတ်ထိမခံ ဖြစ်နေရသလဲ။

ဘာကြောင့်လဲ ... အဲဒါ ဘာကြောင့်လဲ။

ဒီယောကျ်ား တစ်ယောက်ကို ယှဉ်ကြည့်စရာ ယောကျ်ားတစ်ယောက် ပေါ်လာလို့လား။ အချိုတွေ သကာတွေ လောင်းထားတဲ့ ချီးကျူးစကားကိုပဲ ပြောတဲ့ ယောကျ်ားတစ်ယောက်ရဲ့ မြှောက်ပင့်စကားတွေထဲမှာ သာယာနေပြီလား။

မတွေးချင်ပါဘဲ သူ့စိတ်ထဲ အလိုလို နေရာဝင်ယူလာခဲ့သော သံသယစိတ်တို့ကို ကြိုးစားဖျောက်ဖျက်ရင်း ဟံသာသည် သက်ပြင်းကို ရှူရှိုက်လိုက်ပါသည်။ စိတ်ထဲမှာ ဒေါသဖြစ်လာရင် အသက်ကိုမှန်မှန်ရှူ။ အသက်ပြင်းပြင်းတစ်ချက် ရှူလိုက်၊ တစ်ကနေ ငါးဆယ်လောက်ထိ စိတ်ထဲမှာရေရင်ရေ၊ မရေချင်ရင် နံရံကပ်နာရီမှာ ပြနေတဲ့ စက္ကန့်တံကို တစ်ပတ်ပြည့်တဲ့အထိ ကြည့်လိုက် ဟူသော anger management ဟုခေါ်သည့် ဒေါသစိတ်ကို ပြေပျောက်စေရန် ဖြေရှင်းနည်းကို တွေးနေလိုက်ပါသည်။

"ရှင် ရည်ညွှန်းကို တကယ်ပဲ သံသယ ဖြစ်နေပြီလား၊ ဒါမှမဟုတ် ရည်ညွှန်းထက် သာတာတွေ့လို့ စိတ်ကုန်နေပြီလား"

"ဘာပြောပြန်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ဟာ လွန်ခဲ့တဲ့ လေး,ငါးလလောက်ကစပြီး အဲဒီလို ဖြစ်လာတယ်လို့ ထင်တယ်၊ ရည်ညွှန်းကို သိပ်ဂရုမစိုက်တော့ဘူး။ ရှင်လုပ်ချင်ရာလုပ်တယ်။ စိတ်ကောက်ရင်လည်း ကောက်ပစေ ဆိုပြီး ပစ်ထားတတ်လာတယ်။ ရည်ညွှန်းကို ဆို အမြဲ အပြစ်မြင်တယ်၊ လုပ်တာကိုင်တာ ပြောတာဆိုတာကအစ အမှားပါမှာကိုပဲ စောင့်ကြည့်ပြီး အပြစ်တင်နေတယ်လေ။ အဲဒီအချက်တွေကို ကြည့်ခြင်းအားဖြင့် ရှင် ဒီမိန်းမကို စိတ်ကုန်လာတယ် ဆိုတာ သိလာပါတယ်"

"မင်းစိတ်ထဲမှာ ဖြစ်နေတာ ငါ့ကို လွှဲမချနဲ့လေ"

"ဘာမှ လွှဲမချဘူး။ ရှင် ဖြစ်နေတာကို ပြောတာ"

"မင်း စိတ်ထဲမှာလည်း ငါ့ကို စိတ်ကုန်နေလို့ ငါ့ထက် ကောင်းမယ်ထင်တဲ့ အသစ်တစ်ယောက်ကို တွေ့လို့ ငါ့ကို အမြဲအပြစ်မြင်နေတာလေ။ ငါ PS2 ကစားရင် ကစားပြန်ပြီ။ အကျီတွေ ဟိုတင် ဒီတင် လုပ်ပြန်ရင် လုပ်ပြန်ပြီ။ ပန်းကန်လေး ဘာလေး မဆေးပေးမိရင်ဘဲ အပြစ်ကကြီးပြန်ပြီ။ ဘယ့်နှယ် အသေးအဖွဲကအစ လိုက်အပြစ်ပြောနေတာ"

"ဘယ်မှာ ပြောလို့လဲ၊ ရှင် စည်းမရှိ ကမ်းမရှိ လုပ်နေလို့ ပြောတာ၊ ဘာအပြစ်ပြောလဲ"





ဟံသာ စိတ်ရှုပ်ရှုပ်ဖြင့် PS2 ကစားရသော ရီမုဒ်ကို ပိတ်ပစ်လိုက်တော့သည်။ ပြီးတော့ ရည်ညွှန်းကို တည့်တည့်စိုက်ကြည့်ရင်း ...

"အိမ်ထောင်ရှင် မိန်းမဆိုတာ ကိုယ့်ယောကျ်ားကို လုပ်ပေးသင့်ရင် လုပ်ပေးရမှာပေါ့။ ရေခဲသေတ္တာထဲမှာ ဖျော်ရည်ဘူး ယူထည့်သောက်တုန်း ငါ့အလှည့်ကျမှ ကုန်သွားတယ်၊ ငါကလည်း ဘူးအလွတ်ကြီးကိုပဲ ရေခဲသေတ္တာထဲ ပြန်ထည့်ခဲ့တယ်။ အဲဒါလေးတော့ ဘာဖြစ်လဲ၊ မင်းယူပစ်လိုက်ရင် ရတာပဲ။ အဲဒါကို အပြစ်ရှာတယ်၊ အပြစ်ပြောတယ်၊ ပန်းသီးထည့်ထားတာကို တစ်ကိုက်ယူကိုက်ပြီး ရေခဲသေတ္တာထဲ ပြန်ထည့်ထားလည်း ပြောတယ်၊ အိုက်(စ)ကရင်(မ)ပုံးထဲကနေ သီးသန့်ဇွန်းနဲ့ ကိုယ့်ပန်းကန်ထဲ ကိုယ်ယူထည့်မစားမိဘဲ ဒီတိုင်း သုံး,လေးဇွန်း ခပ်စားပြီး freezer ထဲ ပြန်ထည့်ထားမိတာကိုလည်း ပြောတယ်၊ ဒါတွေက အသေးအဖွဲလေးတွေပါ။ မင်းကျမှ ဘာလို့ ငါ့ကို ကြည့်မရ ဖြစ်နေလဲ၊ အပြစ်မြင်နေလဲ မသိဘူးလို့ ငါ တစ်ခါတလေ တွေးမိတယ်၊ တခြားဟာတွေကွာ ထားပါတော့၊ ပန်းကန်ကူမဆေးပေးလို့၊ အိမ်မသန့်ရှင်းပေးလို့ ဆူတယ်ပူတယ်ဆိုရင် ငါ နားလည်လက်ခံပါတယ်၊ မင်းလည်း အလုပ်သွားပြီး ပြန်လာရတာ အိမ်ရှေ့တော့



www.burmeseclassic.com

www.burmeseclassic.com



လည်း လုပ်စရာတွေ ပုံနေရင် စိတ်ဆိုးမှာပဲ။ ဒါပေမဲ့ အသေးအဖွဲတွေကျ ငါ့ကို အပြစ်မပြောနဲ့ပေါ့၊ ယောကျ်ား တွေဆိုတာ ဒီလိုပဲ စည်းမရှိ ကမ်းမရှိတွေဆိုပြီး မင်း ခွင့် လွှတ်သင့်ရင် ခွင့်လွှတ်ရမှာပေါ့"

ဟူ၍ အနှစ်နှစ် အလလက သိမ်းဆည်းထားသော မကျေနပ်ချက်တွေကို အခုမှ တသီကြီး ပြောချလိုက်တော့သည်။

ရည်ညွန်းသည် ဟံသာ့ကို ကြောင်ပြီး ငေးစိုက် ကြည့်နေမိခဲ့တော့သည်။ ကြည့်စမ်း ... သူက ဒါလေးတွေကအစ လိုက်မှတ်ထားတာကိုး။ သူ့စိတ်ထဲမှာ စုပုံနေတဲ့ မကျေနပ်ချက် တွေဟာ အချိန်ကြာလာတာနဲ့အမျှ အစိုင်အခဲ ဖြစ်လာခဲ့ပြီကိုး။

"အခုလည်း မင်း သွားစရာရှိတာ သွားသာ သွားပါ။ ငါ့ ကို ဘာမှ လာအသိမပေးပါနဲ့။ မင်းလုပ်ချင်တာ လုပ်ပါ။ သွားဖို့ တစ်ပတ်အလိုကျမှ မဖြစ်မနေ ငါ့ကိုလာပြောတယ် ဆိုတာဟာ မပြောမဖြစ်လို့ ပြောလိုက်ရတယ်လို့ပဲ ငါနား လည်ပါတယ်။ မင်း ငါ့ကို နေရာမပေးချင်ဘူး၊ ယောကျ်ား အဖြစ် အသိအမှတ် မပြုချင်တော့ဘူး မဟုတ်လား"

"ရှင် စွပ်စွဲသလို တစ်စက်မှ မဟုတ်ဘူး"

"ဒါဖြင့် ဒီအိမ်ထောင်ရေးဟာ ဘာသဘောလဲ။ ဘာသဘော နဲ့ ယောကျ်ားနဲ့ မိန်းမနှစ်ယောက်ဟာ တစ်အိမ်တည်းမှာ အတူတူနေနေကြသလဲ၊ အဓိပ္ပာယ်မရှိဘူး။ စကားလည်း





မပြောကြ၊ တစ်ယောက်ကိစ္စလည်း တစ်ယောက် ဝင်မပါ ကြဘဲ နေနေတာ လုံးဝအဓိပ္ပာယ်မရှိဘူး။ အတူတူ တစ် အိမ်တည်းနေပြီး ကွဲနေကြတာနဲ့ အတူတူပဲ၊ ဒီတော့ ဘာ ကြောင့် တကွဲစီ မနေတော့စရာ ရှိလဲ"

"ဘာလဲ ကိုဟံသာ၊ ရှင်က ကွာရှင်းချင်တဲ့ စကား စ,ပြောလာတာလား၊ ဟုတ်လား"

"စပြောတာ မဟုတ်ဘူး။ တစ်နေ့ကျရင် ကွာရှင်းကြဖို့ အစီအစဉ်ရှိလို့ကို မင်းက အခုတည်းက တစ်ယောက်နဲ့ တစ်ယောက် သံယောဇဉ်ကင်းကင်း နေကြဖို့ ပြင်ဆင်နေ တာလေ။ ဒီတော့ မင်းစ,မပြောလာခင် ငါက မင်းဖြစ်ချင် တာကို ပြောတဲ့သဘောပဲ"

ရည်ညွန်းသည် မထင်မှတ်ထားတာတွေ ကြားလိုက် ၍ ရင်ထဲမှာ ထိခိုက်နာကျင် ဆို့နင့်လာသည်။ ဘာမှတောင် ပြောရသေးဘူး။ သူကအရင် ကွာရှင်းမယ်၊ ခွဲနေကြတော့မယ် တွေ ပြောလာခဲ့ပြီ။ ဘယ်လိုဖြစ်ပြီး ဒီလောက်ထိ ဆုံးဖြတ်ရဲသွား ခဲ့တာလဲ။

"ရှင် ဒီလိုပြောလာတာဟာ ရည်ညွန်းကို ခန့်မောင်မောင် နဲ့ အထင်လွဲလို့ ပြောလာတာလား"

"ခန့်မောင်မောင့်ကြောင့် မဟုတ်ဘူး။ ငါ သေသေချာချာ ရှင်းစားပြီး ပြောလိုက်တာ၊ မင်းဟာ ငါ့ကို အမြဲတမ်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုင်းမကျ ဖြစ်နေတယ်၊ ငါ့ကို အပြစ်မြင်နေတယ်။ ငါ့အလုပ်တွေ လုပ်ပေးရတာကို ညည်းညူ လာတယ်။ ငါ အကောင်းလုပ်ပေးခဲ့တာတွေ ရှိပေမဲ့လည်း အဲဒါကို အကောင်းမမြင်ဘူး၊ ငါနဲ့လည်း ခွဲနေချင်လာတယ်။ ကဲ… ဒီတော့ ဘာကြောင့် ငါက ခခယယ တွက်ကပ်တောင်းပန်ပြီး ဒီအိမ်မှာ နေနေတော့မလဲ။ ကိုယ့်လမ်းကိုယ်လျှောက်ရုံပေါ့။ ငါ ဆိုတဲ့ ကောင်က ဘယ်တော့မှ သူများကို အောက်ကျနောက်ကျခံပြီး မတောင်းပန်တတ်ဘူး ဆိုတာ မင်း သိသားပဲ ရည်ညွှန်း"

"ဘယ်လို ဖြစ်တာလဲ၊ ရှင် ဘယ်လိုဖြစ်သွားတာလဲ"

"မင်းအတွက် အကောင်းဆုံးကို ဖြေရှင်းပေးလိုက်တာလေ"

ဟံသာသည် ဒီစကားတွေ ပြောနေရင်းမှ ငါတို့ ဘာတွေ ပြောနေမိကြတာလဲ။ ဘယ်လိုက ဘယ်လို ဒီလိုအခြေအနေထိရောက်အောင် ပြောမိကြတာလဲဟု ထိတ်လန့်စွာ ပြန်စဉ်းစားမိလာသည်။

အမှန်တော့ ဒီနေ့မှာ ငါပဲ ရည်ညွှန်းကို ချော့မယ်ဆိုပြီး စိတ်ဆုံးဖြတ် ပြင်ဆင်ခဲ့တာလေ။

နေ့ခင်းကတည်းက အိမ်ကို ရှင်းလင်းတိုက်ချွတ်ပေးထားပြီး ပြန်လည်သင့်မြတ်ခြင်း အထိမ်းအမှတ်နဲ့ Romantic





Dinner လေးတောင် လုပ်ပေးမလို့ ချက်ပြုတ်ထားခဲ့သေးတယ်လေ။ ဘယ်လို ဖြစ်သွားတာလဲ၊ ဘာတွေပြောမိသွားတာလဲ၊ ဘာတွေ စိတ်လိုက်မာန်ပါ ပြောမိလိုက်သလဲ။

ဟံသာသည် သူ့အားနည်းချက်လည်း သူသိပေမဲ့ ပြင်မရတဲ့အတိုင်း ဒီတစ်ခါလည်း ပြင်မရပြန်။ အပြောဆိုးပြီး စိတ်ထဲမှာ ဘာမှ နာကြည်းချက် မပါသော အကျင့်ရှိတဲ့အတိုင်း အခုလည်း ပြောမိပြောရာတွေ ပြောမိပြန်ပြီ။ အခိုက,ကတော့ ခန့်မောင်မောင်နဲ့ တွဲပြီးပြန်လာတာလည်း တွေ့လိုက်ခြင်း၊ ရည်ညွှန်းက သူ့ အိမ်ပြင်ဆင်ထားတာလေးတွေ၊ ချက်ပြုတ်ထားတာလေးတွေကို တစ်ချက်မှတောင် မေးဖော်မရခြင်းနဲ့ နောက်အပတ်ထဲမှာ သွားရမဲ့ ဂျပန်ကိစ္စကို အခုကျမှ ကပ်ပြောအသိပေးခြင်းသည်တို့ကြောင့် လူက နာကျင်စိတ်ဆိုးမိသွားကာ ပါးစပ်မှစကားလုံးလှလှတို့ ထွက်မလာတော့ဘဲ ပြောနေကျအတိုင်း ရန်လိုစကားကိုသာ ပြောမိသွားတာ ဖြစ်ပါသည်။

သို့သော် ဒီတစ်ခါတော့ ပြောလိုက်တာ တော်တော့်ကို လွန်သွားပြီတည်း။ ဟံသာ ဘာမှ မတားနိုင်ခင်မှာ ရည်ညွှန်းတာ …

"ဒါဆိုလည်း ရည်ညွှန်းလည်း ဒီနေ့ကစပြီး အဖေအမေ အိမ်မှာပဲ ပြန်နေတော့မယ်၊ ရှင် အဲဒါကိုပဲ လိုချင်တာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



လို့ သွေးပူစွာ ဆုံးဖြတ်တတ်သူရဲ့ အကျင့်အတိုင်း Luggage လေး သွားဆွဲကာ ပစ္စည်းတွေထိုးသိပ်ထည့်လေသည်။

"မင်း မသွားပါနဲ့၊ ငါသွားမှာပါ"

"အို … ဘာကြောင့် ရည်ညွန်းက ဒီအိမ်မှာ နေစရာရှိလဲ၊ ဒီအိမ်က နှစ်ယောက်ပိုင်ပဲ။ ဘာလို့ နေရမှာလဲ၊ မနေဘူး"

"မနေချင်တာက နောက်မှ၊ အခု အရင်ဆုံးဖြတ်ရမဲ့ကိစ္စက မင်းက မိန်းမဖြစ်ပြီး အိမ်ပေါ်က ဆင်းပေးရတယ်လို့ လူတွေက ငါ့ကိုပြောကြမှာစိုးလို့ ငါပဲ ဆင်းပေးပါမယ်"

ရည်ညွန်းသည် ရင်ထဲမှာ နာကျင်လျက် ရသလောက် ကောက်ထည့်ထားသော ပစ္စည်းတွေပါသည့် ခရီးဆောင်လက်ဆွဲ Luggage အသေးလေးကို သယ်ချနေခဲ့သည်။ ထူးဆန်းတာက မျက်ရည်လွယ်သော ရည်ညွန်းဟာ မျက်ရည်တစ်စက်မှ ကျလို့မရတာပင် ဖြစ်သည်။ ငါ့အပေါ် သိပ်ရက်စက်လွန်းတယ်ဟု တွေးမိပြီး လည်ချောင်းထဲမှာ ခဲပြီးနာနေကာ ခုလောလောဆယ်တော့ သူ့အနားကနေ ထွက်သွားလိုက်ချင်နေသည်။ ရည်ညွန်းသည် အိမ်အပြင်ကို ထွက်လိုက်ပါသည်။ ဟံသာကတော့ ခါးကို ခပ်ပြေပြေထောက်ကာ စိတ်ပျက်လက်ပျက် ရပ်ကြည့်နေသည်။

"မင်း အရင်ထွက်သွားလို့ ငါ လိုက်မဆွဲချင်တာနဲ့ မဆွဲတာနော်။ မင်း ထွက်သွားသလို ငါလည်း ဒီအိမ်ကနေ ထွက်သွားမယ် ဆိုတာတော့ ပြောလိုက်မယ်"





ရည်ညွန်း တစ်ချက်မှ လှည့်မကြည့်တော့ဘဲ လမ်းပေါ်တွေ့သော အငှားကားတစ်စီးကို အချိန်မီငှားနိုင်ဖို့သာ အာရုံစိုက်နေခဲ့တော့လေသည်။

ဟံသာလည်း …

"ကျစ် … ငါ ဘာတွေ အမှားလုပ်မိပြန်ပြီလဲ"

လို့ သူ့ဘာသာ တစ်ကိုယ်တည်း ညည်းတွားရေရွတ်မိလျက် စိတ်ပျက်ကာ ခြေပစ်လက်ပစ် ထိုင်ချလိုက်မိတော့သည်။

တိတ်ဆိတ်ပြီး ပြောင်လက်သန့်ရှင်းနေသော အိမ်ခန်းထဲမှာ သူ တစ်ယောက်တည်း ကျန်ခဲ့ရတော့သည်။ ဟံသာသည် တိတ်ဆိတ်ပြီး သူ့အသက်ရှူသံပင် သူပြန်ကြားနေရသော အိမ်ခန်းကို ဒေါသတကြီး ကြည့်မိရင်း အုတ်နံရံကို လက်သီးဖြင့် ထိုးထည့်လိုက်မိတော့သည်။ လက်ချောင်းတွေ၊ လက်ချောင်းရိုးဘုလေးတွေမှာ အသည်းခိုက်အောင်ပင် နာကျင်သွားခဲ့ပါသည်။

ဟံသာသည် သူ့ကိုယ်သူ အပြစ်ပေးသည့်သဘောဖြင့် တမင်ပဲ အုတ်နံရံကို သုံးလေးချက်လောက် လက်သီးဖြင့် ဟံအုန်းအုန်း ထိုးထည့်ပစ်လိုက်မိသည်။

လက်ချောင်းတွေထဲက တစ်ချောင်းလား၊ နှစ်ချောင်းလားတော့မသိ ကျိုးသွားပြီ ထင်ပါရဲ့။ နာကျင်လွန်းသဖြင့် ဆုံပြီး ဘယ်ကပိုနာမှန်းပင် မသိတော့။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ အသည်းထဲမှာ နာနေတာကတော့ ပိုဆိုးပါသည်။ နှလုံးသားတွေမှာ တစ်စစီ ဖြတ်ကျခံရသလိုပဲ တစစ်စစ်နာကျင်လာသည်။ နောက်ဆုံးတော့ ဟံသာလည်း အိတ်တစ်လုံးဆွဲကာ တိတ်ဆိတ်နေသော ထိုအခန်းကို ကျောခိုင်းပြီး ထွက်လာခဲ့မိတော့လေသည်။

* * *





၁၅

ညကြီးမင်းကြီး မထင်မှတ်ဘဲ အိမ်ပေါ်ပြန်တက်လာသော သမီးဖြစ်သူကို လက်ခံလိုက်ရသော ရည်ညွန်းရဲ့ မိဘတွေသည်လည်းကောင်း။

အရက်မူးလွန်ကာ ညဉ့်သန်းခေါင်လောက်ကျမှ အိမ်တံခါး တဒုန်းဒုန်းလာခေါက်ပြီး အိတ်တစ်လုံးနဲ့ ဝင်လာသောသားဖြစ်သူကို အိမ်ထဲဝင်ခွင့်ပေးလိုက်ရသော ဟံသာ၏ မိဘတွေသည်လည်းကောင်း။ အဖြစ်အပျက်ကို အံ့သြ၊ အပြစ်တင်လျက်ဆူပူရုံကလွဲလျှင် ဘာမှ မလုပ်ပေးနိုင်ကြတော့ပါ။

"အသက်တွေလည်း သုံးဆယ်နား ကပ်နေကြပြီ၊ ဒါဟာ တကယ့်ကို လူကြီးအရွယ် ရောက်နေတဲ့ အသက်တွေပဲ၊ မင်းတို့ ဘာကြောင့် လူကြီးတွေး မတွေးနိုင်ကြတာလဲ၊ ဘာကြောင့် လူငယ်လင်မယားလေးတွေလို စိတ်ဆိုးရင် ရန်ဖြစ်လိုက်၊ အိမ်ပေါ်ကဆင်းလိုက် လုပ်ချင်ကြသလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟံသာ့ အဖေက မနက်ကျ အမူးပြေပေမဲ့ အရက်နာကျ ခေါင်နေသော ဟံသာ့ကို ဒီတစ်ခါတော့ ဒီလောက်သာ ပြောဆိုဆုံးမရုံကလွဲရင် ဒီထက်ပိုမဆုံးမတော့ပါ။

"အလုပ်သွားချင်စိတ်ရှိရင် လိုက်လာခဲ့။ မသွားချင်ရင် အိမ်မှာ တစ်ရက်နေ ရတယ်။ နေခွင့်ပေးတယ်။ အေး ... လင်မယားစိတ်ဆိုး ကွဲပြဲကြလို့ အလုပ်မလုပ်ဘဲ မိဘအိမ် ပြန်ခိုကပ် စားသောက်နေဖို့တော့ မစဉ်းစားနဲ့နော် မရဘူး။ လူဆိုတာ သူ့တာဝန် သူသိရမယ်၊ အလုပ်လုပ်သင့်တဲ့ အရွယ်မှာ အလုပ်လုပ်ရမယ်၊ အလေမလိုက်နဲ့"

အလုပ်သွားခါနီးကျမှ အဖေက ထိုသို့ထပ်လာပြောပြီးသည်နှင့် အလုပ်ကို ထွက်သွားတော့သည်။ ဟံသာ့ကို စောင့်ခေါ်တာလည်း မရှိ။ အတင်းဆွဲခေါ်တာလည်း မရှိပါ။ သဘောက လူကြီးဖြစ်နေပြီ။ ကိုယ် ဘာလုပ်သင့်သလဲ ကိုယ့်ဘာသာဆုံးဖြတ်ရမယ်၊ မိန်းမနဲ့ ကွဲလာတာနဲ့ပဲ စိတ်လေပြီး အလုပ်မလုပ်၊ အရက်သောက်၊ လေလွင့်မနေနဲ့ဟု သတိပေးသွားတဲ့ သဘောပဲ ဖြစ်သည်။

ဒါနဲ့ပဲ နေ့လယ်လောက်ရောက်မှ ညကသောက်ထားတဲ့ အရှိန်ပြေပြီး ခေါင်းမူးပြေသွားသဖြင့် အလုပ်သွားဖို့ ပြင်ဆင်လိုက်ပါသည်။





အမေကတော့ ထမင်းခူးခပ် ပြင်ဆင်ကျွေးရင်း အကြောင်းရင်းကို ခုမှ လာမေးသည်။ ဟံသာ အကြောင်းစုံပြောတော့ အမေ တိတ်ဆိတ်စွာပင် နားထောင်နေသည်။

"ဒါဖြင့် မင်းတို့ဟာက မင်္ဂလာနှစ်ပတ်လည်နေ့ကတည်းက စိတ်ဆိုးလာကြတာပေါ့။ ဒီလောက် သုံးပတ်လောက် လေးပတ်လောက်ကြီး စကားမပြောဘဲ ကိုယ့်ဘာသာကိုယ် သီးသန့်တစ်အိမ်တည်း နေနေကြတာ ဟုတ်လား။ ဘာမှလဲ ပြဿနာကြီးကြီးကျယ်ကျယ် မရှိဘဲနဲ့ကွယ်၊ အမေက ညကြီးသန်းခေါင် မင်းဆင်းချလာတာဆိုတော့ ဘာပြဿနာကြီးကြီးကျယ်ကျယ်များ ရှိလဲပေါ့၊ စိုးရိမ်နေမိတာ။ မင်းလည်း တစ်ခါမှ အခုလောက်ကြီးမူးအောင် မသောက်ဖူးတော့ အဖေရော အမေပါ စိတ်လည်းဆိုးကြတယ်၊ စိတ်မကောင်းလည်း ဖြစ်ကြတယ်"

ဟံသာလည်း ဒီအသက်အရွယ်ကြီးရောက်မှ မိဘစိတ်ဆင်းရဲရအောင် လုပ်မိသဖြင့် နောင်တရနေမိသည်။

"ရည်ညွန်းလည်း အခု သူ့အဖေအမေအိမ် ရောက်နေတယ်ပေါ့"

"ဟုတ်ကဲ့ အမေ"

"ဒါဖြင့် အခန်းက ပိတ်ထားပြီး မင်းတို့နှစ်ယောက်ကတော့ လူချင်းမပေါင်းနိုင်တာနဲ့ မိဘအိမ် ပြန်နေမယ်၊ အဲဒီ သဘောလား"



www.burmeseclassic.com

www.burmeseclassic.com



"သား ဘာမှ မဆုံးဖြတ်ရသေးပါဘူး အမေ။ သူက အရင် ဆင်းသွားလို့ သားက မောင်ပိုင်စီးပြီး မနေချင်တာနဲ့ ဆင်းလာလိုက်တာပါ၊ အဲဒီအိမ်က သူ့မိဘတစ်ဝက်၊ သား မိဘတစ်ဝက် ပိုက်ဆံထည့်ပြီး ဝယ်ပေးထားတာလေ၊ တစ်ယောက် မရှိဘဲ နောက်တစ်ယောက်က မနေချင် ဘူး"

"အေး ... စဉ်းစားကြပေါ့ကွယ်၊ မိဘက သဘောတူလို့ ရိုက်ပေးစားထားတာလည်း မဟုတ်ဘူး။ သူတွေကိုယ်တွေ ချစ်ကြကြိုက်ကြလို့ ယူခဲ့ကြတာပဲ၊ မင်းတို့ရဲ့ ရည်းစား သက်တမ်းက အိမ်ထောင်သက်ထက်တောင် များပါသေး တယ်။ အမေ ဒီ့ထက်ပိုပြီး မဖျောင်းဖျချင်ဘူး"

ဟံသာ တစ်ယောက် အမေ့လက်ရာ ထမင်းဟင်း တွေကို စိတ်မပါစွာ စားနေရာမှ အဆုံးသတ်ပြီး ထလာလိုက် သည်။

အလုပ်သွားဖို့ ပြင်ဆင်ပြီး အလုပ်ကိုသာ ထွက်လာ ခဲ့သည်။ ဒီအချိန်ဆို ရည်ညွန်း ဘာလုပ်နေမလဲ။ အလုပ်ကိုမက် မောတွယ်တာပြီး workaholic ဖြစ်နေတဲ့ မိန်းမမို့ အလုပ်တွေ အပျက်ခံမယ် မထင်ဘူး။ သွားမှာပေါ့။ ရည်ညွန်း မိဘတွေကဘာ ဘာတွေများ ပြောမလဲ။ အမေ့လိုပဲ မေးမြန်းဆုံးမမှာလား။ ဒါ မဟုတ် ...





"သမီးကို ဒီလောက် စိတ်ဆင်းရဲအောင် လုပ်နေတဲ့ ယောကျ်ား မပေါင်းနဲ့တော့ သမီး"

လို့ပဲ သမီးဘက်က ဝိုင်းနာပြီး အကြံပေးကြမလား။

သေသေချာချာ စဉ်းစားကြည့်ရင် ဟံသာသည် သူ့ဘာသာ အပြောအဆို မတတ်ဘဲ ဒေါသအလျောက် ပြောချင် ရာသာ ပြောပြီး အနိုင်ရအောင် ပြောလိုက်တာမျိုးပဲ ဖြစ်သည်။ ဒီလောက်ထိ အိမ်ပေါ်ကဆင်းကြ၊ ကွဲကြ၊ တစ်ယောက်နဲ့ တစ် ယောက် မုန်းတီးနာကြည်းကြတာမျိုး ဖြစ်ဖို့ကို လုံးဝမရည်ရွယ် ခဲ့ပါ။

အခုတော့ ပြန်စဉ်းစားတိုင်း အိပ်မက်လိုပင် ထင် နေမိသည်။ ဒါတွေ ညက တကယ်ပဲ ဖြစ်ခဲ့ပါလားဟု တအံ့တသြ ဖြစ်နေမိသည်။ ညနေရုံးဆင်းရင် ရည်ညွန်းနဲ့ သူနေသော တိုက် ခန်းလေးကိုပဲ ပြန်ရမည်ဟု မေ့မေ့ပြီး တွေးမိတာလည်း ခဏခဏ။

"မောင် စိတ်လိုက်မာန်ပါ ပြောလိုက်မိတာတွေပါကွာ၊ မောင် မှားပါတယ်၊ မောင့်ကို စိတ်မဆိုးပါနဲ့။ ခွင့်လွှတ် ပါ ရည်ညွန်းရယ်။ မင်းဟာ မောင့်ချစ်သူပါ၊ မောင့်ဘဝ ရဲ့ တစ်ဦးတည်းသော ချစ်သူ၊ တစ်ဦးတည်းသော လက်တွဲ ဖော် မိန်းမပါ"

ဆိုတဲ့ စကားမျိုးနဲ့ ရည်ညွန်းကို ပြေးပြီးတောင်းပန် ရရင် ကောင်းမလား။



www.burmeseclassic.com

www.burmeseclassic.com



သူက သွားချော့ပါပြီတဲ့။ ရည်ညွန်းက စိတ်မပြေသေးဘဲ အချော့မခံရင် ဘယ့်နှယ်လုပ်မလဲ။ ရည်ညွန်းက သိပ်စိတ်ကောက်တတ်က ကောက်တတ်နဲ့။ မနေ့ညကပဲ ရန်ဖြစ်၊ အိမ်ပေါ်ကဆင်း၊ ဒီနေ့ သွားချော့လိုက်တာနဲ့ ချက်ချင်းပြန်လာမယ်၊ ချက်ချင်း စိတ်ပြေမယ်လို့ ထင်ကိုမထင်ပါ။

ဒါနဲ့ပဲ ဟံသာသည် ရုံးအဆင်းမှာကျတော့ ...

"ငါ့ကားနဲ့ပဲ အိမ်ပြန်လိုက်ခဲ့မလား"

ဟု အဖေ မေးပေမဲ့ မလိုက်သေးဘဲ ...

"သား ဝင်စရာလေးရှိလို့ နောက်မှ ပြန်လာတော့မယ်"

"ဝင်သောက်မနေနဲ့ဦး၊ နေ့တိုင်း အရက်သောက်တယ်ဆိုတာဟာ တကယ့်အရက်သမားတွေ အလုပ်ကွ"

"စိတ်ချပါ၊ သား မသောက်ပါဘူး။ ဘရိုင်ယန်တို့ဆီ ဝင်မလို့ပါ"

အဖေသည် သူ့ကား သူမောင်းပြီး ပြန်သွားပါသည်။ ဟံသာသည် ကားငှားစီးလာပြီး သူတို့တိုက်ခန်းဘက် တစ်ခေါက်ဝင်ကြည့်မိပါသည်။ မနေ့ညက ချက်ထားပြီး ဘယ်သူမှမစားဖြစ်သော ဟင်းတွေ ထမင်းတွေကတော့ သိုးကုန်ပြီ။ အိမ်က တံခါးဖွင့်လိုက်တာနဲ့ သိုးနံ့လှိုင်ခနဲ ရနေသည်။ အဲဒါကြောင့် ထမင်းဟင်း အသိုးတွေကို ကြွပ်ကြွပ်အိတ် အကြီးစားကြီးထဲ စုထည့်။ အိုးတွေ ပန်းကန်တွေ အသေအချာဆေးကြော၊ အဝတ်





နဲ့သုတ် ပြန်သိမ်း။ ဘယ်သူမှ မနေဘဲ တံခါးပိတ်ခဲ့ရမှာမို့ အသိုးနံ့ လှောင်ထားသလို ဖြစ်နေမှာစိုး၍ အိမ်ထဲမှာ မွှေးနေအောင် ပရုတ်ခဲလေးတွေ ဖောက်ပြီး သုံးလေးနေရာလောက် ထောင့်တွေမှာ ချထားခဲ့လိုက်သည်။

ပြီးမှ ထမင်းဟင်း အသိုးထုပ်ကြီးကို သယ်ပြီး အမှိုက်ပုံမှာ သွားပစ်လိုက်ပါသည်။ ဇော်နိုင်တို့ ဘရိုင်ယန်တို့နဲ့ စကားပြောချင်ပေမဲ့ သူတို့ကို ခေါ်စကားပြောလျှင် ဘီယာဆိုင် သွားနေရမည်။ အဖေကလည်း နေ့တိုင်း မသောက်စေချင်ကြောင်း ပြောထား၍ ဟံသာကိုယ်တိုင်လည်း မသောက်ချင်၍ ဒီနေ့တော့ မဆုံသေးပါဘူး။ ငါတို့အကြောင်း မပြောသေးပါဘူးလို့ တွေးပြီး ကားငှားကာ မိဘအိမ်ပဲ ပြန်လာလိုက်တော့သည်။

ထိုအချိန်မှာ အလုပ်က ပြန်လာပြီဖြစ်သော ရည်ညွန်းကတော့ ပြတ်သည်။ အိမ်ဘက် ဝင်ကြည့်ချင်တာတောင် လုံးဝဝင်မကြည့်ဘဲ စိတ်တင်းလျက် မိဘအိမ်သာ တန်းပြန်လာသည်။ ရေမိုးချိုး ထမင်းစားပြီးသောအခါမှ အမေက မေးလာသည်။

"ကဲ ... သမီး။ ဘယ်လိုလုပ်မယ် စဉ်းစားထားလဲ"

ဟု ရည်ညွန်းကို အခြေအနေကို မေးသော မေးခွန်းဖြင့် စမေးလေသည်။

"ဒီတစ်ခါ သမီးတို့ ဖြစ်လာတာက အရင် သမီး ဒီကိုခဏပြန်လာနေတဲ့ ပုံစံမဟုတ်တော့ဘူးနော်၊ တကယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ငိုက်ဆိုးကြပြီး တစ်ယောက်နဲ့ တစ်ယောက် ကွဲမယ်ကွာ မယ် ပြောပြီး ဆင်းလာကြတာ၊ ဒီတော့ အခြေအနေက မတူဘူး။ ဆုံးဖြတ်ချက်မှန်မှန်နဲ့ ရင်ဆိုင်ဖို့ လိုတယ်"

"ရည်ညွန်း ဆုံးဖြတ်စရာ မလိုဘူး၊ သူပဲ ဆုံးဖြတ်ပါစေ ပေါ့"

"အဲဒီလို မဟုတ်ဘူးလေ၊ နှစ်ယောက်သား ဒီလိုပဲ ကွဲပြီး မပြတ်မသားတွေနဲ့ ဘယ်လောက်ထိ နေကြမှာလဲ။ ပတ်ဝန်းကျင်ကမြင်ရင် ရှက်စရာကြီး၊ ကွဲရင်လည်း အတိအလင်း ကွဲ၊ အခုလို မကွဲဘဲ တစ်ယောက်တစ်အိမ်စီ ပြန်နေတာကျ လူကဲ့ရဲ့စရာ ဖြစ်မယ်"

"အမေ မသိဘူးနော်၊ သူက သိပ်ဗိုလ်ကျတာ၊ သူ့ကိုယ်သူ ငါ အိမ်ထောင်ဦးစီး၊ ငါ ယောက်ျားဆိုပြီး မိန်းမကိုဆို သူ့ကိစ္စ မှန်သမျှ လုပ်ပေးစေချင်တာ သိပ်ခံရခက်တာပဲ၊ တစ်ခါတလေများ ဘာမဟုတ်တဲ့ ပြဿနာလေးပေမဲ့ သူ့ကို ဓားနဲ့ခုတ်ပစ်ချင်လာတယ်"

အမေက အေးဆေးစွာပင် ပြုံးပြီးနားထောင်ပါသည်။

"ဒါကတော့ ယောက်ျားတော်တော်များများရဲ့ အကျင့်ဝဲ သမီးရဲ့။ အကျင့်ဆိုး များများရှိတဲ့သူနဲ့ နည်းနည်းရှိတဲ့ လူပဲ ကွာတယ်။ မိန်းမတွေ အမြင်မှာ ဒါဟာ ဆူစရာ ပြောစရာ ဖြစ်ပေမဲ့ သူတို့ကတော့ လုပ်ရိုးလုပ်စဉ် လုပ်





တာတွေပဲ ဆိုတော့ သူတို့စိတ်ထဲမှာ ဘာထင်သလဲဆိုရင် မိန်းမတွေဟာ သိပ်အပြစ်ရှာတယ်၊ ပြဿနာရှာတယ်၊ ပစိပစပ်များတယ်လို့ ထင်ကြတယ်လေ။ ပစ္စည်းတစ်ခုကို ယူလိုက်မယ်၊ ပြီးရင် နေရာတကျ ပြန်မထားဘူး။ မေ့ပြီး တစ်နေရာ တင်ထားရော၊ နောက်တစ်ခါ အဲဒီပစ္စည်းလို ချင်လာရင် သူတို့က မရှာတော့ဘူး။ မိန်းမပဲ လာမေးမယ်။ ကတ်ကြေးတွေ့မိလားတို့၊ ဇာဂနာ ဘယ်မှာထားမိလဲတို့ မေးပါလိမ့်မယ်။ အဲဒါကို ကိုယ်က စိတ်ဆိုးဒေါသဖြစ်ပြီး သူ့အပြစ်တွေကို ပြောမိရင် နှစ်ယောက် ရန်ဖြစ်ကြရော။ မိန်းမတွေကလည်း သူတို့ စည်းမရှိ ကမ်းမရှိလွန်း ခဏ ခဏ ကြုံရတော့ ဒေါသကဖြစ်ပြီပေါ့။ မိန်းမဆိုတဲ့ဘဝဟာ အိမ်ထောင်ကျသွားရင် လင်ယောက်ျားနဲ့ ပတ်သက်တာ လည်း ခေါင်းထဲထည့်ရ၊ သားသမီး ရလာရင် သားသမီးနဲ့ ပတ်သက်တာတွေလည်း ခေါင်းထဲထည့်ရနဲ့၊ အမှန်တော့ ယောက်ျားတွေက ဦးနှောက်ပိုကောင်းတာ မဟုတ်ဘူး။ မိန်းမတွေက ဦးနှောက်ပိုကောင်းကြတာလို့ အမေ ထင်တယ် လေ။ ခေါင်းထဲမှာ လူမှုရေး၊ စီးပွားရေး၊ အိမ်ကိစ္စစီမံခန့် ခွဲရေး၊ ကိုယ်က အလုပ်လုပ်ရင် ကိုယ့်အလုပ်အကိုင်ကိစ္စ တင်မက ယောက်ျားနဲ့ ကလေးတွေကိစ္စပါ ခေါင်းထဲမှာ ထားရတာ"



www.burmeseclassic.com

www.burmeseclassic.com



အမေ ပြောသမျှ ရည်ညွန်းရဲ့ ညီမနှစ်ယောက်ပါ ဆားက လာနားထောင်နေသည်။ ရည်ညွန်းက မဲစရာမရှိ ရှာကြံမဲလျက် ညီမတွေကို လှည့်ပြီး ...

"နင်တို့လည်း အပျိုဘဝနဲ့ပဲ အေးအေးနေ၊ ယောကျ်ားတွေက မကောင်းဘူး။ မယူကြနဲ့၊ ယူမိရင် တစ်သက်လုံး အနိုင်ကျင့် ခံရမယ်"

ဟူ၍ အိမ်ထောင်ရှင် မိန်းမတွေ ပြောနေကျစကားအတိုင်း တရားဟောလျှင် ညီမတွေ ရယ်မောကြရင်း ...

"လာပြန်ပြီ၊ အိမ်ထောင်ရှိတဲ့ ဘယ်မိန်းမပဲဖြစ်ဖြစ် ဟောနေကျတရားမျိုး မမဆီကလည်း ကြားရပြန်ပြီ။ ဒါဖြင့် ဘာလို့ ယောကျ်ားယူကြသေးလဲ မမရဲ့"

"မမတို့ အိမ်ထောင်သည်တွေဟာ အပျိုလူပျိုတွေမြင်ရင် အိမ်ထောင်မပြုရေးတရားကို ဟောကြတဲ့ စိတ်ဓာတ်ကြီး အတူတူ ဖြစ်လာကြတယ်နော်။ ဒီလိုပဲ အိမ်ထောင်သည်တွေက အပျိုလူပျိုတွေကို တစ်ဆင့်ပြီး တစ်ဆင့် အိမ်ထောင်မပြုရေးတရား ဟောပေမဲ့လည်း ဘယ်သူမှလဲ အဲဒီလိုပြောတာကို နားမထောင်ကြပါဘူး။ ကိုယ်ကြိုက်တာ ကိုယ်ယူသွားတဲ့ လူချည်းပဲ"

ရည်ညွန်းမှာ ညီမတွေကို မျက်စောင်းထိုးမိပြီး ...





"အေး ... အဲဒါကျတော့လည်း ကိုယ်ဖြစ် ကိုယ်ခံလိုက်ကြပေါ့"

ရည်ညွန်း စကားကို အမေက ပြုံးကြည့်နေပါသည်။

"မောင်ဟံသာ အကြောင်း သမီး တိုင်ပြောတာတွေဟာ အမေ့အတွက်တော့ သိပ်မထူးဆန်းပါဘူး။ သမီးအဖေဆီမှာလည်း အဲဒီလို အကျင့်တွေ နည်းနည်းရှိတယ်လေ"

"ဟင် ... ဟုတ်လား၊ ရည်ညွန်းတို့မြင်တော့ အဖေက အမေ့ကို သိပ်ကူညီတာပဲ။ အမေ ပင်ပန်းမှာစိုးပြီး အိမ်မှာ ဖုန်စုပ်စက်နဲ့ ဖုန်စုပ်တာကအစ အဝတ်လျှော်ပြီး အပြင် အဝတ်တန်းမှာ အင်္ကျီတွေ ထွက်လှန်းပေးတာအထိ သူ အလုပ်အားတဲ့နေ့ဆို ဝိုင်းကူနေတာ တွေ့တယ်လေ။ ဒီကြားထဲ အမေ မအားရင် ကလေးတွေ ရေချိုးပေး သနပ်ခါးလိမ်းပေး၊ ထမင်းခွံ့ပေးနဲ့ဆိုတော့ ရည်ညွန်းတို့စိတ်ထဲမှာ အဖေက သိပ်ကောင်းတဲ့ ယောကျ်ားတစ်ယောက်လို့ ထင်တယ်။ ဒီတော့ ကိုယ်ယူထားမိတဲ့ ယောကျ်ားနဲ့ အဖေ့ကို ယှဉ်ရင် အဖေသာလျှင် စိတ်သဘော အကောင်းဆုံး ယောကျ်ားလို့ ထင်မိလာတယ်"

"အမေတို့ အိမ်ထောင်ကျခါစက သူ အဲဒီလို မဟုတ်ပါဘူး၊ သူ့ကိစ္စမှန်သမျှ အမေက လိုက်လုပ်ပေးရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စားပြီးသား ပန်းကန်လေး ဖန်ခွက်လေးတောင် ဆေးသွားဖော် မရဘူး။ အဝတ်တွေ တန်းမှာပုံထားပြီး လျှော်ဖို့လည်း လာမပေးဘူး။ အမြင်မတော်ရင် အမေပဲ ဆူပြောပြီး ယူလျှော်ပေးရတာလေ၊ အိမ်ထောင်သက်နုတုန်းက အဲဒီအကြောင်းအရာလေးကိုပဲ တချိန်းချိန်း ရန်ဖြစ်နေရတာ၊ နေ့တိုင်းလိုပဲ သူ့ကို သိပ်တစ်ကိုယ်ကောင်းဆန်တဲ့လူလို့လည်း ထင်ခဲ့တယ်၊ ဒါပေမဲ့ ကလေးတွေ တစ်ယောက်ပြီးတစ်ယောက် ရလာတော့ သူ့အကျင့်တွေလည်း ပျောက်ပျောက်လာတယ်။ မိန်းမအပေါ်လည်း ညှာတာရမှန်း သိလာတယ်၊ ပြောစရာ မလိုဘဲ သူ့ဘာသာသူ ကူညီတတ်လာတယ်၊ အမြင်မတော်တာရှိရင် သူ့သွားလုပ်ခိုင်းစရာတောင် မလိုဘူး။ သူ့ဘာသာ လုပ်ပြီးနေပြီ၊ အဲဒီလိုမျိုးတွေ တဖြည်းဖြည်း ပြောင်းလဲလာပါတယ် သမီးရယ်”

ရည်ညွှန်းသည် အမေ ပြောပြတာလေးတွေ နားထောင်ရင်း ဟံသာ့ အပေါ် နားလည်ခွင့်လွှတ်လို့ ရလာသည်။ တဖြည်းဖြည်းနဲ့ စိတ်က ပြေချင်လာပြီ။

“မောင်ဟံသာကို အပြစ်ချည်း မပြောနဲ့၊ သူလည်း လူပျိုဘဝကလာတာ၊ လူပျိုအကျင့်က မပျောက်သေးဘူးပေါ့။ အိမ်ထောင်သက်လည်း နုသေးတယ်၊ ကလေးလည်း မရှိ





သေးဘူးဆိုရင် ယောက်ျားတွေဟာ သူတို့ လူပျိုဘဝက အတိုင်း သွားလာသုံးဖြုန်းပြီး ဘာကိုမှ ဂရုမစိုက်ဘဲ နေတတ်နေမှာပဲ။ အဲဒီလိုပဲ သမီးလည်း ဘာထူးလဲ။ အပျိုဘဝက လာတော့ အသေးအဖွဲကအစ စိတ်တိုင်းမကျရင် သူ့ကို အပြစ်ပြောမယ်၊ ဆူမယ် ပူမယ်။ သူ လုပ်နေတာတွေကို နားမလည်ပေးနိုင်ဘူး ဖြစ်နေမယ်၊ သမီးလည်း ကလေးတွေ ဘာတွေရ အိမ်ထောင်သက်လည်း တော်တော့်လေး ရှိလာရင်တော့ ဘာမဟုတ်တဲ့ အသေးအဖွဲကိစ္စလေးတွေလည်း သမီးခေါင်းထဲ မထည့်နိုင်တော့ပါဘူး။ မလုပ်ဘဲ လျစ်လျူရှုလို့ရရင် ရှုတတ်လာမယ်၊ မယုံရင် သမီးစောင့်ကြည့်နေပါ။ အချိန်ကပဲ လူ့စိတ်ကို ပြောင်းလဲသွားမှာပါ”

ညီမတွေက အမေ့စကားအဆုံးမှာ ရယ်မောကြသည်။ ရည်ညွှန်းက မျက်စောင်းလှည့်ထိုးရင်း …

“ဘာရယ်တာလဲ”

ဟု အကြီးပီပီ မဲပြီး ဟောက်လိုက်ပါသည်။

“မမက စိတ်ပြေနေပြီ၊ ကိုဟံသာ ပြန်လာခေါ်မှာကို စောင့်ချင်နေပြီ၊ အမေ ပြောတာနဲ့ အတော်ပဲလို့ ထွေးမီလို့”



www.burmeseclassic.com

www.burmeseclassic.com



"မမပဲ ကိုဟံသာကို ဒီတစ်သက် ပြန်မပေါင်းဘူးလို့ မနေ့ညက ရောက်ရောက်ချင်း ပြောဖူးတယ်နော်။ အစ်ကိုကြီးကိုလည်း အခြောက်ကြီးလို့ ပြောလို့ အစ်ကိုကြီးလည်း စိတ်ဆိုးပြီး ကိုဟံသာလာရင် ဆွဲထိုးမလို့ စောင့်နေပြီနော်၊ ကဲ ... ဘယ်လိုလုပ်မလဲ"

အစ်ကိုကြီးကတော့ သူ့ဘာသာ ကွန်ပျူတာရှေ့ထိုင် အလုပ်လုပ်နေရင်းမှ နားစွန်နားဖျားကြားပြီး ...

"အေး ... ဒီကောင် အိမ်ရိပ်မနင်းစေရဘူး။ နင်းတာနဲ့ ငါ့လက်သီးနဲ့ တွေ့မယ်မှတ်။ သူ စွပ်စွဲတဲ့ အခြောက်တစ်ယောက်ရဲ့လက်သီး အားဘယ်လောက်ရှိသလဲ ဆိုတာ ပြရတာပေါ့"

ဟု လှည့်ပြောပါသည်။

ရည်ညွန်းသည် အမေ့ကို ကျေးဇူးတင်သလို ကြည့်ရင်း တစ်ခုတော့ ပြောမိပါသည်။

"ကိုဟံသာက ခုတစ်ခေါက် ရန်ဖြစ်တော့ ရည်ညွန်းကို ခန့်မောင်မောင်နဲ့လည်း သံသယဖြစ်သလိုလို စွပ်စွဲသေးတယ်၊ အဲဒါကြောင့် ရည်ညွန်း ပိုပြီး ပေါက်ကွဲရတာပါ အမေရယ်"

"ကိုယ့်မိန်းမက ချောလည်းချောသေး၊ ငယ်လည်း ငယ်သေးတော့ သူလည်း ယောကျ်ားတစ်ယောက်ပီပီ သဝန်တိုမှာ





ပေါ့။ ယောကျ်ားတွေက သူတို့ကိုယ်တိုင်လည်း သူတို့စိတ်ထဲမှာ ကိုယ့်မိန်းမ မဟုတ်တဲ့ တခြားမိန်းမကိုဆို အနည်းအကျဉ်း သဘောကျတတ်တဲ့ စိတ်ဖောက်ပြားမှု ရှိကြတယ်၊ အဲဒီတော့ သူတို့စိတ် သူတို့သိနေတဲ့အခါကျတော့ တခြားယောကျ်ား တစ်ယောက်က ကိုယ့်မိန်းမကို စိတ်ထဲမှာ သဘောများ ကျနေမလားဆိုပြီး သဝန်တိုတဲ့စိတ်ကလည်း ရှိလာတတ်တာပေါ့။ သူက စွပ်စွဲတယ် ဆိုတာလည်း သိပ်ပြင်းပြင်းထန်ထန်ကြီး တစ်ဖက်သတ် မစွပ်စွဲဘူး မဟုတ်လား"

ရည်ညွန်း ခေါင်းညိတ်ပြလိုက်ပါသည်။ ရည်ညွန်းရင်ထဲမှာ နာကျင်ကြေကွဲခဲ့ရတာတွေ ရှိသေးပေမဲ့ အခုချိန်မှာ မောင့်ကို ခွင့်လွှတ်နိုင်မလား ရည်ညွန်းရယ်လို့ မောင် ရောက်လာပြီး လာမေးခဲ့ရင် ခွင့်လွှတ်တယ်လို့ ပြောနိုင်ရန်လည်း အသင့်တော့ ဖြစ်နေသည်မှာ အဆန်းသားပင်။

တကယ်တွေးကြည့်ရင် ဘာမှမဟုတ်တဲ့ ပြဿနာလေးကပဲ တစ်စ တစ်စ ကြီးလာပြီး အဆုံးမှာ ပေါက်ကွဲခဲ့တာပါ။

သူများကြားလို့မှ မကောင်း။ ယောကျ်ားက အိမ်အလုပ်တွေ ကူမလုပ်ပေးလို့ ရန်ဖြစ်ကြရာကစ,ပြီး ကွဲကြတယ်ဆိုရင် အတော် အံ့ဩစရာကောင်းတဲ့ အဖြစ်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



ရည်ညွှန်းသည့် အမေ ပြောသလိုပင် ကိုယ့်အမှားလည်း ကိုယ်မြင်သလို၊ သူ့အမှားတွေလည်း သည်းခံခွင့်လွှတ်နိုင်ဖို့ ကြိုးစားတည်ဆောက်ပြီးသောအခါ၊ "သူ ဘယ်တော့ပြန်လာချော့မလဲ" ဆိုသော ရက်တစ်ရက်ကိုသာ စောင့်နေလိုက်ဖို့ ဆုံးဖြတ်ရတော့သည်။

* ✤ *





# အပိုင်း(၄)

## (ဆုံစည်းရမဲ့ ...ဒီရင်ခွင်)



www.burmeseclassic.com

www.burmeseclassic.com



ရည်ညွန်း မကြာခင် လေယာဉ်ပေါ် တက်ရတော့မည်။ ဒီနေ့ ဒီအချိန်ထိ မောင် ရောက်လည်းမလာ၊ ဖုန်းလည်းမဆက်၊ ချော့မော့ဖို့လည်း အရိပ်အယောင်ပင် မပြခဲ့ရသောအခါ ရည်ညွန်း၏ မျှော်လင့်ချက်တွေ ဗုန်းဗုန်းလဲပြိုနေခဲ့ပြီ။ နှလုံးသားတွေ တဖြည်းဖြည်းနဲ့ အစိတ်စိတ်အမွှာမွှာ ကြေလာသလို ခံစားနေရပြီ။

အလုပ်ကိစ္စ မသွားမဖြစ် သွားရမည်ကိုပင် စိတ်မပါတော့။ မသွားချင်တော့။ ဒီမြေက ခဏပင် မခွာချင်တော့သလို ဖြစ်နေသည်။ ရည်ညွန်း မရှိတဲ့ရက်ကျမှ မောင် ရောက်လာမလားဆိုသော နောက်ဆံတင်းမှုကလည်း ရှိနေပြန်သည်။ မောင် ဘာလို့ ရောက်မလာခဲ့တော့တာလည်း၊ တကယ်ပဲ ပြတ်သားသွားပြီလား ဟူသော စိုးရိမ်သော စိတ်ကလည်း ညှိုးချုံးစေသည်။

"သမီး Check In ဝင်ဖို့ အချိန်ကျပြီ ဝင်တော့၊ မစ္စလျူးက ဝင်ချင်နေပြီ၊ သမီး ဒီနားက မခွာသေးတာနဲ့ သူ့အလိုက်တသိ မပြောတာ ထင်တယ်"





အဖေက လာသတိပေးသဖြင့် ရည်ညွန်းသည် ကိုယ်နဲ့အတူ သယ်သွားမည့် လက်ဆွဲ Luggage လေး၏ ကိုင်းတံကို ဆွဲထုတ်ပြီး ဆွဲယူသွားဖို့ ပြင်ဆင်လိုက်ပါသည်။

"ဘာမှ နောက်ဆံတင်းစရာတွေ ခေါင်းထဲ မထည့်နဲ့ သမီး။ အားလုံး အဆင်ပြေသွားမှာပါ၊ အလုပ်ကိစ္စသွားတာ စိတ်ဖြောင့်ဖြောင့်နဲ့သာ သွား"

"ဟုတ်ကဲ့ပါ မေမေ"

ရည်ညွန်းသည် စိတ်ကို အပြီးတိုင် ဆုံးဖြတ်လိုက်ပြီးသောအခါ အထဲကိုဝင်ဖို့ မစ္စလျူးနဲ့အတူ တစ်လှမ်းချင်း လျှောက်လာခဲ့လေသည်။ မစ္စလျူးက လူမျိုးခြား၊ ကိုယ့်အလုပ်ရှင်လည်း ဖြစ်ပေမဲ့ ရည်ညွန်းနဲ့တော့ မိတ်ဆွေရင်းလို ဖြစ်နေသဖြင့် သူက ရည်ညွန်း၏ အိမ်ထောင်ရေး ပြဿနာကိုလည်း သိထားပြီးလေရာ ...

"ငါလည်း မင်းတို့ပြဿနာ သိထားရတော့ မင်းကို ခေါ်လာရတာ သနားနေတယ်။ တကယ်တော့ မင်းက မင်းယောက်ျား လာခေါ်မှာကို အိမ်ကနေ စောင့်ချင်တာ မဟုတ်လား။ အင်း ... သွားဖို့ လာဖို့ကလည်း မင်းနာမည်နဲ့ပဲ အားလုံးလုပ်ပြီးသား ဖြစ်နေတော့ အနီးကပ်မှ လူစားထိုးလို့ မရတာနဲ့ မင်းကိုပဲ ခေါ်ရတာ ရည်ညွန်းမိုးရယ်၊ ဆောရီး ... ငါ စိတ်မကောင်းပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ ကိစ္စမရှိပါဘူး။ သိပ်အကြာကြီး သွားရတာမှ မဟုတ်တာ"

ရည်ညွှန်း အဲဒီလောက်သာ စကားပြန်ပြောနိုင်တော့လေသည်။ လူက Check in ကောင်တာနား နီးလာလေလေ မောင်နဲ့ ပိုပိုဝေးရပြီဆိုပြီး လည်ချောင်းထဲမှာ ဆို့လာလေလေ ဖြစ်သည်။

မောင် သိပ်ရက်စက်သွားပြီလို့ တစ်ချက်တွေးမိနေစဉ်မှာ ...

"ရည်ညွှန်း ... ရည်ညွှန်း ... ဒီမှာ မောင် ရောက်လာပြီ၊ ခဏပြန်ထွက်ခဲ့ပါဦး"

ဟူသော အော်ခေါ်သံ ကျယ်ကျယ်သည် လူမမြင်ရပေမဲ့ ရည်ညွှန်းအတွက် ဘယ်သူဘယ်ဝါ ဆိုတာကို ချက်ချင်းသိရှိစေပါသည်။ ရည်ညွှန်း ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားပြီး ဘာဆုံးဖြတ်ရမှန်းမသိ ဖြစ်သွားသည်။

မစ္စလျူးက မြန်မာစကားတော့ နားမလည်ပေမဲ့ အော်ခေါ်သံထဲမှာ ရည်ညွှန်း' နာမည် ပါနေတာကိုတော့ သတိပြုမိသွားသဖြင့် အတူတန်းစီနေရာမှ လှည့်ကြည့်ပါသည်။ ရည်ညွှန်း မျက်လုံးတွေကို ဆုံလျှင် ...

"မင်းကို ခေါ်တာလား၊ ငါ ကြားလိုက်သလိုပဲ"

"ဟုတ်တယ်၊ ကျွန်မ ယောကျ်ား လိုက်လာပြီ ထင်တယ်"





"အို ... ဟုတ်လား၊ ဒါဆို ငါတို့ Check in မလုပ်သေးဘူး။ ငါ မင်းကို စောင့်နေမယ်။ ငါးမိနစ်လောက် သွားထွက်ပြောလိုက်ပါ"

"ကျေးဇူးပဲ မစ္စလျူး။ ကျွန်မအပေါ် အလိုက်သိတာတွေများနေတဲ့အတွက် ဘယ်လိုကျေးဇူးတင်စကား ပြောရမှန်းတောင် မသိတော့ဘူး"

"ရပါတယ်၊ သွား ... သွား ... မြန်မြန်ထွက်ပြောလိုက်ပါ"

မစ္စလျူးနဲ့ ရည်ညွှန်းတို့ တန်းစီနေရာမှ ဘေးထွက်ဖယ် ရပ်လိုက်ကြသည်။ ရည်ညွှန်းလည်း အပြေးပင် မှန်ချပ်များကာထားသော အပေါက်ဝဆီ ပြန်ပြေးလာခဲ့သည်။ အပေါက်ဝမှာတော့ ခေါင်းတစ်ခေါင်းလုံး အထဲဝင်တော့မတတ် ပြူကြည့်နေသော စိုးရိမ်တဲ့ မျက်လုံးတွေနဲ့ မောင့်ကို တွေ့ရလေသည်။

နှစ်ယောက်သား ဆုံဆုံချင်းပင် လက်ချင်းဆုပ်ကိုင်လိုက်မိကြသည်။ ရည်ညွှန်းသည် လူတွေအများကြီး ရှေ့မှာမို့ မောင့်ရင်ခွင်ထဲဝင်ပြီး မငိုရဲသဖြင့် မျက်ရည်တွေသာဝဲရင်း မောင့်ကို မော့ကာ ကြည့်နေရသည်။

ထို့အတူ ဟံသာလည်းပဲ လူတွေရှေ့မှာဆို သူတို့လင်မယားက အင်မတန် ရှက်တတ်ပြီး တစ်ယောက်နဲ့တစ်ယောက် နီးနီးကပ်ကပ်ပင် မထိုင်ဝံ့ခဲ့သူတွေ ဖြစ်ရာ ရည်ညွှန်းကို ခုချိန်မှာ ရင်ခွင်ထဲ ထွေးပွေ့ထားလိုက်ချင်တာကိုပင် မျိုသိပ်ထားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်သွားမေးတော့ အစ်ကိုကြီးနဲ့ တွေ့ခဲ့တယ်"

"ဟင် ... ဟုတ်လား၊ မောင့်ကို သူ ထိုးလိုက်သေးလား"

"မထိုးပါဘူး။ မထိုးပေမဲ့ ဘာပြောလဲ ဆိုတော့ မင်း ဒီနေ့ ငါ့ညီမကို မီအောင်သွားနှုတ်မဆက်လိုက်နိုင်ဘူး ဆိုရင် မင်း ငါနဲ့တွေ့ပြီမှတ်တဲ့၊ ဟား ဟား"

"မောင်က ဘယ်ရောက်နေတာလဲ၊ ရည်ညွန့်ကို လာမခေါ်တော့ဘူး။ ရည်ညွန့်က စောင့်နေခဲ့ရတာ"

"လာခေါ်မလို့ပါကွာ၊ အဘိုးကြီးက သိတဲ့အတိုင်း ဂျစ်ကြီး၊ မောင့်ကို ပြင်သစ်ညှော်သည်တွေနဲ့ ပုဂံအတင်းလွှတ်လို့သွားပို့လိုက်ရတယ်၊ အဲဒါကြောင့် မောင် ငါးရက်လောက် အချိန်ကုန်သွားတယ်၊ ဒီနေ့မှ ပြန်ရောက်တာ။ ပြန်ရောက်ရောက်ချင်း မောင်သိတယ်၊ ရည်ညွန့် ပြောထားတာ ဒီနေ့ပဲ။ ဒီနေ့သွားရမယ်လို့ သိတာနဲ့ ချက်ချင်းထွက်လာတာ။ အိမ်ရောက်တော့ ရည်ညွန့်တို့က လေဆိပ်တောင် ဆင်းသွားပြီဆိုတာ သိလိုက်ရတော့ ရင်ကိုဆို့သွားတာပဲ။ ရည်ညွန့် သွားချိန်အမီ မောင် မချော့လိုက်နိုင်ရင် မဖြစ်ဘူးလေ။ ဒါကို လွှတ်သွားရင် မောင်တို့ကြားက အဖုအထစ်ဟာ ပိုပြီးကြီးသွားစရာပဲ ရှိတော့တယ်"

ရည်ညွန့်သည် ရပ်စောင့်နေရသော မစ္စလျှူးကိုလည်း အားနာ၊ မောင်နဲ့လည်း စကားတွေ အများကြီး ပြောချင်သေးနှင့် နာရီတံကြည့်ကြည့် ဖြစ်နေရသည်။





"သွားရတော့မယ်ဆို သွားလေ။ မောင် စောင့်နေမယ်နော်"

"ဘယ်က စောင့်မှာလဲ"

"အိမ်ကပဲ ပြန်စောင့်နေမှာပေါ့။ မောင် ပုဂံကအပြန်မှာ အခု အိမ်မှာပဲ မောင့်အိတ်တွေချပြီး ရည်ညွန့်ဆီ ထွက်လာတာ။ အိမ်လေ။ မောင်နဲ့ ရည်ညွန့်ရဲ့ တိုက်ခန်းလေးလေ၊ အဲဒီအိမ်မှာ မောင့်အိတ်တွေ ပြန်ထားတာပါ။ ရည်ညွန့်လည်း ပြန်လာရင် အဲဒီအိမ်လေးကိုပဲ ပြန်လာခဲ့နော်"

"ပြန်လာမှာပေါ့ မောင်ရယ်"

"မောင် နောက်ဆို ရည်ညွန့် ခိုင်းတာ လုပ်ပါ့မယ်၊ ရည်ညွန့်နဲ့လည်း ရန်မဖြစ်တော့ပါဘူး"

"ရည်ညွန့်လည်း နောက်ဆို မောင့်ကို နားလည်ပေးပါ့မယ်၊ စိတ်လည်း မနောက်တော့ပါဘူး"

"ကဲ ... ကဲ ... ဝင်တော့။ အချိန်သိပ်နီးနေပြီ၊ မစ္စလျှူး စောင့်နေရတယ် မဟုတ်လား"

"မောင် ... ရည်ညွန့် သွားပြီနော်"

မောင်သည် ရည်ညွန့် လက်တွေကို ဆုပ်ကိုင်ထားရာမှ လွှတ်ပေးလိုက်ပါသည်။ ဟံသာ့ ရင်ထဲမှာ ရည်ညွန့် ဒီလိုခဏလေး ထွက်သွားတာပေမဲ့ လွမ်းနေမိသည်။ တကယ်ဆို စိတ်ကောက်နေတဲ့ ချစ်သူကို ချော့မော့ပြီးချိန်မှာ ဒီလိုခွဲမသွား



www.burmeseclassic.com

www.burmeseclassic.com



ချင်ဘူး။ ချစ်သူကို အနားမှာထားပြီး လွမ်းခဲ့ရတာတွေကို အတိုး ချပြီး ပြောပြချင်တာပါ။

ပြန်ဆုံကြမယ် ရည်ညွန့်ရယ်။

မောင့်ရင်ခွင်ထဲကို မင်း ပြန်ရောက်လာမဲ့ရက်ကို စောင့်နေပါ့မယ်။

ဒီရင်ခွင်တစ်ခုဟာ မင်းကို လက်ကမ်းလျက် စောင့်နေမယ်ဆိုတာ ယုံပါ။ ဟံသာသည် ကောင်းကင်ပေါ် တက်သွားသော လေယာဉ်ကြီးကို ကြည့်ရင်း သူ့ရင်ထဲမှာ ရည်ညွန့်ကို ရည်ရွယ်ပြီး အသံတိတ် ပြောနေမိသည်။

ရည်ညွန့်သည် လေယာဉ်ပြတင်းပေါက်ဘေးမှ ဖြတ်သွားသော တိမ်စိုင်တိမ်လိပ်တွေကို ငေးရင်း ပြန်လည်ဆုံစည်းရမဲ့ ချစ်သူ့ရင်ခွင် တစ်ခုအကြောင်း အိပ်မက် မက်လို့ကောင်းနေခဲ့မည် ဆိုတာလည်း မည်သည့်အတွက်ကြောင့်မှ သံသယဖြစ်စရာ ရှိမည်မထင်ပါ။

ချစ်သူ့ရင်ခွင်အကြောင်း မက်သော အိပ်မက်တွေထဲမှာ ရည်ညွန့်ဟာ ယုံကြည်ချက်တွေ အပြည့်နဲ့ တွေးနေခဲ့တာ တစ်ခုတော့ ရှိပါသည်။

အဲဒါက ဘာလဲဆိုတော့ ... ...။

* * *



# (ဆုံစည်းရမဲ့ ... ဒီရင်ခွင်)

www.burmeseclassic.com

www.burmeseclassic.com

(ဆုံစည်းရမဲ့... ဒီရင်ခွင်)

ထဲမှာ

အချစ်တို့ဖြင့်ပြည့်လျှက်


လုံခြုံနွေးထွေးမှုတွေလည်း

ရှိနေခဲ့မှာပါ။

(ရည်ညွှန်းမိုး)

* ✣ *





ရှင်မိုး

(ဆေးတက္ကသိုလ်)

27th October,

Friday,

2006.

www.burmeseclassic.com